# အရိမေတ္တေယျဗုဒ္ဓဝင်
# စာစုများ




နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန

တွဲဖက်ဌာနမှူး(ပါမောက္ခ)

ဦးကျော်လှိုင် (မဟာဝိဇ္ဇာ-သက္ကတ)


ပေမူမှ

ကူးယူတင်ပြသည်။


သာသနာ-၂၅၄၃ ကောဇာ-၁၃၆၂

# အရိမေတ္တေယျဗုဒ္ဓဝင် စာစုများ


နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန
တွဲဖက်ကထိက
ဦးကျော်လှိုင် (မဟာဝိဇ္ဇာ-သက္ကတ)


**ပေမူမှ**

ကူးယူတင်ပြသည်။


သာသနာ- ၂၅၄၃ ကောဇာ-၁၃၆၂

# မာတိကာ

------


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျမ်းဦးမိတ်ဆက် | က - ထ |
| ၂။ | အမှာစာ | က - င |
| ၃။ | အနာဂတဝံသပါဠိတော် | ၁ - ၁၉ |
| ၄။ | အနာဂတဝံသအဋ္ဌကထာနိဒါန်း | ၁ - ၅ |
| ၅။ | သမန္တဘဒ္ဒိကာ (အနာဂတဝံသ)အဋ္ဌကထာ | ၁ -၂၀၉ |
| ၆။ | အနာဂတဝံသအဋ္ဌကထာ မှတ်သားဖွယ်ရာများ | က - င |
| ၇။ | အနာဂတဝံသပါဠိ-မြန်မာပြန် | ၁ - ၁၇ |
| ၈။ | အနာဂတဝင် | ၁ - ၂၈ |
| ၉။ | မေတ္တေယျဘုရားအလောင်း | ၁ - ၇ |
| ၁၀။ | မေတ္တေယျဘုရားဖူးရအောင် | ၁ - ၆ |
| ၁၁။ | မေတ္တေယျ-ဗျာကရဏ (အရိမေတ္တေယျဗုဒ္ဓဝင်) ပါဠိတော်/မြန်မာပြန် | ၁ - ၂၉ |
| ၁၂။ | အနာဂတဝင်ကျမ်း | ၁ - ၂၈ |
| ၁၃။ | အနာဂတဝင်ကျမ်းလာ ရင့်မာတစ်ကျိပ် ဘုရားအလောင်းတို့ကို စုပေါင်း၍မှတ်သားစရာ ကဗျာလင်္ကာပေါင်းချုပ် | ၁ |
| ၁၄။ | ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ | ၁ - ၅ |


------o------

# ကျမ်းဦးမိတ်ဆက်

ဤဘဒ္ဒကမ္ဘာ၏ ကမ္ဘာဦးအမှတ်သင်္ကေတသည် ကြာငါးခိုင် ဖြစ်သည်။ ယင်းကြာငါးခိုင်သည် ဤကမ္ဘာ၌ ဘုရားငါးဆူ ပွင့်တော်မူမည့် အကြောင်း သိစေသော ပုဗ္ဗနိမိတ်ဖြစ်သည်။ ဘုရားငါးဆူ ပွင့်တော်မူရန် ရှိသည့်အနက် "ကံ, ဂုံ, ပ, မ"လေးဆူတို့သည် ပွင့်တော်မူကြပြီးဖြစ်၍ မေတ္တေယျဘုရားရှင်တစ်ဆူသာ ပွင့်ရန်ကျန်ရှိပါတော့သည်။ ပွင့်တော်မူရန်ကျန်ရှိသည့် မေတ္တေယျဘုရားရှင်အကြောင်းကို သူတေသီများ အထူးစိတ်ဝင်စားကြသည်။ လေ့လာလိုကြသည်။ ထဲထဲဝင်ဝင် သိချင်ကြသည်။ ရှေးဘုရားရှင်တို့၏ သာသနာတော်တွင် ကျွတ်ဆုကို မရယူနိုင်ကြသူများ မေတ္တေယျထံတော်တွင် ကျွတ်ဆုကို ရယူလိုကြသည်။ ထို့ကြောင့် ယခုကပင် ကြိုတင်၍ ကုသိုလ်များဆည်းပူးကာ ဆုတောင်းကြသည်။ ရုပ်တုများ ထုလုပ်ကိုးကွယ်ကြသည်။ ရှိခိုးပူဇော်ကြသည်။

မေတ္တေယျဘုရားရှင်အကြောင်း ဗုဒ္ဓုပ္ပတ်ကို သင်္ဂါယနာတင် ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများ၌ ပြည့်ပြည့်စုံစုံ ဖော်ပြပါရှိသည်ကို မတွေ့ရပါ။ အမြွက်မျှ ပြဆိုသည်ကိုသာ တွေ့ရပါသည်။ ပါဠိဘာသာဖြင့် ပြည့်ပြည့်စုံစုံ ပြဆိုသောကျမ်းမှာ အနာဂတဝံသကျမ်းဖြစ်ပါသည်။ ယင်း အနာဂတဝံသသည်လည်း အနာဂတဝံသပါဠိ၊ အနာဂတဝံသအဋ္ဌကထာ၊ အနာဂတဝံသဋီကာ-ဟု သုံးမျိုးရှိပါသည်။ ထိုတွင် အနာဂတဝံသပါဠိမှာ ဗုဒ္ဓဝံသပါဠိလို ဂါထာချည်းသက်သက်ဖြင့် ဟောကြားခဲ့သော ကျမ်းဖြစ်ပါသည်။ ဂါထာပေါင်း ၁၄၁-ဂါထာရှိပါသည်။[၁] ၎င်းကို အနာဂတဝံသ အဋ္ဌကထာက စကားအဆက်အစပ်၊ ပုဒ်ဖွင့်ပါဌ်ဖွင့်၊ အဓိပ္ပါယ်ဖွင့်၊ ဝိနိစ္ဆယ ဖွင့်-စသည်တို့ဖြင့် ဝေဝေဆာဆာ ဖွင့်ဆိုရှင်းပြထားပါသည်။ အနာဂတ ဝံသဋီကာကား အဆိုပါအဋ္ဌကထာ၏ လိုအပ်ချက်ကို ဖြည့်စွက်ဖွင့်ဆို ပေးသော ကျမ်းဖြစ်ရာပါသည်။ သို့ရာတွင် ယင်းကျမ်းကို ယခုတိုင် လက်လှမ်းမမီသေးပါ။ လက်လှမ်းမီသောကျမ်းမှာလည်း "အနာဂတဝင် ဋီကာ"ဟု အမည်ခံယူထားသော "ဒသဗုဒ္ဓအနာဂတဝင်"(နောင်ပွင့်တော်

---

၁။ လန်ဒန်မူ၌ ၁၄၂-ဂါထာ ပြသည်။

မှုမည့် ဘုရားဆယ်ဆူအကြောင်း) ဖြစ်နေပါသည်။ မည်သို့ရှိစေ။ အနာဂတဝံသဋီကာကျမ်းကား မုချရှိခဲ့သော ကျမ်းတစ်ဆူဖြစ်သည်ဟု ယုံကြည်ပါသည်။ အကြောင်းမှာ- ပိဋကတ်တော်သမိုင်းတွင် ယင်းကျမ်း၏အမည်ကို တွေ့ရှိရသည့်ပြင် ရှေးဆရာတော်များ၏ "အမေးတော်အဖြေကျမ်း" စသည်တို့၌ အနာဂတဝံသဋီကာ ကိုကားချက်များကို တွေ့ရသော ကြောင့် ဖြစ်ပါသည်။

ဖော်ပြပါ အနာဂတဝံသကျမ်းများသည် ပေမူအဆင့်သာ ရှိသေးသောကျမ်းများဖြစ်ပါသည်။ လက်နှိပ်စက်မူ၊ ပုံနှိပ်မူ၊ ကွန်ပျူတာမူ အဆင့်သို့ မရောက်ရှိသေးပါ။ သို့ဖြစ်၍ ပါဠိသုတေသီများ ကြည့်ရှုလေ့လာရာ၌ ပေ၏အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။ ကြည့်ရှုလေ့လာရာ၌ ခက်ခဲသည့်အလျောက် အနာဂတဝံသ၏ တွင်ကျယ်ပြန့်ပွားမှုမှာလည်း အားနည်းခဲ့ပါ၏။ ဤအချက်ကို ဉာဏ်သက်မြင်သိ စာနာမိသော ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မော်ကွန်းထိန်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်။ ပဓာနနာယက၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ် ဆရာတော်အရှင်သူမြတ်သည် အနာဂတဝံသ အသိဉာဏ်ဓာတ်များ ကျယ်ကျယ်ပြန့်ပြန့် လူးလွန့်မြူးကွန့်နိုင်ရန်အတွက် ဆရာဦးကျော်လှိုင် (တွဲဖက်ဌာနမှူး၊ ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၊ န-ပ-သ၊ ရန်ကုန်)ထံမှ ရရှိသော အနာဂတဝံသပါဠိ၊ အဋ္ဌကထာစာမူကို ကွန်ပျူတာမူဖြစ်အောင် စီမံခဲ့ပါသည်။

ယင်းကွန်ပျူတာစာမူ အနာဂတဝံသပါဠိသည် အကြိမ်ကြိမ် တိုက်ဆိုင် ပြင်ဆင် တည်းဖြတ်ပြီးဖြစ်၍ စာမူသန့်တစ်ဆူဖြစ်နေသည်မှာ ထင်ရှားလှပါသည်။ အနာဂတဝံသအဋ္ဌကထာစာမူမှာမူ အတော်အသင့် တိုက်ဆိုင် ပြင်ဆင် တည်းဖြတ်ထားသည်ဟု ဆိုရလင့်ကစား အချို့နေရာများတွင် ပါဠိအနေအထား၊ ဝါကျအနေအထား၊ စာပိုဒ်အနေအထားများ အပြင် နိပါတ်ပုဒ်အနေအထားများ နေသားတကျမရှိဘဲ ချွတ်ယွင်းနေသည်ကို တွေ့နေရပါ၏။ ထို့ကြောင့် မော်ကွန်းထိန်းဆရာတော်က ယင်းအဋ္ဌကထာကို တိုက်ဆိုင်ပြင်ဆင် တည်းဖြတ်ပေးရန် မိမိအား တာဝန်ပေးအပ်လာပါသည်။

ထိုစဉ်အချိန်က မိမိသည် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်း ပညာဌာနမှ Ph.D-ဘွဲ့ယူမည့် တပည့်တစ်ဦး၏ "အနာဂတဝံသအဋ္ဌ-ကထာကို လေ့လာခြင်း"ကျမ်းအတွက် ယင်းအဋ္ဌကထာကို ဘာသာပြန်နေဆဲ၊ လေ့လာနေဆဲကာလ ဖြစ်ပါသည်။ သို့ဖြစ်၍ "တစ်ချက်ခုတ် နှစ်ချက်ပြတ်" သဘောထားကာ "အထူးတာဝန်မကြီး"ဟု ယူဆ၍ မော်ကွန်းထိန်းဆရာတော်က တာဝန်ပေးခြင်းဖြစ်ပါလိမ့်မည်။ မိမိသည် ယင်းတာဝန်ကြီးကို ဦးထိပ်ရွက်ပန်ဆင်၍ ဆရာဦးကျော်လှိုင် ယခင် တိုက်ဆိုင်ခဲ့သော သ. သ. န-စာကြည့်တိုက်ရှိ အမှတ် ၂၁၃၁-နှင့် ၇၂၀၄ ပေမူများအပြင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက်ရှိ အနာဂတ-ဝံသအဋ္ဌကထာပေမူ၊ မော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်ရှိ (ဉက္ကံဘုရားကြီးကျောင်းတိုက်အမည်ပါ)ပေမူ၊ တက္ကသိုလ်များဗဟိုစာကြည့် တိုက်ရှိ တ ဗ စ-အမှတ် ၃၇၄၃-နှင့် ၁၄၇၂၂-ပေမူများ၊ ရန်ကုန်မြို့၊ အမျိုးသားစာကြည့်တိုက်ရှိ ဘား-၁၀၆၀-ပေမူများနှင့် လိုအပ်ရာရာတွင် တိုက်ဆိုင်ပါသည်။ ထိုအခါ မူကွဲရှိခဲ့သော် အကောင်းဆုံးဟု ယူဆသည့် မူကို အထက်မှာတင်၍ ကျန်မူကို အောက်ခြေမှတ်ချက်သို့ပို့ကာ မူကွဲ ပြထားပါသည်။

တိုက်ဆိုင်တည်းဖြတ်ထားသော ဤအနာဂတဝံသအဋ္ဌ-ကထာ ကွန်ပျူတာမူသည် စာမူသန့်တစ်ဆူဖြစ်သည်ဟု မဆိုဝံ့ပါ။ အတိုင်းအတာတစ်ခုအထိ သန့်စင်ပြီးသော သန့်စင်လုနီးနီးဖြစ်နေသော စာမူဟုသာ ဆိုရမည်ဖြစ်ပါသည်။ နောက်ထပ် လေ့လာရင်း လိုအပ် သည့်နေရာတွင် တိုက်ဆိုင်ပြင်ဆင်သွားပါက စာမူသန့်တစ်ဆူဖြစ်လာမည် မှာ ဧကန်ပင်ဖြစ်ပါသည်။

ဤနေရာ၌ အနာဂတဝံသအဋ္ဌကထာနှင့်စပ်၍ အနည်ငယ် တင်ပြလိုပါသည်။ ဤအဋ္ဌကထာကို အေဒီငါးရာစု၊ ဓာတုသေနမင်း လက်ထက် သီဟိုဠ်ကျွန်း အနုရာဓမြို့ ကာဠဝါသီကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ရှင်မဟာဥပတိဿ ရေးသားသည်။ ဤအဋ္ဌ-ကထာကို ရေးသားရန် တောင်းပန်သူမှာ ရှင်မဟာဗောဓိဖြစ်သည်ဟု

ဆိုပါသည်။[၁] ဤအဋ္ဌကထာသည် အေဒီလေးရာစုပေါ် ရှင်မဟာဗုဒ္ဓ-ဃောသ၏ အဋ္ဌကထာများထက် အနည်းငယ်နောက်ကျပါသည်။ ယင်းသို့ နောက်ကျကြောင်းကို ဤအဋ္ဌကထာ၌ "ဝုတ္တံ ဟေတံ မဟာ-ပါသာဒသုတ္တဝဏ္ဏနာယံ" (စာ-၇၇)စသည်ဖြင့်လည်းကောင်း၊ "ဝုတ္တံ ဟေတံ" (စာ-၁ဝ၅၊ ၁၁၅၊ ၁၉၇)စသည်ဖြင့်လည်းကောင်း၊ "ဝိတ္ထာရော ပန ဝိသုဒ္ဓိမဂ္ဂေ ပုဗ္ဗေနိဝါသာနုဿတိကထာယ ဂဟေတဗ္ဗော" (စာ-၁၁၂)ဟူလည်းကောင်း၊ "ဝိတ္ထာရော ပန မဟာသုဒဿနသုတ္တဝဏ္ဏနာ-ယ ဂဟေတဗ္ဗော" (စာ-၁၂၅)ဟူလည်းကောင်း၊ "သစ္စကထာယ ပန ဝိတ္ထာရကထာ ဝိသုဒ္ဓိမဂ္ဂတော ဂဟေတဗ္ဗာ" (စာ-၁၇ဝ)ဟူလည်းကောင်း၊ "သေသကထာ ဝိသုဒ္ဓိမဂ္ဂတော ဂဟေတဗ္ဗာ" (စာ-၁၈ဝ)ဟူလည်းကောင်း ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာများကို ဆယ်ကြိမ်ထက်မနည်း ကိုးကား ညွှန်းဆိုချက်များက သက်သေခံလျက်ရှိပါသည်။ ၎င်းကျမ်းပြု ရှင်မဟာ-ဥပတိဿသည် ဝိနယဝိနိစ္ဆယဋီကာကျမ်း (= ဝိနယတ္ထသာရသန္ဒီပနီဋီကာ ကျမ်း)၊ ဥတ္တရဝိနိစ္ဆယဋီကာကျမ်းနှင့် မဟာဗောဓိဝင် (မာဂဓဘာသာပြန်) ကျမ်းများကိုလည်း ရေးသားပြုစုခဲ့သည်ဟု ဆိုပါသည်။[၂]

ဆက်လက်၍ အနာဂတဝံသအဋ္ဌကထာ၏ ဝိဇ္ဇာရည်အချို့ကို ဖော်ပြလိုပါသည်။ ရှင်မဟာဥပတိဿထေရ်သည် အနာဂတဝံသပါဠိကို ဖွင့်ဆိုရာ၌ ဗုဒ္ဓဝံသကို အနာဂတဝံသ (မေတ္တေယျဗုဒ္ဓဝံသ)၏ နိဒါန်းအဖြစ် အသုံးပြုထားပါသည်။ ဂေါတမဘုရားရှင် ကပိလဝတ်နေပြည်တော်တွင် ဗုဒ္ဓဝံသကို ဟောကြားပြီးနောက် အနာဂတဝံသကို ဟောကြားမှုနှင့် ကွင်းဆက်မိစေလိုသောကြောင့် ဖြစ်ပါသည်။

ဂေါတမဗုဒ္ဓဝင်ကို ဖွင့်ဆိုရာ၌ ဂေါတမဘုရားအလောင်း-တော်သည် ဘဝပေါင်း ခြောက်ထောင့်ငါးရာပတ်လုံး ဟိရီ၊ ဩတ္တပ္ပ၊ အာဂမ-ဟူသော သမ္ပဒါ (သမ္ပတ္တိ)တရားသုံးပါးကို ဖြည့်ကျင့်ပြီးမှ နိယတဗျာဒိတ်ခံယူကြောင်း ပါရှိပါသည်။ (စာ-၄) ယင်းဖွင့်ပြချက်သည် လေ့လာ

---

၁။ ပိဋကတ်တော်သမိုင်း ၁၇၅။ မြတ်ဗုဒ္ဓ၏ သွင်ပြင်လက္ခဏာများ ၁၈၂-၃။
၂။ ပိဋကတ်တော်သမိုင်း ၁၆၈၊ ၁၇၄။

ပြီးသမျှ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းတို့တွင် မတွေ့ရသော ဆန်းသစ်သည့် ဖွင့်ပြချက်ဖြစ်ပါသည်။ သို့ရာတွင် ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်၌ ၁ အဆိုပါ ဖွင့်ပြချက်နှင့် သဘောတူဖွင့်ပြချက်မျိုးကို တွေ့ရသဖြင့် အနာဂတဝံသ-အဋ္ဌကထာဆရာ၏ စာပေနှံ့စပ်မှုဂုဏ်ကို အာရုံပြုကြည့်ညိုနိုင်မည်ဖြစ်ပါသည်။

ဂေါတမဘုရားအလောင်းတော် ဘုရား ၂၄-ဆူတို့၏အထံတော်တွင် ဗျာဒိတ်ခံယူတော်မူရာ၌ "ရသေ့ ပဉ္စ၊ နဝ ဘိက္ခု၊ လူ့အဖြစ်ငါး၊ နှစ် နဂါးတည့်၊ သိကြား ယက္ခ၊ သီဟရာဇာ၊ တစ်စီသာ၊ သချာဇောဝိသ" ဟု လင်္ကာပြုမှတ်သား၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့သောဘဝမှာ ၉-ဘဝဖြစ်ကြောင်း ပြောစမှတ်ပြုကြပါသည်။ ယင်း ၉-ဘဝမှာ—

၁။ ကောဏ္ဍညမြတ်စွာဘုရားထံတော်မှာ ဝိဇိတာဝီစကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

၂။ မင်္ဂလမြတ်စွာဘုရားထံတော်မှာ သုရုစိပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

၃။ သုမေဓမြတ်စွာဘုရားထံတော်မှာ ဥတ္တရပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

၄။ သုဇာတမြတ်စွာဘုရားထံတော်မှာ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

၅။ ဖုဿမြတ်စွာဘုရားထံတော်မှာ ဝိဇိတာဝီမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

၆။ ဝေဿဘူမြတ်စွာဘုရားထံတော်မှာ သုဒဿနမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

၇။ ကကုသန်မြတ်စွာဘုရားထံတော်မှာ ခေမမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

---

၁။ ဏာ- ၇။

၈။ ကောဏာဂုံမြတ်စွာဘုရားထံတော်မှာ ပဗ္ဗတမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်း၊

၉။ ကဿပမြတ်စွာဘုရားထံတော်မှာ ဇောတိပါလပုဏ္ဏား လုလင်ဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခြင်းတို့ဖြစ်ပါသည်။

အနာဂတဝံသအဋ္ဌကထာ၌ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံခဲ့သောဘဝကို ၇-ဘဝသာ ပြဆိုထားပါသည်။ ကောဏ္ဍညမြတ်စွာဘုရားနှင့် မင်္ဂလမြတ်စွာဘုရားတို့ထံ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံကြောင်းပြဆိုချက် မပါရှိပါ။ (စာ- ၂၇၊ ၃၅) ယင်းပြဆိုချက်သည် ဗုဒ္ဓဝံသပါဠိတော်နှင့် ညီသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အနာဂတဝံသအဋ္ဌကထာဆရာသည် လိုအပ်ပါက သမရိုးကျအယူအဆနောက် မလိုက်ဘဲ သုတေသနအမြင်ဖြင့် ဆန်းစစ်ပြီးမှ ယူလေ့ရှိသော မဟာသုတေသီတစ်ဦးဖြစ်ကြောင်းနှင့် အနာဂတဝံသအဋ္ဌကထာသည်လည်း သုတေသနသဘောပါသော ကျမ်းဖြစ်ကြောင်း သိရှိနိုင်ပါသည်။

ဂေါတမဘုရားအလောင်းတော် သဗ္ဗညုတဉာဏ်တော်ရရှိပုံကို ပြဆိုရာ၌ အနာဂတဝံသအဋ္ဌကထာဆရာ၏ ဖွင့်ပြချက်သည် စေ့စပ်သေချာရုံတင်မက ပြည့်စုံပေါ်လွင်သည်ကိုလည်း တွေ့ရပါသည်။ "သဗ္ဗ-ညုတဉာဏ်တော်"ဟု "သဗ္ဗ"သဒ္ဒါနှင့် ပြဆိုလိုက်သဖြင့် "သိစရာမှန်သမျှကို သိသောဉာဏ်တော်မှာ သဗ္ဗညုတဉာဏ်တော်ဖြစ်သည်"ဟု ထင်မှတ်စရာ ဖြစ်ပါသည်။ အမှန်မှာ ယင်းသို့ မဟုတ်ပါ။ ဆိုင်ရာဆိုင်ရာသိစရာအာရုံကို သိရမည့်တာဝန်မှာ ဆိုင်ရာဆိုင်ရာဉာဏ်တော်များ၏တာဝန်သာဖြစ်ပါသည်။ ဥပမာ— ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဆိုပါစို့၊ ယင်းဉာဏ်သည် သတ္တဝါများ၏ ဣန္ဒြေအနု အရင့်ကို သိရမည့်တာဝန်မှာ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၏ တာဝန်သာဖြစ်သည်။ သဗ္ဗညုတဉာဏ်တော်၏ တာဝန်မဟုတ်ပါ။ ဣန္ဒြေအနု အရင့်ကို ခွဲခြားသိပြီးနောက် ထိုဣန္ဒြေအားလျော်စွာ ဟောကြားရမည့်တရားနှင့် ဟောကြားရမည့်နည်းစနစ်ကို သိသောဉာဏ်တော်သည်သာ သဗ္ဗညုတဉာဏ်တော်ဖြစ်သည်။ ဤသို့စသည်ဖြင့် အခြားဉာဏ်တော်များနှင့် သဗ္ဗညုတဉာဏ်

တော်ကို ခွဲခြားသိရှိရမည်ဖြစ်ပါသည်။ ဤနေရာ၌ အနာဂတဝံသအဋ္ဌကထာဆရာသည် ၎င်း၏အဋ္ဌကထာတွင် အခြံအရံဉာဏ်တော်များနှင့် သဗ္ဗညုတဉာဏ်တော်ရရှိတော်မူခဲ့ပုံကို သုတေသီများ အသိဉာဏ်ရှင်းအောင် ခွဲခြားဖွင့်ပြထားပါသည်။ (စာ- ၈၄-၅) ယင်းဖွင့်ပြချက်သည် ပဋိသမ္ဘိဒါမဂ္ဂဉာဏကထာလာ ၇၃-ပါးသောဉာဏ်များကို သတိရစေပါသည်။ ယင်းကထာ၌ သဗ္ဗညုတဉာဏ်တော်ကား သပ်သပ်သီးခြား၊ အခြားဉာဏ်တော်များကား သပ်သပ်သီးခြား ဖြစ်ပါသည်။

မေတ္တေယျဘုရားရှင်၏ ၃၂-ပါးသော လက္ခဏာတော်ကြီးများတွင် ဒုတိယလက္ခဏာတော်ဖြစ်သည့် "ပါဒတလစက္ကတာလက္ခဏာ" (ခြေဖဝါးအပြင် အလယ်ဗဟိုတည့်တည့်၌ စက်ဝိုင်း လှည်းဘီးပုံသဏ္ဌာန် အမှတ်အသားပါရှိခြင်း)ကို ဖွင့်ပြရာ၌ "ခြေဖဝါးတော်အလယ်ရှိ စက်ဝိုင်းလက္ခဏာကို ဝန်းရံ၍ ၁၀၈-ပါးသော မင်္ဂလာလက္ခဏာများ ပါရှိမည်ဖြစ်ကြောင်း"ဖွင့်ပြ ပါရှိပါသည်။ ၎င်းပြင် ၁၀၈-ပါးသော အခြံအရံ မင်္ဂလာလက္ခဏာများကိုလည်း တစ်ပါးချင်း သရုပ်ထုတ် ရေတွက်ပြထားပါသည်။ မင်္ဂလာလက္ခဏာ ၁၀၈-ပါးသရုပ်ကို ပြည့်ပြည့်စုံစုံ အစောဆုံးတွေ့ရသောကျမ်းမှာ ဤအနာဂတဝံသအဋ္ဌကထာကျမ်း ဖြစ်ပါသည်။ ပါဠိတော်နှင့် အဋ္ဌကထာတို့၌ (စုစည်းရေတွက်ပါမှ) ယင်းလက္ခဏာ ၄၃-ပါးသာ ဖော်ပြပါရှိပါသည်။ ၁၀၈-ပါးစုံစုံစေ့စေ့ မပါရှိပါ။

၎င်းပြင် "တစ်ရာ့ရှစ်ကွက် · စက်လက္ခဏာ"ဝေါဟာရကို "စက် (စက်ဝိုင်း)လက္ခဏာ၌ ၁၀၈-ပါးသော အမှတ်အသားများ၊ အစိတ်အပိုင်းများ ပါရှိသည်"ဟု အချို့က သဘောပေါက် ပြောဆိုသုံးနှုန်းနေကြ၏။ အမှန်မှာ ဤသို့မဟုတ်ပါ။ "မြတ်စွာဘုရား၏ စက်= ခြေဖဝါးတော်အပြင်၌ ၁၀၈-ပါးသော လက္ခဏာအမှတ်အသားများ ပါရှိသည်"ဟု ဆိုလိုသတည်း။ ဤ၌ "စက်"ဟူသည် "စကြာရွှေဖဝါး၊ ဖြန့်ချီသွားသော်" ပါသော "စက်"ကဲ့သို့လည်းကောင်း၊ "နှစ်လီစက်ပန်း၊ ကြွချီမြန်းဖို့"၌ ပါသော "စက်"ကဲ့သို့လည်းကောင်း၊ ခြေဖဝါးတော်အနက်ဟောတည်း။ စက်ဝိုင်းအနက်ဟော မဟုတ်ပါ။ ယင်းခြေဖဝါးတော်၌ လှံ၊ အိမ်မွန်စသော ၁၀၈-ပါးသော မင်္ဂလာလက္ခဏာများ ပါရှိသည်။ ယင်းလက္ခဏာ

များသည် စက် (စက်ဝိုင်း)လက္ခဏာကို ဝန်းရံပတ်၍ တည်ရှိသည်ဟု ဆိုလိုပါသည်။ ဤအချက်ကို အနာဂတဝံအဋ္ဌကထာ၌ ဒွေးရော-ယှက်တင် မဖြစ်ရအောင် ခွဲခြား၍ ဖွင့်ဆိုရှင်းပြထားပါသည်။ (စာ-၁၄၇-၈)

မေတ္တေယျဘုရားအလောင်းတော် ပါရမီတရားများ ဖြည့်-ကျင့်ပုံကို ပြဆိုရာ၌ အနာဂတဝံသအဋ္ဌကထာဆရာ၏ တင်ပြပုံမှာ ထူးခြားဆန်းသစ်လျက်ရှိသည်။ သမရိုးကျ ဖွင့်ပြနေကျဖြစ်သော ပါရမီ ၁၀-ပါး၊ အပြား ၃၀၊ စရိယ ၃-ပါး၊ စွန့်ခြင်းကြီး ၅-ပါး ဖြည့်ကျင့်ကြောင်းမျှကိုသာ ဖွင့်ပြသည်မဟုတ်ပါ။ မေတ္တေယျဘုရားအလောင်းတော်သည် သမ္ဘဒါ (သမ္ဘတ္တိ)တရားသုံးပါးကို ဖြည့်ကျင့်ခဲ့ပြီးနောက် ဆယ့်-ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်ရင်း သမာဒါန (ကောင်းစွာဆောက်တည်အပ်သော)တရားသုံးပါး၊ စရိယ= စရိတ (ကျင့်ဖွယ်)တရားသုံးပါး၊ ဗောဓိသတ္တုပ္ပဟာန (အလောင်းတော် ပယ်စွန့်အပ်သော)တရားသုံးပါး၊ ဗုဒ္ဓကာရက (ဘုရားအဖြစ်ကို ပြုတတ်သည့်)တရားလေးပါး၊ ပဋိပဒါ (ကျင့်စဉ်)တရားငါးပါး၊ အဇ္ဈာသယ (အလိုဆန္ဒ)တရားခြောက်ပါး၊ အဝီတိက္ကမသမာဒါန (မကျူးလွန်ဘဲ ကောင်းစွာဆောက်တည်ထားအပ်သော)တရားခုနစ်ပါး၊ မဟာ-ပုရိသဝိတက္က (အလောင်းတော်များ၏ အကြံအစည်)တရားရှစ်ပါး၊ ဗောဓိပဓာန (ဗောဓိဉာဏ်အတွက် အဓိကကျသော)တရားကိုးပါးကိုပါ ပူးတွဲ၍ ဖြည့်ကျင့်ကြောင်း ထူးခြားဆန်းသစ်စွာ ဖော်ပြပါရှိပါသည်။ (စာ-၁၅၃-၄) ဤဖွင့်ပြချက်သည်လည်း သမရိုးကျ ဖွင့်ပြချက်အပေါ် ဆန်းသစ်တည်ထွင်ချက်များပါ ဖြည့်စွက်ပြီး ဖွင့်ပြသော ကောင်းမွန်ပြည့်စုံသည့် ဖွင့်ပြချက် ဖြစ်ပါသည်။

အနာဂတဝံသပါဠိ၌ မေတ္တေယျဘုရားရှင်အား ဖူးတွေ့ခွင့်ရစေနိုင်သည့် ကျင့်စဉ်များကို ပြဆိုထားပါသည်။ ထိုကျင့်စဉ်တို့တွင် ဒါနလည်း ပါဝင်ပါသည်။ အဆိုပါ ဒါနကျင့်စဉ်ကို အနာဂတဝံသအဋ္ဌကထာဆရာ ဖွင့်ပြရာ၌ သုတေသနသဘောပါပါ ဖွင့်ပြထားသည်ကို တွေ့ရပါသည်။ ဒါနကျင့်စဉ်ကို ပါရမီမြောက် ဆည်းပူးလိုသူသည်—

၁။ ပရံ ဥဒ္ဒိဿ= တစ်ဖက်သားအား ရည်ရွယ်၍ ပေးလှူရခြင်း၊ (မိမိကိုယ်ကို မိမိပြန်လှူက ဒါနမမြောက်)၊

၂။ ပူဇာနုဂ္ဂဟံ ပဋိစ္စ= ပူဇော်လို၊ ချီးမြှောက်လို၍ ပေးလှူခြင်း၊ (အပြစ်ဖို့လို၊ ချောက်တွန်းလို၍ ပေးလှူခြင်း မဟုတ်ရ)၊

၃။ သာနုသယသန္တာနသာ= အလှူရှင်သည် အနုသယကိလေသာ မကင်းသေးသူ ဖြစ်ရခြင်း၊ (ဘုရား၊ ရဟန္တာများ ဒါနမဖြစ်တော့)၊

၄။ ဗုဒ္ဓိပုဗ္ဗိကာ= အသိဉာဏ်ပါရခြင်း၊

အင်္ဂါတို့နှင့် ညီညွတ်ရမည်ဖြစ်သည်။ ယင်းအင်္ဂါတို့နှင့် ညီညွတ်စွာ မလှူမီရှေ့အဖို့၊ လှူဆဲအချိန်နှင့် လှူပြီးနောက်ပိုင်း၌ဖြစ်သော စေတနာကို "ဒါန"ဟု ခေါ်ကြောင်းအပြင် ယင်းစေတနာနှင့် ယှဉ်တွဲဖြစ်ပေါ်သော ပစ္စည်းဥစ္စာအပေါ် မတွယ်တာ မတပ်မက်သည့်သဘော အလောဘကိုပါ "ဒါန"ဟုခေါ်ကြောင်း အနာဂတဝံသအဋ္ဌကထာ၌ ဖွင့်ဆိုရှင်းပြထားပါသည်။ ယင်းဖွင့်ဆိုရှင်းပြချက်များအနက် စေတနာကို "ဒါန"ခေါ်ကြောင်း ဖွင့်ဆိုရှင်းပြချက်မှာ သမရိုးကျ ဖွင့်ဆိုရှင်းပြချက်ဖြစ်၍ ပိဋကတ်တော်၌ တွေ့ရများ၊ အသိများသော ဖွင့်ဆိုရှင်းပြချက်ဖြစ်ပါသည်။ သို့ရာတွင် အလောဘကို "ဒါန"ခေါ်ကြောင်း ဖွင့်ဆိုရှင်းပြချက်ကား ပိဋကတ်တော်၌ တွေ့ရခဲ၍ အသိနည်းသော ဖွင့်ဆိုရှင်းပြချက်ဖြစ်ပါသည်။ ထို့ကြောင့် အနာဂတဝံသအဋ္ဌကထာသည် တိမ်မြုပ်ကွယ်ဝှက်နေသော (ဂူဠ္ဌတ္ထ)အနက်အဓိပ္ပါယ်များကို ထုတ်ဖော်ထင်ရှားစေသော ကျမ်းတစ်ဆူဖြစ်ကြောင်း မှတ်ချက်ပြုနိုင်မည်ဖြစ်ပါသည်။ (စာ-၂၀၇)

ဤမျှဖြင့် အကြောင်းအရာပိုင်းဆိုင်ရာ မိတ်ဆက်တင်ပြချက်ကို ရပ်တန့်၍ အရေးအသားပိုင်းဆိုင်ရာ မိတ်ဆက်တင်ပြချက်ဘက် လှည့်လိုက်ပါဦးစို့။

အနာဂတဝံသအဋ္ဌကထာဆရာသည် အရေးသွက်သည်။ ညက်သည်။ အတွေးနက်သည်။ ထက်သည်။ မိမိ၏ အဋ္ဌကထာကို

စာဖွဲ့အဆင်တန်ဆာဂုဏ် အလင်္ကာ ရသ ဥပမာ ဥပစာများဖြင့် သူ့နေရာနှင့်သူ အံဝင်ခွင်ကျ မြိုင်မြိုင်ဆိုင်ဆိုင် ဆင်သသည်။ အကိုးအထောက်များဖြင့် ခိုင်ခိုင်မာမာ တင်ပြသည်။ ဝေါဟာရသုံးစွဲရာ၌ ပရိယာယ်ကြွယ်ကြွယ်ဖြင့် ဖလှယ်ပြီးသုံးစွဲသည်။

အနာဂတဝံသအဋ္ဌကထာဆရာ၏ ဂုဏ်မြောက်အရေးအသားများထဲက ညြဇာဂုဏ်မြောက် ရေးသားတင်ပြထားသော ပုံစံအချို့ကို နမူနာထုတ်ဆောင် တင်ပြလိုပါသည်။ ညြဇာဂုဏ်မြောက်အရေးအသားဟူသည် နာမ်ပုဒ်များစွာကို ရှည်ရှည်လျားလျား သမာသ်တွဲစပ်ပြခြင်း၊ အကျယ်ကို အကျဉ်းချုံ့ခြင်း၊ အကျဉ်းကို အကျယ်ချဲ့ခြင်းများတည်း။ အနာဂတဝံသအဋ္ဌကထာတွင် ဟိမဝန္တာရှိ သစ်ပင်အမျိုးအမည်စာရင်းကို ဖွင့်ပြရာ၌–

"စမ္ပကာ ပုန္နာဂ သာလ သလဠ ပါဋလိ ဝဉ္စုလ တိလက မုစလိန္ဒ အသန ပနသ တိရိဋ္ဌ ဘုဇ ပတ္တ ဥဒ္ဒါလ ကလောဒ္ဒ မခုက သမရိ ကရက သိန္ဒုဝါရ ကုရဏ္ဍက ဗိမ္ဗဇာလ အသောက ပိယင်္ဂု အမ္ဗ ဇမ္ဗု လဗုဇ စန္ဒန ဒေဝဒါရု ကောလိ တာဂရု ကတက စောစ မောစ ဗေလုဝ သောဏက အဇ္ဇုန ကန္ဒဝါရုဏာဒိနေကပါဒပ ဂစ္ဆသမာကိဏ္ဏံ (ဟိမဝန္တံ)"။ (စာ-၁၂)

ဟု သစ်ပင်အမျိုးအမည်ပေါင်း ၃၆-မျိုးပါဝင်စေလျက် ပါဠိနာမ်ပုဒ်ပေါင်း ၄၁-ပုဒ်ကို ရှည်ရှည်လျားလျား သမာသ်တွဲစပ် အသုံးပြုထားပါသည်။ သဒ္ဒါနည်းစနစ်အရ ပုဒ်ပေါင်း ၄၀-ကျော်ကို တစ်ပုဒ်တည်းပြုလုပ် သုံးထားခြင်းဖြစ်သည်။ ထို့ကြောင့် အနာဂတဝံသအဋ္ဌကထာလာ ယင်းအရေးအသားသည် ညြဇာဂုဏ်ဖြင့် အလှဆင်ထားသော အရေးအသားဖြစ်ပါသည်။

ၚင်းပြင် လုမ္ဗိနီဥယျာဉ်ဘွဲ့လာ "စမ္ပက ပါဋလိ ။ပ။ သာလမင်္ဂလ ဥဿန္နံ" (စာ-၄၄)၊

မာရ်နတ်၏လက်နက် အမျိုးအမည်ကို ပြဆိုရာ "အသိသတ္တိဓနု ။ပ။ တိသူလာဒိဘေဒနာနာဝုဓာနိ" (စာ-၆၈)၊

သဗ္ဗမေမ္ဘုဒ်အဖွင့်လာ "ခန္ဓ ဓာတု အာယတန ။ပ။ အပ္ပမာဏာဒိသဘာဝါနံ" (စာ- ၁၁၇)၊

သဗ္ဗာဘရဏဘူသနာပုဒ်အဖွင့်လာ "ပါဒင်္ဂုလိက ။ပ။ ဘူသနာဘရဏာနိ" (စာ- ၁၃၈)၊
စသော အရေးအသားများသည်လည်း နည်းတူ ဩဇာဂုဏ်မြောက်သော အရေးအသားများဖြစ်ပါသည်။

ဆက်လက်၍ သမာဓိဂုဏ်မြောက် အရေးအသားများကို တင်ပြပါမည်။ သမာဓိဂုဏ်မြောက် အရေးအသားဟူသည် သက်ရှိသတ္တဝါတို့၏ သဘာဝကို သက်မဲ့ဝတ္ထု၌၊ အရည်ရှိသောဝတ္ထုကို အရည်မဲ့ဝတ္ထု၌၊ အရသာရှိဝတ္ထု၏ သဘောကို အရသာမဲ့ဝတ္ထု၌၊ ပြုလုပ်နိုင်စွမ်းရှိသောဝတ္ထု၏ သဘောကို ပြုလုပ်နိုင်စွမ်းမရှိသောဝတ္ထု၌ ဤသို့စသည်ဖြင့် တင်စားပြောဆိုခြင်းတည်း။ အနာဂတဝံသအဌကထာဆရာသည် အလောင်းတော်သိဒ္ဓတ္ထမင်းသား စံမြန်းရာ ပြာသာဒ်အကြောင်းဖွင့်ပြရာ၌–

"ဂန္ဓဒါမ မာလာဒါမ မုတ္တာလမ္ဗကာဒီနိပိ ဝိနိဂ္ဂလန္တာနိ ဝိယ" (နံ့သာဆိုင်း၊ ပန်းဆိုင်း၊ ပုလဲသွယ် တွဲရရွဲဆွဲထားမှု စသည်တို့လည်း အန်ထုတ်ကုန်သကဲ့သို့) (စာ-၅၃)သ

ဟု တင်စားရေးသားထားပါသည်။ ဤ၌ ပြာသာဒ်ရှိ ဗိတာန်မျက်နှာကြက်များသည် ပန်းဆိုင်း-စသည်တို့ကို အန်ထုတ်နိုင်သော အခြေအနေမရှိပါ။ "အန်ထုတ်"နိုင်သည့်စွမ်းအားမှာ သက်ရှိသတ္တဝါများ၌သာရှိသော စွမ်းအားဖြစ်ပါသည်။ သို့ရာတွင် အန်ထုတ်နိုင်စွမ်းရှိသကဲ့သို့ ပြဆိုထားပါသည်။ ထို့ကြောင့် ၎င်းအရေးအသားသည် သမာဓိဂုဏ်မြောက်သော အရေးအသားဖြစ်ပါသည်။ ၎င်းပြင်–

"စန္ဒဘယေန သူရိယော ပလာယမာနော ဝိယ" (စာ- ၇၂) (လမှ ကြောက်သဖြင့် နေသည် ပြေးသွားသလို)

၌ နေဝင်သွားသည်ကိုပင် လကို ကြောက်၍ ပြေးသွားရသည့်ဟန် လှလှပပ တင်စားသုံးနှုန်း ပြဆိုထားပါသည်။

"ဗောဓိသတ္တော --- စီဝရူပရိ ပတမာနေဟိ ဗောဓိရုက္ခင်္ကုရေဟိ ရတ္တပလ္လဝေဟိ ဝိယ ပူဇိယမာနော" (စာ- ၇၃) (ဘုရားအလောင်းတော်ကို --- သင်္ကန်းပေါ်ကြွေကျသော နီသောဗောဓိညောင်ရွက်နုတို့က ပူဇော်အပ်သည့်နှယ်)

၌ ဗောဓိညောင်ရွက်ညွန့်နုများ ကြွေကျသည်ကိုပင် အလောင်းတော်အား ပူဇော်အပ်သည့်ပမာ တင်ပြထားပါသည်။

"ပုညမ္ဟိနိဋ္ဌိတပါပမလတ္တာ" (စာ- ၁၁၈) (ကောင်းမှုရေစင်တို့ဖြင့် ဆေးကြောအပ်ပြီးသော မကောင်းမှုအညစ်အကြေးရှိခြင်းကြောင့်)

၌ ကောင်းမှုကို ရေစင်သဘော သုံးနှုန်းရေးသားထားပါသည်။

"သစ္စရသံ သစ္စပါနံ" (စာ- ၁၈၃) (သစ္စာအရည် သစ္စာဖျော်ရည်)

၌ သစ္စာတရားကို သောက်စရာဖျော်ရည်အဖြစ် တင်စားပြဆိုထားပါသည်။ ထို့ကြောင့် အနာဂတဝံသအဋ္ဌကထာလာ ဤပြဆိုမှုအားလုံးသည် သမာဓိဂုဏ်မြောက်သော ပြဆိုမှုများ ဖြစ်ပါသည်။

သမာဓိဂုဏ်မြောက် အရေးအသားများကို ဥပစာရှုထောင့်မှ အမည်ကင်ပွန်းတပ်မည်ဆိုလျှင် တဒ္ဓမ္မူပစာ (မရှိဝတ္ထုကို အရှိဝတ္ထုကဲ့သို့ တင်စားပြောဆိုမှု) ဖြစ်သတည်း။

ဆက်လက်၍ အတ္ထာလင်္ကာရမြောက် အရေးအသားများကို လေ့လာတင်ပြပါဦးမည်။ အနာဂတဝံသအဋ္ဌကထာ၌ အတ္ထာလင်္ကာရ- ရူပကအလင်္ကာ၊ ဥပမာအလင်္ကာတို့ဖြင့် တန်ဆာဆင်ရေးသားမှုသည် စာမျက်နှာတိုင်းလိုလိုမှာပင် တွေ့ရှိနိုင်ပါသည်။ ရူပကအလင်္ကာ ဟူသည် အနှိုင်းခံနှင့် အနှိုင်းဝတ္ထုကို ထပ်တူပြုဆိုခြင်းဖြစ်၍ ဥပမာအလင်္ကာဆိုသည်မှာ ပုံခိုင်းနှိုင်းပြခြင်းတည်း။ ထိုတွင် ရူပကအလင်္ကာမြောက် အရေးအသားအချို့ကို ထုတ်ဆောင်ပြရသော်–

- ကာမပင်္ကော (ကာမဂုဏ်+ညွန်) (စာ- ၁၅)
- အကုသလဝိတက္ကမက္ခိကာ (အကုသိုလ်ဝိတက်+ယင်ကောင်) (စာ- ၁၆)
- ဓမ္မဒ္ဓဇံ (တရား+အလံတံခွန်) (စာ- ၁၇)
- ဉာဏာလောကံ (ဉာဏ်+အလင်းရောင်) (စာ- ၂၇)
- သဒ္ဓါဟတ္ထေန (သဒ္ဓါ+လက်) (စာ- ၆၉)
- ဉာဏဟတ္ထေန (ဉာဏ်+လက်) (စာ- ၁၁၇)

- ဝေနေယျပဒုမာနိ (ဝေနေယျသတ္တဝါ+ကြာ) (စာ-၁၀၇) စသည်တို့ဖြစ်သည်။ ဤ၌ အနှိုင်းခံဝတ္ထုနှင့် အနှိုင်းဝတ္ထုတို့ကို ထပ်တူပြု၍ ရေးသားထားပါသည်။ ထို့ကြောင့် ယင်းအရေးအသားများသည် ရူပကအလင်္ကာမြောက် အရေးအသားများဖြစ်ပါသည်။ ရူပကအလင်္ကာမြောက်သော အရေးအသားများသည် အတူသဘောကို တင်စားပြောဆိုခြင်းဖြစ်၍ သဒိသူပစာရသော သုံးနှုန်းမှုဟုလည်း ဆိုနိုင်မည်ဖြစ်ပါသည်။

ဥပမာအလင်္ကာမြောက် အရေးအသားများမှာလည်း တိမ်လှ၊ ပေါ်လွင်လှပါသည်။ စာဖတ်သူများ အလွယ်တကူ သဘောပေါက်နားလည်စေရန် ခိုင်းနှိုင်းပြဆိုထားပါ၏။ အနာဂတဝံသအဋ္ဌကထာဆရာ၏ ဥပမာများကို ရှုကြည့်ပါဘိ။ အဇိတရဟန်းငယ်သည် သာမန်အညတရ ရဟန်းမဟုတ်၊ မေတ္တေယျဘုရားအလောင်းဖြစ်ကြောင်းကို ဥပမာများလှိုင်လှိုင်သုံး၍ ပုံခိုင်းပြထားပါသည်-

> ရဟန်းတို့ ! ဤသို့ သာမန်မထင်မရှား ပြောဆိုသုံးနှုန်းမှုမျိုးဖြင့် မပြောဆို မသုံးနှုန်းကြကုန်လင့်။ ဤအဇိတရဟန်းငယ်သည် ဘုရားအညွန့်တည်း။ ဘုရားမျိုးစေ့တည်း။ ပါရမီပြည့်ပြီးသူတည်း။ ဘုရားအလောင်းတည်း။ တိမ်တိုက်ကြားမှ ထွက်ပေါ်လာမည့် နေရောင်ခြည်နှင့် တူသူတည်း။ ပြာဖုံးမီးခဲနှင့် တူသူတည်း။ မြေမှုန့်ဖြင့် ဖုံးအုပ်ခံရသော ပတ္တမြားရတနာနှင့် တူသူတည်း။ မြေ၌မြှုပ်ထားခံရသော ရွှေအိုးလိုသူတည်း။ ပွင့်လုနီးနေသော ကြာပန်းကဲ့သို့သော သူတည်း။ ယုဂန္ဓိုရ်တောင်နှင့် နီးနေသော နေလုလင်ပမာဖြစ်သော သူတည်း။ (စာ- ၁၀၀)

ဤ၌ မေတ္တေယျဘုရားအလောင်းတော်ကို နေရောင်ခြည်၊ မီးခဲ၊ ပတ္တမြား၊ ရွှေအိုး၊ ကြာပန်း၊ နေလုလင်တို့နှင့် ပုံခိုင်းပြဆိုထားပါသည်။ ထို့ကြောင့် ၎င်းအရေးအသားများသည် ဥပမာအလင်္ကာဖြင့် တန်ဆာဆင်ထားသော အရေးအသားများ ဖြစ်ပါသည်။

တစ်ဖန် အနာဂတဝံသအဋ္ဌကထာဆရာ၏ ရသမြောက် အရေးအသားများကို တင်ပြပါမည်။ အနာဂတဝံသအဋ္ဌကထာ၌ စာပေ အရေးအသားပေါ်အောင် ဖော်ဆောင်ချက်များသည်လည်း ထိမိလှပါ၏။

စာဖတ်သူများ ရင်ဆိုင်တွေ့နေရသည့်အလား သရုပ်ဖော်နိုင်စွမ်းရှိပါ၏။ အသည်း အူတယားယား၊ ကြက်သီးတဖြန်းဖြန်းဖြင့် ခံစားရပါ၏။ ဗောဓိပင်နှင့် ရွှေပလ္လင်လုခန်းလာ အရေးအသားဖြစ်သည်။ ယင်းအခန်း၌ မာရ်နတ်စစ်သည်၏ ပုံပန်းသဏ္ဌာန်များ၊ အသွေးအရောင်များ၊ ခန္ဓာကိုယ်ပမာဏများ၊ လက်နက်များ၊ မာရ်နတ်၏ အသွင်အပြင်များ၊ စစ်မိန့်ပေးပုံများ-စသည်တို့ ပါဝင်ပါသည်။ (စာ- ၆၇-၉) ၎င်းအခန်းပါ အရေး-အသားများသည် စက်ဆုပ်ရွံရှာဖွယ်ရာ၊ ကြောက်ရွံ့ထိပ်လန့်ဖွယ်ရာများကို ဖြစ်စေပါသည်။ ထို့ကြောင့် ဗီဘစ္ဆရသ၊ ဘယာနကရသတို့ကို ဖော်ဆောင်ပေးသော အရေးအသားဖြစ်ကြောင်း လေ့လာသိရှိနိုင်ပါသည်။

အနာဂတဝံသအဋ္ဌကထာဆရာသည် အကြောင်းအရာတစ်စုံတစ်ခုကို တင်ပြရာ၌ ခိုင်ခိုင်မာမာ ခြေခြေမြစ်မြစ် တင်ပြလေ့ရှိပါသည်။ ယင်းသို့ တင်ပြရာတွင် မိမိ၏အယူအဆကို ရှေ့တန်းမတင်ဘဲ ပိဋကတ်ကျမ်းဂန်၊ အဖွင့်ကျမ်းဂန်များနှင့် ညီညွတ်မှုကိုသာ ဦးစားပေးတင်ပြလေ့ရှိပါသည်။ ထို့ကြောင့် အနာဂတဝံသအဋ္ဌကထာ၌ "ကမ္မမေဝတ္ထံ အန္တောနီတံ ကတွာ ဗုဒ္ဓဝံသေ --- ဝုတ္တံ" (စာ-၆)။ ဝုတ္တံ ဟောတံ ပဋိ-သမ္ဘိဒါမဂ္ဂေ" (စာ- ၈၂)။ "စတုက္ကယောဇနာ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂေ ဝုတ္တာ-နယေန ဒဋ္ဌဗ္ဗာ" (စာ- ၇၉) စသည်ဖြင့် ပါဠိပိဋကတ်တော်ကို ကိုးထောက်+ညွှန်းဆိုချက် ၂၁+၁= ၂၂ ကြိမ်[၁]၊ ပိဋကတ်ပါဠိအဖွင့်ဖြစ်သည့် အဋ္ဌ-ကထာကို ကိုးထောက်+ညွှန်းဆိုချက် ၄+၆= ၁၀ ကြိမ်[၂]က သက်သေခံလျက်ရှိပါသည်။

အနာဂတဝံသအဋ္ဌကထာကျမ်းကြီးကို ရေးသားဖွင့်ဆိုနိုင်စွမ်းရှိသော ဤအဋ္ဌကထာဆရာသည် "အဋ္ဌကထာဆရာ"ဟူသော ဂုဏ်ပုဒ်နှင့် ထိုက်တန်စွာ စကားပရိယာယ်ကြွယ်သည့်အရာမှာလည်း "စံ"ပြု

---

၁။ အနာဂတဝံသအဋ္ဌကထာ စာ- ၆၊ ၃၉၊ ၈၂။ (သုံးကြိမ်ကိုး)
၈၃၊ ၉၅၊ ၁၀၅၊ ၁၀၈၊ ၁၁၃၊ ၁၃၁၊ ၁၆၆၊ ၁၇၄၊ ၁၇၉။ (နှစ်ကြိမ်ကိုး)
၁၈၀။ (နှစ်ကြိမ်ကိုး)၊ ၁၈၂၊ ၁၈၃။ (နှစ်ကြိမ်ကိုး)၊ ၂၀၆။ ၇၉။

၂။ ၎င်း စာ- ၄၇၊ ၁၀၅၊ ၁၁၅၊ ၁၉၈။ ၉၅၊ ၁၁၂၊ ၁၂၅၊ ၁၃၂၊ ၁၇၀၊ ၁၈၀။

ထိုက်သော ကျမ်းဆရာဖြစ်ပါသည်။ ဤအဋ္ဌကထာသည် မေတ္တေယျဗုဒ္ဓဝင်ကို အဓိကဖွင့်ဆိုသော ကျမ်းဖြစ်ပေရာ ဘုရားလောင်းဟော ပရိယာယ်ပုဒ်နှင့် ဘုရားဟောပရိယာယ်ပုဒ်တို့ကို ကြွယ်ကြွယ်ဝဝ အသုံးပြုပြသွားလေသည်။ ဘုရားလောင်းအနက်ဟောပုဒ်များကို—

- ဗောဓိသတ္တော (စာ- ၂၇၊ ၂၄၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၁၀၀၊)
- ဗုဒ္ဓဗီဇော (စာ- ၁၀၀)
- ဗုဒ္ဓင်္ကုရော (စာ- ၂၈၊ ၁၀၀)
- ဗုဒ္ဓဗီဇင်္ကုရော (စာ- ၃၂)
- မဟာသတ္တော (စာ- ၂၉)
- မဟာပုရိသော (စာ- ၂၇၊ ၂၉၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅)
- ပူရိတပါရမီ (စာ- ၁၀၀)

ဟု စကားပရိယာယ်ကြွယ်ကြွယ် သုံးနှုန်းပြပြီး၊ ဝေါဟာရဘဏ်တိုက်ကြီး ဖြစ်ကြောင်း သက်သေထူသွားလေသည်။

ဘုရားဟော ပုဒ်များကိုမူ ထို့ထက်ပရိယာယ်ကြွယ်စွာ သုံးပြထားလေသည်။ ယင်းပုဒ်များမှာ-

- ဓမ္မရာဇိဿရော (စာ- ၁၇)
- ဘဂဝါ (စာ- ၂၇၊ ၂၈၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄-စသည်)
- သတ္ထာ (စာ- ၂၁၊ ၂၂၊ ၂၇၊ ၂၉၊ ၃၀၊ ၃၂၊ ၃၃၊ ၃၄-စသည်)
- ဗုဒ္ဓေါ (စာ- ၂၂၊ ၂၉-စသည်)
- လောကနာယက (စာ- ၂၉၊ ၃၀၊ ၃၁၊ ၃၄၊ ၁၅-စသည်)
- လောကနာထ (စာ- ၃၀-စသည်)
- သဗ္ဗညူ (စာ- ၃၀၊ ၃၅-စသည်)

- ဓမ္မရာဇ (စာ- ၃၉-စသည်)
- ဇိန္နုတ္တမော (စာ- ၃၃)
- တထာဂတ (စာ- ၃၄)
- သမ္ဗုဒ္ဓေါ (စာ- ၃၅-စသည်)
- မုနိ (စာ- ၃၅)
- ဇိနော (စာ- ၃၅-စသည်)
- မဟာဇိနော ( ။ )
- ဒသဗလသ္သ (စာ- ၂၄)
- မဟာမုနိ (စာ- ၂၇)
- နရာသဘော (စာ- ၂၅)
- အမတန္ဒဒေါ ( ။ )
- လောကဂ္ဂေါ ( ။ )
- ဝိနာယကော ( ။ )
- သုဇာတဂ္ဂေါ ( ။ )

စသည်တို့ဖြစ်ပါသည်။ ဤအချက်ကို ထောက်ဆ၍ အနာဂတဝံသအဋ္ဌကထာဆရာသည် မည်မျှပရိယာယ်ကြွယ်ဝကြောင်း သိရှိနိုင်ပါသည်။ ထို့ကြောင့် အနာဂတဝံသအဋ္ဌကထာသည် ဝေါဟာရကြွယ်ဝလိုသူ သုတေသီတို့အတွက်လည်း ဝေါဟာရများကို တစ်မျိုးပြီးတစ်မျိုး မရိုးအောင် ပေးနိုင်သောကျမ်းဖြစ်ကြောင်း မှတ်ချက်ပြုနိုင်မည်ဖြစ်ပါသည်။

ယခုတင်ပြချက်များသည် အနာဂတဝံသအဋ္ဌကထာလာ အကြောင်းအရာနှင့် အရေးအသားများကို အမြည်းသဘော အမြွက်မျှ တင်ပြချက်ဖြစ်ပါသည်။ ၎င်းအပြင် အခြားထူးခြားပြောင်မြောက် စံတင်လောက်သော အကြောင်းအရာနှင့် အရေးအသားများလည်း အနာဂတဝံသအဋ္ဌကထာ၌ အမြောက်အများ ရှိနေပါသေးသည်။ စာပေသုတေသီများ ဆက်လက်လေ့လာကြဖို့ဖြစ်ပါသည်။

ဤသို့ဖြင့် အကြောင်းအရာရော အရေးအသားပါ စံပြု အတုယူထိုက်သော သမန္တဘဒ္ဒိကာခေါ် အနာဂတဝံသအဋ္ဌကထာကျမ်း စာသည် ပေစာဘဝဖြင့်ပင် စာတိုက်ဗီရိုထဲ၌ နှစ်ပေါင်းများစွာ အကျဉ်းချ ခံထားရသည့်ပမာ ရပ်တည်ခဲ့ရပါ၏။ ယခုအခါ၌မူ မော်ကွန်းထိန်း ဆရာတော် ဘဒ္ဒန္တကုမာရ၏ ကျေးဇူးကြောင့် ကွန်ပျူတာရိုက် ကျမ်းစာ ဘဝဖြင့် စာပေနယ်ပယ်ထဲ၌ ကျယ်ကျယ်ပြန့်ပြန့် ခရီးဆန့်နိုင်တော့မည် ဖြစ်ပါသည်။ ပေစာဘဝမှ ကွန်ပျူတာရိုက်ကျမ်းစာဘဝသို့ ပြောင်းရွှေ့ သန္ဓေခကာ ဘဝသစ်မှာ စ-လာရပြားလည်း ဘဝသစ်တို့၏ ထုံးစံ အတိုင်း လိုအပ်ချက်၊ မပြည့်စုံချက်များနှင့်ကား ကင်းနိုင်ဦးမည်မဟုတ်ပါ။ ဤအချက်ကို ဉာဏ်သက်သိမြင် စာပေသံယောဇဉ်ရှိကြသူ ပညာရှင်များ က သွေးသားအရင်းပမာ သဘောထားပြီး ဝိုင်းဝန်းဖေးမ ကူညီသွားကြ မည်ဆိုပါလျှင် "သမန္တဘဒ္ဒိကာ"၏ဘဝသည် စာပေနယ်ပယ် ပညာရှင် အလယ်တွင် မျက်နှာမငယ် ဂုဏ်ရေးကြွယ်လျက် တင့်တယ်နိုင်မည်ဖြစ်ပါ ကြောင်း ရေးသားတင်ပြရင်း ကျမ်းဦးမိတ်ဆက်လွှာကို နိဂုံးချုပ်အပ်ပါ သတည်း။ ။

ပဌမံ ကွန်ပျူတာယန္တ-မုဒ္ဒိတံ'ဋ္ဌကထံ ဣမံ။
သက္ကံ ဟိတစိတ္တေန၊ သံယောဇယန္တု ပဏ္ဍိတာတိ။

**ဘဒ္ဒန္တထေရိန္ဒ**

ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်။

# အမှာစာ

အနာဂတဝင်သည် မြန်မာ့ယဉ်ကျေးမှုသမိုင်း၌ အရေးပါသော ကဏ္ဍမှ ပါဝင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ မြန်မာပြည်၌ ဗုဒ္ဓဘာသာထွန်းကားသည့် အချိန်ကပင် စတင်ခဲ့သည်ဟု ဆိုရပါမည်။ ထို့ကြောင့် ထီးလိုင်ရှင်ကျန်စစ်မင်းလက်ထက်သို့ ရောက်သောအခါ မေတ္တေယျဘုရားရှင်ကို ဖူးမြင်ရမှုသည် အလွန်အရေးပါခဲ့ခြင်း ဖြစ်ပါသည်။ ပုဂံခေတ်နောက်ပိုင်းသို့ ရောက်သောအခါ အနာဂတဝင်သည် အများလေ့လာသော ကျမ်းအဖြစ်သို့ ရောက်နေပြီဟု ယူဆရပါသည်။ အဘယ့်ကြောင့်ဆိုသော် သုံးလုလဘုရား မင်စာများ၌ အနာဂတဝင် ပါဠိတော် ကောက်နှုတ်ချက်များကို ပါဠိမြန်မာ နှစ်ဘာသာလုံးဖြင့် တွေ့ရသောကြောင့် ဖြစ်ပါသည်။

ခရစ်နှစ် ၁၄၄၂-သို့ရောက်သောအခါ တက်နွံကျောင်းကျောက်စာပါ ကျမ်းစာရင်း၌ အနာဂတဝင်ကို အထင်အရှား တွေ့နေရပြီ ဖြစ်ပါသည်။ သို့သော် အနာဂတဝင်ပါဠိကိုသော်၎င်း၊ နိဿယကိုသော်၎င်း၊ မြန်မာပြန်ကိုသော်၎င်း ယနေ့ မြန်မာစာပေလောက၌ ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရသေးချေ၊ ပေမူအဖြစ်သာ အတွေ့ရများပါသည်။ နိဿယဆို၍ ပိဋကတ်သမိုင်းစာတမ်းအရ ပိဋကတ်တော်အုပ်ဦးယံသည် အနာဂတဝင်နိဿယကို စီရင်ကြောင်း သိရပါသည်။ စာမူကိုကား မတွေ့ဖူးသေးပါ။ ဇမ္ဗူမိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်က ၁၉၄၈-ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေသော ဟံသာတမြစ်ကွေ့ဆရာတော်၏ မဟာ-ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲတွင် အနာဂတဝင်ပါဠိနှင့်တကွ ဆရာကြီးဦးလင်းတို့ စီရင်သော အနာဂတဝင်ပါဠိနိဿယကို တွေ့ရပါသည်။ လက်ပန်တန်းမြို့၊ ငါးဆူဆရာတော် ဦးတေဇဝန္တထေရ် စီရင်သော မေတ္တေယျဗုဒ္ဓဝင်ခေါ် အနာဂတဗုဒ္ဓဝံသကထာဟူ၍လည်း ရှိပါသေးသည်။ ထိုကျမ်း၌ အနာဂတဝင် ပါဠိတော်ကောက်နှုတ်ချက်များကို နိဿယနှင့်တကွ တွေ့ရပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသော အနာဂတဝင်ဟူ၍ ဤမျှကိုသာ တွေ့ရပါသည်။ မြန်မာပေမူများပေါ်

အခြေခံ၍ လန်ဒန်ပါဠိစာပေအသင်းက ခရစ်နှစ် ၁၈၈၆-ခုနှစ်တွင် အနာဂတဝင်ပါဠိကို ရောမအက္ခရာဖြင့် ထုတ်ဝေခဲ့ပါသည်။

အနာဂတဝင်ပါဠိတော်ကို တည်းဖြတ်ရာ၌ အနာဂတဝင် အဋ္ဌကထာကို အားကိုးပြုပါသည်။ ဤသို့ အားကိုးပြုခြင်းမှာ ပါဠိတော် မူချည်း သက်သက်ဆိုလျှင် ပါဠိမှန်/မှား ဝေဝါးစရာရှိသောကြောင့် ဖြစ်ပါသည်၊ အဋ္ဌကထာ၌ ပါဠိကော အဖွင့်ပါ စုံနေရကား ပါဠိ၌ မသဲကွဲသည်ကို အဋ္ဌကထာနှင့် ညှိနှိုင်း တည်းဖြတ်နိုင်သည့် အခွင့်-ကောင်းရှိ၍ ဖြစ်ပါသည်။ ပေမူများစွာ ရှိသော်လည်း တစ်ဆူနှင့်တစ်ဆူ တူသည်သာ ဖြစ်သဖြင့် ထိုပေမူတို့ကို လစ်လျူရှု၍ ပေမူသုံးဆူနှင့် သုံးကြိမ်တိုင် တိုက်ဆိုင်သုတ်သင်ထားသော ဆရာတော် အရိန္ဒမထေရ်၏ မူကို အားကိုးတစ်ခု လက်ကိုင်ပြု၍ မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၌ပါသော အနာဂတဝင်ပါဠ်၊ အနာဂတဗုဒ္ဓဝံသကထာကျမ်းနှင့် လန်ဒန်ပါဠိစာပေ အသင်းထုတ် ဂျာနယ်ပါ အနာဂတဝံသမူတို့နှင့် တိုက်ဆိုင်တည်းဖြတ် ပါသည်။ ဤပေမူကို ကမ္ဘာအေးရှိ သာသနာရေးဦးစီးဌာန ပိဋကတ်-တိုက်မှ ရပါသည်၊ ရွှေပိန်း ဆယ်ကြောင်းရေးပေ၊ မိ-အစ၊ သော-အဆုံး ၅ အင်္ဂါ၊ ၆-ချပ်ရှိသော အနာဂတဝင်ပါဠ်၊ မှတ်ပုံတင်အမှတ်-၂၁၃၁ ဖြစ်ပါသည်။

အနာဂတဝင်ပါဠိတော်ကို တည်းဖြတ်ရာ၌ ထူးခြားချက် တစ်ခုကို တွေ့ရပါသည်။ ယင်းမှာ အခြားမဟုတ်ပါ၊ ဂါထာ ၂၄ နှင့် ၂၅-ပင် ဖြစ်ပါသည်။

ဂါထာ ၂၄။ ဥဏ္ဏတံ မုခဖုလ္လဉ္စ၊ နာနာ ရတ္တာ စ မာနိယာ။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။
ဂါထာ ၂၅။ ဥဂ္ဂတ္တနာ ဂိဂ်မကာ၊ အင်္ဂဒါ မဏိမေခလာ။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။

ဤနှစ်ဂါထာကို မူအသီးသီးက ဂါထာ ၂၄-၏ ပထမပါဒ နှင့် ဂါထာ ၂၅-၏ ဒုတိယ၊ တတိယ၊ စတုတ္ထပါဒတို့ကိုပေါင်း၍ တစ်-ဂါထာတည်းအဖြစ် ပြုပါသည်။ မိမိလက်ကိုင်ပြုသော မူကသာ အထက်

ပါအတိုင်း ၂-ဂါထာပြပါသည်။ ဤမူတစ်ခုတည်းဖြင့် မဆုံးဖြတ်သာ၍ အခြားမူတစ်ခုကို ထပ်၍ရှာရာ၊ ကမ္ဘာအေးပိဋကတ်တိုက်မှာပင် တွေ့ရပါသည်။ ရွှေပိန်း၊ ၁၁-ကြောင်းရေ အနာဂတဝင် အဋ္ဌကထာ၊ မှတ်ပုံတင်အမှတ်-၇၂၀၄ ဖြစ်ပါသည်။ ဤပေမူ၌ အထက်ပါ ၂-ဂါထာကို တွေ့ရသော်လည်း ဂါထာအမှတ် ၂၅-၏ ပထမပါဒပါဠိမှာ မတွေ့ဖူးသောပါဠိဖြစ်နေ၍ အမှန်အမှားကို မဆုံးဖြတ်သာ ဖြစ်ရပြန်ပါသည်။ အဋ္ဌကထာကလည်း မဖွင့်ပါ။ ထို့ကြောင့် ဦးဟုတ်စိန်၏ ပါဠိမြန်မာအဘိဓာန်အကူအညီကို ယူရပါသည်။ ထိုအဘိဓာန်က ထို ၂-ပုဒ်ကို တောင်ပေါက်ဆရာတော်၏ အဘိဓာန်နိဿယပါ ပုဒ်အဖြစ် ခရေပွင့်ထိုး၍ ပြထားပါသည်။ ထိုအဘိဓာန်က ပြသည့်အတိုင်း ပါဠိကိုပြင်ပါသည်။ မြန်မာပြန်ပါသည်။

တိုက်ဆိုင်တည်းဖြတ်ရာ၌ အနာဂတဗုဒ္ဓဝံသကထာမှာ အပြည့်အစုံမဟုတ်၍ အားကိုးအားထား ပြုလောက်သည်မဟုတ်ပါ။ သို့သော် ပုံနှိပ်ပြီးမူ ရှားပါးလွန်းရကား ရသမျှကိုပင် အလေးထား၍ တိုက်ဆိုင်ခြင်းဖြစ်ပါသည်။ ဤသို့တိုက်ဆိုင်ရသဖြင့် လွန်စွာလည်းကျေးဇူးရှိပါသည်။ ထိုစာအုပ်ပါမူသည် ကျန်မူများနှင့် စာအသွားမတူမှု၊ ဂါထာခွဲပုံ ခြားနားမှုတို့ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ထိုစာအုပ်ကို တည်းဖြတ်ရာ၌ အသုံးပြုပါသည်။

မူကွဲအသီးသီးကို အောက်ခြေ၊ မှတ်စုအဖြစ်ပြရာတွင် ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲပါ အနာဂတဝင်ပါဠိကို ဗုဒ္ဓဝင်၊ အနာဂတဗုဒ္ဓဝံသကထာကို အနာဂတ၊ ၁၈၈၆-ခုနှစ်ထုတ် လန်ဒန်ပါဠိစာပေအသင်းဂျာနယ်ပါ အနာဂတဝံသကို လန်ဒန်-ဟု အတိုကောက်အမှတ်ပြုပါသည်။ တည်းဖြတ်ရာ၌ မူကွဲကိုသာမက ထိုထိုနေရာတို့၌ ပါဠိတော် အဋ္ဌကထာဆိုင်ရာ ရည်ညွှန်းချက်များကိုလည်း တတ်နိုင်သမျှ ထည့်သွင်းထားပါသည်။

မြန်မာပြန်ရာ၌ ခေတ်ကိုလိုက်၍ အရိုးဆုံး၊ အရှင်းဆုံးဖြစ်အောင် ကြိုးစား၍ပြန်ဆိုထားပါသည်။ ဤသို့ပင် ကြိုးစားထားသော်လည်း ပါဠိဘာသာတတ်ကျွမ်းသူတို့ နိဿယပြန်နည်းနှင့် မခြားရအောင်

ပါဠိဖျောက်ထားသည်သာ ထူးပါသည်။ ပါဠိအနက်ကို သိချင်သူတို့ မိမိ၏ မြန်မာပြန်ကို ကြည့်ရှုရုံမျှနှင့် နိဿယသဖွယ် အားကိုးလောက် အောင်လည်း အားထုတ်ထားပါသည်။ ဤသို့ အားထုတ်ရာ၌ အနာ-ဂတဝင် အဋ္ဌကထာကို လက်ရင်းထား၍ ဆရာလင်းတို့၏ အနာဂတဝင် နိဿယကို အမှီပြုပါသည်။

မိမိကိုယ်တိုင် အနာဂတဝင်ကို စိတ်ဝင်စားသည်က တကြောင်း၊ အနာဂတဝင်ကို ယနေ့မြန်မာတို့ ထိထိမိမိသိသူ နည်း-သည်က တကြောင်းကြောင့် အနာဂတဝင် အဋ္ဌကထာကို တည်းဖြတ် ပုံနှိပ်ရသော် ကောင်း၏ဟု အာရုံပြု၍ အနာဂတဝင်အဋ္ဌကထာပေမူကို ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန၊ ပိဋကတ်တိုက်၊ ပေစာဌာနစိတ်မှ ကူးယူခဲ့ပါသည်။ ဤသို့ကူးယူနေဆဲမှာပင် တည်းဖြတ်သည့်လုပ်ငန်း၏ အချိန်အတိုင်းအတာ ရှည်မည်ကိုရင်း၊ ပါဠိမတတ်သူတို့အတွက် အသုံး ခက်မည်ကိုရင်း တွေးမိ၍ အနာဂတဝင်ပါဠိကိုသာ တည်းဖြတ်၍ မြန်မာ ပြန်နှင့်တကွ ထုတ်ဝေရလျှင် သာ၍ကောင်းမည်ဟု တွက်ဆမိပါသည်။ စာအုပ်ပမာဏ အတော်အသင့်လည်း ရှိစေရန်နှင့် အကျိုးလည်းများစေ ရန်၊ ဤစာအုပ်၏ရှေ့ပိုင်းရှိ “အနာဂတဝင်”စာတန်းပါ “အနာဂတဝင် ဆိုင်ရာ အထောက်အထားများ”အနက် မေတ္တေယျဗျာကရဏမှတစ်ပါး ကျန်အထောက်အထားများကို မူရင်းနှင့်တကွ မြန်မာပြန်၍တစ်ခန်း၊ အနာဂတဝင်ပါဠိကို တည်းဖြတ်၍ မြန်မာပြန်နှင့်တကွတစ်ခန်း၊ အနာ-ဂတဝံသအဋ္ဌကထာတစ်ခန်း၊ မေတ္တေယျဗျာကရဏကို သက္ကတမှ ပါဠိ-လှယ်၍ မြန်မာပြန်နှင့်တကွတစ်ခန်းဖွဲ့၍ စီစဉ်ထားပါသည်။

ထို့ကြောင့် စာမူပုံနှိပ်ဖြစ်အောင် ပေစာကူးယူခွင့်ပေးသော ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တကွ လိုအပ်သမျှကို မငြိုမငြင်ကူညီသော ပိဋကတ်တိုက် စာပေဌာနစိတ်မှ ဒေါ်မြင့်ကြည်ကိုရင်း၊ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ပေစာ ဌာနမှ ဦးညွန့်မောင်ကိုရင်း၊ ဝိုင်းဝန်းကူညီကြသူအပေါင်းကိုရင်း ကျေးဇူး တင်ကြောင်း မှတ်တမ်းတင်ပါသည်။

မိမိကို ကျေးဇူးပြုသူအပေါင်း မေတ္တာယျဘုရားရှင်ကို ဖူးခွင့်ရကြပါစေ။ အကျွတ်တရား ရကြပါစေ။

(ကျော်ညွှန့်)
ရန်ကုန်တက္ကသိုလ်

၁၃၄၅-ခုနှစ်၊ နတ်တော်လကွယ်နေ့၊
၁၉၈၄-ခုနှစ်၊ ဇန်နဝါရီ ၂-ရက်၊ တနင်္လာနေ့၊

၆။ မဟာပုညော မဟာပညော၊ မဟာဉာဏီ[1] မဟာယသော။
မဟာဗလော မဟာထာမော၊ ဥပ္ပဇ္ဇိဿတိ စက္ခုမာ။
၇။ မဟာဂတိ သတိစေဝ၊ ဓိတိမာ[2] ဗဟုသစ္စဝါ။
သင်္ဂါဟော[3] သဗ္ဗမမ္ဘာနံ၊ ဉာတော ဒိဗ္ဗော သုဖဿိတော။
ပရိယောဂါဠှော[4] ပရာမဋ္ဌော၊ ဥပ္ပဇ္ဇိဿတိ သော ဇိနော။
* ၈။ တဒါ ကေတုမတီ နာမ၊ ရာဇဓာနီ[5] ဘဝိဿတိ။
♠ ဒွါဒသယောဇနာယာမာ၊ သတ္တယောဇနဝိတ္ထတာ။
♣ ၉။ အာကိဏ္ဏာ နရနာရီဟိ၊ ပါသာဒေဟိ[6] ဝိစိတ္တိကာ။
သေဝိတာ သုဒ္ဓသတ္တေဟိ၊ အဇေယျာ ဓမ္မရက္ခိတာ။
၁၀။ သင်္ခေါ[7] နာမာသိ သော ရာဇာ၊ အနန္တဗလဝါဟနော။
သတ္တရတနသမ္ပန္နော၊ စက္ကဝတ္တိ[8] မဟဗ္ဗလော။
၁၁။ ဣဒ္ဓိမာ ယသဝါ စေဝ၊ သဗ္ဗကာမသမပ္ပိတော။
ဟတပစ္စတ္ထိကံ ခေမံ၊ အနုသာသိဿတိ ဓမ္မတော။
♥ ၁၂။ ပါသာဒေါ သုကတော[9] တတ္ထ၊ ဒိဗ္ဗ ဝိမာနသာဒိသော။
ပုညကမ္မာဘိနိဗ္ဗတ္တော၊ နာနာရတနစိတ္တိကော။

---

၁။ မဟာဉာဏီ (ဗုဒ္ဓဝင်ဂါထာ၊ ၆။) မဟာဉာနီ (လန်ဒန်ဂါထာ၊ ၆။)
၂။ ဓိတိမာ။ ဓိတိမာ။ (ဋ္ဌ)
၃။ သံခါတော (လန်ဒန်ဂါထာ။ ၇။)
၄။ ပရိယောဂါဠှော (ဗုဒ္ဓဝင်ဂါထာ၊ ၇။ လန်ဒန်ဂါထာ၊ ၇။)
၅။ ရာဇဓ္ဓာနိ (ဗုဒ္ဓဝင်ဂါထာ၊ ၈။)
* အယံ ဗာရာဏသီ ကေတုမတီ နာမ ရာဇဓာနီ ဘဝိဿတိ ဣဒ္ဓါ စေဝ ဖီတာ စ ဗဟုဇနာ စ အာကိဏ္ဏမနုဿာ စ သုဘိက္ခာ။ (သုတ်ပါ၊ ၆၂။)
♠ ပုရတ္ထိမေန စ ပစ္ဆိမေန ဒွါဒသယောဇနာနိ အာယာမေန၊ ဥတ္တရေန စ ဒက္ခိဏေန စ သတ္တယောဇနာနိ ဝိတ္ထာရေန။ (သုတ်မဟာဝါ၊ ၁၃၉။)
၆။ ပါသာဒီဟိ (ဗုဒ္ဓဝင်ဂါထာ၊ ၉။)
♣ သုတ်မဟာဝါ၊ ၁၃၉။
၇။ သခ္ခေါ (လန်ဒန်ဂါထာ၊ ၁၀။)
၈။ စက္ကဝတ္တီ (ယင်း၊ ၁၀။)
၉။ သုကတော (ဗုဒ္ဓဝင်ဂါထာ၊ ၁၂။ လန်ဒန်ဂါထာ၊ ၁၂။)
♥ အကျယ်ကို ပါထိကဝဂ္ဂအဋ္ဌကထာ၊ စက္ကဝတ္တိသုတ်၊ သင်္ခရာဇဥပ္ပတ္တိဝဏ္ဏနာ ၃၉-၅ ရှု။

၁၃။ ဝေဒိကာဟိ ပရိက္ခိတ္တော၊ သုဝိဘတ္တော မနောရမော။
ပဘဿရစ္စုဂ္ဂတော သေဋ္ဌော၊ ဒုဒ္ဒိက္ခော စက္ခုမုသနော[1]။

* ၁၄။ ရညော မဟာပနာဒဿ၊ ပဝုတ္တော ရတနာမယော။
တံ ယူပံ ဥဿာပေတွာန၊ သင်္ခရာဇာ[2] ဝသိဿတိ။

၁၅။ အထာပိ တဿ နဂရေ၊ နာနာဝီထိ[3] တဟိံ တဟိံ။
သုမာပိတာ ပေါက္ခရဏီ၊ ရမဏီယာ[4] သုပတိတ္ထာ။

၁၆။ အဇ္ဈောဒကာ ဝိပ္ပသန္နာ၊ သာဒုသီတာ[5] သုဂန္ဓိကာ။
သမတိတ္တိကာ ကာကပေယျာ၊ အပေါ ဝါလုကသန္ထတာ[6]။

၁၇။ ပဒုမုပ္ပလသဉ္ဆန္နာ၊ သဗ္ဗောတုကမနာဝဋ္ဋာ။
♠ သတ္တေဝ တာလပန္တိယော၊ သတ္တဝဏ္ဏိက ပါကာရာ။
♣ ရတနမယာ ပရိက္ခိတ္တာ၊ နဂရဿ သမန္တတော။

၁၈။ ကုသာဝတီ ရာဇဓာနီ[7]၊ တဒါ ကေတုမတီ ဘဝေ။
စတုက္ကေ နဂရဒွါရေ၊ ကပ္ပရုက္ခာ ဘဝိဿရေ။

၁၉။ နီလံ ပီတံ လောဟိတကံ၊ ဩဒါတဉ္စ ပဘဿရံ[8]။
နိဗ္ဗတ္တာ ဒိဗ္ဗဒုဿာနိ၊ ဒိဗ္ဗာ စေဝ ပသာဓနာ[9]။
ဥပဘောဂ ပရိဘောဂါ[10]၊ သဗ္ဗေ တတ္ထုပလမ္ဘရေ[11]။

---

၁။ စက္ခုမုယှနော (ဗုဒ္ဓဝင်ဂါထာ၊ ၁၃။)
၂။ သင်္ခါရာဇာ (လန်ဒန်ဂါထာ၊ ၁၄။)
* ပါထိက၊ ဋ္ဌ။ ၃၄၊ ၄၀။ ဇာတက၊ ဋ္ဌ၊ ဒု။ ၃၀၁။ ယင်း၊ စ။ ၃၂၄။
၃။ နာနာဝီထိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၅။ လန်ဒန်ဂါထာ၊ ၁၅။)
၄။ ရမဏီယာ (ဗုဒ္ဓဝင်ဂါထာ၊ ၁၅။ လန်ဒန်ဂါထာ၊ ၁၅။)
၅။ သာဒုံသီတာ (ဗုဒ္ဓဝင်ဂါထာ၊ ၁၆။ လန်ဒန်ဂါထာ၊ ၁၆။)
၆။ ဝါလုကသန္ထကာ (ဗုဒ္ဓဝင်ဂါထာ၊ ၁၆။) ဝါလုကသံဌတာ (လန်ဒန်ဂါထာ၊ ၁၆။)
♠ သတ္တေဝတာလပန္တိယော (သုတ်၊ မဟာဝါ။ ၁၄၀။)
သတ္တဝဏ္ဏိကပါကာရာ (ယင်း၊ ၁၄၀။)
♣ ဂါထာ ၁၇-၏ တတိယနှစ်ပါဒမှစ၍ ၂၃-တိုင်၊ ၂-ပါဒစီဖြင့် လန်ဒန်မူက ဂါထာဖွဲ့သည်။ ထို့ကြောင့် ဤနေရာမှစ၍ ဂါထာ ၁၈၊ ၁၉-စသည်ဖြင့် တစ်ဂါထာပိုသွားသည်။
၇။ ရာဇဌာနီ (ဗုဒ္ဓဝင်ဂါထာ၊ ၁၈။)
၈။ ပဘဿရာ (လန်ဒန်ဂါထာ၊ ၁၉။)
၉။ ဒိဗ္ဗာဒေဝပသာဓနာ (အနာဂတ၊ ၁၅။)
၁၀။ ဥပဘောဂပရိဘောဂါ စ (လန်ဒန်ဂါထာ၊ ၂၀။)
၁၁။ သဗ္ဗေ တတ္ထုပလမ္ဘရေ (ဗုဒ္ဓဝင်ဂါထာ၊ ၁၉။ လန်ဒန်ဂါထာ၊ ၂၀။)
ကပ္ပရုက္ခေသု လမ္ဘရေ (အနာဂတ၊ ၁၅။)

၂၀။ တတော နဂရမဇ္ဈမှိ၊ စတုသာလံ စတုမုခံ။
ပုညကမ္မာဘိနိဗ္ဗတ္တော၊ ကပ္ပရုက္ခော ဘဝိဿတိ။
၂၁။ ကပ္ပါသိကဉ္စ ကောသေယျံ၊ ခေါမကောဋုမ္ဗရာနိ စ။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။
၂၂။ ပါဏိဿရာ မုဒိင်္ဂါ[1] စ၊ မုရဇာလမ္ဗရာနိ စ။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။
၂၃။ ပရိဟာရဉ္စ[2] ကာယူရံ[3]၊ ဂီဝေယျံ ရတနာမယံ[4]။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။
* ၂၄။ ဥဏ္ဏတံ မုခဖုလ္လဉ္စ၊ နာနာရတ္တာ စ မာနိယာ။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။
* ၂၅။ ဥဂ္ဂတ္ထနာ ဂိင်္ဂမကာ၊ အင်္ဂဒါ မဏိမေခလာ။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။
၂၆။ အညေ စ နာနာဝိဝိဓာ၊ သဗ္ဗာဘရဏဘူသနာ။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။
♠ ၂၇။ အရောပိတံ သယံ ဇာတံ၊ ပုညကမ္မေန ဇန္တုနံ[5]။
အကဏံ အထုသံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇိဿန္တိ[6] မာနုသာ။

---

၁။ မုတိင်္ဂါ (လန်ဒန်ဂါထာ၊ ၂၃။)
၂။ ပရိဟာရံ စ (ဗုဒ္ဓဝင်ဂါထာ၊ ၂၃။)
၃။ ကာယုရံ (လန်ဒန်ဂါထာ၊ ၂၄။)
၄။ ရတန မယံ (ဗုဒ္ဓဝင်ဂါထာ၊ ၂၃။ လန်ဒန်ဂါထာ၊ ၂၄။)
* ဂါထာ ၂၄-နှင့် ၂၅-ကိုပေါင်း၍ မဟာဗုဒ္ဓဝင်၌ အောက်ပါအတိုင်းဂါထာအမှတ် ၂၄-အဖြစ်ပြသည်။ ထို့ကြောင့် မဟာဗုဒ္ဓဝင်မူက ဂါထာအမှတ်တစ်ခုလျော့နေသည်။

ဥဏ္ဏတံ မုခဖုလ္လဉ္စ၊ အင်္ဂဒါ မဏိမေခလာ။
ပုညကမ္မာဘိနိဗ္ဗတ္တာ၊ ကပ္ပရုက္ခေသု လမ္ဗရေ။ (ဗုဒ္ဓဝင်ဂါထာ၊ ၂၄။)

လန်ဒန်မူကလည်း ထို့အတူ ၂-ဂါထာကို ၁-ဂါထာတည်းပြသည်။ သို့သော် အင်္ဂဒါ မဏိမေခလာ-အစား အင်္ဂဒါမဏိ မေခလာ-ဖြစ်နေသည်။ (လန်ဒန်ဂါထာ၊ ၂၅။)
၅။ ဇန္တူနံ (လန်ဒန်ဂါထာ၊ ၂၇။)
၆။ ပရိဘုဉ္ဇိဿန္တိ (ဗုဒ္ဓဝင်ဂါထာ၊ ၂၆။ လန်ဒန်ဂါထာ၊ ၂၇။)
♠ ဂါထာ ၂၇-နှင့်သဘောတူသော ဂါထာ ၂-ပုဒ်ကို ပါဠိတော်၌အောက်ပါအတိုင်း တွေ့ရ၏။

၂၈။ ဒွေ သကဋသဟဿာနိ၊ ဒွေ သကဋသတာနိ စ။
သကဋံ ဒွေ သတ္တတိ စေဝ[၁]၊ အမ္ဗဏံ သောဠသံ ဘဝေ။

၂၉။ အထော ပိ ဒွေ စ တုမ္ဗာနိ၊ တဏ္ဍုလာနိ ပဝုစ္စရေ။
ကောဋိဝေ သမုပ္ပန္နာ၊ ပုညကမ္မေန ဇန္တုနံ[၂]။

၃၀။ ယေ ကေတုမတိယာ ဝိဟရန္တိ၊ သဒ္ဓါ ဝိဇိတေ နရာ။
တဒါပိ တေ ဘဝိဿန္တိ၊ ဂုဏီ ကာယူရဓာရိနော။

၃၁။ သမ္ပုဏ္ဏမနသင်္ကပ္ပါ[၃]၊ သုမုခါ ထူလကုဏ္ဍလာ[၄]။
ဟရိစန္ဒနလိတ္တင်္ဂါ၊ ကာသိကုတ္တမဓာရိနော။

၃၂။ ပဟူတဝိတ္တာ[၅] မနိနော၊ ဝီဏာ တာဠပ္ပဗောဓနာ။
အစ္စန္တသုခိတာ နိစ္စံ၊ ကာယစေတသိကေန စ။

၃၃။ ဒသယောဇနသဟဿာနိ၊ ဇမ္ဗုဒီပေါ[၆] ဘဝိဿတိ။
အကဏ္ဋကော အဂဟနော၊ သမော ဟရိတသဒ္ဒလော။

* ၃၄။ တယော ရောဂါ ဘဝိဿန္တိ၊ ဣစ္ဆာ အနသနံ ဇရာ။
♠ ပဉ္စဝဿသတိတ္ထီနံ၊ အာဝါဟော စ ဘဝိဿတိ[၇]။

---

န တေ ဗီဇံ ပဝပန္တိ၊ နပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။
အကဏံ အတုသံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလမ္ဖလံ။
တုဏ္ဍိကီရေ ပစိတွာန၊ တတော ဘုဉ္ဇန္တိ ဘောဇနံ။
(ပါထိက၊ အာဋာနာဋိယသုတ္တ။ ၁၆၂။)

ယင်း ၁၇၀-၌ နပိ နီယန္တိ နင်္ဂလာ-အစား နာပိ နီယန္တိ နင်္ဂလာ-ဟုတွေ့ရသည်။

၁။ သကဋေ သတ္တတိ စေဝ (ဗုဒ္ဓဝင်ဂါထာ၊ ၂၇။ လန်ဒန်ဂါထာ၊ ၂၈။)
၂။ ဇန္တုနံ (လန်ဒန်ဂါထာ၊ ၂၉။)
၃။ သံပုဏ္ဏ (လန်ဒန်ဂါထာ၊ ၃၁။)
၄။ ထူလ (ဗုဒ္ဓဝင်ဂါထာ၊ ၃၀။ လန်ဒန်ဂါထာ၊ ၃၁။)
၅။ ဗဟုတဝိတ္တာ (လန်ဒန်ဂါထာ၊ ၃၂။)
၆။ ဇမ္ဗုဒီပေါ (ဗုဒ္ဓဝင်ဂါထာ၊ ၃၂။)
၇။ ဝိဝါဟာ စ ဘဝိဿန္တိ (ဗုဒ္ဓဝင်ဂါထာ၊ ၃၃။ လန်ဒန်ဂါထာ၊ ၃၄။)
အာဝါဟော၀ ဘဝိဿတိ (အနာဂတ၊ ၁၇။)

* အသီတိဝဿသဟဿာယုကေသု ဘိက္ခဝေ မနုဿေသု တယော အာဗာဓာ ဘဝိဿန္တိ။ (ပါထိက၊ ၆၂။)

♠ အသီတိဝဿသဟဿာယုကာသု ဘိက္ခဝေ မနုဿေသု ပဉ္စဝဿသတိကာ ကုမာရိကာ အလံပတေယျာ ဘဝိဿန္တိ။ (ယင်း၊ ၆၂။)

၃၅။ သမဂ္ဂါ သခိလာ[၁] နိစ္စံ၊ အဝိဝါဒါ ဘဝိဿရေ။
သမ္ပန္နာ[၂] ဖလပုပ္ဖေဟိ၊ လတာ ဂုမ္ဗဝနာ ဒုမာ။
၃၆။ စတုရင်္ဂုလာ တိဏဇာတိ[၃]၊ မုဒုတာ တုလသန္နိဘာ[၄]။
နာတိသီတာ နာတိဥဏှာ၊ သမဝဿ မနုမာလုတာ။
* သဗ္ဗဒါ ဥတုသမ္ပန္နာ[၅]၊ အနူနာ တဠာကာ နဒီ။
၃၇။ တဟိံ တဟိံ ဘူမိဘာဂေ၊ အခရာ သုဒ္ဓဝါလုကာ။
ကာဠာယ[၆] မုဂ္ဂမတ္တိယော၊ ဝိကိဏ္ဏာ မုတ္တသဒိသာ[၇]။
၃၈။ အလင်္ကတုယျာန မိဝ[၈]၊ ရမဏီယော[၉] ဘဝိဿတိ။
♠ အာကိဏ္ဏာ ဂါမနိဂမာ[၁၀]၊ အစ္စာသန္နေ တဟိံ တဟိံ။
နဠဝေဠုဝနံ ယေဝ[၁၁]၊ ဖြဟာ ကုက္ကုဋသမ္ပတိ[၁၂]။

---

၁။ သခိဠာ (လန်ဒန်ဂါထာ၊ ၃၅။)
၂။ သံပန္နာ (လန်ဒန်ဂါထာ၊ ၃၅။)
၃။ တိဏဇာတိ (ဗုဒ္ဓဝင်ဂါထာ၊ ၃၅။ လန်ဒန်ဂါထာ၊ ၃၆။)
၄။ တူလသန္နိဘာ (ဗုဒ္ဓဝင်ဂါထာ၊ ၃၅။ လန်ဒန်ဂါထာ၊ ၃၆။)
၅။ ဥတုသံပန္နာ (လန်ဒန်ဂါထာ၊ ၃၇။)
* ဤဂါထာ ၃၆-၏ တတိယ ၂-ပါဒမှစ၍ ဂါထာ ၃၆-အဖြစ် မဟာဗုဒ္ဓဝင်မူက ပြသည်။ ၃၈-တိုင်အောင် ၄-ပါဒစီဖြင့် ၃-ဂါထာခွဲပြသည်။ သို့သော် လန်ဒန်မူကမူ ၃၇-ဆုံးသည့်တိုင်အောင် ၆-ပါဒဖြင့် တစ်ဂါထာတည်းပြသည်။ တစ်ဖန် ဂါထာ ၃၈-ကို ၄-ပါဒဖြင့် ဂါထာအမှတ် ၃၈-အဖြစ် အဆုံးပြ၍ ကျန် ၂-ပါဒကို နောက်ဂါထာ ၃၉-မှ ပထမ ၂-ပါဒနှင့်တွဲ၍ ဂါထာ ၃၉-အဖြစ်ပြသည်။ ဤသို့အားဖြင့် ၄၁-၏ဒုတိယ ၂-ပါဒနှင့် ၄၂-၏၄-ပါဒကိုတွဲ၍ ၆-ပါဒရှိဂါထာ ၄၂-အဖြစ်ပြသည်။
၆။ ကဠာယ (ဗုဒ္ဓဝင်ဂါထာ၊ ၃၇။ လန်ဒန်ဂါထာ၊ ၃၇။)
၇။ မုတ္တာသာဒိသာ (ဗုဒ္ဓဝင်ဂါထာ၊ ၃၇။ လန်ဒန်ဂါထာ၊ ၃၇။)
၈။ ·အလံကတုယျာနမိဝ (လန်ဒန်ဂါထာ၊ ၃၈။)
၉။ ရမဏီယော (ဗုဒ္ဓဝင်ဂါထာ၊ ၃၇။ လန်ဒန်ဂါထာ၊ ၃၈။)
၁၀။ ဂါမနိဂမာ အာကိဏ္ဏာ (လန်ဒန်ဂါထာ၊ ၃၈။)
♠ ကုက္ကုဋသမ္ပာတိကာ ဂါမနိဂမရာဇဓာနိယော။----အဝီစိမညေ ဖုဋော ဘဝိဿတိ မနုဿေဟိ၊ သေယျထာပိ နဠဝနံ ဝါ သရဝနံ ဝါ။ (ပါထိက၊ ၄၂။)
၁၁။ နဠဝေဠုဝနမိဝ (ဗုဒ္ဓဝင်ဂါထာ၊ ၃၈။ လန်ဒန်ဂါထာ၊ ၃၉။)
၁၂။ ကုက္ကုဋသံပတိ (ဗုဒ္ဓဝင်ဂါထာ၊ ၃၈။ လန်ဒန်ဂါထာ၊ ၃၉။)

၃၉။ အဝိစိမသြေ၀ ဖုဋ္ဌာ[၁]၊ မနုဿေဟိ ဘဝိဿရေ။
ပဂိဋ္ဌာ နရနာရီဟိ၊ သမ္ပုဏ္ဏာ ပုဋ္ဌဘောဒနာ။
၄၀။ ဣဒ္ဓါ ဖိတာ[၂] စ ခေမာ စ၊ အနီတိ အနုပဒ္ဒဝါ။
သဒါ ရတိ သဒါ ခိဍ္ဍာ၊ ဧကန္တသုခသမပ္ပိတာ။
၄၁။ နက္ခတ္တေ ဝိစရိဿန္တိ၊ တုဋ္ဌဟဋ္ဌာ[၃] ပမောဒိတာ။
ဗဟွန္နပါနာ ဗဟုဘက္ခာ၊ ဗဟုမံသသုရောဒကာ။
၄၂။ အာဠကမန္ဒာဝ ဒေဝါနံ၊ ဝိသာဏာ[၄] ရာဇဓာနိဝ[၅]။
ကုရုနံ၀ ရမဏီယော[၆]၊ ဇမ္ဗုဒီပေါ[၇] ဘဝိဿတိ။
၄၃။ အဇိတော နာမ နာမေန၊ မေတ္တေယျော ဒိပဒုတ္တမော[၈]။
အနုဗျဥ္ဇနသမ္ပန္နော[၉]၊ ဗာတ္တိံသ[၁၀] ဝရလက္ခဏော။
၄၄။ သုဝဏ္ဏဝဏ္ဏော ဝိဂတရဇော၊ သုပ္ပဘာသော[၁၁] ဇုတိန္ဓရော။
ယသဂ္ဂပတ္တော သိရိမာ၊ အဘိရူပေါ သုဒဿနော။
မဟာနုဘာဝေါ အသမော၊ ဇာယိဿတိ ဗြာဟ္မဏေ ကုလေ။
၄၅။ မဟဒ္ဓနော မဟာဘောဂေါ၊ မဟာ စ ကုလမုတ္တမော။
အကုဒ္ဓတ္တော ဇာတိဝါဒေန၊ ဇာယိဿတိ ဗြာဟ္မဏေ ကုလေ။
၄၆။ သိရိဝဍ္ဎော ဝမ္မာနော[၁၂]၊ သိဒ္ဓတ္ထော စေဝ စန္ဒကော။
အဇိတတ္ထာယ ဥပ္ပန္နာ၊ ပါသာဒါ ရတနာမယာ[၁၃]။

---

၁။ ဖုဋ္ဌာ (ဗုဒ္ဓဝင်ဂါထာ၊ ၃၉။ လန်ဒန်ဂါထာ၊ ၃၉။)
၂။ ဖိတာ (ဗုဒ္ဓဝင်ဂါထာ၊ ၄၀။)
၃။ တုတ္ထဟတ္ထာ (လန်ဒန်။)
၄။ ဝိသာလာ (ဗုဒ္ဓဝင်ဂါထာ၊ ၄၂။ လန်ဒန်ဂါထာ၊ ၄၂။)
၅။ ရာဇဋ္ဌာနိဝ (ဗုဒ္ဓဝင်ဂါထာ၊ ၄၂။)
၆။ ကုရုနံ ရမဏီယောဝ (ဗုဒ္ဓဝင်ဂါထာ၊ ၄၂။ လန်ဒန်ဂါထာ၊ ၄၂။)
၇။ ဇမ္ဗူဒီပေါ (လန်ဒန်ဂါထာ၊ ၄၂။)
၈။ ဒွိပဒုတ္တမော (ဗုဒ္ဓဝင်ဂါထာ၊ ၄၃။ လန်ဒန်ဂါထာ၊ ၄၃။)
၉။ သံပန္နော (လန်ဒန်ဂါထာ၊ ၄၂။)
၁၀။ ဒွတ္တိံသ (လန်ဒန်ဂါထာ၊ ၄၃။)
၁၁။ သုပဘာသော (လန်ဒန်ဂါထာ၊ ၄၄။)
* ဤဂါထာ ၄၄-၏ တတိယပါဒနှင့် ဂါထာ ၄၅-ကိုတွဲ၍ ဂါထာ၄၅-အဖြစ် လန်ဒန်မူက ပြသည်။
၁၂။ သိရိဝဍ္ဎော ဝဍ္ဎမာနော (အနာဂတ၊ ၁၈။)
၁၃။ ရတနမယာ (ဗုဒ္ဓဝင်ဂါထာ၊ ၄၆။ လန်ဒန်ဂါထာ၊ ၄၆။)

၄၇။ နာရိယော[1] သဗ္ဗင်္ဂသမ္ပန္နာ၊ သဗ္ဗာဘရဏဘူသိတာ။
မဟာ မဇ္ဈိမကာ စူဠာ၊ အဇိတဿ ပရိစာရိကာ။
၄၈။ အနူနာ သတသဟဿာ၊ နာရိယော သမလင်္ကတာ[2]။
စန္ဒမုခီ နာမ နာရီ၊ ပုတ္တော သော ဗြဟ္မဝဒ္ဓနော[3]။
၄၉။ ရမိဿတိ ရတိသမ္ပန္နော[4]၊ မောဒမာနော မဟာသုခေ။
အနုဘုတွာ ယသံ သဗ္ဗံ၊ နန္ဒနေ ဝါသဝေါ ယထာ။
* အဋ္ဌဝဿသဟဿာနိ၊ အဂါရမှိ ဝသိဿတိ။
၅၀။ ကဒါစိ ရတိမတ္တာယ၊ ဂစ္ဆံ ဥယျာနကီဠိတုံ[5]။
ကာမေသွာဒီနဝံ ဓီရော၊ ဗောဓိသတ္တာန[6] ဓမ္မတာ။
၅၁။ နိမိတ္တေ စတုရော ဒိသွာ၊ ကာမရတိဝိနာသနေ။
ဇိဏ္ဏဉ္စ ဗျာဓိတဉ္စေဝ၊ မတဉ္စ ဂတမာယုကံ။
သုခိတံ ပဗ္ဗဇ္ဇံ ဒိသွာ၊ သဗ္ဗဘူတာနုကမ္ပကော။
၅၂။ နိဗ္ဗိန္နော ကာမရတိယာ၊ အနပေက္ခော မဟာသုခေ။
အနုတ္တရံ သန္တိပဒံ[7]၊ ဧသမာနောဘိနိက္ခမိ။
၅၃။ သတ္တာဟံ ပဓာနစာရံ၊ စရိတွာ ပုရိသုတ္တမော။
ပါသာဒေနေဝ လင်္ဃိတွာ၊ နိက္ခမိဿတိ သော ဇိနော။
၅၄။ မိတ္တာမစ္စသဟာယေဟိ၊ ဉာတိသာလောဟိတေဟိ စ။
စတုရင်္ဂိနိယာ[8] သေနာယ၊ ပရိသာဟိ စတုဝဏ္ဏိဟိ[9]။

---

၁။ နာရီ (အနာဂတ၊ ၁၈။)
၂။ သမလံကတာ (လန်ဒန်ဂါထာ၊ ၄၈။)
၃။ ဗြဟ္မဝဒ္ဓနော (အနာဂတ၊ ၁၉။)
* ဤဂါထာ၄၉-၏ တတိယနှစ်ပါဒနှင့် ဂါထာ၅၀-၏ပထမနှစ်ပါဒကိုတွဲ၍ ဂါထာ ၅၀-အဖြစ် လန်ဒန်မူကပြသည်။ ဤသို့ဖြင့် ၄-ပါဒဂါထာအဖြစ် ဂါထာအမှတ် ၅၁-တိုင်အောင်တွဲသည်။ ထို့ကြောင့် ဂါထာအမှတ်တစ်ခုပိုသည်။ ဂါထာ ၅၂-သည် ၅၃-ဖြစ်လာသည်။
၄။ ရတိသံပန္နော (လန်ဒန်ဂါထာ၊ ၄၉။)
၅။ ဥယျာနေ ကီဠိတုံ (လန်ဒန်ဂါထာ၊ ၅၀။)
၆။ ဗောဓိသတ္တာနံ (လန်ဒန်ဂါထာ၊ ၅၁။)
၇။ သန္တပဒံ (လန်ဒန်ဂါထာ၊ ၅၃။)
၈။ စတုရင်္ဂိနိယာ (လန်ဒန်ဂါထာ၊ ၅၅။)
၉။ စတုဝဏ္ဏိဟိ (လန်ဒန်ဂါထာ၊ ၅၅။) စတုဝဏ္ဏာဟိ (ဗုဒ္ဓဝင်ဂါထာ၊ ၅၄။)

၅၅။ စတုရာသီတိသဟဿေဟိ၊ ရာဇကညာဟိ ပုရက္ခိတော[1]။
မဟတာ ဇနကာယေန၊ အဇိတော ပဗ္ဗဇိဿတိ။
၅၆။ စတုရာသီတိသဟဿာနိ၊ ဗြာဟ္မဏာ ဝေဒပါရဂူ။
မေတ္တေယျသ္မိံ ပဗ္ဗဇိတေ၊ ပဗ္ဗဇိဿန္တိ တေ တဒါ။
၅၇။ ဣသိဒတ္တော ပုရာဏော စ၊ ဥဘယော တေပိ ဘာတရော။
စတုရာသီတိသဟဿာနိ၊ ပဗ္ဗဇိဿန္တိ တေ တဒါ။
၅၈။ ဇာတိမိတ္တော ဝိဇယော စ၊ ယုဂါ အမိတဗုဒ္ဓိနော။
ပစ္စုပေဿန္တိ သမ္ဗုဒ္ဓံ၊ စတုရာသီတိသဟဿကော။
၅၉။ သုဒ္ဓိကော[2] နာမ ဂဟပတိ၊ သုဒ္ဓနာ[3] စ ဥပါသိကာ။
ပစ္စုပေဿန္တိ သမ္ဗုဒ္ဓံ၊ စတုရာသီတိသဟဿကော။
၆၀။ သင်္ဃော[4] နာမ ဥပါသကော၊ သင်္ဃာ[5] နာမ ဥပါသိကာ။
ပစ္စုပေဿန္တိ သမ္ဗုဒ္ဓံ၊ စတုရာသီတိသဟဿကော။
၆၁။ သုဒ္ဓနော[6] နာမ ဂဟပတိ၊ သုဒတ္တော ဣတိ ဝိဿုတော။
ပစ္စုပေဿန္တိ သမ္ဗုဒ္ဓံ၊ စတုရာသီတိသဟဿကော။
၆၂။ ဣတ္ထီ ယသဝတီ နာမ၊ ဝိသာခါ ဣတိ ဝိဿုတာ။
စတုရာသီတိသဟဿေဟိ၊ နရနာရီဟိ ပုရက္ခိတာ။
နိက္ခမိဿန္တိ နေက္ခမ္မံ၊ မေတ္တေယျဿာနုသာသနေ။
၆၃။ အညေ နာဂရိကာ စေဝ၊ တတော ဇာနပဒါ ဗဟူ။
ခတ္တိယာ ဗြာဟ္မဏာ ဝေဿာ၊ သုဒ္ဒါစေဝ အနပ္ပကာ။
၆၄။ နေက္ခမ္မာဘိမုခါ ဟုတွာ၊ နာနာဇစ္စာ မဟာဇနာ။
မေတ္တေယျဿာနုပဗ္ဗဇ္ဇံ၊ ပဗ္ဗဇ္ဇိဿန္တိ တေ တဒါ။

---

၁။ ပုရေက္ခတော (ဗုဒ္ဓဝင်ဂါထာ၊ ၅၅။ လန်ဒန်ဂါထာ၊ ၅၆။)
၂။ သုဒ္ဓေါ (ဗုဒ္ဓဝင်ဂါထာ၊ ၅၉။)
၃။ သုဒ္ဓါ (ဗုဒ္ဓဝင်ဂါထာ၊ ၅၉။)
၄။ သံဃော (ဗုဒ္ဓဝင်ဂါထာ၊ ၆၀။ လန်ဒန်ဂါထာ၊ ၆၁။)
၅။ သံဃာ (ဗုဒ္ဓဝင်ဂါထာ၊ ၆၀။ လန်ဒန်ဂါထာ၊ ၆၁။)
၆။ သုဒ္ဓိရော (လန်ဒန်ဂါထာ၊ ၆၂။)
* ဤဂါထာ ၆၂-၏တတိယနှစ်ပါဒနှင့် ဂါထာ၆၃-ကိုတွဲ၍ ဂါထာ၆၄-အဖြစ် လန်ဒန်မူကပြသည်။

၆၅။ ယသ္မိံ စ ဒိဝသေ ဓီရော၊ နေက္ခမ္မံ အဘိနိက္ခမိ။
နိက္ခန္တဒိဝသေ ယေဝ၊ ဗောဓိမဏ္ဍံ ဥပေဟိတိ။
၆၆။ အပရာဇိတေ နိသဘဋ္ဌာနေ၊ ဗောဓိပလ္လင်္ကမုတ္တမေ။
ပလ္လင်္ကေန နိသီဒိတွာ၊ ဗုဇ္ဈိဿတိ မဟာယသော။
၆၇။ ဥပေတွာ ဥယျာနဝရံ၊ ဖုလ္လံ နာဂဝနံ ဇိနော။
အနုတ္တရံ ဓမ္မစက္ကံ၊ ဧဝံ သော ဝတ္တယိဿတိ။
၆၈။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
၆၉။ တဒါ မနုဿာ ဟေဿန္တိ၊ သမန္တာ သတယောဇနေ။
ပရိသာ လောကနာထဿ၊ ဓမ္မစက္ကပဝတ္တနေ။
၇၀။ တတော ဘိယျော ဗဟူ ဒေဝါ၊ ဥပေဿန္တိ တဟိံ ဇိနော[၁]။
နေသံ မောစေဿတိ တဒါ၊ ဗန္ဓနာ သတသဟဿကောဋိနံ[၂]။
၇၁။ တဒါ သော သင်္ခရာဇာနော[၃]၊ ပါသာဒံ ရတနာမယံ[၄]။
ဇိနပါမောက္ခသင်္ဃဿ၊ နိယျာဒေတွာ ပုနာပရံ။
၇၂။ မဟာဒါနံ ဒဒိတွာန၊ ကပဏဒ္ဓိက[၅] ဝနိဗ္ဗကေ။
တရမာနရူပေါ သမ္ဗုဒ္ဓံ၊ ဒေဝိယာ သဟမေကတော။
၇၃။ မဟတာ ရာဇာနုဘာဝေန[၆]၊ အနန္တဗလဝါဟနော။
နဝုတိကောဋိသဟဿေဟိ၊ သဒ္ဓိံ ဇိနမုပေဟိတိ။
၇၄။ တဒါ ဟနိဿတိ သမ္ဗုဒ္ဓေါ၊ ဓမ္မဘေရိံ ဝရုတ္တမံ။
သုတွာ[၇] အမတဒုန္ဒုဘိနိဂ္ဃောသံ၊ စတုသစ္စပကာသနံ။

---

* ဓမ္မပဒဂါထာ၊ ၁၉၁။
၁။ ဇိနေ (ဗုဒ္ဓဝင်ဂါထာ၊ ၇၀။) ဇိနံ (လန်ဒန်ဂါထာ၊ ၇၀။)
၂။ ကောဋိနံ (လန်ဒန်ဂါထာ၊ ၇၀။)
၃။ သင်္ခရာဇာ စ (ဗုဒ္ဓဝင်ဂါထာ၊ ၇၁။ လန်ဒန်ဂါထာ၊ ၇၂။)
၄။ ရတနမယံ (လန်ဒန်ဂါထာ၊ ၇၂။)
၅။ ကပဏိဒ္ဓိက (လန်ဒန်ဂါထာ၊ ၇၃။)
၆။ မဟာရာဇာနုဘာဝေန (ဗုဒ္ဓဝင်ဂါထာ၊ ၇၃။ လန်ဒန်ဂါထာ၊ ၇၄။)
၇။ ဗုဒ္ဓဝင်၌ရှင်း၊ လန်ဒန်မူ၌ရှင်း မပါ။

၇၅။ ရညော အနုစရာ ဇနတာ၊ နဝုတိ[1]သဟဿ ကောဋိယော။
သဗ္ဗေဝ တေ နိရဝသေသာ၊ ဘဝိဿန္တေဟိဘိက္ခုကာ။
၇၆။ တတော ဒေဝါ မနုဿာ စ၊ ဥပေတွာ လောကနာယကံ။
အရဟတ္တဝရမာရုဠှ၊ ပဥ္စံ ပုစ္ဆိဿရေ ဇိနံ။
၇၇။ တေသံ ဇိနော ဗျာကရေယျ၊ အရဟတ္တဝရပတ္တိယာ။
အသီတိကောဋိသဟဿေဟိ၊ တတိယာဘိသမယော ဘဝေ။
၇၈။ ခီဏာသဝါနံ ဝိမလာနံ၊ သန္တစိတ္တာန[2]တာဒိနံ။
ကောဋိသတသဟဿာနံ၊ ပဌမော ဟေဿတိ သမာဂမော။
၇၉။ ဝဿံ ဝုတ္ထဿ[3] ဘဂဝတော၊ အဘိဃုဋ္ဌေ ပဝါရဏေ။
နဝုတိကောဋိသဟဿေဟိ၊ ပဝါရေဿတိ[4] သော ဇိနော။
၈၀။ ယဒါ စ ဟိမဝန္တမှိ၊ ပဗ္ဗတေ ဂန္ဓမာဒနေ။
ဟေမရဇတပဗ္ဘာရေ၊ ပဝိဝေကဂတော မုနိ။
၈၁။ အသီတိကောဋိသဟဿေဟိ၊ သန္တစိတ္တေဟိ တာဒိဟိ[5]။
ခီဏာသဝေဟိ ဝိမလေဟိ၊ ကီဠိဿတိ ဈာနကီဠိတံ။
၈၂။ ကောဋိသတသဟဿာနိ၊ ဆဠဘိညာ မဟိဒ္ဓိကာ။
မေတ္တေယျ[6]လောကနာထံ တံ၊ ပရိဝါရေဿန္တိ သဗ္ဗဒါ။
၈၃။ ပဋိသမ္ဘိဒါသု ကုသလာ၊ နိရုတ္တိပဒကောဝိဒါ။
ဗဟုဿုတာ ဓမ္မဓရာ၊ ဝိယတ္တာ သံဃသောဘဏာ[7]။
သုဒန္တာ သောရတာ ဓီရာ၊ ပရိဝါရေဿန္တိ တံ ဇိနံ။
၈၄။ ပုရက္ခတော[8] တေဟိ ဘိက္ခူဟိ၊ နာဂေါ နာဂေဟိ တာဒိဟိ[9]။
တိဏ္ဏော တိဏ္ဏေဟိ သန္တေဟိ၊ သဒ္ဓိံ သန္တိသမာဂတော။

---

၁။ နဝုတိ (လန်ဒန်ဂါထာ၊ ၇၆။)
၂။ သန္တစိတ္တာနံ (လန်ဒန်ဂါထာ၊ ၇၉။)
၃။ ဝုဋ္ဌဿ (လန်ဒန်ဂါထာ၊ ၈၀။)
၄။ ပရိဝါရေဿတိ (လန်ဒန်ဂါထာ၊ ၈၀။)
၅။ တာဒီဟိ (လန်ဒန်ဂါထာ၊ ၈၂။)
၆။ မေတ္တေယျံ (ဗုဒ္ဓဝင်ဂါထာ၊ ၈၂။ လန်ဒန်ဂါထာ၊ ၈၃။)
၇။ သံဃသောဘဏာ (ဗုဒ္ဓဝင်ဂါထာ၊ ၈၃။) သံဃသောဘနာ (လန်ဒန်ဂါထာ၊ ၈၄။)
၈။ ပုရေက္ခတော (ဗုဒ္ဓဝင်ဂါထာ၊ ၈၄။ လန်ဒန်ဂါထာ၊ ၈၅။)
၉။ တာဒီဟိ (လန်ဒန်ဂါထာ၊ ၈၅။)

၈၅။ သဒ္ဓိံ သာဝကသင်္ဃေဟိ[1]၊ ပရိဝါရေတွာ[2] မဟာမုနိ။
အနုကမ္ပကော ကာရုဏိကော၊ မေတ္တေယျော ဒွိပဒုတ္တမော။
၈၆။ ဥဒ္ဓရန္တော ဗဟူသတ္တေ၊ နိဗ္ဗာပေန္တော သဒေဝကေ။
ဂါမနိဂမရာဇဓာနီ[3]၊ စရိဿတိ စာရိကံ ဇိနော။
၈၇။ အာဟနိတွာ[4] ဓမ္မဘေရိံ၊ ဓမ္မသင်္ခပလာပနံ[5]။
ဓမ္မယာဂံ ပကိတ္တေန္တော၊ ဓမ္မဓဇံ သမုဿယံ။
၈၈။ နဒန္တော သီဟနာဒံဝ၊ ဝတ္တေန္တော စက္ကမုတ္တမံ။
ရသုတ္တမံ သစ္စပါနံ၊ ပါယန္တော နရနာရိနံ[6]။
၈၉။ ဟိတာယ သဗ္ဗသတ္တာနံ၊ နာထာနာထံ မဟာဇနံ။
ဗောဓေန္တော ဗောဓနေယျာနံ၊ စရိဿတိ စာရိကံ ဇိနော။
၉၀။ ကဿစိ သရဏာဂမနေ၊ နိဝေသေဿတိ စက္ခုမာ။
ကဿစိ ပဉ္စသီလေသု၊ ကဿစိ ကုသလေ ဒသ။
၉၁။ ကဿစိ ဒဿတိ သာမညံ၊ စတုရော ဖလမုတ္တမေ။
ကဿစိ အသမေ ဓမ္မေ၊ ဒဿတိ ပဋိသမ္ဘိဒါ[7]။
၉၂။ ကဿစိ ဝရသမ္ပတ္တိံ၊ အဋ္ဌ ဒဿတိ စက္ခုမာ။
ကဿစိ တိဿော ဝိဇ္ဇာယော၊ ဆဠဘိညာ ပဝေစ္ဆတိ[8]။
၉၃။ တေန ယောဂေန ဇနကာယံ၊ ဩဝဒိဿတိ သော ဇိနော။
တဒါ ဝိတ္ထာရိကံ ဟေဿံ[9]၊ မေတ္တေယျဇိနသာသနံ။
၉၄။ ဗောဓနေယျဇနံ[10] ဒိသွာ၊ သတသဟဿေပိ ယောဇနေ။
ခဏေန ဥပဂန္တွာန၊ ဗောဓယိဿတိ သော မုနိ။

---

၁။ သံဃေဟိ (ဗုဒ္ဓဝင်ဂါထာ၊ ၈၅။ လန်ဒန်ဂါထာ၊ ၈၆။)
၂။ ပဝါရေတွာ (ဗုဒ္ဓဝင်ဂါထာ၊ ၈၅။)
၃။ ရာဇဋ္ဌာနီ (ဗုဒ္ဓဝင်ဂါထာ၊ ၈၆။) ရာဇဓာနိံ (လန်ဒန်ဂါထာ၊ ၈၇။)
၄။ ပဟာရိတွာ (ဗုဒ္ဓဝင်ဂါထာ၊ ၈၇။)
၅။ ပဋ္ဌာသနံ (ဗုဒ္ဓဝင်ဂါထာ၊ ၈၇။)
၆။ နရနာရိနံ (လန်ဒန်ဂါထာ၊ ၈၉။)
၇။ ပဋိသမ္ဘိဒါ (ဗုဒ္ဓဝင်ဂါထာ၊ ၉၁။ လန်ဒန်ဂါထာ၊ ၉၂။)
၈။ ပဝစ္ဆတိ (လန်ဒန်ဂါထာ၊ ၉၃။)
၉။ ဟေဿာ (လန်ဒန်ဂါထာ၊ ၉၄။)
၁၀။ ဗောဓနေယျံ ဇနံ (ဗုဒ္ဓဝင်ဂါထာ၊ ၉၄။)

၉၅။ မာတာ ဗြဟ္မဝတီ[၁] နာမ၊ သုဗြဟ္မာ[၂] နာမ သော ပိတာ။
ပုရောဟိတော သင်္ခရညော၊ မေတ္တေယျဿ တဒါ ဘဝေ။
၉၆။ အသောကော ဗြဟ္မဒေဝေါ စ၊ အဂ္ဂါ ဟေဿန္တိ သာဝကာ။
သီဟော နာမ ဥပဋ္ဌာကော၊ ဥပဋ္ဌိဿတိ[၃] တံ ဇိနံ။
၉၇။ ပဒုမာ စေဝ သုမနာ[၄]၊ အဂ္ဂါ ဟေဿန္တိ သာဝိကာ။
သုမနော စေဝ သင်္ဃော[၅] စ၊ ဘဝိဿန္တဂ္ဂုပဋ္ဌကာ[၆]။
၉၈။ ယသဝတီ စ သင်္ဃာ[၇] စ၊ ဘဝိဿန္တဂ္ဂုပဋ္ဌိကာ[၈]။
ဗောဓိ တဿ[၉] ဘဂဝတော၊ နာဂရုက္ခော ဘဝိဿတိ။
၉၉။ ဝိသဟတ္ထသတက္ခန္ဓော၊ သာခါ ဝီသသတာနိ စ။
သံဝလ္လိတဂ္ဂါ လဠိတာ[၁၀]၊ မောရဟတ္ထောဝ[၁၁] သောဘတိ။
၁၀၀။ သုပုပ္ဖိတဂ္ဂါ သတတံ[၁၂]၊ သုရဘိ ဒေဝဂန္ဓိကာ[၁၃]။
နာဠိပူရာ ဘဝေ ရေဏူ၊ သုဖုလ္လာ စက္ကမတ္တိကာ။

---

၁။ ဗြာဟ္မဝတီ (အနာဂတ၊ ၂၃။)
၂။ သုဗြာဟ္မာ (အနာဂတ၊ ၂၃။)
၃။ ဥပဋ္ဌဟိဿတိ (အနာဂတ၊ ၂၃။)
၄။ သုမနာ (ဗုဒ္ဓဝင်ဂါထာ၊ ၉၇။ လန်ဒန်ဂါထာ၊ ၉၈။)
၅။ သံဃော (ဗုဒ္ဓဝင်ဂါထာ၊ ၉၇။ လန်ဒန်ဂါထာ၊ ၉၈။)
၆။ ဘဝိဿန္တိဂ္ဂုပဋ္ဌကာ (အနာဂတ၊ ၂၃။)
* ဂါထာ၉၇-နှင့် ၉၈-၏ ပထမနှစ်ပါဒကိုတွဲ၍ ၆-ပါဒဂါထာအဖြစ်၎င်း၊ ၉၈-၏ ဒုတိယနှစ်ပါဒနှင့် ၉၉-၏ ပထမနှစ်ပါဒကိုတွဲ၍ ၄-ပါဒဂါထာအဖြစ်၎င်း၊ ၉၉-၏ ဒုတိယနှစ်ပါဒနှင့် ၁၀၀-၏ ပထမနှစ်ပါဒကိုတွဲ၍ ၄-ပါဒဂါထာအဖြစ်၎င်း၊ ၁၀၀-၏ ဒုတိယနှစ်ပါဒနှင့် ဂါထာ၁၀၁-ကိုတွဲ၍ ၆-ပါဒဂါထာအဖြစ်၎င်း အနာဂတဗုဒ္ဓဝံသကထာကျမ်းက ပြသည်။ (နှာ၊ ၂၃။)
၇။ သံဃီ (ဗုဒ္ဓဝင်ဂါထာ၊ ၉၈။) သံဃာ (လန်ဒန်ဂါထာ၊ ၉၉။)
၈။ ဘဝိဿန္တိဂ္ဂုပဋ္ဌာကာ (အနာဂတ၊ ၂၃။)
၉။ ဗောဓိတဿ (လန်ဒန်ဂါထာ၊ ၉၉။)
၁၀။ ဝေလ္လိတဂ္ဂါ လဠိတာ စ (အနာဂတ၊ ၂၃။)
၁၁။ မောရပိဉ္ဆောဝ (အနာဂတ၊ ၂၃။)
၁၂။ ပုပ္ဖိတဂ္ဂေါ စ သတတံ (အနာဂတ၊ ၂၃။)
၁၃။ သုရဘီ ဒေဝဂန္ဓိကော (အနာဂတ၊ ၂၃။)

၁၀၁။ အနုဝါတ ပဋိဝါတမှိ[1]၊ ဝါယတိ[2] ဒသယောဇနေ[3]။
အဗ္ဘောကိရိဿန္တိ[4] ပုပ္ဖာနိ၊ ဗောဓိမဏ္ဍေ သမန္တတော။
၁၀၂။ သမာဂတာ ဇာနပဒါ၊ ဃာယိတွာ ဂန္ဓမုတ္တမံ။
ဝဂ္ဂါ နိဇ္ဈာယိဿန္တိ၊ တေန ဂန္ဓေန မောဒိတာ။
၁၀၃။ သုခေါ ဝိပါကပုညာနံ၊ ဗုဒ္ဓသေဋ္ဌဿ တာဒိနော။
ယဿ[5] တေဇေန ပုပ္ဖာနံ၊ အစိန္တေယျာ ပဝါယတိ။
၁၀၄။ အဋ္ဌာသီတိ ဘဝေ ဟတ္ထော၊ အာယာမေနေဝ သော ဇိနော။
ဥရံ ဘဝေ ပဏ္ဏဝီသံ၊ ဝိက္ခမ္ဘေ တဿ သတ္ထုနော။
၁၀၅။ ဝိသာလနေတ္တော အာဠာရပမှိ၊ ဝိသုဒ္ဓနယနော ဣသိ။
အနိမ္မိသံ ဒိဝါ ရတ္တိံ၊ အဏုံ ထူလံ မံသစက္ခုနော။
၁၀၆။ အနာဝရဏံ ပဿေယျ၊ သမန္တာ ဒွါဒသယောဇနံ။
ပဘာ နိဒ္ဓါဝတိ[6] တဿ၊ ယာဝတာ ပဏ္ဏဝီသတိ။
၁၀၇။ သောဘတိ ဝိဇ္ဇုလဋ္ဌီဝ၊ ဒီပရုက္ခောဝ သော ဇိနော။
ရတနဂ္ဃိကသင်္ကာသော[7]၊ ဘာဏုမာ[8] ဝိယ ဘာဟိတိ။
၁၀၈။ လက္ခဏာနုဗျဉ္ဇနာ ရံသိ[9]၊ ဒိဿန္တိ သဗ္ဗကာလိကာ။
ပတန္တိ ဝိဝိဓာ ရံသီ၊ အနေကသတသဟဿိယော။
၁၀၉။ ပါဒုဒ္ဓါရေ ပါဒုဒ္ဓါရေ၊ သုဖုလ္လာ ပဒုမာ ရုဟာ[10]။
တိံသဟတ္ထ[11]သမာပတ္တာ၊ အနုပတ္တာ ပဏ္ဏဝီသတိ။

---

၁။ အနုဝါတပ္ပဋိဝါတံ (အနာဂတ၊ ၂၄။)
၂။ ဝါယန္တိ (အနာဂတ၊ ၂၄။)
၃။ ဒသယောဇနံ (ဗုဒ္ဓဝင်ဂါထာ၊ ၁၀၁။)
၄။ အဗ္ဘောကိရန္တိ (အနာဂတ၊ ၂၄။)
၅။ တဿ (ဗုဒ္ဓဝင်ဂါထာ၊ ၁၀၃။ လန်ဒန်ဂါထာ၊ ၁၀၄။)
၆။ နိဒ္ဓါဝတီ (ဗုဒ္ဓဝင်ဂါထာ၊ ၁၀၆။)
၇။ သံကာသော (လန်ဒန်ဂါထာ၊ ၁၀၇။)
၈။ ဘာနုမာ (လန်ဒန်ဂါထာ၊ ၁၀၈။)
၉။ ရသ္မိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၀၈။) ရံသီ (လန်ဒန်ဂါထာ၊ ၁၀၉။)
၁၀။ ပဒုမာရုဟာ (လန်ဒန်ဂါထာ၊ ၁၀၀။)
၁၁။ တိံသဟတ္ထာ (ဗုဒ္ဓဝင်ဂါထာ၊ ၁၀၉။ လန်ဒန်ဂါထာ၊ ၁၁၀။)

၁၁၀။ ကေသရာ ဝိသတိဟတ္ထာ၊ ကဏ္ဏိကာ သောဠသံ ဘဝေ။
သုရတ္တရေဏု ဘရိတာ၊ ပဒုမာ ကောကာသမန္တရေ။
၁၁၁။ ကာမာဝစရိကာ ဒေဝါ၊ နိမ္မိနိဿန္တိ အဂ္ဃိကေ[1]။
နာဂရာဇာ[2] သုပဏ္ဏာ စ၊ တဒါ တေ လင်္ကရိဿရေ[3]။
၁၁၂။ အဍ္ဎ သောဝဏ္ဏမယာ အဂ္ဃိ[4]၊ အဍ္ဎ ရူပိယမယာနိ စ[5]။
အဍ္ဎမဏိမယာ အဂ္ဃိ[6]၊ အဍ္ဎပဝါဠမယာနိ စ။
သပုတ္တဒါရာ ပါဏေဟိ၊ သရဏံ ဟေဿန္တိ သတ္ထုနော။
၁၁၃။ အနေကရတနသဉ္စိတ္တာ[7]၊ ဓဇမာလာ ဝိဘူသိတာ။
လမ္ဗမာနာ ကီဠိဿန္တိ[8]၊ ဓဇာနေကသတာ ဗဟူ။
၁၁၄။ မဏိမုတ္တဒါမဘူသိတာ၊ ဝိတာနာ သောမသန္နိဘာ[9]။
ပရိက္ခိတ္တာ ကိင်္ကဏိကဇာလာ၊ ဝဋံသကရတနာ ဗဟူ။
၁၁၅။ နာနာ ပုပ္ဖာ ဝိကိရိဿန္တိ၊ သုရဘိဂန္ဓသုဂန္ဓိကာ[10]။
ဝိဝိဓာ နာနာ စုဏ္ဏာနိ[11]၊ ဒိဗ္ဗမာနုသကာနိ[12] စ။
၁၁၆။ ဝိစိတ္တာ နာနာ ဒုဿာနိ၊ ပဉ္စ ဝဏ္ဏိက သောဘဏာ[13]။
အဘိပ္ပသန္နာ ဗုဒ္ဓသ္မိံ၊ ကီဠိဿန္တိ[14] သမန္တတော။

---

၁။ အဂ္ဃိယေ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၁။)
၂။ နာဂရာဇာ စ (လန်ဒန်ဂါထာ၊ ၁၁၂။)
၃။ လံကရိဿရေ (လန်ဒန်ဂါထာ၊ ၁၁၂။)
၄။ သောဏ္ဏမယာ အဂ္ဃိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၂။) သောဝဏ္ဏမယာ အဂ္ဃိ (လန်ဒန်ဂါထာ၊ ၁၁၃။)
၅။ ရူပိမယာနိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၂။ လန်ဒန်ဂါထာ၊ ၁၁၃။)
၆။ အဂ္ဃိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၂။ လန်ဒန်ဂါထာ၊ ၁၁၃။)
၇။ -သံစိတ္တာ (လန်ဒန်ဂါထာ၊ ၁၁၄။)
၈။ ကီဠိဿန္တိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၃။ လန်ဒန်ဂါထာ၊ ၁၁၄။)
၉။ ဟေမသန္နိဘာ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၄။)
၁၀။ သုရဘိဂန္ဓဂန္ဓိကာ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၅။)
၁၁။ ဝဏ္ဏာနိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၅။)
၁၂။ ဒိဗ္ဗမာနုသကာနိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၅။)
၁၃။ သောဘနာ (လန်ဒန်ဂါထာ၊ ၁၁၇။)
၁၄။ ကီဠိဿန္တိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၆။ လန်ဒန်ဂါထာ၊ ၁၁၇။)

၁၁၇။ ဟတ္ထ[1] သဟဿမုဗ္ဗေဓာ၊ ဒဿနေယျာ မနောရမာ။
ရတနဂ္ဃိက[2]တောရဏာ၊ အသမ္ဗာဓသုသင်္ဂုတ္တာ[3]။
၁၁၈။ သောဘမာနာ ပဒိဿန္တိ၊ ဝိသာလာ သဗ္ဗသော ပဘာ။
တေသံ မဇ္ဈဂတော ဗုဒ္ဓေါ၊ ဘိက္ခုသံဃပုရက္ခတော[4]။
၁၁၉။ ဗြဟ္မာဝ ပါရိသဇ္ဇာနံ၊ ဣန္ဒောဝ ဝိမာနန္တရေ။
ဂစ္ဆန္တိ ဗုဒ္ဓေ ဂစ္ဆန္တေ၊ တိဋ္ဌမာနမှိ ဌဿရေ။
၁၂၀။ နိသိန္နေ သယိတေ စာပိ၊ သတ္ထရိ သဟပါရိသေ။
စတုက္ကရိယာပထေ နိစ္စံ၊ ဓာရယိဿန္တိ သဗ္ဗဒါ။
၁၂၁။ ဧတာ စညာစ ပူဇာယော၊ ဒိဗ္ဗမာနုဿကာ ပိ စ။
ဝိဝိဓာပိ[5] ပါဋိဟိရာနိ[6]၊ ဟေဿန္တိ သဗ္ဗကာလိကာ။
၁၂၂။ အနန္တပုညတေဇေန၊ မေတ္တေယျ မဘိပူဇိတုံ။
ဒိသွာန တံ ပါဋိဟိရံ[7]၊ နာနာ ဇစ္စာ မဟာဇနာ။
သပုတ္တဒါရာ ပါဏေဟိ၊ သရဏံ ဟေဿန္တိ သတ္ထုနော။
၁၂၃။ ယေ ဗြဟ္မစရိယံ စရိဿန္တိ၊ သုတွာန မုနိနော ဝစံ။
တေ တရိဿန္တိ သံသာရံ၊ မစ္စုဓေယျံ သုဒုတ္တရံ။
၁၂၄။ ဗဟုဂီဟိ[8] ဓမ္မစက္ခုံ၊ ဝိသောဓေဿန္တိ တေ တဒါ။
ဒသဟိ ပုညကိရိယာဟိ[9]၊ တီဟိ သုစရိတေဟိ စ။

---

၁။ တတ္ထ (လန်ဒန်ဂါထာ၊ ၁၁၈။)
၂။ ရတနဂ္ဃိယ (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၇။)
၃။ -သံဂုတ္တာ (လန်ဒန်ဂါထာ၊ ၁၁၈။
၄။ ဘိက္ခုသံဃပုရက္ခတော (ဗုဒ္ဓဝင်ဂါထာ၊ ၁၁၈။) ဘိက္ခုသံဃပုရေက္ခတော (လန်ဒန်ဂါထာ၊ ၁၁၉။)
၅။ ဝိဝိဓာနိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၂၁။ လန်ဒန်ဂါထာ၊ ၁၂၂။)
၆။ ပါဋိဟီရာနိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၂၁။ လန်ဒန်ဂါထာ၊ ၁၂၂။)
၇။ ပါဋိဟီရံ (ဗုဒ္ဓဝင်ဂါထာ၊ ၁၂၂။ လန်ဒန်ဂါထာ၊ ၁၂၃။)
၈။ ဗဟုဂ္ဂိဟိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၂၄။ လန်ဒန်ဂါထာ၊ ၁၂၅။)
၉။ ပုညကြိယာဟိ (ဗုဒ္ဓဝင်ဂါထာ၊ ၁၂၄။)
* ဂါထာ၁၂၂-၏ အဆုံးနှစ်ပါဒနှင့် ဂါထာ၁၂၃-တို့ကို ဂါထာ၁၂၄-အဖြစ် လန်ဒန်မူက ပြသည်။

၁၂၅။ အာဂမာဓိဂမေနေဝ၊ သောဓယိတွာန သာဒရံ။
အနုဓမ္မစာရိနော ဟုတွာ၊ ဗဟူ သဂ္ဂူပဂါ ဘဝေ။
၁၂၆။ န သက္ကာ သဗ္ဗသော ဝတ္တုံ၊ ဧတ္တကံ ဣတိ ဝါ ယသံ။
အစ္စန္တသုခိတာ နိစ္စံ၊ တသ္မိံ ဂတေ ကာလသမ္ပဒေ။
၁၂၇။ မဟာယသာ သုခေနာပိ၊ အာယုဝဏ္ဏဗလေန စ။
ဒိဗ္ဗသမ္ပတ္တိ[၁] ဝါ တေသံ၊ မနုဿာနံ[၂] ဘဝိဿတိ။
၁၂၈။ အနုဘုတွာ ကာမသုခံ၊ အဒ္ဓါနံ ယာဝတိစ္ဆကံ။
တေ ပစ္ဆာ သုခိတာ ယေဝ၊ နိဗ္ဗိသန္တာယုသင်္ခယာ[၃]။
၁၂၉။ အသီတိဝဿသဟဿာနိ၊ တဒါ အာယု ဘဝိဿရေ။
တာဝတာ တိဋ္ဌမာနော သော၊ တာရေဿတိ ဇနေ ဗဟူ။
၁၃၀။ ပရိပက္ကမာနသေ သတ္တေ၊ ဗောဓယိတွာန သဗ္ဗသော။
အဝသေသာ ဒိဋ္ဌသစ္စာနံ၊ မဂ္ဂါမဂ္ဂမနုသာသိယာ။
၁၃၁။ ဓမ္မောက္ကံ ဓမ္မနာဝဉ္စ၊ ဓမ္မာဒါသဉ္စ ဩသဓံ။
သက္ကစ္စေန ဟိ သော သတ္ထာ[၄]၊ ဌပေတွာ အာယတိံ ဇိနော။
၁၃၂။ သဒ္ဓိံ သာဝကသင်္ဃေန[၅]၊ ကတကိစ္စေန တာဒိနာ။
ဇလိတွာ အဂ္ဂိက္ခန္ဓောဝ၊ နိဗ္ဗာယိဿတိ သော ဇိနော။
၁၃၃။ ပရိနိဗ္ဗုတမှိ သမ္ဗုဒ္ဓေ၊ သာသနံ တဿ ဌာဟိတိ။
ဝဿသတသဟဿာနိ၊ အသီတိ စေဝ သဟဿတော[၆]။
• တတော ပရံ အန္တရဓာနံ၊ လောကေ ဟေဿတိ ဒါရုဏံ။

---

၁။ သံပတ္တိ (လန်ဒန်ဂါထာ၊ ၁၂၈။)
၂။ မာနုဿာနံ (လန်ဒန်ဂါထာ၊ ၁၂၈။)
၃။ -သံခယာ (လန်ဒန်ဂါထာ၊ ၁၂၉။)
၄။ သက္ကစ္စေန ဟိ သတ္တာ (လန်ဒန်ဂါထာ၊ ၁၃၂။)
၅။ -သံဃေန (ဗုဒ္ဓဝင်ဂါထာ၊ ၁၃၂။ လန်ဒန်ဂါထာ၊ ၁၃၃။)
၆။ သဟဿကော (ဗုဒ္ဓဝင်ဂါထာ၊ ၁၃၃။ လန်ဒန်ဂါထာ၊ ၁၄၄။)
၇၂။ ။ဆင်းရဲသား၊ ခရီးသွား၊ အထီးကျန်တို့ကို အလှူကြီး ပေး၍ မိဖုရားနှင့်တကွ တစ်ပေါင်းတည်း အလျင်အမြန် မြတ်စွာဘုရား ထံတော်သို့။

၇၃။ ။မြတ်သောမင်း၏အာနုဘော်၊ များသောစစ်သည် ဗိုလ်ပါခြွေရံ ကုဋေကိုးသောင်းနှင့်တကွ ချဉ်းကပ်လတ့်။

၇၄။ ။ထိုအခါ မြတ်စွာဘုရားသည် သစ္စာလေးပါးကို ပြ-တော်မူလျက် လွန်မြတ်သော တရားစည်ကြီးကို တီးတော်မူလတ့်၊ သစ္စာ-လေးပါးကို ပြခြင်းတည်းဟူသော တရားစည်ကြီး တီးခတ်သံကို ကြား၍။

၇၅။ ။သခ်မင်း၏ အနီးအပါး ခ,စားကြကုန်သော ကုဋေ ကိုးသောင်းသော လူအပေါင်းတို့သည် တစ်ယောက်မကျန် (မင်းနှင့် အတူ) ဧဟိ ဘိက္ခု ရဟန်းတော်များ ဖြစ်ကြလတ့်။

၇၆။ ။ထို့နောက် နတ်လူတို့သည် မြတ်စွာဘုရား အထံ တော်သို့ ချဉ်းကပ်ပြီးလျှင် မြတ်သော အရဟတ္တဖိုလ်ကို အကြောင်းပြု၍ မြတ်စွာဘုရားကို ပြဿနာ မေးကုန်လတ့်။

၇၇။ ။မြတ်စွာဘုရားသည် အရဟတ္တဖိုလ် အကျင့်မြတ်ကို ထိုနတ်လူတို့အား ပြောကြားတော်မူလတ့်၊ ကုဋေရှစ်သောင်းသော ရဟန်းတို့နှင့်တကွ သုံးကြိမ်မြောက်ဖြစ်သော သာဝကအစည်းအဝေး ဖြစ်လတ့်။

၇၈။ ။အာသဝေါကုန်ခမ်းသော ကိလေသာအညစ်အကြေး ကင်းကုန်သော ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော (-ကြံ့ခိုင်သော စိတ်ရှိကုန်သော) ရဟန်းတို့၏ ပထမအစည်း-အဝေး ဖြစ်လတ့်။

၇၉။ ။ဝါမှထပြီးသော မြတ်စွာဘုရားအား နတ် လူတို့က ပဝါရဏာ ကြွေးကျော်လတ်သော် ထိုမြတ်စွာဘုရားသည် ရဟန်း ကုဋေ-ကိုးသောင်းတို့နှင့်အတူ ပဝါရဏာ ပြုတော်မူလတ့်။

၈၀။ ။အကြင်အခါ ဟိမဝန္တာ ဂန္ဓမာဒနတောင် ရွှေဂူ ငွေဂူ သို့ ဆိတ်ငြိမ်ရာ အလို့ငှာ ကပ်တော်မူသော မြတ်စွာဘုရားသည်၊

၈၁။ ။ငြိမ်သက်သော စိတ်ရှိကုန်သော တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော အာသဝေါကုန်ခမ်းကုန်သော ကိလေသာအညစ်-အကြေး ကင်းကုန်သော ရဟန်း ကုဋေရှစ်သောင်းတို့နှင့်တကွ ဈာန် ကစားတော်မူလတ့်။

၈၂။ ။အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်သော တန်ခိုး ကြီးကုန်သော ကုဋေတစ်သိန်းကုန်သော ရဟန်းတို့သည် မေတ္တေယျ ဘုရားကို အခါခပ်သိမ်း ခြံရံကုန်လတ့်။

၈၃။ ။ပဋိသမ္ဘိဒါလေးပါးတို့၌ လိမ်မာကုန်သော၊ နိရုတ္တိ ပဋိသမ္ဘိဒါ၌ ကျွမ်းကျင်ကုန်သော၊ ဗဟုသုတရှိကုန်သော၊ တရားကို ဆောင်ကုန်သော၊ နတ်ပြည်လောက၌ ထင်ရှားကုန်သော၊ သံဃာကို တင့်တယ်စေကုန်သော၊ ကောင်းစွာ ယဉ်ကျေးတော်မူပြီးကုန်သော၊ ကောင်းစွာ မွေ့လျော်ကြကုန်သော၊ ရဲရင့်ကုန်သော ထိုရဟန်းတို့သည် ထိုမြတ်စွာ ဘုရားကို ခြံရံကုန်လတ့်။

၈၄။ ။အကုသိုလ်ကင်း အဂတိရှင်းတော်မူပြီးသော မြတ်စွာ ဘုရားသည် ထိုကဲ့သို့သဘောရှိသည့် တာဒိဂုဏ်ရှင် ရဟန်းသံဃာများ ခြံရံလျက်ရင်း၊ သံသရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးမြောက်တော်မူ

ပြီးသော မြတ်စွာဘုရားသည် ထိုကဲ့သို့သဘောရှိသည့် ရဟန်းသံဃာများ ခြံရံလျက်ရှင်း ကိလေသာအပူဘေး ငြိမ်းအေးတော်မူကြပြီးသော ရဟန်းသံဃာများနှင့်အတူ ကိလေသာငြိမ်းအေးရာ နိဗ္ဗူတာသို့ ကပ်-တော်မူလတ့်။

၈၅။ ။(သတ္တလောက တစ်ခုလုံးကို) သနားတော်မူတတ်သော (ဆင်းရဲနေသော သတ္တဝါတို့ကို) ကြင်နာတော်မူတတ်သော လူတို့ထက် မြတ်တော်မူသော မေတ္တေယျမြတ်စွာဘုရားသည် တပည့်သာဝကတို့နှင့်တကွ ခြံရံတော်မူလျက်၊

၈၆။ ။သတ္တဝါများစွာကို ဝဋ်ဆင်းရဲမှ ထုတ်ဆောင်မူ၍ လူ နတ် ဗြဟ္မာတို့ကို ငြိမ်းအေးစေတော်မူလျက် ရွာ နိဂုံး မင်းနေပြည်တို့သို့ ဒေသစာရီ ကြွချီတော်မူလတ့်။

၈၇+၈၈။ ။တရားစည်ကို တီးတော်မူ၍ရှင်း၊ တရားခရုသင်းကို မှုတ်တော်မူ၍ရှင်း၊ တရားပူဇော်ပွဲကို ကြေညာတော်မူ၍ရှင်း၊ တရားအောင်လံကို လွှင့်ထူတော်မူ၍ရှင်း၊ ခြင်္သေ့ဟောက်သံကဲ့သို့ ရဲတင်းသော အသံတော်ကို ကြုံးဝါးတော်မူ၍ရှင်း၊ မြတ်သောတရားစက်ကို လည်စေ၍ရှင်း၊ ယောကျ်ားမိန်းမတည်းဟူသော သတ္တဝါအပေါင်းကို အရသာတကာတို့တွင် အမြတ်ဆုံးဖြစ်သော သစ္စာတည်းဟူသော အဖျော်ကို သောက်စေတော်မူ၍ရှင်း၊

၈၉။ ။ကိုးကွယ်ရာရှိ/မဲ့ဖြစ်သော လူအပေါင်းကို ဆုံးမတော်မူ၍ရှင်း၊ သစ္စာလေးပါးကို သိမြင်ထိုက်သော သူတို့အား သစ္စာလေးပါးကို သိမြင်စေ၍ရှင်း ခပ်သိမ်းသောသတ္တဝါတို့၏ အကျိုးငှာ ဒေသစာရီ ကြွချီတော်မူလတ့်။

၉၀။ ။မြတ်စွာဘုရားသည် အချို့ကို သရဏဂုံ၌ သက်ဝင်စေတော်မူလတ့်၊ အချို့ကို ငါးပါးသီလ၌၊ အချို့ကို ကုသိုလ်ကမ္မပထတရားဆယ်ပါး၌ သက်ဝင်စေတော်မူလတ့်။

၉၁။ ။အချို့ကို ရဟန်းအဖြစ်ကို ပေးတော်မူလတ့်၊ အချို့ကို မြတ်သောဖိုလ်လေးပါးကို ပေးတော်မူလတ့်၊ အချို့ကို ပဋိသမ္ဘိဒါလေးပါးတည်းဟူသော အတုမဲ့သော တရားတို့ကို ပေးတော်မူလတ့်။

၉၂။ ။အချို့ကို မြတ်သော သမာပတ်ရှစ်ပါးကို ပေးတော်မူလတ့်၊ အချို့ကို ဝိဇ္ဇာသုံးပါး၊ အချို့ကို အဘိညာဉ်ခြောက်ပါးကို ပေးတော်မူလတ့်။

၉၃။ ။ထိုလို့လဖြင့် မြတ်စွာဘုရားသည် လူအပေါင်းကို ဆုံးမတော်မူလတ့်၊ ထိုအခါ မေတ္တေယျမြတ်စွာဘုရား၏ သာသနာတော်သည် စည်ပင်ပြန့်ပွားသည် ဖြစ်လတ့်။

၉၄။ ။ထိုမြတ်စွာဘုရားသည် ကျွတ်ထိုက်သူကို မြင်တော်မူလျှင် ယူဇနာတစ်သိန်းပင် ဝေးစေကာမူ ခဏချင်းဖြင့် ကြွသွားတော်မူ၍ သစ္စာလေးပါးတရားကို သိစေတော်မူလတ့်။

၉၅။ ။ထိုအခါ မေတ္တေယျဘုရားရှင်၏ မယ်တော်သည် ဗြဟ္မဝတီ အမည်ရှိလတ့်၊ ခမည်းတော်သည် သခ်မင်း၏ပုရောဟိတ် သုဗြဟ္မာ အမည်ရှိလတ့်။

၉၆။ ။အသောကနှင့် ဗြဟ္မဒေဝသည် အဂ္ဂသာဝကအစုံ ဖြစ်လတ့်၊ သီဟမည်သော အလုပ်အကျွေးသည် ထိုမြတ်စွာဘုရားကို လုပ်ကျွေးလတ့်။

၉၇။ ။ပဒုမာနှင့် သုမနာတို့သည် အဂ္ဂသာဝိကာတို့ဖြစ်ကုန်လတ့်၊ သုမနနှင့် သယ်သူကြွယ်တို့သည် ဧတဒဂ်ရ အလုပ်အကျွေး ဖြစ်ကုန်လတ့်။

၉၈။ ။ယသဝတီနှင့် သယ်ာတို့သည် ဧတဒဂ်ရ အလုပ်-အကျွေး ဒါယိကာမတို့ ဖြစ်ကုန်လတ့်၊ ထိုမြတ်စွာဘုရား၏ ဗောဓိပင်သည် ကံ့ကော်ပင် ဖြစ်လတ့်။

၉၉။ ။ပင်စည် အတောင်တစ်ရာ့နှစ်ဆယ်၊ အခက် အတောင်တစ်ရာ့နှစ်ဆယ်၊ အဖျားကော့ကော့ ဥဒေါင်းမြီး ဖြန့်ထားသကဲ့သို့ တင့်တယ်လတ့်။

၁၀၀။ ။အမြဲပွင့်သော အဖျားရှိသည်ဖြစ်၍ နှစ်သက်ဖွယ်-နတ်ပန်းရနံ့ ကြိုင်လတ့်၊ ဝတ်မှုန် တစ်ကွမ်းစား ပြည့်လတ့်၊ အပွင့်တို့သည် လှည်းဘီးတမျှ ရှိလတ့်။

၁၀၁။ ။ဆယ်ယူဇနာတိုင်အောင် လေညာ လေအောက် မွှေးပျံ့လတ့်၊ ဗောဓိမဏ္ဍိုင်၏ ထက်ဝန်းကျင်၌ ပန်းတို့ကို ကြဲဖြန့်ကုန်လတ့်။

၁၀၂။ ။ရောက်လာသမျှသော လူအပေါင်းတို့သည် မြတ်သောကုံကော်ပန်းရနံ့ကို ရှူရှိုက်ရလေလျှင် ထိုရနံ့ကြောင့် ဝမ်းမြောက်ရွှင်လန်းကုန်သည်ဖြစ်၍ ချီးကျူးစကား မြွက်ကြားကုန်လတံ့။

၁၀၃။ ။ကောင်းမှုကုသိုလ်တို့၏ အကျိုးတရားသည် ချမ်းသာပေစွ၊ ထိုသို့သဘောရှိသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ကုံကော်ပန်းတို့၏ မကြွံစည်နိုင်သောရနံ့သည် ကြိုင်လှိုင်ပေစွ။

၁၀၄။ ။ထိုမေတ္တေယျမြတ်စွာဘုရားသည် အရပ်တော် ၈၈-တောင်၊ ရင်အကျယ် ၂၅-တောင်ရှိလတံ့။

၁၀၅။ ။စင်ကြယ်သော မျက်စိရှိတော်မူသော မေတ္တေယျမြတ်စွာဘုရားသည် မျက်အိမ် ကျယ်လတံ့၊ မျက်လုံးတော် ရှည်လျားလတံ့၊ နေ့ရောညဉ့်ပါ မမှိတ်သောမျက်စိ ရှိလတံ့၊ ပကတိမျက်စိဖြင့် အသေးအမွှားကို-

၁၀၆။ ။ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာတိုင်အောင် အပိတ်အပင်မရှိ မြင်နိုင်လတံ့၊ ထိုမြတ်စွာဘုရား၏ ကိုယ်တော်ရောင်သည် နှစ်ဆယ့်ငါးယူဇနာတိုင်အောင် ကွန့်မြူးလတံ့။

၁၀၇။ ။ထိုမြတ်စွာဘုရားသည် လျှပ်စစ်နွယ်ကဲ့သို့ငှင်း၊ ပဒေသာပင်ကြီးကဲ့သို့ငှင်း တင့်တယ်တော်မူလတံ့၊ ရတနာအစိုင်အခဲကြီးနှင့်တူသော နေမင်းကဲ့သို့ ထွန်းလင်းလတံ့။

၁၀၈။ ။လက္ခဏာတော် ကြီး ငယ်တို့သည်ငှင်း၊ ရောင်ခြည်တော်တို့သည်ငှင်း အခါခပ်သိမ်း ထွန်းလင်းကုန်လတံ့၊ အထူးထူးသော ရောင်ခြည်တော်တို့သည် သိန်းပေါင်းများစွာသော စကြဝဠာတိုင်အောင် ကျရောက်ကုန်လတံ့။

၁၀၉။ ။ခြေတော် လှမ်းတိုင်းလှမ်းတိုင်း ကြာပွင့် ပေါက်လတံ့၊ (ထိုကြာပွင့်တို့သည်) ပွင့်ချပ် အတောင်သုံးဆယ်၊ ပွင့်လွှာ နှစ်ဆယ့်ငါးတောင် ရှိလတံ့။

၁၁၀။ ။ဝတ်ဆံသည် အတောင်နှစ်ဆယ်၊ အချက်သည် တစ်ဆယ့်ခြောက်တောင် ရှိလတံ့၊ ပဒုမာပွင့်အတွင်း၌ နီတွေးသော ဝတ်မှုံတို့ဖြင့် ပြည့်လတံ့။

၁၁၁။ ။ကာမာဝစရနတ်တို့သည် အမြတ်ဆုံးဖြစ်သော ပူဇော်ဖွယ်တို့ကို ဖန်ဆင်းကုန်လတ့်၊ နဂါး ဂဠုန်တို့သည် ထိုပူဇော်ဖွယ်တို့ကို တန်ဆာဆင်ကုန်လတ့်။

၁၁၂။ ။ရွှေဖြင့်ပြီးသော အဖိုးတန်ပူဇော်ဖွယ်ရှစ်မျိုးတို့ကိုဎင်း၊ ငွေဖြင့်ပြီးသော အဖိုးတန်ပူဇော်ဖွယ်ရှစ်မျိုးတို့ကိုဎင်း၊ ပတ္တမြားဖြင့်ပြီးသော အဖိုးတန်ပူဇော်ဖွယ်ရှစ်မျိုးတို့ကိုဎင်း၊ သန္တာဖြင့်ပြီးသော အဖိုးတန်ပူဇော်ဖွယ်ရှစ်မျိုးတို့ကိုဎင်း သားမယားတို့နှင့်အတူ အလွန်ထက်ဆုံး ဘုရားရှင်အား ကိုးကွယ်ပူဇော်ကြကုန်လတ့်။

၁၁၃။ ။များပြားလှစွာသော ရတနာတို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော တံခွန်တန်းတို့ တွဲလွဲဆွဲကုန်လျက် ကစားကြကုန်လတ့်၊ တံခွန်တို့သည် များပြားကုန်လတ့်။

၁၁၄။ ။ပတ္တမြားကုံး၊ ပုလဲကုံးတို့ဖြင့် တန်ဆာဆင်အပ်သော ရွှေအဆင်းရှိသော မျက်နှာကြက်တို့သည် ရွှေခြူကွန်ယက်တို့ဖြင့်ဎင်း၊ များပြားလှစွာသော ဦးဆောက်ပန်း (ဦးစိုက်ပန်း)တို့ဖြင့်ဎင်း ခြံရံအပ်ကုန်လတ့်။

၁၁၅။ ။နတ်လူတို့၌ ဖြစ်ကုန်သော အလွန်မွှေးပျံ့ကြိုင်လှိုင်ကုန်သော ပန်းအမျိုးမျိုးတို့ကိုဎင်း၊ ဝတ်မှုန်အမျိုးမျိုးတို့ကိုဎင်း ကြကုန်လတ့်။

၁၁၆။ ။ဘုရားသခင်၌ အလွန်ကြည်ညိုလျက် အရောင်ငါးမျိုးတို့ဖြင့် တင့်တယ်သော ထူးခြားဆန်းကြယ်သော အဝတ်ပုဆိုးတို့ကို (ကြွေမြှောက်လျက်) ကစားကြကုန်လတ့်။

၁၁၇။ ။မကျဉ်းမမြောင်း ကောင်းစွာတည်ထားအပ်ကုန်သော ရှုချင်ဘွယ်ကောင်းကုန်သော နှလုံးမွေ့လျော်ဘွယ်ရှိကုန်သော အတောင်တစ်ထောင်မြင့်သော ပူဇော်ဖွယ်တို့ဖြင့် တင့်တယ်သော ရတနာတုရိုဏ်းတိုင်တို့သည်-

၁၁၈။ ။ထက်ဝန်းကျင်ထိန်ပြောင်လျက် ကျယ်ဝန်းတင့်တယ်စွာ ထင်ရှားရှိကုန်လတ့်၊ ရဟန်းသံဃာအပေါင်းခြံရံလျက် ထိုတုရိုဏ်းတိုင်တို့၏ အလယ်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူလတ့်။

၁၁၉။ ။ပြဟ္မာတို့၏အလယ်၌ ပြဟ္မာမင်းကဲ့သို့၊ ဝေဇယန္တာပြာသာဒ်အတွင်း၌ သိကြားမင်းကဲ့သို့၊ မြတ်စွာဘုရား ကြွသွားတော်မူသည်ရှိသော် ထိုပူဇော်ဖွယ်တို့ သွားကုန်လတ့်၊ ရပ်တော်မူသည်ရှိသော် ပူဇော်ဖွယ်တို့ ရပ်ကုန်လတ့်။

၁၂၀။ ။ပရိသတ်များနှင့်အတူ မြတ်စွာဘုရား ထိုင်တော်မူသော်၎င်း၊ လျောင်းတော်မူသော်၎င်း၊ ဣရိယာပုထ်လေးပါးလုံး၌ ပရိသတ်များခြံရံလျက် အမြဲတမ်း တည်ရှိတော်မူလတ့်။

၁၂၁။ ။နတ်လူတို့သည် ပူဇော်အပ်သော ထိုပူဇော်ဖွယ်တို့သည်၎င်း၊ ကန်ခိုးပြာဋိဟာ အမျိုးမျိုးတို့သည်၎င်း အခါခပ်သိမ်း ဖြစ်လတ့်။

၁၂၂။ ။မေတ္တေယျဘုရားရှင်ကို ပူဇော်ရန်လာကြကုန်သော မျိုးနွယ်ဇာတ်ခြား များစွာသော လူအပေါင်းသည် မြတ်စွာဘုရား၏ အတိုင်းအဆ မရှိသော ပါရမီဘုန်းတော်ကြောင့်ဖြစ်သော တန်ခိုးပြာဋိဟာကို မြင်ကြလေလျှင် သား မယားနှင့်တကွ အသက်ထက်ဆုံး သရဏဂုံဆောက်တည်ကြကုန်လတ့်။

၁၂၃။ ။မြတ်စွာဘုရား၏ တရားတော်ကို နာရလေလျှင် ပြဟ္မစရိယကို ကျင့်ကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်း၏နိုင်ငံ သံသရာကို ကူးမြောက်နိုင်ကြကုန်လတ့်။

၁၂၄။ ။ထိုအခါ ထိုလူအပေါင်းတို့သည် ပုညကိရိယဆယ်ပါး၊ သုစရိုက်တရားသုံးပါးတို့ဖြင့် တရားမျက်စိကို သုတ်သင်နိုင်ကြကုန်လတ့်။

၁၂၅။ ။ပိဋကတ်တော်နှင့် လျော်ညီစွာ အရိုအသေသုတ်သင်ကြ၍ တရားတော်အတိုင်း ကျင့်ကြံကြသည်ဖြစ်၍ လူပေါင်းများစွာ နတ်ပြည်သို့ ရောက်ကြကုန်လတ့်။

၁၂၆။ ။(မေတ္တေယျဘုရားရှင်၏) ကျော်စောခြင်းကို ဤ၍ ဤမျှဟူ၍ အလုံးစုံပြောကြားရန် မတတ်နိုင်ချေ။ အချိန်ကောင်းနှင့် ပြည့်စုံသော ထိုမေတ္တေယျဘုရားရှင်လက်ထက်တော်၌ (လူတို့သည်) အမြဲ ချမ်းသာစစ်နှင့် ပြည့်စုံကြကုန်လတ့်။

၁၂၇။ ။ထိုလူတို့အား လွန်စွာကျော်စောခြင်းဖြင့်ရင်း၊ ချမ်း-သာခြင်းဖြင့်ရင်း အသက် အဆင်း ခွန်အားဖြင့်ရင်း နတ်စည်းစိမ်ရှိသည် ဖြစ်လတ္တံ့။

၁၂၈။ ။ထိုလူတို့သည် အလိုရှိသမျှကာလကြာအောင် ကာမချမ်းသာကို အစဉ်ခံစား၍ ချမ်းသာကြကုန်လျက် နောင်အခါ သက်တမ်းကုန်ဆုံးခါနီးဖြစ်လသော် (ထိုချမ်းသာမှုအပေါ်၌) ငြီးငွေ့ကြကုန်လတ္တံ့။

၁၂၉။ ။ထိုအခါ မေတ္တေယျဘုရားရှင်၏ သက်တော်အနှစ်ရှစ်သောင်းရှိလတ္တံ့၊ ထိုမျှလောက် တည်နေတော်မူသော ထိုမြတ်စွာဘုရားသည် များစွာသော လူတို့ကို ကယ်တင်လတ္တံ့။

၁၃၀။ ။ရင့်ကျက်သော စိတ်ရှိသော သတ္တဝါတို့ကို ခပ်သိမ်းသောအခြင်းအရာဖြင့် သစ္စာလေးပါးကို သိမြင်စေတော်မူ၍ သစ္စာလေးပါးကို မြင်ပြီးသူတို့မှ ကြွင်းသောလူတို့ကို လမ်းမှန်လမ်းမှားကို ဆုံးမတော်မူကာ– ။

၁၃၁။ ။ထိုမြတ်စွာဘုရားသည် တရားဆီမီးတိုင်ကိုရင်း၊ တရားလှေကိုရင်း၊ တရားကြေးမုံကိုရင်း၊ တရားဆေးကိုရင်း နောင်းလူတို့အတွက် စနစ်တကျ ထားခဲ့တော်မူ၍– ။

၁၃၂။ ။ထိုမြတ်စွာဘုရားသည် ပြုအပ်ပြီးသော ကိစ္စရှိတော်မူသော တပည့်သာဝကနှင့်တကွ တောက်လောင်ပြီးသော မီးပုံကြီးကဲ့သို့ ပရိနိဗ္ဗာန် ဝင်စံတော်မူလတ္တံ့။

၁၃၃။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ထိုမြတ်စွာဘုရား၏ သာသနာတော်သည် အနှစ်တစ်သိန်းရှစ်သောင်း တည်လတ္တံ့။ ထို့နောက် လောက၌ ကြောက်ဘွယ်ကောင်းသော သာသနာကွယ်ခြင်းသည် ဖြစ်လတ္တံ့။

၁၃၄။ ။ဤသို့ သဒ္ဓါရတရားတို့သည် မမြဲကုန်၊ မတည်ကုန်၊ ခဏမျှသာ ဖြစ်ကုန်၏၊ တိုတောင်းလှကုန်၏၊ ပြိုကွဲတတ်ကုန်၏၊ ဆွေးမြေ့တတ်ကုန်၏၊ အချည်းနှီးသာ ဖြစ်ကုန်၏။

၁၃၅။ ။သဒ္ဓါရတရားတို့သည် အချည်းနှီးသော လက်ဆုပ်နှင့်တူကုန်၏၊ ဆိတ်ကုန်၏၊ လူမိုက်တို့သာ မြည်တမ်းပြောဆိုအပ်ကုန်၏။ ထိုသဒ္ဓါရတရားတို့၌ တန်ခိုးကြီးသော မည်သူတစုံတယောက်၏ အလို

သည် မဖြစ်နိုင်ချေ။ ဤသို့ ဟုတ်မှန်သောအတိုင်း သိ၍ သဒ္ဓါရတရား အလုံးစုံ၌ ငြီးငွေ့ရာ၏။

၁၃၆။ ။ယောကျ်ားမြတ်အာဇာနည်ကို ရခဲစွာ၏၊ ထိုအာဇာနည်ယောကျ်ားသည် (အမျိုးဇာတ် ခပ်သိမ်း၌) မဖြစ်နိုင်ချေ။ အကြင်အမျိုးဇာတ်၌ ထိုယောကျ်ားမြတ်အာဇာနည်သည် ဖြစ်ပေါ်၏။ ထိုအမျိုးဇာတ်သည် ချမ်းသာနှင့် ပြည့်စုံ၏။

၁၃၇။ ။ထို့ကြောင့် မေတ္တေယျဘုရားရှင်ကို ဖူးမြင်ရခြင်းငှာ သင်တို့သည် တက်ကြွ/ထက်သန်သော စိတ်ရှိကုန်သည်ဖြစ်၍ ဤ-သာသနာတော်၌ ကောင်းစွာ အားထုတ်ခြင်းကို မြဲမြံစွာ ပြုကြကုန်လော့။

၁၃၈။ ။မမေ့မလျော့ နေလေ့ရှိကုန်သော ရဟန်းယောကျ်ား ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည်ငှင်း။

၁၃၉။ ။နတ်နှင့်တကွသော လူတို့သည်ငှင်း၊ ထိုမေတ္တေယျဘုရားပွင့်တော်မူသောအခါ အလွန်ကြီးကျယ်စွာသော ကောင်းမြတ်သော အစည်းအဝေးဟုဆိုအပ်သော ဘုရားပူဇော်ပွဲကြီးကို မြင်ကြရကုန်လတ္တံ့။

၁၄၀။ ။ဗြဟ္မစရိယကိုကျင့်ကုန်လော့၊ ထိုက်သည့်အားလျော်စွာ အလှူပေးကုန်လော့၊ ဥပုသ်ဆောက်တည်ကြကုန်လော့၊ ကောင်းစွာ မေတ္တာပွားကြကုန်လော့။

၁၄၁။ ။ပုညကိရိယဆယ်ပါးတို့၌ အခါခပ်သိမ်း မမေ့-မလျော့ မွေ့လျော်ကြကုန်လော့၊ ဤသာသနာတော်၌သာလျှင် ကုသိုလ်ကောင်းမှုကို ပြု၍ ဒုက္ခ၏အဆုံးကို ပြုကြကုန်လတ္တံ့။

အနာဂတဝံသပါဠိတော်
မြန်မာပြန်
ပြီး၏။

# အနာဂတဝင်

အနာဂတဝင်ဟူသည်-

မြန်မာစာပေလောက၌ မဟာဝင်၊ စူဠထူပဝင်၊ နလာဋဓာတုဝင်၊ ဒါဌာဓာတုဝင်၊ ဆကေသဓာတုဝင်၊ အနာဂတဝင်၊ မဟာထူပဝင်၊ ဒီပဝင်၊ ဗောဓိဝင်-ဟူ၍ ဝင်ကိုးဝင်ရှိရာ အနာဂတဝင်သည် ထင်ရှားသော ဝင်တစ်ပါးဖြစ်သည်။ ထင်ရှားရုံမျှမက ဗုဒ္ဓဝင်ကဲ့သို့ပင် အရေးထား လေးစားခံရသောကျမ်းလည်း ဖြစ်ပါသည်။ ဗုဒ္ဓဝင်သည် ထင်ရှားပွင့်တော်မူခဲ့ကြကုန်ပြီးသော ဘုရားရှင်တို့၏ ဖြစ်တော်စဉ်ကို ဖော်ပြထားရာ ထိုဘုရားရှင်တို့ကို အာရုံပြု၍ ကြည်ညိုသဒ္ဓါ ပွားရုံသာ ရှိသည်။ အနာဂတဝင်သည်ကား နောင် ပွင့်တော်မူမည့် ဘုရားရှင်၏ ဖြစ်တော်စဉ်ကို ဖော်ပြထားရာ ရှေးဘုရားတို့နှင့် လွဲခဲ့ရသူတို့ နောက်ဘုရားကို ဖူးခွင့်ရနိုင်ရန်အတွက် မြော်လင့်ချက် ရောင်ခြည်ဖြစ်သည်။ ထို့ကြောင့် နောက်ဘုရားလက်ထက်၌ အကျွတ်တရားကို ရသည် မရသည်အပထား နောက်ဘုရားကို ဖူးချင်ဇောမူကား သန်ကြပါသည်။ ထို့ကြောင့်လည်း အနာဂတဝင်သည် မြန်မာတို့လောက၌ ဗုဒ္ဓဝင်နည်းတူ အရေးထား လေးစားခံရခြင်းဖြစ်သည်။

အနာဂတဝင်ဟူသည် နောင်ပွင့်တော်မူမည့် ဘုရားရှင်၏ ဖြစ်တော်စဉ်ဖြစ်သည်။ "ဤကမ္ဘာအတွင်း၌ပင် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ-ဟူသော ဘုရားလေးဆူပွင့်တော်မူခဲ့ကြပြီ။ မေတ္တေယျ ဘုရားသခင် ပွင့်တော်မူလိမ့်အံ့။ ဤသို့လျှင် ဤကမ္ဘာသည် ဘုရားငါးဆူတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ ကောင်းမြတ်သောကမ္ဘာ၊ အနှစ်သာရရှိသောကမ္ဘာဖြစ်၏" (အပဒါန၊ ၄၊ ဒု။ ၂၆၈)ဟူသည့်အတိုင်း *မေတ္တေယျဘုရားရှင် ပွင့်တော်မူဦးမည်ဖြစ်ပါသည်။ ထိုမေတ္တေယျဗုဒ္ဓဝင်

---

* ဤမေတ္တေယျဘုရားရှင်ကိုပင် အရိမေတ္တေယျဟု မြန်မာတို့ အသိများကြပါသ ည်။ မေတ္တေယျဘွဲ့တော်တွင် သက္ကတဗုဒ္ဓကျမ်းစာများ၌သုံးသော အလေးအမြတ်သုံးငေါ်ဟာရ အ ရိယ (= အရိယ)ကို အရိ-ပြု၍ အရိမေတ္တေယျ-ဟု ခေါ်ခြင်းဖြစ်သည်။

ကို "အနာဂတဝင်"ဟု ခေါ်ပါသည်။ အနာဂတဝင်ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ရင့်မာတစ်ကျိပ်ဟူသော ဆိုရိုးလာ နောင်ပွင့်တော်မူမည့် မေတ္တေယျ၊ ရာမစသော ဘုရားဆယ်ဆူတို့၏ ဗုဒ္ဓဝင်ကိုဖော်ပြသည့် "ဒသဗောဓိပ္ပတ္တိကထာ"၊ တနည်း- ဒသဗုဒ္ဓအနာဂတဝင်ကို အနာဂတဝင်ဟု သိမှတ်နေကြပါသည်။ သို့သော် ဝင်ကိုးဝင်၌ပါသော အနာဂတဝင်ဟူသည်-

"အနာဂတေ ဝံသော အနာဂတဝံသော၊ မေတ္တေယျ ဘဂဝတော ဝံသောတိ အတ္ထော"ဟူသော အနာဂတဝင်အဋ္ဌကထာဖွင့်ဆိုသည့်အတိုင်း "မေတ္တေယျ၏ဗုဒ္ဓဝင်"သာ ဖြစ်သည်ဟူသော အချက်ကို တပ်ရာကျ သိသင့်လှပေသည်။

## အနာဂတဝင်အကျဉ်း-

ဤကမ္ဘာ၌ ဘုရားမပွင့်ဘဲ နှစ်ပေါင်းကုဋေကြာပြီးသည့်နောက် မေတ္တေယျဘုရား ပွင့်တော်မူလတ့်၊ ထိုအခါ ကေတုမတီမင်းနေပြည်၌ သင်္ခ စကြာမင်း စိုးစံလတ့်။ ထိုမင်းလက်ထက် ပဒေသာပင်ပေါက်လတ့်။ လူတို့အား လိုချင်ခြင်း၊ မစားလိုခြင်း၊ အိုခြင်းဟူသော ရောဂါသုံးပါး ဖြစ်လတ့်။ အသက်ငါးရာရှိသော မိန်းမပျိုတို့. အိမ်ထောင်ပြုလတ့်။

ဘုရားလောင်းသည် သင်္ခမင်း၏ ပုရောဟိတ်သုဗြဟ္မာ၏ ဇနီး ဗြဟ္မဝတီဝမ်း၌ ပဋိသန္ဓေ နေလတ့်။ ဆယ်လရှိသောအခါ မိဂဒါဝုန်တော၌ ဘုရားလောင်းကို ဖွားလတ့်။ အဇိတ-ဟု အမည်မှည့်လတ့်။ သိရိဝဍ္ဎ၊ ဝဍ္ဎမာန၊ သိဒ္ဓတ္ထ၊ စန္ဒက-ဟူသော ပြာသာဒ်လေးဆောင်၌ ခံစားလတ့်။ မြောက်သားတော်ကား စန္ဒမုခီ၊ သားတော်ကား ဗြဟ္မဝဍ္ဎန အမည်ရှိလတ့်။

အနှစ်ရှစ်သောင်း လူ့ဘဝ၌နေ၍ နိမိတ်ကြီးလေးပါးကို မြင်ပြီးလျှင် ခုနှစ်ရက်ပတ်လုံး ဒုက္ကရစရိယာကို ကျင့်လတ့်။ ပြာသာဒ်ဖြင့် သာလျှင် ပျံတက်၍ တောထွက်လတ့်။ ပြာသာဒ်အတွင်းမှ ထွက်တော်မူသည့်နေ့မှာပင် ဘုရားအဖြစ်သို့ ရောက်တော်မူလတ့်။ မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူလတ့်။

သခ်မင်းသည် မိမိစံရာ ပြာသာဒ်ကို ဘုရားအမှူးရှိသော သံဃာအား လှူလတံ့၊ သခ်မင်း ရဟန်းပြုလတံ့။ ကုဋေကိုးသောင်းရှိသော လူအပေါင်းသည် မင်းကို အတုလိုက်၍ ရဟန်းပြုလတံ့။ အသောကနှင့် ဗြဟ္မဒေဝသည် အဂ္ဂသာဝကအစုံ ဖြစ်လတံ့၊ ပဒုမာနှင့် သုမနာသည် အဂ္ဂသာဝိကာအစုံ ဖြစ်လတံ့။ သုမနနှင့် သင်္ခသည် အလုပ်အကျွေး ဖြစ်လတံ့။ ယသဝတီနှင့် သင်္ခာသည် အလုပ်အကျွေး ဒါယိကာမ ဖြစ်လတံ့။

ကံ့ကော်ဗောဓိသည် ပင်စည်အတောင်တစ်ရာ့နှစ်ဆယ်၊ ခက်လက်အတောင် တစ်ရာ့နှစ်ဆယ် ရှိလတံ့။ မေတ္တေယျဘုရားရှင်သည် အရပ်တော်ရှစ်ဆယ့်ရှစ်တောင်၊ ရင်အကျယ် နှစ်ဆယ့်ငါးတောင် ရှိလတံ့။

မေတ္တေယျဘုရားရှင် လက်ထက်တော်၌ လူတို့သည် ချမ်းသာစစ်နှင့် အမြဲပြည့်စုံလတံ့။ အကျော်အစော၊ ချမ်းသာ၊ အသက်၊ အဆင်း၊ ခွန်အား-အားဖြင့် နတ်စည်းစိမ်ရှိသည် ဖြစ်လတံ့။ သက်တမ်းအဆုံး၌ နိဗ္ဗာန်ကို ဝင်စံကြရလတံ့။

မေတ္တေယျဘုရားရှင်သည် အနှစ်ရှစ်သောင်းတည်နေ၍ ပရိနိဗ္ဗာန်ပြုလတံ့။ သာသနာတော် အနှစ်တစ်သိန်းရှစ်သောင်းတည်လတံ့။ လောက၌ ကြောက်ဘွယ်ကောင်းသော သာသနာကွယ်ခြင်းသည် ဖြစ်လတံ့။

**အနာဂတဝင်ဟောတော်မူရာအခါ-**

အနာဂတဝင် ဟောတော်မူသည့် အကြောင်းနှင့်ပတ်သက်၍ အနာဂတဝင်အဋ္ဌကထာက ဤအနာဂတဝင်ကို-

အဘယ်သူ ဟောတော်မူသနည်း၊
အဘယ်အရပ်၌ ဟောတော်မူသနည်း၊
အဘယ်အခါ ဟောတော်မူသနည်း၊
အဘယ်သူ၏ အမေးနည်း၊
အဘယ်သူ့ကို အကြောင်းပြု၍ ဟောတော်မူသနည်း-

ဟု အမေးငါးချက် ထုတ်ပါသည်။ ထိုအမေးငါးချက်ကို-

ဘုရားဟောတော်မူသည်၊
ကပိလဝတ်ပြည်၌ ဟောတော်မူသည်၊
ဗုဒ္ဓဝင်ကို ဟောပြီးသည့်အဆုံး၌ ဟောတော်မူသည်၊
ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ အမေးတည်း၊

မဟာပဇာပတိ ဂေါတမီ ဘုရားကိုလှူသော သင်္ကန်းတစ်စုံအနက် တစ်ထည်ကိုအလှူခံသော အဇိတထေရ်ကိုအကြောင်းပြု၍ ဟောတော်မူသည်ဟု အစဉ်အတိုင်း ဖြေထားပါသည်။

ဤအဖြေငါးရပ်အနက် ဗုဒ္ဓဝင်ဟောပြီးသည့်အဆုံး၌ ဟောတော်မူသည်၊ မဟာပဇာပတိဂေါတမီ ဘုရားကိုလှူသော သင်္ကန်းတစ်စုံအနက် တစ်ထည်ကို အလှူခံသော အဇိတထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်ဟူသော စကားနှစ်ရပ်ကို ဤအခန်း၌ ဆွေးနွေးလိုပါသည်။

အနာဂတဝင်ကို ဟောကြားမူသည် ဗုဒ္ဓဝင်ကို ဟောကြားမူနှင့် ဆက်စပ်နေပါသည်။ ဗုဒ္ဓဝင်သည် အလျင်ဟောရာဖြစ်၍ အနာဂတဝင်သည် နောက်ဟောတရားဖြစ်ပါသည်။ ဗုဒ္ဓဝင်ကို အဘယ်အခါ ဟောပါသနည်း-

ရှင်ဗုဒ္ဓဒတ္တ၏ ဗုဒ္ဓဝံသအဋ္ဌကထာအလိုအရ

ကပိလဝတ္ထုပုရံ ဒ္ဒိဟိ မာသေဟိ သမ္ပာပုဏိတွာ တတ္ထ ဉာတီနံ ဝန္ဒနာပနတ္ထံ ယမကပါဋိဟာရိယံ အကာသိ၊ တဒါယံ ဗုဒ္ဓဝံသော ဒေသိတော (ဗုဒ္ဓဝံ၊ ၄။ ၅။)-ဟု ဖွင့်ဆိုသည့်အတိုင်း “ကပိလဝတ်ပြည်တော်သို့ နှစ်လဖြင့်ကြွတော်မူပြီးလျှင် ထိုပြည်တော်၌ ဆွေတော်မျိုးတော်အပေါင်းအား ရှိခိုးစေခြင်းငှာ ယမိုက်ပြာဋိဟာကို ပြတော်မူ၏၊ ထိုအခါ ဤဗုဒ္ဓဝင်ကို ဟောတော်မူ၏”ဟု သိရပါသည်။

ဤအဖွင့်အရဆိုလျှင် ကပိလဝတ်ပြည်တော်သို့ မြတ်စွာဘုရား ပထမအကြိမ်ကြွတော်မူသည့်အခါကပင် ဗုဒ္ဓဝင်ကိုဟောတော်မူသည်ဟု မှတ်ရပါမည်။

သို့သော် ထိုရှင်ဗုဒ္ဓဒတ္တပင်လျှင် ဗုဒ္ဓဝင်ပါဠိတော်လာ ရတနစင်္ကမနကဏ္ဍကို ဖွင့်သောအခါ ဂါထာ ၆၀၊ ၆၁-၌ ရှင်အနုရုဒ္ဓါနှင့်

ဥပါလိတို့ ပရိသတ်အတွင်း၌ ဘုရားရှင်ကို ရှိခိုးလျက်ပါဝင်နေကြောင်း တွေ့ရသဖြင့် ဤအချက်သည် မဟာဝါခန္ဓကပါဠိ အဋ္ဌကထာနှင့် ဆန့်-ကျင်နေကြောင်းကို–

"ဤအရာ၌ ရှင်အနုရုဒ္ဓါနှင့် ရှင်ဥပါလိဟူသော ဤမထေရ် နှစ်ပါးသည် မြတ်စွာဘုရား ကပိလဝတ်ပြည်တော်ဝင်၍ ဆွေတော် မျိုးတော်အပေါင်း စည်းဝေးသော နေ့၌ ရဟန်းပြုသကဲ့သို့ထင်၏။ ထို အချက်သည် မဟာဝါခန္ဓကပါဠိနှင့်ရင်း၊ အဋ္ဌကထာနှင့်ရင်း မညီချေ။ ဆင်ခြင်၍ယူအပ်၏။ (ဗုဒ္ဓဝံ၊ ၄။ ၇၀။)"ဟု မှတ်ချက်ချခဲ့ပါသည်။

ရှေ့အဆိုကို အတည်ယူသော် နောက်အဆိုလွဲ၍ နောက် အဆိုကို အတည်ယူသော် ရှေ့အဆို လွဲရချေတော့မည်။ ထို့ကြောင့် ရှင်ဗုဒ္ဓဒတ္တက "ဆင်ခြင်၍ယူပါ"ဟု မှာထားခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်လျှင် ဗုဒ္ဓဝင်ကို အဘယ်အခါ ဟောတော်မူသည်ဟု တထစ်ချ မှတ်ယူရပါမည်နည်း။ ပါဠိတော် အဋ္ဌကထာအထောက်အထား အရ ပထမအကြိမ် ပြည်တော်ဝင်သောအခါ ဟောတော်မူသည်ဟု မှတ်ရပါမည်။ သို့သော် ရှင်ဗုဒ္ဓဒတ္တ၏ မှတ်ချက်ကြောင့် ထိုအချက်ကို စိတ်ချလက်ချ မယူသာ ဖြစ်နေပါသည်။ ဤပြဿနာ၌ တစ်ခုတည်းသော အားကိုးရာကား အနာဂတဝင်အဋ္ဌကထာ ဖြစ်ပါသည်။ အနာဂတဝင် အဋ္ဌကထာက–

"ရဟန္တာနှစ်သောင်းခြံရံလျက် ကပိလဝတ်ပြည်တော်သို့ ကြွတော်မူ၍ စည်းဝေးရောက်လာကုန်သော သကျသာကီဝင်တို့၏ မာနကို ဖျက်ချိုးခြင်းငှာ ယမိုက်ပြာဋိဟာ ပြတော်မူ၍ သုဒ္ဓေါဒနမင်းကြီးကို သောတာပတ္တိဖိုလ်စသည်၌ တည်စေခြင်း၊ ယသောဓရာ၏ သောကကို ဖျောက်တော်မူခြင်း၊ ရာဟုလာကို သာသနာ့အမွေ ပေးတော်မူခြင်း၊ နန္ဒမင်းသားကို ရဟန်းပြုခြင်းကိစ္စပြီးလတ်သော် ရာဇဂြိုဟ်သို့သာလျှင် ပြန်ကြွတော်မူ၍ နေတော်မူစဉ် လာရောက်ဖူးမျှော်လာသော အနာ-ထပိဏ်သူဌေးကို သောတာပတ္တိဖိုလ်၌ တည်စေပြီးနောက် ထိုသူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ နေတော်မူ၍ ကပိလဝတ်ပြည်သို့ တစ်ဖန်ကြွတော်မူပြီးလျှင် ဗုဒ္ဓဝင်ကိုဟောတော်မူ

လျက်- "ဤဘဒ္ဒကမ္ဘာ၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပ-ဟူသော ဘုရားသုံးဆူ ပွင့်တော်မူခဲ့ပြီ၊ ယခုအခါ၌ ငါဘုရားဖြစ်တော်မူ၏။ မေတ္တေယျဘုရားလည်း ပွင့်လိမ့်ဦးအံ့၊ ဤဘုရားငါးဆူတို့သည် လောကကို အစဉ်သနားတော်မူကြကုန်၏"ဟု အနာဂတဝင်၏အခွင့်ကိုထား၍ ဟောတော်မူ၏။ (အနာဂတဝင်အဋ္ဌကထာ။ ၇၉။) ဟု ဖွင့်ပါသည်။

ဤဖွင့်ဆိုချက်ကိုထောက်လျှင် မြတ်စွာဘုရားသည် ဒုတိယအကြိမ် ပြည်တော်ဝင်မှပင် ဗုဒ္ဓဝင်ကိုဟောတော်မူကြောင်း ထင်ရှားပါသည်။ သို့မှသာလျှင် ဗုဒ္ဓဝင်ပါဠိတော်၊ ရတနစင်္ကမနကဏ္ဍ၌လာသည့်အတိုင်း ရှင်အနုရုဒ္ဓါနှင့်ရှင်ဥပါလိတို့ ရဟန်းပရိသတ်အတွင်း၌ ရှိနေနိုင်မည်ဖြစ်ပါသည်။ ဤအနာဂတဝင်အဋ္ဌကထာသည် ဗုဒ္ဓဝင်အဋ္ဌကထာ၏အခက်အခဲကို ဖြေရှင်းပေးနိုင်သည်ဟု ဆိုရပါမည်။

အနာဂတဝင် ဟောရာအခါကို စိစစ်ရာ၌ မဟာပဇာပတိဂေါတမီ ဘုရားကိုလှူသောသင်္ကန်းတစ်စုံအနက် တစ်ထည်ကိုအလှူခံသော အဇိတမထေရ်ကို အကြောင်းပြု၍ ဟောတော်မူသည်ဟူသောအဖြေသည်လည်း အထောက်အကူပြုနေပါသည်။

မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားကို သင်္ကန်းလှူကြောင်း မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဒက္ခိဏာဝိဘင်္ဂသုတ် (စာ၊ ၂၉၅-၃၀၀)၌ ပါ၏။ ထိုသုတ်၌ ဂေါတမီ၏သင်္ကန်းအလှူကို မြတ်စွာဘုရား ခံတော်မမူ။ သံဃာကိုသာ လှူရန်တိုက်တွန်းတော်မူခဲ့၏။ ဤသင်္ကန်းကို အဘယ်အခါလှူပါသနည်း၊ ပိဋကအထောက်အထားအရ- မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ဝင်တော်မူသည့် ပထမအခေါက်မှာပင် လှူသည်ဟု သိရပါသည်။ သို့သော် ထိုအချိန်က ရှင်အာနန္ဒာ ရဟန်းအဖြစ်သို့ မရောက်သေးခြင်း၊ ဂေါတမီကိုယ်တိုင် သင်္ကန်းရက်လုပ်လှူဒါန်းရန် မစီမံရသေးခြင်းတို့ကြောင့် အနည်းဆုံး ဒုတိယအကြိမ် ပြည်တော်ဝင်ခန်းကျမှသာလျှင် ဖြစ်နိုင်ပါသည်။ ထိုသို့ဖြစ်နိုင်ကြောင်းကို တိပိဋကဓရဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသကလည်း မဟာဗုဒ္ဓဝင် (တတိယတွဲ၊ ၁၄၂ - ၃)၌ မှတ်ချက်ချထားပါသည်။

ပိဋကအထောက်အထားအရ မြတ်စွာဘုရားသည် ဂေါတမီ၏ သင်္ကန်းကို အလှူမခံသော်လည်း အနာဂတဝင် အဋ္ဌကထာအရ မြတ်စွာဘုရားသည် ဂေါတမီလှူသော သင်္ကန်းတစ်စုံအနက် တစ်ထည်ကို အလှူခံတော်မူ၍ ကျန်တစ်ထည်ကို သံဃာအားလှူရန် တိုက်တွန်းတော်မူခဲ့ပါသည်*။ အသီတိမဟာသာဝကတို့သည် တစ်ထည်ကို မြတ်စွာဘုရားဝတ်၍ တစ်ထည်ကို ရုံပါမူကား အလွန်တရာတင့်တယ်ပေအံ့ဟု နှလုံးထား၍ အလှူ မခံကြချေ။ အဇိတထေရ်သာ ခံယူခဲ့ပါသည်။ ထိုသင်္ကန်းကို မြတ်စွာဘုရား၏ ညောင်စောင်း၌ ဗိတာန်ကြက်၍ လှူတော်မူပြီးလျှင် 'ငါဘုရားဖြစ်ပါမူကား ရတနာခုနစ်ပါးဖြင့် ပြီးသော ရွှေပန်းဆိုင်းဆွဲသော တစ်ဆယ့်နှစ်ယူဇနာရှိသော ဆန်းကြယ်သော ပတ္တမြားဗိတာန် ဖြစ်ပါစေသောဝ်'ဟု ပတ္ထနာ၍ မြတ်စွာဘုရားကို ရှိခိုးလျက် နေ၏။ ဤသို့ အညတရ ရဟန်းတစ်ပါး အလှူခံသည်ကို ပရိသတ်က ကဲ့ရဲ့ကြ၏။ ထို့ကြောင့် မြတ်စွာဘုရားက "အာနန္ဒ ဤအဇိတထေရ်သည် ဤဘဒ္ဒကမ္ဘာ၌သာလျှင် မေတ္တေယျမည်သော ဘုရားဖြစ်တော်မူလိမ့်မည်"ဟု ဗျာဒိတ်စကား ကြားတော်မူပါသည်။

---

* မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူခါနီးသောအခါ ရှင်မဟာကဿပအား ဤသို့ မိန့်တော်မူခဲ့၏-

ကမ္ဘာများစွာ နိဗ္ဗာန်အလို့ငှာ ဆင်းရဲဒုက္ခကို ခံခဲ့၏။ ယခု လိုအင်ဆန္ဒ အပြီးအဆုံးသို့ ရောက်ချေပြီ၊ ပရိနိဗ္ဗာန် စံတော်မူတော့အံ့၊ ပိဋကတော်ကို သင့်အား ငါလွှဲအပ်တော်မူခဲ့၏။ မပျောက်မပျက် မယုတ်မလျော့ရအောင် စောင့်ရှောက်လော့။ မိထွေးတော် ကပ်လှူသော သင်္ကန်းကိုလည်း မေတ္တေယျဘုရား ပွင့်တော်မူသောအခါ ကပ်တော်မူရအောင် ငါ လွှဲအပ်ခဲ့၏။

ရှင်မဟာကဿပသည် ထိုသင်္ကန်းတော်ကို ကုက္ကုဋပါဒတောင်ထိပ်ရှိ တောင်ထွတ်သုံးခုတို့အတွင်း၌ အစိဋ္ဌာန်ဖြင့် သိုထား၍ မိမိကိုယ်တိုင်လည်း ထိုတောင်ခေါင်းထဲမှာပင် စံနေတော်မူ၏။ မေတ္တေယျဘုရားရှင် ပွင့်တော်မူသောအခါ တရားဝမ္ပဟောပြရာ မာနခက်ထန်သူတို့ မနာခံသည်ကို တွေ့ရ၏။ ထိုသူတို့ကို ကုက္ကုဋပါဒတောင်သို့ ဆောင်ယူလာပြီးလျှင် ရှင်မဟာကဿပကို ပြတော်မူ၏။ ရှင်မဟာကဿပကို မြင်ရသောအခါ ပို၍ပင် မာန်ခက်ထန်လာကြသည်။ ထိုအခါ ရှင်မဟာကဿပသည် သင်္ကန်းတော်ကို မေတ္တေယျဘုရားသခင်အား ဆက်ကပ်ပြီးလျှင် ရှိသေစွာရှိခိုး၍ ကောင်းကင်သို့ ပျံတက်လျက် ရေမီးအစုံတန်ခိုးပြာဋိဟာ ပြတော်မူကာ ပရိနိဗ္ဗာန် ပြုတော်မူပါသည်။ (S. Beal-Buddhist Records of Western World, Vol.II. pp. 43-4.)

ထိုအခါ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာက အကျယ်ဟောပြတော်မူ-ပါရန် မြတ်စွာဘုရားကို တောင်းပန်သဖြင့် အနာဂတဝင်ကို မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

မေတ္တေယျဘုရားလောင်း အဇိတထေရ်ကား မည်သူပါနည်း၊ အနာဂတဝင် အဋ္ဌကထာအရ- နှစ်ကျိပ်ခုနှစ်ဆူကုန်သော ဘုရားရှင်တို့ ထံမှ ဗျာဒိတ်ရပြီးသော မေတ္တေယျဘုရားလောင်းသည် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့ရာ ဂေါတမမြတ်စွာဘုရားလက်ထက်၌ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ အဇာတသတ်မင်းကိုစွဲ၍ ထိုမင်း၏မိဖုရား အဥ္ဇနဒေဝီမှ အဇိတမင်းသာကို ဖွားမြင်၏။ အရွယ်ရောက်သောအခါ သားတော်ကို မင်းသား ငါးရာနှင့်အတူ ဝေဠုဝန်ကျောင်းတော်၌ ရဟန်းပြုစေ၏။ အဇိတထေရ်ဟု ထင်ရှား၏။ မြတ်စွာဘုရားသည် အဇိတထေရ်ကိုခေါ်ဆောင်၍ ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ နိဂြောဓာရုံကျောင်းတော်၌ စံနေတော်မူစဉ် မဟာပဇာပတိဂေါတမီ သင်္ကန်းလှူလာခြင်းဖြစ်ကြောင်း သိရပါသည်။*

ပိဋကတ်တော်၌ရင်း၊ အဋ္ဌကထာ၌ရင်း၊ အဇိတ၏အကြောင်းကို အထောက်အထား တစုံတရာ မတွေ့ရပေ၊ သို့သော် သဒ္ဓမ္မ-ပုဏ္ဍရိကကျမ်း၌ မေတ္တေယျဗောဓိသတ်ကိုခေါ်သော အာလုပ်ပုဒ်အဖြစ် "အဇိတ"ဟူသောအမည်ကို ငါးနေရာမျှ တွေ့ရပါသည်။ မဲတြေယသမိတိကျမ်းစာ၌လည်း အဇိတ-ဟူသောအမည်ကို တွေ့ရပါသည်။

---

* ဤအဇိတထေရ်နှင့်ပတ်သက်၍ ဟံသာတမြစ်ကွေ့ဆရာတော်က ဤသို့မှတ်ချက်ချခဲ့ပါသည်။

"မိထွေးတော် မဟာပဇာပတိဂေါတမီမိဖုရား သင်္ကန်းလှူစဉ်အခါက အလှူခံသော အဇိတရဟန်း အသက်နှစ်ဆယ်ရှိခဲ့ပါသော် ဘိုးတော်ဖြစ်သော ဗိမ္ဗိသာရမင်းသည် အသက်သုံးဆယ့်ငါးနှစ်မျှ မရှိသေး၍ နို့စို့နို့ညှာအရွယ်မျှရှိသော အဇာတသတ်မင်းက အသက်နှစ်ဆယ်ရှိ အဇိတရဟန်းကို ရနိုင်ရန် အကြောင်း မမြင်၊ ထိုအဇာတသတ်မင်းကို ရာဟုလာ-အောက် အသက်ငယ်၏ဟု ကုသဇာတ်နှင့်ဟပ်၍ မှတ်အပ်၏။ အဇိတထေရ်သည် အဇာ-တသတ်မင်း၏ သားတော် ဟုတ်ပုံ မရ၊ အခြားသူ၏ သားသာလျှင် ဖြစ်တန်ရာ၏။ ဉာဏ်မပိုင်သော အချက်ဖြစ်ပါသည်။ ဤအချက်ကို ယထာဘူတကျအောင် ပညာရှိတို့ ကြံတော်မူကြပါကုန်။ (မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ တတိယတွဲ၊ ၆၁ - ၆၃။)

**အနာဂတဝင်ဆိုင်ရာ အထောက်အထားများ-**

အနာဂတဝင်ကျမ်းနှင့် ပတ်သက်၍ ပိဋကတ်တော်၌ရင်း၊ အဋ္ဌကထာကျမ်းများ၌ရင်း၊ ဘာသန္တရကျမ်းများ၌ရင်း အထောက်အထား များစွာ တွေ့ရပါသည်။

ဒီဃနိကာယ်၊ ပါထိကဝဂ်၊ စက္ကဝတ္တိသီဟနာဒသုတ် (စာ၊ ၆၂၊ ၆၄)၌ အနာဂတဝင်အကြောင်းကို အောက်ပါအတိုင်း တွေ့ရပါသည်။

"ရဟန်းတို့- လူတို့အသက် ရှစ်သောင်းတမ်း၌ လိုချင်ခြင်း၊ အစာ မစားလိုခြင်း၊ အိုခြင်း-ဟူသော ရောဂါသုံးမျိုး ဖြစ်လတ့်၊ (အနာ-ဂတဝင်၊ ဂါထာ ၃၄၊ ရှု)

"ဤဇမ္ဗူဒီပါသည် ကြက်ပျံမကျ စည်ကားသော ရွာ နိဂုံး မင်းနေပြည်တော် ရှိသည်ဖြစ်၍ စည်ပင်ဝပြောလတ့်။ ဤဇမ္ဗူဒီပါသည် ကျူတော ဝါးတော၌ ကျူ၊ ဝါးတို့အချင်းချင်း ထိစပ်သကဲ့သို့ ထိစပ် လတ့်။ (ယင်း - ၃၈၊ ရှု)

"ဤဗာရာဏသီပြည်သည် ကေတုမတီမည်သော မင်း နေပြည်ဖြစ်လတ့်။ စည်ပင်ဝပြောလတ့်။ လူဦးရေများလတ့်၊ လူမျိုးစုံ ရောပြွမ်းလတ့်။ စားရေရိက္ခာ ပေါများလတ့်။ (ယင်း ၈-၉၊ ရှု)

"ဤဇမ္ဗူဒီပါ၌ ကေတုမတီအမှူးပြုသော မြို့ပေါင်းရှစ်သောင်း လေးထောင် ရှိလတ့်။

"ကေတုမတီမင်းနေပြည်၌ သင်္ခမည်သော မင်းသည် စကြ-ဝတေးမင်းဖြစ်လတ့်။ တရားနှင့် ညီလတ့်၊ တရားမင်း ဖြစ်လတ့်၊ သမုဒ္ဒရာ လေးစင်း အပိုင်းအခြားရှိသော ဒေသကို မင်းမူလတ့်။ ဇနပုဒ်အကျိုး အတွက် ရွက်ဆောင်လတ့်၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံလတ့်၊ (ယင်း-၁၀၊ ရှု)

"ရဲရင့်ကုန်သော တစ်ဖက်ရန်သူကို ချေမှုန်းနိုင်သော သားပေါင်းတစ်ထောင် ရှိလတ့်၊ ထိုမင်းသည် သမုဒ္ဒရာအပိုင်းအခြားရှိ သော မြေအပြင်ကို ဒဏ်မထား၊ လက်နက်မဆောင်ပဲ တရားသဖြင့် အောင်နိုင်သည်ဖြစ်၍ အုပ်စိုးလတ့်။

"ရဟန်းတို့ လူတို့အသက်ရှစ်သောင်းတမ်း၌ မေတ္တေယျဘုရားသည် လောက၌ ပွင့်တော်မူလတ့်၊ ထိုမေတ္တေယျဘုရားသည် ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသည်ဖြစ်၍ နတ်နှင့်တကွသော လူကို ဆုံးမဟောကြားလတ့်၊ ထိုမြတ်စွာဘုရားသည် အစ အလယ် အဆုံး ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံသော ဗြဟ္မစရိယကို ထင်ရှားပြတော်မူလတ့်၊ အထောင်မကသော ရဟန်းသံဃာကို ဆောင်တော်မူလတ့်။

"ရဟန်းတို့ ထိုအခါ သင်္ခမည်သောမင်းသည် မဟာပနာဒမင်း ဆောက်လုပ်ခဲ့သော ပြာသာဒ်ကို စိုက်ထောင်၍စိုးစံပြီးလျှင် (အနာဂတဝင်၊ ဂါထာ ၁၄၊ ရှု)

"ထိုပြာသာဒ်ကို ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းစွန့်လွှတ်၍ (ယင်း ၇၁၊ ရှု)

"ရဟန်း ပုဏ္ဏား ဆင်းရဲသား အထီးကျန် သူတောင်းစားတို့အား အလှူပေး၍ (ယင်း ၇၂၊ ရှု)

"မေတ္တေယျဘုရား၏ ထံ၌ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်သင်္ကန်းကို ဝတ်ရုံကာ အိမ်ရာတည်ထောင် လူ့ဘောင်မှ အိမ်ရာမဲ့သော ရဟန်းဘောင်၌ ရဟန်းပြုလတ့် (ယင်း ၇၃၊ ရှု)

ဗုဒ္ဓဝင်ပါဠိတော်၊ ဗုဒ္ဓပကိဏ္ဏကကဏ္ဍ (ဗုဒ္ဓဝံ။ ၃၈၃။)၌-

"ယခု ငါဘုရား ပွင့်တော်မူပြီ၊ မေတ္တေယျဘုရား ပွင့်တော်မူလတ်အံ့။

ဤဘုရားငါးဆူတို့သည် လောကကို အစဉ်သနားတော်မူကြကုန်၏"ဟု မေတ္တေယျဘုရား ပွင့်တော်မူမည့်အကြောင်း ဖော်ပြထားပါသည်။

မိလိန္ဒပဥှ၊ ဘိက္ခုသံဃပရိဟရဏပဥှ (စာ၊ ၁၆၀)၌လည်း-

မေတ္တေယျဘုရားနှင့် ပတ်သက်၍ စက္ကဝတ္တိသီဟနာဒသုတ်ပါ အတိုင်း တွေ့ရပါသည်။

အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်အဋ္ဌကထာ၊ ကထာဝတ္ထုသုတ်အဖွင့် (အံ၊ ဋ၊ ဒု။ ၁၈၄)၌-

"နောင်အခါ မေတ္တေယျမည်သောဘုရားရှင် ပွင့်တော်မူပါလိမ့်မည်၊

သခ်မည်သောမင်းသည် ထိုဘုရားရှင်၏ အလုပ်အကျွေးဖြစ်လိမ့်မည်၊ အနှစ်ရှစ်သောင်း သက်တော်ရှိလိမ့်မည်"ဟု ဤနည်းဖြင့် ဟောတော်မူလျက် အနာဂတဝင်ကို အကြောင်းပြု၍ ဟောတော်မူသည် မည်၏-ဟု ဖွင့်ပါသည်။

ဝိသုဒ္ဓိမဂ် (ဒု၊ ၆၅)၊ အဋ္ဌသာလိနီ၊ တိကအတ္ထုဒ္ဓါရဝဏ္ဏနာ၊ အနာဂတံသညာဏစတုက္ကအဖွင့် (၄၄၁)၌-

"နောင်အခါ မေတ္တေယျမည်သောဘုရားရှင် ပွင့်တော်မူလိမ့်မည်၊

သုဗြဟ္မာပုဏ္ဏားသည် ထိုဘုရားရှင်၏ ခမည်းတော်၊ ဗြဟ္မဝတီပုဏ္ဏေးမသည် မယ်တော်ဖြစ်လိမ့်မည်"ဟု ဖွင့်ပါသည်။

သက္ကတဘာသာရေး ဗုဒ္ဓဘာသာကျမ်းစာများကလည်း မေတ္တေယျဗုဒ္ဓဝင်ကို ဖော်ပြထားကြပါသေးသည်။

မဟာဝတ္ထုကျမ်း (ဘာသာပြန်တတိယတွဲ၊ ၂၃၀၊ ၂၃၆)၌-

'ငါ သကျမုနိသည် မေတ္တေယျကို ဤသို့ ဗျာဒိတ်ပေးတော်မူ၏။ မေတ္တေယျဘုရား ပွင့်တော်မူသောအခါ ကေတုမတီသည် မင်းနေပြည်ဖြစ်လိမ့်မည်၊ အလျားတစ်ဆယ့်နှစ်ယူဇနာ၊ အနံခုနစ်ယူဇနာ ရှိလိမ့်မည်၊ ထိုကေတုမတီမြို့တော်ကို ရွှေတံတိုင်းခုနစ်ထပ် ရံလိမ့်မည်၊ ရတနာခုနစ်ပါး စီခြယ်အပ်သော အရောင်တလက်လက်နှင့်လှပသော ထန်းပင်စဉ်ခုနစ်ထပ် ရံလိမ့်မည်၊ ရှေးဘုရားတို့၏ အနွယ်တော်ဖြစ်သော နောက်ဆုံးဘုရားသည် မေတ္တေယျဘုရားရှင် ဖြစ်လတ့်၊ ရဟန်းသံဃာတို့၏ အကြီးအမှူးဖြစ်သော ဘုန်းတန်ခိုးကြီးတော်မူသော မေတ္တေယျဘုရားသည် ကုဋေခုနစ်ရာသော ပရိသတ်ကို ချေချွတ်တော်မူလိမ့်မည်၊ ရဟန်းတို့၏ ပူဇော်ရာ ဖြစ်တော်မူသော ထိုမေတ္တေယျဘုရားရှင်သည် ကောင်းစွာတည်ထားသော ကေတုမတီမင်းနေပြည်သို့ ဝင်တော်မူလတ့်။

ထိုမေတ္တေယျဘုရားရှင်၏ ပထမသာဝကသန္နိပါတသည် အာသဝေါကုန်ခမ်းသော ရဟန္တာကိုးဆယ့်ခြောက်ကုဋေ၊ ဒုတိယသာဝက

သန္နိပါတသည် ကိုးဆယ့်လေးကုဋေ၊ တတိယသာဝကသန္နိပါတသည် ကိုးဆယ့်နှစ်ကုဋေရှိလတ့်”ဟု ဆိုပါသည်။

ဒိဗျာဝဒါန၊ မေတ္တေယျဗျာကရဏာဝဒါန (၃၆၊ ၃၇)၌-

“ရဟန်းတို့ နောင်အခါ၌ လူတို့သည် အနှစ်ရှစ်သောင်း အသက်ရှည်လတ့်၊ လူတို့ အသက်ရှစ်သောင်းတမ်း၌ သခ်မည်သော မင်းဖြစ်လတ့်၊ ဗြဟ္မာယုပုဏ္ဏားသည် သခ်မင်း၏ပုရောဟိတ်ဖြစ်လတ့်၊ ဗြဟ္မဝတီပုဏ္ဏေးမသည် ထိုပုရောဟိတ်၏ဇနီး ဖြစ်လတ့်၊ ထိုပုဏ္ဏေးမသည် မေတ္တာဖြင့် ပြန့်နှံ့၍ မေတ္တေယျမည်သော သားကို ဖွားလတ့်၊ သခ်မင်း၏ ယဇ်တိုင် အပိုင်းပိုင်းပြတ်သည်ကိုမြင်၍ မေတ္တေယျ တောထွက်လတ့်၊ ထိုနေ့မှာပင် ဘုရားဖြစ်တော်မူလတ့်၊ သခ်မင်းသည်ရင်း၊ မိဖုရား ဝိသာခါ သည်ရင်း ရဟန်းပြုလတ့်”ဟု ဆိုပါသည်။

မဲတြေယဗျာကရဏကျမ်း၌ အောက်ပါအတိုင်းဆိုပါသည်။

“သာရိပုတ္တရာတောင်းပန်၍ မေတ္တေယျဗုဒ္ဓဝင်ကို ဘုရားရှင် ဟောတော်မူ၏-။

ဇမ္ဗူဒီပါသည် ယူဇနာတစ်သောင်းရှိလတ့်၊ လူတို့၏သက်-တမ်း အနှစ်ရှစ်သောင်းရှိလတ့်၊ လိုချင်ခြင်း၊ အိုခြင်း၊ အစာမစားလိုခြင်း ဟူသော ရောဂါသုံးပါးဖြစ်လတ့်၊ မိန်းကလေးများ အသက်ငါးရာ၌ အိမ်ထောင်ပြုလတ့်။

ကေတုမတီသည် မင်းနေပြည်ဖြစ်လတ့်၊ အလျားတစ်ဆယ့် နှစ်ယူဇနာ၊ အနံခုနစ်ယူဇနာရှိလတ့်၊ သခ်မင်း စိုးစံလတ့်၊ သခ်မင်း၏ ပုရောဟိတ်သည် သုဗြဟ္မာမည်သော ပုဏ္ဏား ဖြစ်လတ့်၊ ထိုပုဏ္ဏား၏ဇနီး ဗြဟ္မဝတီသည် ရပ်လျက် သစ်ကိုင်းကို ကိုင်၍ မေတ္တေယျသတို့သားကို ဖွားလတ့်၊ သခ်မင်း၏ယဇ်တိုင် အစိပ်စိပ်ကွဲလတ့်၊ သခ်မင်း၏ယဇ်တိုင် အစိပ်စိပ်ကွဲသည်ကိုမြင်၍ မေတ္တေယျတောထွက်လတ့်၊ ကံ့ကော်ပင် ဗောဓိသည် ဗောဓိပင်ဖြစ်လတ့်။

သခ်မင်းသည် အလျူကြီးပေး၍ ရဟန်းပြုလတ့်၊ မေတ္တေယျ-၏ခမည်းတော်သည်ရင်း၊ သူမနသူကြွယ်သည်ရင်း၊ သခ်မင်း၏မိဖုရား ဝိသာခါသည်ရင်း ရဟန်းပြုလတ့်။

ထက်ဝန်းကျင်ယူဇနာတစ်ရာရှိသော သာဝကသန္နိပါတ ဖြစ်လတ့်။ ပထမသန္နိပါတသည် ကိုးဆယ့်ခြောက်ကုဋေ၊ ဒုတိယသန္နိပါတ သည် ကိုးဆယ့်လေးကုဋေ၊ တတိယသန္နိပါသည် နှစ်ဆယ့်နှစ် (ကိုးဆယ့် နှစ်)ကုဋေရှိလတ့်၊ **မေတ္တေယျဘုရားသည်** **အနှစ်**ခြောက်သောင်း တရား ဟောလတ့်၊ ပရိနိဗ္ဗာန်စံလျှင် **အနှစ်တစ်**သောင်း သာသနာတည်လတ့်။ (မဲတြေယဗျာကရဏကျမ်းလာဂါထာ ၁၀၈-ဂါထာကို ချုံ၍ရေးသည်။)

မဲတြေယဗျာကရဏသည် ဂါထာ ၁၀၈-ရှိသောကျမ်းဖြစ်၏၊ ဂါထာစကားပြေ နှစ်ထွေရောသော မဲတြေယဗျာကရဏဟူ၍လည်း အာရှတိုက်အလယ်ပိုင်းသုံး ဘာသာစကားဖြင့် စီရင်ထားသောကျမ်း ရှိသေး၏။ ထိုကျမ်းကို တိဗက်ဘာသာ၊ တရုတ်ဘာသာသို့ အကြိမ်ကြိမ် ပြန်ဆိုပြီးကြောင်းလည်း သိရသည်။ ဓမ္မရက္ခ (ခရစ်နှစ် ၃၆၅-၃၁၆)သည် ထိုကျမ်းကို တရုတ်ဘာသာပြန်ခဲ့သည်။ ကုမာရဇီဝနှင့် ယိကျင့်တို့ကလည်း ထပ်မံ၍ တရုတ်ဘာသာပြန်ခဲ့ပါသေးသည်။ မဲတြေယသမိတိအမည်ဖြင့် လည်း ဤမဲတြေယဗျာကရဏကျမ်း၏ အပိုင်းအစများကို အာရှတိုက် အလယ်ပိုင်း၌ တွေ့ရပါသေးသည်။ တိုခရိယန်ဘာသာ၊ ဝီဂူးရိယ ဘာသာစကားနှင့်ရေးထားသည့် ကျမ်းဖြစ်ပါသည်။ တွေ့ရသော အပိုင်း- အစများအရ ဤကျမ်းကို ဝေဘာသိကဂိုဏ်းသား အရိယစန္ဒြရေးသည် ဟု သိရပါသည်။ ဘာသာရေးပွဲများ၌ ပြဇာတ်အဖြစ် တင်ဆက်လေ့ရှိ သည်ဟု ယူဆရသော မဲတြေယသမိတိနာဋကခေါ် ပြဇာတ်တစောင် လည်း ရှိပါသေးသည်။

**အနာဂတဝင်စိစစ်ချက်-**

အနာဂတဝင်ပါဠိအရ ရှင်သာရိပုတ္တရာတောင်းပန်၍ အနာ- ဂတဝင်ကို မြတ်စွာဘုရားဟောတော်မူ၏ဟု သိရပါသည်။ အနာဂတဝင် အဋ္ဌကထာကလည်း ဗုဒ္ဓဝင်ကို ဟောပြီးသည်၏ အဆုံး၌ ဟောတော်မူ ၏ဟု ဆိုပါသည်။ သို့သော် ယခုလက်ရှိ အနာဂတဝင်ပါဠိတော်ကို ဘုရားဟောတော်မူသည်ဟူ၍ ပါဠိအဋ္ဌကထာ၌ အထောက်အထား မတွေ့ရချေ။ အနာဂတဝင်ဆိုင်ရာ အချက်အလက်များကိုသာ တွေ့ရ

ပါသည်။ ထို့ကြောင့် အနာဂတဝင်ကို ဘုရားဟောဟု တိုက်ရိုက်မဆိုသာ သော်လည်း သွယ်ဝိုက်သောနည်းအားဖြင့်မူ ဘုရားဟောဟု ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကေတုမတီပြည်တော်၊ သခ်မင်း၊ ရောဂါသုံးပါးစသည်တို့ကို ပါထိကဝဂ်၊ စက္ကဝတ္တိသီဟနာဒသုတ်၌ မြတ်စွာဘုရား ဟောကြားထားတော်မူချက် ရှိနေသောကြောင့် ဖြစ်ပါသည်။ တစ်ဖန် ကေတုမတီနေပြည်တော်၏ အကျယ်အဝန်းကိုလည်း သုတ်မဟာဝါ၊ မဟာသုဒဿနသုတ်၌ ကုသာဝတီနေပြည်တော်အကြောင်း ဟောပြထားရာ၌ တွေ့ရသောကြောင့်ဖြစ်ပါသည်။ သခ်မင်း စိုးစံသော ပြာသာဒ်အကြောင်းကိုလည်း ဇာတကပါဠိ၊ တိကနိပါတ်၊ မဟာပနာဒဇာတ်၌၎င်း၊ ပကိဏ္ဏကနိပါတ်၊ သုရုစိဇာတ်၌၎င်း တွေ့ရသောကြောင့် ဖြစ်ပါသည်။ ပဒေသာပင်အကြောင်းကိုကား အပဒါန်ပါဠိတော်၌၎င်း၊ ပဋိသမ္ဘိဒါမဂ်၊ ဣဒ္ဓိဝိဓကထာ၌၎င်း တွေ့နေရသောကြောင့် ဖြစ်ပါသည်။ သလေးစပါးကို ဆိုရာအကြောင်းကား ပါထိကဝဂ်၊ အာဋာနာဋိယသုတ်၌ တွေ့ရသောကြောင့် ဖြစ်ပါသည်။ ယောကျ်ားမြတ်အာဇာနည်ကို ရခဲ၏ အစရှိသောဂါထာကို ဓမ္မပဒပါဠိတော် (၁၄-ဗုဒ္ဓဝဂ်၊ ဂါထာ ၁၉၃)၌ တွေ့ရသောကြောင့် ဖြစ်ပါသည်။ ခြုံ၍ ဆိုရသော် အနာဂတဝင်လာဂါထာတို့သည် ထိုထိုပါဠိတော်၌ ဟောထားအပ်သော အကြောင်းအရာကိုပင် ဂါထာပုံစံဖြင့် တင်ပြထားချက်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုထိုသော ပိဋကပါဠိနှင့် မဆန့်ကျင်ရကား မဟာပဒေသတရားလေးပါးနှင့် ညှိ၍ ယူသော် ဘုရားဟောဟုပင် တထစ်ချ ဆိုနိုင်စရာ ရှိပါသည်။ အနာဂတဝင် ပါဠိတော်စာဟန်ကလည်း ဗုဒ္ဓဝင်ပါဠိတော်၏ စာဟန်ဖြစ်သည်ကို တွေ့နေရပါသည်။ ထိုထိုပါဠိအဋ္ဌကထာတို့နှင့် တပြေးညီရှိနေမှုကြောင့်လည်း ဘုရားဟောဟုဆိုခြင်းသည် အသင့်ယုတ္တိရှိသည်ဟု ယူဆမိပါသည်။

ဘာသန္တရကျမ်းအဆိုများကို ပါဠိတော်အရပ်ရပ်နှင့် နှီးနှော သည့်အခါလည်း မကွဲ မပြား တသားတည်း ရှိသည်ကို တွေ့ရပြန်ပါသည်။ မေတ္တေယျဘုရား ပွင့်တော်မူမည့်အကြောင်းသည် ပါထိကဝဂ်၊ စက္ကဝတ္တိသီဟနာဒသုတ်၌ ဘုရားဟောတော်မူချက်နှင့် မဟာဝသ္တုကျမ်း

အဆိုတို့ ညီညွတ်မှုရှိသည်ကိုရင်း၊ သုတ်မဟာဝါ၊ မဟာသုဒဿနသုတ်၌ ထန်းပင်စဉ် ခုနစ်ထပ်ရံသည့်အကြောင်း ဘုရားဟောတော်မူချက်နှင့် မဲတြေယျဗျာကရဏကျမ်းအဆိုတို့ ညီညွတ်မှုရှိသည်ကိုရင်း၊ မေတ္တေယျ မယ်တော် ခမည်းတော်တို့၏ အမည်နာမကို ဝိသုဒ္ဓိမဂ်က ဖော်ပြချက်နှင့် ဒိဗျာဝဒါန၊ မဲတြေယျဗျာကရဏကျမ်းအဆိုတို့ ညီညွတ်မှုရှိသည်ကိုရင်း တွေ့ရပါသည်။ ဤတူညီချက်ကို အခြေခံ၍စဉ်စားသော် မဟာဝဿုကျမ်း သည် ခရစ်မတိုင်မီ နှစ်ရာစုက ပေါ်ထွန်းသောကျမ်း ဖြစ်သည်ဟုဆိုရာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကာလနှင့် မဝေးသေးသဖြင့် မဟာဝဿုကျမ်းလာအဆိုသည် ဘုရားဟောအဆိုအမိန့်ပေါ်၌ အခြေခံ ရပေမည်ဟု မှတ်ယူမိပါသည်။ ဘာသန္တရကျမ်းအဆိုတို့သည် ဘုရား ဟောတည်းဟူသော တစ်ခုတည်းသော အချက်အပေါ်၌ အခြေခံသည်ဟု ကောက်ချက်ချကြည့်သော် မလွန်တန်ရာဟု ထင်မိပါသည်။ ထို့ကြောင့် အနာဂတဝင်ကို ဘုရားဟော-ဟုဆိုသော် သင့်နိုးရာပါသည်။

အနာဂတဝင်အဋ္ဌကထာအဆိုကိုလည်း မဟုတ်ဟုငြင်းဆိုရန် ခက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အနာဂတဝင်အဋ္ဌကထာသည် ရှင်မဟာဗုဒ္ဓဃောသတို့ခေတ်ထက် သိုးကာသီကာမျှ နောက်ကျ၍ ပေါ်ထွန်းလာသောကျမ်းဖြစ်၍ ဖြစ်ပါသည်။ ဤကျမ်း၏အဖွင့်ကို မြန်မာ ပညာရှိတို့ လေးစားကြပါသည်။ ဤကျမ်းကဖွင့်ဆိုသော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အကြောင်းအရာကိုယူ၍ ပင်းယခေတ်က ပေါ်ထွန်းခဲ့-သော စတုရင်္ဂဗလအမတ် ပညာရှိသည် ဘုရားရှိခိုးဂါထာ တစ်ဆယ့်နှစ်-ဂါထာ စီကုံးခဲ့ကြောင်း အမှတ်အသားရှိပါသည်။ အနာဂတဝင်-အဋ္ဌကထာ၏ ပဏာမ၌ "မဟာဗောဓိထေရ် တောင်းပန်၍ အနာဂတဝင် ကို ဖွင့်ဆိုမည်ဖြစ်ကြောင်း" ပဋိညာဉ်ခံပြီး၊ နိဂုံး၌ "ကာလဝါသိဝိဟာရနေ မထေရ်သည် ဓာတုသေနမင်းလက်ထက် စီရင်ကြောင်း" ဆိုပါသည်။ ကျမ်းပြုပုဂ္ဂိုလ်အမည်ကို မသိရပေ။* စူဠဝံသကျမ်းအလိုအရ ဓာတုသေန-

---

* (က) အနာဂတဝင်အဋ္ဌကထာကို မိမိအလိုအားဖြင့် ဥပတိဿပြုသည်။ (ဂန္ထဝံသ)
(ခ) အနာဂတဝင်အဋ္ဌကထာ။ ။သီဟိုဠ်ကျွန်းအနုရာဓမြို့၊ ဓာတုသေနမင်းလက်-ထက် ရှင်မဟာဗောဓိတောင်းပန်၍ ကာဠဝါသိဝိဟာရကျောက်တိုက်နေ ရှင်မဟာ-ဥပတိဿပြုသည်။ (ပိဋကတ်သမိုင်းစာတန်းပုဒ်မ - ၃၃၄)။

မင်းသည် ခရစ်နှစ် ၄၆၀-နှစ်မှ ၄၇၈-ခုနှစ်အတွင်း စိုးစံခဲ့သော မင်း-တစ်ပါးဖြစ်ကြောင်း သိရပါသည်။ အနုရာဓပုရ၌ စိုးစံခဲ့ပါသည်။ ကာလ-ဝါသိဝိဟာရကို ဆောက်လုပ်မှုသည် ထိုမင်း၏ အဓိကလုပ်ရပ် ဖြစ်-ပါသည်။ ထို့ကြောင့် အဋ္ဌကထာဆရာကြီး ရှင်မဟာဗုဒ္ဓဃောသနှင့် မရှေးမနှောင်း ပေါ်ထွန်းခဲ့သော မထေရ်တစ်ပါး၏ ကျမ်းဖြစ်ရာ ထေရ-ဝါဒအစီအစဉ်အတိုင်း ဖွင့်ဆိုသော ကျမ်းဖြစ်ကြောင်း ယုံမှားဖွယ် မရှိချေ၊ ကျမ်းအတွင်း၌ ပါဠိတော်ကိုလည်းကောင်း၊ ရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌ-ကထာကိုသော်လည်းကောင်း ကိုးကားချက်များလည်း တွေ့ရပါသည်။ ထို့ကြောင့် အနာဂတဝင်အဋ္ဌကထာ၏ အဆိုကို လေးစားလက်ခံထိုက်သည်ဟု ထင်မြင်မိပါသည်။

**မေတ္တေယျကိုးကွယ်မှု-**

မေတ္တေယျ ဘုရားအလောင်းကို ကိုးကွယ်သည့်အလေ့ကို ထေရဝါဒနိုင်ငံများ၌ မတွေ့ရချေ။ သို့သော် တိဗက်၊ တရုတ်စသော မဟာယာနနိုင်ငံများတွင်မူကား ဘုရားအလောင်းကိုးကွယ်မှုဝါဒ ထွန်းကားသဖြင့် မေတ္တေယျကိုလည်း ဘုရားအလောင်းအဖြစ် ကိုးကွယ်ကြပါသည်။ ထို့ကြောင့် တရုတ်ပြည်၌ မေတ္တေယျဂိုဏ်းဟူ၍ပင် ပေါ်ပေါက်ခဲ့ဖူး-ကြောင်း သိရပါသည်။ တိဗက်ပြည်၌မူ ကြီးမားလှစွာသော မေတ္တေယျ ရုပ်တုတော်ကို ကြာပလ္လင်ထက်၌ ထိုင်တော်မူဟန် ထုလုပ်ပူဇော်သည်ဟု

---

(ဂ) အနာဂတဝင်ဋီကာကို ဗောဓိဝင်ကိုစီရင်သော ဥပတိဿပြုသည်ဟု သီဟိုဠ်ပညာရှင် မာလာလဆေကေရ ယူဆလိုသည်၊ ဥပတိဿ၏ဋီကာသည် ဗောဓိဝင်ပေါ် အခြေခံသည်ဟု သူတစ်ဦးတည်းကယူဆသည်၊ သို့သော် ဗောဓိဝင်အဋ္ဌကထာကော အနာဂတဝင်ဋီကာပါ ပျောက်ဆုံးနေပြီဖြစ်၍ ထိုကျမ်းများအကြောင်း သိခွင့်မရတော့ချေ။ (မာလာလဆေကေရ၏ သီဟိုဠ်ပါဠိစာပေသမိုင်း ၁၆၀၊ ၁၆၂။ ရှု)။

(ဃ) စီအီး၊ ဂေါဒကုမ္ဗုရ-ကမူ သီဟိုဠ်အနာဂတဝံသကျမ်း၏ နိဒါန်းအဆိုကိုအခြေခံ၍ သမန္တဘဒ္ဒိကာအမည်ရှိ အနာဂတဝင်အဋ္ဌကထာကို ကာလဝါပိဝိဟာရကျောင်းတိုက်၊ သေနရာဇပါသာဒ-နေ ဥပသေနပြုသည်ဟုဆိုပါသည်။ (စီ၊ အီး၊ ဂေါဒကုမ္ဗုရ၏-သီဟိုဠ်စာပေသမိုင်း၊ ၁၀၂။ ရှု)။

ဆိုပါသည်။ ဂေါတမဗုဒ္ဓကို အလယ်မှာထား၍ မေတ္တေယျနှင့် အဝလောကိတိဿရ ဘုရားအလောင်းပုံများကို ဘေးတစ်ဖက်စီ၌ထား၍ ကိုးကွယ်လေ့ရှိကြောင်းလည်း သိရပါသည်။ (Gilgit Manuscripts, Vol. IV., p. xxx।)

ဥဒျာနနယ်တောင်ကြားအတွင်း၌ အတောင်ကိုးဆယ်ရှိ မေတ္တေယျရုပ်ပွားတစ်ဆူ ရွှေရောင်တဝင်းဝင်းနှင့် ရှိခဲ့ဖူးပါသည်။ မေတ္တေယျဘုရားရှင် လောက၌ ထင်ရှားပွင့်တော်မမူသေးရကား မဇ္ဈန္တိကရဟန္တာမထေရ်သည် လက်မှုပညာသည်တစ်ဦးကို ကုသိတာသို့ တန်ခိုးဖြင့်ခေါ်ဆောင်သွားပါသည်။ ထိုလက်မှုပညာသည်က အလောင်းတော်နတ်သား၏ အရုပ်တော်၊ အရေအဆင်း၊ အသွင်အပြင်တို့ကို မှတ်သား၍ လူ့ပြည်၌ အလောင်းတော်နတ်သားနှင့်တူစွာ သစ်သားရုပ်တုထုလုပ်သည်ဟု ဆိုပါသည်။ (H. Kern-Manual of Indian Buddhism, p. 95)

တရုတ်ဘုရားဖူးခရီးသည် ဝှင်ယှင်, ဖရှင်-ရော ယွှင်ကျန်ပါရောင်လျှံတော်တို့ဖြင့် တင့်တယ်သော အတောင်ရှစ်ဆယ်မျှ ကြီးမားလှသော မေတ္တေယျရုပ်ပွားတော်တစ်ဆူ အိန္ဒိယပြည်မြောက်ပိုင်း၌ရှိကြောင်း ဖော်ပြထားပါသည်။ (Si-yu-ki, tr. by Beal, Vol. I. pp.xxiv, 134; also Watters-Yuan Chwang, Vol.1.p.239 & Vol.2. p. 116)

အလားတူ ဉာဏ်တော်ရှိသော စန္ဒကူးသားရုပ်ပွားတော်တစ်ဆူလည်း ရှိသေးကြောင်း သိရပါသည်။ ဗုဒ္ဓဃောရှိ ရုပ်ပွားတော်မှာကား ငွေသားဆင်းတုတော်ဖြစ်ပါသည်။ (Gilgit Manuscripts. Vol.IV.p.32)

ထေရဝါဒနိုင်ငံများ၌မူ မဟာယာနဗုဒ္ဓဘာသာဝင်တို့ကဲ့သို့ ဘုရားအလောင်းကို ကိုးကွယ်မှုမျိုး မရှိချေ။ သို့သော် ဘုရားအလောင်းတော်တို့၏ ပါရမီကို ကြည်ညိုသောအားဖြင့် ထိုဘုရားလောင်းတော်တို့ ဘုရားဖြစ်သောအခါ ဖူးရ၍ ကျွတ်တမ်းဝင်လိုကြသည်။ ထို့ကြောင့် ဖူးရအောင် ဆုတောင်းကြသည်။ ဤသဘောကိုသာ များစွာတွေ့ရပါသည်။

မဟာဝံသကျမ်းအရ- ကာကဝဏ္ဏတိဿသည် မေတ္တေယျ၏ ခမည်းတော်၊ ဝိဟာရဒေဝီသည် မယ်တော်၊ ဒုဋ္ဌဂါမဏီမင်းသည် ပထမအဂ္ဂသာဝက၊ ညီတော် သဒ္ဓါတိဿသည် ဒုတိယအဂ္ဂသာဝက၊ အနုလာ-

ဒေဝီသည် မိဖုရား၊ သာလိရာဇကုမာရသည် သားတော်ဖြစ်မည်ဟု သိရပါသည်။

စူဠဝံသကျမ်းအရ– သီဟိုဠ်မင်းတို့သည် မေတ္တေယျရုပ်ပွား-တော်ကို ထုလုပ်ပူဇော်ကြကြောင်း သိရပါသည်။ (၃၇၊ ၁၀၁၊ ၁၀၂။ ၃၈၊ ၆၅၊ ၆၈။) ဤသို့ ထုလုပ်ပူဇော်ရာတွင်လည်း ဘုရားအလောင်းနတ်သားအသွင်သာ ထုလုပ်ပူဇော်ခြင်းဖြစ်သည်။ သီဟိုဠ်သားတို့၏ ယုံကြည်မှုအရလည်း မေတ္တေယျဘုရားအလောင်းသည် နတ်စာရင်းတွင် အပါအဝင်ဖြစ်ပါသည်။ (Adikaram-Early Hisrory of Buddhism in Ceylon, pp. 152-3 ရှု။)

ရှေးခေတ် ကျမ်းပြုအကျော် သီဟိုဠ်ဆရာတော်တို့သည် မေတ္တေယျဘုရားရှင်လက်ထက်၌ ကျွတ်တမ်းဝင်လိုကြောင်း ကျမ်းနိဂုံးဆုတောင်းအရ သိရပါသည်။ ဝိနယသင်္ဂဟကျမ်းပြု သာရိပုတ္တထေရ်သည် 'ဤကျမ်းကိုပြုရသော ကောင်းမှုကြောင့် ဒုတိယဘဝ၌ တာဝတိံသာနတ်ပြည်မှာဖြစ်ရ၍ မေတ္တေယျ ဘုရားရှင်လက်ထက်တော်၌ ရဟန္တာအဖြစ်ကိုရ၍ သာသနာကို တင့်တယ်စေရပါလို၏' ဟု ဆုတောင်းထားပါသည်။ (ဝိနယသင်္ဂဟာ၊ ၄။ ၄၆၈။)

မေတ္တေယျ ဘုရားသခင်ကို ဖူးချင်လှ၍ တရား ရနိုင်ပါလျက်ဝိပဿနာကို အားမထုတ်ပဲနေမိသော မထေရ်ကြီးတစ်ပါးအကြောင်းကို ဝိသုဒ္ဓိမဂ် (ပ၊ ၄၅)၌ တွေ့ရပါသည်။

ဝါခြောက်ဆယ်ကျော်ပြီဖြစ်သော မဟာသံဃရက္ခိတထေရ်လွန်ခါနီးသောအခါ လောကုတ္တရာတရား ရ/မရကို သံဃာထုက မေးရာမရသေးကြောင်း မထေရ်ကြီးက ဖြေ၏။ ထိုအခါ ရဟန်းငယ်တစ်ပါးကတစ်ဆယ့်နှစ်ယူဇနာပတ်ဝန်းကျင်မှ စုရုံးလာသော လူအပေါင်း နှလုံးမသာဖြစ်ပါလိမ့်မည်ဟု လျှောက်၏။ မထေရ်ကြီးက မေတ္တေယျဘုရားကိုဖူးချင်၍ ဝိပဿနာတရားကို အားမထုတ်ပဲ နေခဲ့၏။ ငါ့ကိုထူ၍ ခွင့်ပြုဦးလော့ဟုဆိုသော် ရဟန်းငယ်သည် ထူပေး၍ အခန်းအပြင်ထွက်၏၊ ထိုသို့ ထွက်သည်နှင့်တစ်ပြိုင်နက် မထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

ဤသာဓကကိုကြည့်လျှင် ရင့်ပြီးသော ပါရမီရှိကုန်သော လက်၌ရောက်ပြီးသော မဂ်,ဖိုလ်ရှိကုန်သော ပုဂ္ဂိုလ်ကြီးတို့ပင် မေတ္တေယျဘုရားရှင်ကို ဖူးချင်သည့်ဆန္ဒ အားကြီးလှကြောင်း ထင်ရှားပါသည်။ စင်စစ်အားဖြင့်လည်း ဘုရားပွင့်ရာအခါနှင့် ကြုံကြိုက်ရမှုသည် အလွန်-တရာ ရခဲလှစွာသော အတိဒုလ္လဘတရား စင်စစ်ဖြစ်၏။ ထို့ကြောင့်လည်း သူတော်ကောင်းတို့သည် ဘုရားဖြစ်ရာအခါနှင့် ကြုံကြိုက်ရ၍ ဘုရားရှင်ကို ဖူးမြင်ပြီးလျှင် ကျွတ်တမ်းဝင်ရပါစေကြောင်း ဆုတောင်းကြခြင်း ဖြစ်သည်။

မြန်မာတို့သည်လည်း မေတ္တေယျဘုရားကို ဖူးမြင်ခွင့်ရရန် အားသန်ကြပါသည်။ ပုဂံခေတ်မှစ၍ အထောက်အထားများကို တွေ့ရပါသည်။

အနော်ရထာမင်းကြီးသည် ကိုယ်တော်တိုင် ဘုရားရှင်၏ ပုံတော်အုတ်ခွက် သွန်းလုပ်ပူဇော်ရာ၌ မေတ္တေယျဘုရား ပွင့်တော်မူသော အခါ နိဗ္ဗာန်ချမ်းသာကို ရပါစေကြောင်း ဆုတောင်းထားပါသည်။ တောင်ဂူနီ ဘုရားကျောက်စာ၌ အလှူဒါယကာသည် မေတ္တေယျဘုရားရှင်၏ သဘင်၌ ထင်ရှားစွာသော ပညာနှင့် ပြည့်စုံသော ရဟန္တာအဖြစ် ဆုတောင်းထား ပါသည်။ သိယ်သူရ်ကျောက်စာ၊ သင်ကြီးညောင်အုပ်-ကျောက်စာတို့အရလည်း မေတ္တေယျဘုရားရှင် လက်ထက်တော်၌ ရဟန္တာအဖြစ် ဆုတောင်းထားကြောင်း သိရပါသည်။

အချို့ကျောက်စာများကမူ ကုသိုလ်ကောင်းမှုကို ဖျက်သူတို့ ဗုဒ္ဓုပ္ပါဒဒုလ္လဘဟူသော ရခဲလှသောလာဘ်ကြီးနှင့် မကြုံကြိုက်ရလေအောင် ကျိန်စာတိုက်ထားပါသည်။ အထူးသဖြင့် ရာဇကုမာရ်ကျောက်စာ၌ သူလှူခဲ့သော ကျွန်တို့ကို နှိပ်စက်ပါမူကား အရိမေတ္တေယျ ဘုရားသခင်အား မဖူးရပါစေနှင့်ဟု ကျိန်စာဆိုထားပါသည်။ ဖုန်းသည် သုခမိန်ကျောက်စာကလည်း အလားတူကျိန်စာ ဆိုထားပါသည်။

သို့သော် အလှူကို ချီးမြှောက်သူသည် အလှူရှင်နှင့်အတူ မေတ္တေယျဘုရားအလောင်းစံရာ တုသိတာနတ်ပြည်၌ဖြစ်၍ ဘုရားလောင်းနှင့် အတူတကွ စူဠာမဏိစေတီတော်ကို လုပ်ကျွေးနိုင်သူ ဖြစ်ပါစေဟု ဆုတောင်းပေးသည်လည်း ရှိပါသေးသည်။ (မင်းသမီးစိုးမင်းကျောက်စာ။)

အင်းဝခေတ်သို့ရောက်သောအခါလည်း ပုဂံခေတ်နှင့်မခြား အလားတူ ဆုပန်ကြသည်ကို ပျို့ကဗျာလင်္ကာတို့၌ တွေ့ရပါသည်။ ရှင်ဥတ္တမကျော်၏ တောလားရတု (အပိုဒ် ၉) ၌—

"နှောင်းဖြင့်အလာ၊ မိတေယ်ျလျင်၊....ဥတ္တမကျော်၊ ထေရ်မြတ်သော်လည်း၊ အဟော်နောင်လာ၊ ငါ့ရိပ်ရာကို၊ သစ္စာဖူးငုံ၊ ပွင့်အံ့တုံဟု၊ ကိုးဂုဏ်ရှင်ပင်၊ အံ့ချီတင်သည်၊ ငါလျှင်လည်းကောင်း၊ ဗောဓိလောင်းဟု၊ ညွတ်ညောင်းတံဆိပ်၊ နှုတ်ဗျာဒိတ်ဖြင့်၊ ခပ်နှိပ်သေချာ၊ နှုတ်ဩဘာသည်၊ မြဲစွာဖြစ်လိမ့် လမ့်နတ်တည်း။"ဟု မေတ္တေယျဘုရားရှင်က ဗျာဒိတ်ပေးဟန် စပ်ဆိုထားသည်ကို တွေ့ရပါသည်။

ရှင်မဟာသီလဝံသကမူကား ပါရမီတော်ခန်းကဗျာကို အနှစ်-သာရ ပြည့်ဝကုံလုံသည်ဟု ယုံကြည်သူ၊ ယုံကြည်သည့်အတိုင်း နှုတ်တက်အာဂုံဆောင်သူ၊ ထိုကဗျာ၏ အဆုံးအမအတိုင်း ကျင့်ကြံသူတို့ မေတ္တေယျဘုရားရှင်ကို ဖူးမြင်ရစေကြောင်း ပါရမီတော်ခန်းပျို့ (နိဂုံး၊ ၆)၌—

"စာစောင်နိဒါန်း၊ ဤမော်ကွန်းကို၊ ကျင့်ခန်းကုံလုံ၊ နှစ်မျှားပုံဟု၊ အယုံအကြည်၊ ပညာသည်တို့၊ အရှည်သိမ်းဆည်း၊ ဆောင်စောင့်စည်းလျက်၊ မိတည်းဖူးစေ ကုန်သတည်း"ဟု ဆန္ဒပြုခဲ့ပါသည်။

ရှင်မဟာရဋ္ဌသာရ၏ 'ရွှယ်ရန်ငွေ့၍'ချီ မုတ္တာရွဲသီရတု၌—

"ရည်ကြောင်းတင့်ရည်း၊ ရိမိတည်းဝယ်၊ ရုတ်ချည်းဖူးချင်၊ ရှိဦးတင်၍၊ ရပ်ခွင်နိဗ္ဗာန်၊ ရောက်အံ့မှန်သည်"ဟု ချစ်သူနှင့်အတူ မေတ္တေယျဘုရားကိုဖူး၍ နိဗ္ဗာန်ဆုကိုရလိုကြောင်း တောင်းဆုဆိုထားသည်ကို တွေ့ရပါသည်။

ရှင်အုန်းညို၏ 'ရတနာပူရ'ချီ ပုညရှင်ဘုရားတိုင် ရတုတွင်လည်း "ပုညထွတ်ဝယ်၊ စိတ်ပြတ်သဒ္ဓါ၊ မိတေယျာ၌၊ ကျွတ်ခါအတူ၊ တင်ဆက်လှူသည်၊ အိမ်သူသာရှင် မမယ်သော်"ဟု ဇနီးသည်နှင့်အတူ ကျွတ်ဆုယူလိုကြောင်း ဆုတောင်းထားသည်ကို တွေ့ရပါသည်။

တောင်ငူခေတ်တွင်မူ ချစ်သူနှင့်အတူ ကျွတ်တမ်းဝင်ပါရစေ သော်ဝ်– ဆုတောင်းပင်ဖြစ်သော်လည်း မေတ္တေယျဗုဒ္ဓဝင်ကိုပါ ထည့်သွင်း စပ်ဆိုလာသည်ကို တွေ့ရပါသည်။ လျှော်ကားသုံးဆောင်မျှူး၏ "အာဒိ-

ကမ္ဘာ”ချီ ရတု၏ ပထမပိုဒ်တွင် မေတ္တေယျဘုရားရှင်သည် ကုံကော်ဗောဓိ၌ ပွင့်တော်မူလိမ့်မည်ဟု လူနတ်ပြဟ္မာတို့ ကေတုမတီနေပြည်တော်၌ စုရုံးကြသည်၊ ဒုတိယပိုဒ်တွင် သိကြားမင်း၏တောင်းပန်ချက်ကို ဝန်ခံ၍ အလောင်းတော်သည် တုသိတာမှ စုတေ၍ လူ့ပြည်၌ ပဋိသန္ဓေနေကာ ခြွေရံရှစ်သောင်းနှင့်တကွ အလောင်းတော်ဇနီးမောင်နှံတို့ ပြာသာဒ်ပျံနှင့် တောထွက်ပြီး ကုံကော်ပင်၌ ဘုရားအဖြစ်ရောက်တော်မူမှ ဆွေမျိုးစုံညီ ကျွတ်ဆုယူမည်၊ တတိယပိုဒ်တွင် မေတ္တေယျဘုရား သဗ္ဗညုတဉာဏ်ကို ရ၍ တရားဟောသောအခါမှ ငယ်ကျွမ်းဆွေနှင့်အတူ ကျွတ်တမ်းဝင်မည်-ဟူသောရည်ရွယ်ချက်ဖြင့် စပ်ဆိုထားသည်ကို အောက်ပါအတိုင်း တွေ့ရပါသည်။

“အာဒိကမ္ဘာ၊ ပေါ်ဦးခါက၊ အောင်ချာနဂို၊ ဗဟိုလယ်ချက်၊
ကျွန်းထိပ်ထက်ဝယ်၊ အေးမြက်ပျံ့ကြိုင်၊ ဘဝဂ်လှိုင်မျှ၊ ပွင့်ခိုင်ရွှေလျှော်၊
အပဟော်ဝတ၊ ပဥ္စပုပ္ဖာ၊ နိမိတ်ကြာ၌၊ ရောင်ဝါနီမြန်း၊ ကြာသက်န်းကို၊
ထူးဆန်းအံ့ရာ၊ ငါးစုံပါသော်၊ ပြဟ္မာနတ်ဆွေ၊ ယူဆွတ်ခြွေမှ၊ ပရမေ-
ရောင်ဝှန်၊ လေးတန်ဗုဒ္ဓ၊ ကပ်လိုက်ရ၏၊ ဇကဗုဒ္ဓံ၊ စီဝရံကို၊ သဟံပြဟ္မာ၊
နောင်လာစီးပွား၊ ချန်ဝှက်ထား၍၊ ကျော်ကြားပတ်ကုံး၊ သောင်းခန်းလုံးဝယ်၊
မဆုံးဝှန်သည်း၊ မြေကြီးကြည်းမျှ၊ မိတည်းနောင်တော်၊ မြတ်ကုံကော်နှိုက်၊
လေးဘော်သစ္စာ၊ ခြောက်ဖြာရောင်ခြည်၊ ပွင့်လမည်ဟု၊ လူ့ပြည်နတ်ရွာ၊
ပြဟ္မာကစ၊ ဖျင်မျှပြောထု၊ ရုံးလှာစုသည်။ ။ကေတုမတီတွင်တကား။

သာဘိစံရာ၊ လောင်းတကာတို့၊ အောင်ချာချက်မှတ်၊ ဇာတိ
မြတ်ဟု၊ လူနတ်ပျော်ရာ၊ တုသိတာနှိုက်၊ မဟာသုခ၊ စံပြီးမှလျှင်၊ ဒေဝ-
သီရိ၊ သမ္ပတ္တိဖြင့်၊ အာဒိဘူတံ၊ သူ့ဇံသင်္ကော၊ ယာစိတောမှ၊ နုမောဝန္တံ၊
အာမခံ၍၊ လူ့ထံသန္ဓေ၊ တိဟိတ်နေလျက်၊ ရံဆွေအပေါင်း၊ ရှစ်သောင်း
ထွက်ထား၊ မိဖုရားနှင့်၊ နှစ်ပါးမောင်နှံ၊ ပြာသာဒ်ပျံထက်၊ ရှေးကပင့်ဆော်၊
တောထွက်သော်လျှင်၊ ကုံကော်မြပင်၊ ရွှေပလ္လင်ထက်၊ အောင်မြင်သစ္စာ၊
ပွင့်သောခါမှ၊ မကွာတူပင်၊ အစုံလျှင်တည့်၊ သာရွှင်လှုလှု၊ ကျွတ်မည့်ဆု
သည်။ ။ဆွေစုတညီပင်တကား။

. . . ကံကော်ရိပ်နိုက်၊ နွံနိုပ်တရား၊ မာရ်ငါးပါးကို၊ ထွားထွား ဖျောက်ကြဉ်၊ အောင်သောစဉ်တွင်၊ သဗ္ဗညုတ၊ ဉာဏကွန်ရက်၊ ဖြန့်လျက် အချာ၊ ရုံးသောခါမှ၊ မေတ္တာထပ်မွမ်း၊ ပျိုငယ်ကျွမ်းကို၊ တလမ်းတည်းဝင်၊ ရွှေလက်ငင်၍၊ မစင်ညစ်ကျူ၊ မကောင်းမှုသည်။ ။ဖွေလုမမီခင်တကား။

မိစောမင်းနှစ်ဆို 'ဥတုဂရု'ချီရတုတွင် မေတ္တေယျဘုရားလောင်း စံရာ တုသိတာနတ်ပြည်၌ နှစ်ပါးစုံဖြစ်၍ မေတ္တေယျဘုရားပွင့်သည့်အခါ ကျွတ်ဆုယူပါရစေ-ဟူသော ချစ်သူမင်းသား၏စကားကို နားဝင်မိကြောင်း ကို—

"တုသိတာဘောင်၊ ပျော်ရအောင်ဟု၊ ယခေါင်မပွင့်၊ မိတည်း လင့်၍၊ ခါသင့်ကြိုက်ကြုံ၊ ကျွတ်ဘို့ဆုံသည်၊ လူ့ဘုံနတ်ပြည်၊ အတည် မဖြစ်၊ ရှင်ချစ်မင်းသား၊ ဆိုစကားကို၊ တရားနားဝင်၊ ကြားမိထင်ရှင့်"ဟု တွေ့ရပါသည်။

သီဟိုဠ်ကျမ်းပြုဆရာတော်တို့နည်းတူ မြန်မာဆရာတော်အချို့ သည်လည်း မေတ္တေယျဘုရားသခင်အား ဖူးမြင်ခွင့်ရအောင်ဆုတောင်း လေ့ရှိကြောင်း သိရပါသည်။ ပင်းယခေတ်က ဆူးတွင်းပစ်ဆရာတော် ဟူ၍ထင်ရှားသော ရှင်နာဂိတသည် မိမိပြုသော 'သဒ္ဒသာရတ္ထဇာလိနီ ကျမ်း နိဂုံး'၌ အရိမေတ္တေယျဘုရားသခင်ကို ဖူးမြင်ရစေကြောင်း ဆုတောင်း ထားပါသည်။ တစ်ဖန် နေရင်းဆရာတော် ရှင်အရိယာလင်္ကာရသည် မိမိကျမ်းများ၏ နိဂုံး၌ "ဤကောင်းမှုကြောင့် ဤဘဝမှစုတေသော် ဒုတိယဘဝ၌ ဟိမဝန္တာတော၊ ဂန္ဓမာဒနတောင်၊ မဉ္ဇူသကပန်းပင်၏အနီးမှာ ဘုမ္မစိုးနတ်ဖြစ်၍ မေတ္တေယျဘုရား ပွင့်တော်မူသောအခါမှ လူအဖြစ်ကို ရပြီးလျှင် မေတ္တေယျထံပါး၌ မဟာသာဝကကြီး ဖြစ်ရပါလိုကြောင်း ဆုတောင်းထားပါသည်။

မြန်မာ့အစဉ်အလာ၌ မေတ္တေယျဘုရားအလောင်းကို ကိုး- ကွယ်မှုမျိုး မရှိခဲ့သော်လည်း မန္တလေးခေတ်သို့ ရောက်သောအခါ မေတ္တေ- ယျဘုရားအလောင်းကို အကြောင်းပြု၍ အမေးပုစ္ဆာများ ပေါ်ပေါက်ခဲ့ပါ သည်။ ထိုအကြောင်းကို လုံးတော်ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်း၌ တွေ့ရပါသည်။ မေတ္တေယျရုပ်တုကိုးကွယ်မှုနှင့် ပတ်သက်၍ မေးသည်ကို ဆရာတော်က ကျမ်းဂန်အကိုးအကားပြု၍—

"ကျမ်းဂန်လာသည်ကိုထောက်လျှင် လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းထက်ကပင် ရလတ့်သော သဗ္ဗညုတဉာဏ်တော်ကို အာရုံပြု၍ ဘုရား၊ နတ်၊ လူပရိသတ်တို့ ပူဇော်သည်-ဟူရကား နောင်ပွင့်တော်မူ လတ့်သော ဘုရားဂုဏ်ကိုအာရုံပြု၍ ကိုးကွယ်လေးမြတ် ဆည်းကပ်သည့် သူတို့ ဖြူစင်သန့်ရှင်းသောသဘော ယောနိသောမနသိကာရ ဥဇုကမ္မ ဖြစ်အံ့၊ စင်စစ်ကုသိုလ်ရ၏"ဟု ဖြေပါသည်။

တဖန် "ယခုကာလ ဂေါတမဘုရား၏ရုပ်ပွားတော် ဆင်းတု တော်တို့ကို ကိုးကွယ်လျှုဒါန်းသည်နှင့် အဘယ်သို့ကွဲပြားကြမည်"ဟူသော မေးလျှောက်ချက်ကိုကား- ဆရာတော်က အောက်ပါအတိုင်း ဖြေပါသည်။

> ရည်ရင်းဝတ္ထုကပင် ဘုရားမုချ မဟုတ်သေးသည်လည်း တစ်ကြောင်း၊ ဂေါတမဘုရား၏ ကိုယ်တော်စား ရုပ်ပွား ဆင်းတု-စသော စေတီသုံးပါး ထင်ရှားရှိသေးသည်လည်း တစ်ကြောင်း၊ အကယ်၍တည်း နိယျာနိက ဝဋ္ဋဒုက္ခမှ ထွက်- မြောက်ကြောင်း ကောင်းသောနှလုံးသွင်းရှိသည်ဖြစ်အံ့၊ သက်တော်ထင်ရှား ဘုရားနှင့်တူစွာ ချမ်းသာသုံးတန်ကို ဧကန်မုချ ရစေနိုင်သော ငါတို့ ဂေါတမဘုရား သာသနာ သည် ××× ဝဋ္ဋတရားမှ ×× နိဗ္ဗူသောင်သို့ရောက်အောင် ပို့နိုင်ပြီးရကား အဘယ်မှာ ကိုးကွယ်ရာ ရှာဘွယ်ကိစ္စ ရှိလေတော့ အံ့နည်း-ဟု ဂန္ထန္တရပဟုသုတ အရှင်မြတ်တို့ ဆုံးဖြတ်တော်မူရန်ရှိသည် တစ်ကြောင်း ဖြစ်၍ ဘုရားစင်စစ် ဧကန် သဗ္ဗညုတဉာဏ် ကိန်းအောင်းတော်မူသော ကိုယ်- တော်မြတ်၏ သရီရဓာတ် စေတီတော်ကို မမှီနိုင်ရာ။"
>
> (ပကိဏ္ဏက ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ ပ-တွဲ။ ၄၇၀။)

ဤသို့ပင် မေတ္တေယျဘုရားလောင်းကို မကိုးကွယ်သည်မှာ ထင်ရှားသော်လည်း ငါးမျက်နှာဘုရားစေတီတို့၌ ဘုရားငါးဆူမုံတော် တို့ကို တည်ထား၍ ကိုးကွယ်ကြရာ မပွင့်သေးသော မေတ္တေယျဘုရား လောင်းကိုလည်း ပွင့်တော်မူပြီးသော ဘုရားအသွင်တော်ဖြင့် ဖူးတွေ့နေရ

ပါသည်။ ဤသို့ ဆင်းတုတော်ထုလုပ် ပူဇော်ခြင်းသည် မေတ္တေယျဘုရား အလောင်းကို ကိုးကွယ်မှုမဟုတ်ပဲ ပွင့်တော်မူမည့်ဘုရားရှင်အား ရည်မှန်း ပူဇော်ခြင်းမျိုးသာ ဖြစ်သည်ဟု ယူဆမိပါသည်။ ဘုရားအလောင်းကို ပူဇော်သည့်အလေ့ကိုလည်း သုမေဓာဗျာဒိတ်ခန်း၌ တွေ့နေရပါသည်။ ကိုယ်ကိုတံတားခင်း၍ ဒီပင်္ကရာဘုရားသခင်အား ပူဇော်သော သုမေဓာကို နောင်အခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့သောပုဂ္ဂိုလ်ဟု သိမြင်တော်မူသဖြင့် ဒီပင်္ကရာဘုရားသခင်က ပန်းရှစ်ဆုပ်ဖြင့် ပူဇော်ပါသည်။ ရမ္မာဝတီပြည်သူ အပေါင်းကလည်း ပူဇော်ပါသည်။ ဤအစဉ်အလာကိုထောက်လျှင် ဘုရား အလောင်းကို ပူဇော်ခြင်းမျှသာ ဖြစ်သည်ဟု ယူသင့်ပါသည်။ တစ်နည်း အားဖြင့်လည်း ဘုရားငါးဆူတို့ဖြင့် တန်ဆာဆင်အပ်သော ဤဘဒ္ဒကမ္ဘာ ၌ ပွင့်တော်မူပြီးသော ဘုရားလေးဆူကိုပူဇော်ယင်း ပွင့်တော်မူလတ္တံ့သော ဘုရားရှင်ကိုပါ ပူဇော်ခြင်းဟု ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့်လည်း ဘုရားငါးဆူပွင့်တော်မူမည့် ဘဒ္ဒကမ္ဘာ၏သရုပ်ကို ပူဇော်သောအားဖြင့် ဘုရားငါးဆူတို့ကို ပူဇော်ခြင်းဟု ဆိုနိုင်ပါသည်။

ကိုးကွယ်သည်ဟူရာ၌ အကိုးကွယ်ခံပုဂ္ဂိုလ်၏ အဆုံးအမကို နာခံခြင်း၊ ကျင့်စဉ်ကို လက်ခံခြင်း၊ အယူဝါဒကို ယုံကြည်သက်ဝင်ခြင်းတို့ အကျုံးဝင်ပါသည်။ မေတ္တေယျကို ကိုးကွယ်ရအောင်ကလည်း မေတ္တေယျ ဘုရားသည် ဘုရားအလောင်းတော်ဘဝမျှသာ ရှိပါသေးသည်၊ ဘုရား အဖြစ်သို့ မရောက်သေးပါ၊ ဟောအပ်သောတရားဒေသနာဟူ၍လည်း မရှိသေးပါ။ ထို့ကြောင့် ကိုးကွယ်သည်ဟူသော အသုံးကို မသုံးနိုင်ပါ၊ ပူဇော်သည်ဟူ၍သာ သုံးနိုင်ပါသည်။ ပူဇော်သည်ဟူသော စကားသည် ဂုဏ်ပြုသည်၊ ချီးကျူးသည်ဟူသော အဆင့်မျှသာရှိပါသည်။ ထို့ကြောင့် ငါးမျက်နှာဘုရားစေတီတို့၌ ဘုရားငါးဆူပုံတော်ရှိနေခြင်းသည် မေတ္တေယျ ဘုရားအလောင်းကို ကိုးကွယ်သောအားဖြင့် ထုလုပ်ကိုးကွယ်ခြင်းမျိုး မဟုတ်ကြောင်း ထင်ရှားပါသည်။

မေတ္တေယျဘုရားဖူးရအောင်ကျင့်စဉ်-

မေတ္တေယျဘုရားသခင်ကို ဖူးချင်သူတို့ မည်သို့သောနည်းဖြင့် မေတ္တေယျဘုရားသခင်ကို ဖူးမြင်ခွင့် ရနိုင်ပါသနည်း၊ မေတ္တေယျဘုရား ဖူးရအောင် ကျင့်စဉ်ကို အနာဂတဝင်ပါဠိတော်၌ အောက်ပါအတိုင်း ဖော်ပြ ထားပါသည်။

"မေတ္တေယျဘုရားရှင်ကို ဖူးမြင်ရခြင်းငှာ သင်တို့သည် ထိတ်လန့်သောစိတ်ရှိကုန်သည်ဖြစ်၍ ဤသာသနာတော်၌ ကောင်းစွာအားထုတ်ခြင်းကို မြဲမြံစွာပြုကြကုန်လော့၊"

"မမေ့မလျော့နေလေ့ရှိကုန်သော ရှေးကောင်းမှုရှိကုန်သော ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသက၊ ဥပါ-သိကာမတို့သည်ငှင်း၊ နတ်နှင့်တကွသော လူတို့သည်ငှင်း ထိုမေတ္တေယျဘုရား ပွင့်တော်မူသောအခါ အလွန်ကြီးကျယ်စွာသော ကောင်းမြတ်သော အစည်းအဝေးဟု ဆိုအပ်သော ဘုရားပူဇော်ပွဲကြီးကို မြင်ကြရကုန်လတ့်။"

(အနာဂတဝံသ၊ ဂါထာ၊ ၁၃၇၊ ၁၃၈၊ ၁၃၉။)

အနာဂတဝင်အဋ္ဌကထာကလည်း မေတ္တေယျဘုရားဖူးရမည့် ပုဂ္ဂိုလ်၊ ဖူးရအောင် ကျင့်စဉ်အဖြစ် ပြုကျင့်ရမည့် ကုသိုလ်ကောင်းမှုတို့ကို အောက်ပါအတိုင်း ခွဲခြားဖော်ပြ ထားပါသည်—

"သံဃာသင်းခွဲခြင်းစသော အနန္တရိယကံကို ကျူးလွန်သဖြင့် အဝီစိ၌ဖြစ်ရသော ဒေဝဒတ်၊ နိယတမိစ္ဆာဒိဋ္ဌိ ရှိသူ၊ အရိယူပဝါဒကံ ထိုက်သူ၊ ရပ်ပြစ်ရှစ်ပါး၌ ဖြစ်သူ၊ နိဂဏ္ဌာဂိုဏ်း ဝင်၊ သံဃာအတွက်ထားသောဝတ်ကို စားသုံးသူ-ဤပုဂ္ဂိုလ်တို့မှကြွင်းသော သတ္တဝါဟူသမျှ ဖူးခွင့်ရနိုင်၏။

အလှူပေးသူ၊ သီလဆောက်တည်သူ၊ ဥပုသ်စောင့်သူ၊ ဗြဟ္မစရိယကိုကျင့်သူ၊ စေတီတည်သူ၊ ဗောဓိပင်စိုက်သူ၊ အာရာမ်ဆောက်သူ၊ ဥယျာဉ်တည်သူ၊ တံတားခင်းသူ၊ တံမြက်လှည်းသူ၊ ဇရပ်ဆောက်သူ၊ ရေတွင်းတူးသူ၊ သာ-သနာကို ချီးမြှောက်သူ၊ ဓမ္မကထိကတို့အတွက် တရား-

မဏ္ဍပ်, တရားဟောပလ္လင်စီရင်၍ ယပ်လေခတ်ခြင်း၊ အဝတ် သက်န်း ပန်း နံ့သာ အခိုး အထုံ စသည်ဖြင့် ပူဇော်၍ ရှိသေစွာ တရားနာသူ၊ သံဃာအား အာမိသဝတ္ထုဖြင့် ပူဇော်သူ၊ မိဘ လုပ်ကျွေးသူ၊ ကြီးသူကို ရှိသေသူ၊ စာရေးတံ ဆွမ်း, လခွဲ ဆွမ်း, ဥပုသ်ဆွမ်း လှူသူ၊ ပုညကိရိယဝတ္ထု ဆယ်ပါးကို ဖြည့်ကျင့်၍ ဘုရားရှင်ကိုဖူးမြင်ရအောင် ဆုတောင်းပြီးလျှင် အယုတ်သဖြင့် ပန်းတစ်ဆုပ်၊ ဆီမီး တစ်တိုင်၊ မီးစာ၊ ဆွမ်းတစ်လုပ် လှူသူ၊ သူတစ်ပါးတို့၏ ကုသိုလ်ကို ဝမ်းမြောက်သူတို့ ဖူးမြင်ကြရလတ့်။ ထိုသူ-တို့သည် ဘုရားရှင်၏တရား ဒေသနာကိုနာရ၍ အရိယာ ဘုံသို့ ရောက်ကုန်လတ့်။ အရိယာမဖြစ်သူတို့ကား နတ်ပြည်၌ ဖြစ်ကုန်လတ့်။”

မေတ္တေယျဘုရားရှင်ကို ဖူးမြင်ရအောင် ကျင့်စဉ်တစ်မျိုး ကိုလည်း ရှင်မာလဲဝတ္ထုတွင် တွေ့ရပါသေးသည်။ ထိုရှင်မာလဲဝတ္ထု (ပေမူ)တွင် လာသည့်အတိုင်း အများအကျိုးငှာ တင်ပြလိုက်ပါသည်။

ရှင်မာလဲမထေရ်သည် သီဟိုဠ်ကျွန်း ကမ္ဘောဇနရွာကို အမှီ ပြု၍ ရောဟန ဇနပုဒ်၌ နေတော်မူ၏။ တစ်နေ့သောအခါ ဆွမ်းခံကြွတော် မူရာ ဆင်းရဲသားတစ်ဦး ကပ်လှူသော ကြာရှစ်ပွင့်ကို ရတော်မူ၏။ ထို ကြာရှစ်ပွင့်ကို စူဠာမဏိစေတီတော်ကို ပူဇော်ရန် တာဝတိံသာသို့ ကြွ တော်မူ၏။ စူဠာမဏိစေတီတော်ကို ဖူးမျှော်ပြီး သိကြားမင်းနှင့် စကား ဆိုနေစဉ် အရိမေတ္တေယျ ဘုရားလောင်းနတ်သား ဘုရားဖူးလာသည်နှင့် ကြုံတော်မူ၏။ ထိုနတ်သားနှင့် ပဋိသန္ထာရစကားကို ဆိုတော်မူ၏။ ဘုရား အလောင်းနတ်သားက—

“ဇမ္ဗူဒီပါကျွန်းသူတို့သည်ကား ကုသိုလ်ကောင်းမှုကို ပြုသောသူတို့သည် အဘယ်သို့သောဆုကို တောင်းကြကုန် သနည်းဟု မေးလျှောက်၏။ အရှင်မာလဲမထေရ်က—

“အလောင်းမင်း၊ ဇမ္ဗူဒီပါကျွန်းသူတို့သည်ကား အနည်းငယ်သော ကုသိုလ်ကောင်းမှုတို့ကို ပြုရသော်ငြား၊

သူတပါးတို့ကို တိုက်တွန်း၍ ပြုစေသော်၎င်း၊ သူတထူးပြုသည်ကို သာဓုခေါ်ရသော်၎င်း၊ အရိမေတ္တေယျဘုရားသည် ဘုရားဖြစ်တော်မူသောအခါ မချွတ်မလွဲလက်ဦးစွာ ဖူးမြင်ရစေသော အကျွတ်တရားကို ရစေသော အရိမေတ္တေယျ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မမူမီအကြား သံသရာ၌ ကျင်လည်သမျှလည်း စိတ်နှင့်ကိုယ်ကို အစိုးရ၍ အပါယ်လေးပါး ငရဲမလားစေသောဟူ၍ ဤသို့ ဇမ္ဗူဒီပါ ကျွန်းသူတို့သည် ဆုတောင်းကြကုန်သတည်း”ဟု မိန့်တော်မူလေ၏။

“အရှင်ဘုရား ခပ်သိမ်းသော ဇမ္ဗူဒီပါ ကျွန်းသူကျွန်းသားတို့သည် အကျွန်ုပ်ဘုရားဖြစ်သောအခါ ဖူးတွေ့မြင်ချင်ကြသည် ဖြစ်ကုန်အံ့။ အကျွတ်တရားတို့ကို ရလိုကြကုန်အံ့။ ထိုသို့အကျွတ်တရားကို ရလိုသောသူ၊ ဖူးတွေ့မြင်ချင်သော သူတို့သည် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော မဟာဝေဿန္တရာဇာတ်တော်ကို နေ့ချင်းကုန်အောင်—

၁။ ဆီမီးတစ်ထောင်၊

၂။ ကြာနီ၊ ကြာဖြူ၊ ကြာပဒုမ္မာ၊ ကြာတံဆိပ်၊ ကြာညို-တို့ဖြင့်တစ်ထောင်၊

၃။ ခတောက်ပန်းတစ်ထောင်၊

၄။ ကေရာဇ်ပန်းတစ်ထောင်၊

၅။ တံခွန်တစ်ထောင်၊

၆။ ဆွမ်းအုပ်တစ်ထောင်-ဤခြောက်ပါးတို့ကို တစ်ထောင်စီဖြင့် ပူဇော်၍ နေ့ချင်းကုန်အောင် နာကုန်ရာ၏။ ဤသို့ တစ်ထောင်စီဖြင့် ပူဇော်၍ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်သော မဟာဝေဿန္တရာဇာတ်တော်ကို နေ့ချင်းကုန်အောင် နာရသောသူတို့သည်ကား ကျွန်ုပ်ဘုရားမဖြစ်မီအကြား သံသရာ၌ ကျင်လည်လေသမျှလည်း စိတ်နှင့်

ကိုယ်ကို အစိုးရ၍ လူကောင်း နတ်ကောင်းတို့၏ စည်းစိမ်-
ကို ခံရလေအံ့သတည်း၊ ကျွန်ုပ်ဘုရားဖြစ်သောအခါလည်း
မျက်မှောက်ကကာလျင် ဖူးတွေ့မြင်ရအံ့၊ ပဋိသမ္ဘိဒါပညာ
လေးပါးနှင့်တကွ ရဟန္တာအဖြစ်ကို မချွတ်မလွဲ ရလေကုန်အံ့
သတည်း”ဟူ၍ ရှင်မာလဲထေရ်အား အရိမေတ္တေယျ
မြတ်စွာဘုရားအလောင်းတော် လျှောက်တော်မူ၏။

ရှင်မာလဲမထေရ်သည် ဇမ္ဗူဒီပါသို့ ပြန်ရောက်သော် အရိ-
မေတ္တေယျဘုရားအလောင်းနတ်သား လျှောက်ထားသောအတိုင်း
ဒါယကာတို့အား ဩဝါဒပေးတော်မူ၏။ ဇမ္ဗူဒီပါကျွန်းသားတို့လည်း
ဘုရားအလောင်းနတ်သား၏အလိုကျ ကုသိုလ်ကောင်းမှုပြုခြင်း၊ မဟာ-
ဝေဿန္တရာဇာတ်ကို နေ့ချင်းကုန်အောင်နာခြင်း၊ ဆုတောင်းခြင်းကို ပြုကြ
ကုန်၏။ သေလွန်သော် နတ်စည်းစိမ်ကို ခံကြရကုန်၏။

~~~~~~~~
~~~~~~~~

# မေတ္တေယျဘုရားအလောင်း

ဤကမ္ဘာ၌ ဘုရားငါးဆူပွင့်တော်မူမည်။ မေတ္တေယျဘုရား-ရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူလိမ့်မည်ဟု အများသိကြပါသည်။ သို့သော် ယခုအခါ မေတ္တေယျဘုရားအလောင်း အဘယ်ဘုံမှာ စံနေသည်၊ အဘယ်သူ ဖြစ်သည်၊ အဘယ်သို့ ပါရမီဖြည့်ခဲ့သည်ကိုမူကား သိသူ ရှားကြပါသည်။

ယနေ့ မျက်မှောက်ခေတ်တွင် အချို့သော ဗုဒ္ဓဘာသာ အဆောက်အအုံများအတွင်း၌ အလောင်းတော်နတ်သားရုပ်တုကို ဖူးတွေ့နေရပါသည်။ သီရိလင်္ကာနိုင်ငံလည်း မေတ္တေယျဘုရားအလောင်းကို နတ်စာရင်းတွင်သွင်း၍ ကိုးကွယ်ကြပါသည်။ (Adikaram-Early History of Buddhism in Ceylon, pp 152-3)

အလောင်းတော်နတ်သားဟု ကမ္ပည်းတပ်ခြင်းမှာ ယခုအခါ မေတ္တေယျဘုရားအလောင်းသည် တုသိတာနတ်ပြည်၌ စံနေတော်မူသောကြောင့် ဖြစ်ပါသည်၊ တုသိတာနတ်ပြည်၌ စံနေကြောင်းကိုလည်း မဟာ-ဝံသ-စသော ဂန္ထဝင်ရကျမ်းများအရ သိရပါသည်။

သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းကြီး သေလွန်ခါနီးလတ်သော် ပရိတ်တရားတော်များ နာရသောအကျိုးကြောင့် ဒုဋ္ဌဂါမဏိမင်းကြီးကို နတ်ပြည်သို့ ခေါ်ဆောင်ရန် နတ်ပြည်ခြောက်ထပ်မှ နတ်သားခြောက်-ယောက်တို့သည် ရထားခြောက်စင်းနှင့် ရောက်လာကြ၏။ နတ်ပြည်ခြောက်ထပ်တွင် အဘယ်နတ်ပြည်သည် သာယာမွေ့လျော်ဖွယ်ရှိပါသနည်းဟု မေးသောကာလ အဘယ-မထေရ်က မေတ္တေယျဘုရား-အလောင်းတော်စံရာ တုသိတာနတ်ပြည်သည် မွေ့လျော်ဖွယ်ရှိကြောင်း မိန့်တော်မူပါသည်။ [မဟာဝံသ၊ ၃၂၊ ၂၂၃-၄] ထို့ကြောင့် မေတ္တေယျဘုရားအလောင်း တုသိတာနတ်ပြည်၌ စံနေကြောင်း သိရပါသည်။

တဖန် မဓုရရသဝါဟိနီဝတ္ထု (၄၉-စူဠကလ္လကဏ္ဏကဝတ္ထု) တွင်လည်း မေတ္တေယျဘုရားအလောင်းသည် တုသိတာနတ်ပြည်၌ စံနေတော်မူကြောင်း ဆိုပါသည်။

ရှင်မာလဲဝတ္ထု (ပေမူ)တွင်လည်း မေတ္တေယျဘုရားအလောင်း တုသိတာနတ်ပြည်၌ စံနေတော်မူကြောင်း ဖော်ပြရုံမျှမက အလောင်း-တော်နတ်သားက "မိမိဘုရားဖြစ်သောအခါ လက်ဦးဖူးတွေ့ရအောင် မဟာစေဿန္တရာဇာတ်ကို ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်တို့ဖြင့် ပူဇော်၍ နေ့ချင်းကုန်အောင် နာရမည့်အကြောင်း ရှင်မာလဲမထေရ်အား လျှောက်ထားလိုက်ကြောင်း"ကိုပါ ဖော်ပြထားပါသည်။

ဤသို့ ပါဠိဘက်ဆိုင်ရာ ကျမ်းဂန်များအရသာမက သက္ကတ ကျမ်းဂန်များအရလည်း မေတ္တေယျဘုရားအလောင်းတော် တုသိတာ နတ်ပြည်၌ စံနေတော်မူကြောင်း သိရပါသေးသည်။ ဂေါတမဘုရား-အလောင်းသည် နောက်ဆုံးဘဝအဖြစ် လူ့ပြည်၌ သန္ဓေယူသောအခါ မိမိကိုယ်စား နတ်ပရိသတ်အပေါင်းကို တရားဟောပြဆုံးမရန် ရာထူး လွှဲသောအားဖြင့် မိမိ၏ဦးခေါင်းထက်မှ ဥဏှောင်ကိုချွတ်၍ မေတ္တေယျ ဘုရားအလောင်း၏ ဦးခေါင်းထက်၌ ဆောင်းပေးတော်မူကြောင်း လလိတဝိတ္ထရကျမ်း (အခန်း-၅)၌ ဆိုပါသည်။

"အမျိုးကောင်းသားသည် သဒ္ဓမ္မပုဏ္ဍရိကတရားကို ပူဇော် သင့်သည်။ မပျံ့လွင့်သောစိတ်ဖြင့် ရေးသားသင့်သည်။ ထို့ကြောင့် သေသည့်ခဏ၌ မေတ္တေယျဘုရားအလောင်းတော်စံရာ တုသိတာနတ် တို့၏ အသင်းအပင်းအဖြစ်သို့ ရောက်လတ္တံ့"ဟု သဒ္ဓမ္မပုဏ္ဍရိကကျမ်း (အခန်း-၂၆)၌ ဆိုသဖြင့်လည်း မေတ္တေယျဘုရားအလောင်းသည် တုသိတာနတ်ပြည်၌ စံနေတော်မူကြောင်း သိရပါသည်။

နတ်ပြည်၌ စံတော်မူသော မေတ္တေယျဘုရားအလောင်း သည် ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက အဘယ်သူဖြစ်၍ အဘယ်သို့ ဗျာဒိတ်ခံခဲ့သည်ကို အနာဂတဝင်အဋ္ဌကထာက အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

မေတ္တေယျဘုရားအလောင်းသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည် ၌ အဇာတသတ်မင်းကို စွဲ၍ မိဖုရားခေါင်ကြီး အဥ္စနဒေဝီ၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဖွားသောအခါ အဇိတကုမာရဟု တွင်၏။ အဇာတသတ် မင်းသည် မြတ်စွာဘုရားသာသနာ၌ သူမတူသော ကြည်ညိုခြင်းရှိရကား

သာသနအမွေခံဖြစ်လို၍ အဇိတမင်းသားကို အခြံအရံငါးရာနှင့်တကွ ရဟန်းပြုစေ၏။ အဇိတမင်းသားသည် နောင်သောအခါ ရဟန်းအဖြစ်ကို ရ၍ သီလ,သမာဓိ,ပညာနှင့်ပြည့်စုံသော အဇိတထေရ်ဟု ထင်ရှား၏။

မြတ်စွာဘုရားသည် အဇိတထေရ်ကို ခေါ်ဆောင်၍ ကပိလ ဝတ္ထုသို့ ကြွတော်မူကာ နိဂြောဓာရုံကျောင်းတော်၌ နေတော်မူ၏။ ထိုအခါ မဟာပဇာပတိဂေါတမီသည် ဝါပင်ကို ကိုယ်တိုင်စိုက်၍ ဝါပေါက်ကို ကိုယ်တိုင်ကောက်၊ ကိုယ်တိုင်ဖန်၊ ကိုယ်တိုင်ဝင့်၍ ရသော ချည်ဖြင့် သင်္ကန်းရက်စေပြီး သင်္ကန်းအစုံကို မြတ်စွာဘုရားအား ကပ်လှူ လာ၏။ မြတ်စွာဘုရားသည် တစ်ထည်ကို အလှူခံ၍ ကျန်တစ်ထည် ကို သံဃာအား လှူလော့-ဟု တိုက်တွန်းတော်မူ၏။ ဂေါတမီ၏ သင်္ကန်းအလှူကို သံဃာထုသည် အလှူမခံချေ။ အဇိတထေရ်သာ ခံယူလေ၏။ ဤသို့ ခံယူသည်နှင့်စပ်လျဉ်း၍ သံဃာက "မထင်ရှားသော ရဟန်းတစ်ပါး အလှူခံလေသည်တကား"ဟု ကဲ့ရဲ့ကြ၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့ ဤသို့ အညတရ ဝါဒ-မထင်ရှားသော ရဟန်းဟူသောစကားဖြင့် မကဲ့ရဲ့ကြနှင့်၊ ဤရဟန်း သည် ဘုရားအညွန့်အညောက်တည်း။ ဘုရားမျိုးစေ့တည်း။ ပြည့်ပြီး သော ပါရမီရှိသော ဘုရားလျာတည်း။ တိမ်တိုက်ကြား၌ ထွန်းလင်း သော နေရောင်ခြည်ကဲ့သို့တည်း။ ထို့ကြောင့် ပြာဖုံးသော မီးခဲကဲ့သို့၊ မြေမှုန့်ကပ်နေသော ပတ္တမြားကဲ့သို့၊ မြေကြီးဖုံးနေသော ရွှေအိုးကဲ့သို့၊ ပွင့်လုဆဲ ကြာပဒုမ္မာကဲ့သို့၊ ယုဂန္ဓိုရ်တောင်အနီးမှာ နေငယ်တစ်စင်း ကဲ့သို့ သဗ္ဗညုတဉာဏ် ဖြစ်ပေါ်ခါနီးသော ယောက်ျားမြတ်တည်း။ ရဲရင့်သော ယောက်ျားသည် ငါ၏ သာသနာသို့ ဝင်၍ မဟာဗြဟ္မာ ကြီး၏ အနီး၌ ဗြဟ္မာကလေးကဲ့သို့၊ ရွှေဟင်္သာမင်းအနီး၌ ဟင်္သာငယ် ကဲ့သို့၊ ဆဒ္ဒန်ဆင်မင်း၏ အနီး၌ ဆင်ပေါက်ကဲ့သို့၊ မြင်းမိုတောင်အနီး ၌ ယုဂန္ဓိုရ်တောင်ကဲ့သို့၊ လဝန်းအနီး၌ သောကြာကြယ်ကဲ့သို့၊ စကြာ- မင်း အနီး၌ သားကြီး ရတနာကဲ့သို့တည်း။ ထို့ကြောင့် မထင်ရှားသော ယောသော ပေါ်သော သတ္တဝါမဟုတ်။ [ န အညတရော ဇာတော ဧသ ယော ဝါ သော ဝါ သတ္တော ]။

ဤရဟန်းသည် ရှေးလွန်လေပြီးသောကာလ၌ ပဒုမမည်သော စကြာမင်းဖြစ်စဉ် သုမိတ္တမြတ်စွာဘုရားကို ကျောင်း၊ ဆီမီး၊ သင်္ကန်း-စသည်တို့ဖြင့် ပူဇော်ခဲ့၏။ ဖြဟ္မဘာဝီမည်သော မင်းဖြစ်သောအခါ မေတ္တေယျဘုရားကို ရတနာမဏ္ဍပ်တို့ဖြင့် ပူဇော်ခဲ့၏။ ထိုမှ ၁၆-သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော မဟုတ္တမြတ်စွာဘုရားလက်ထက်တော်၌ ပဘာဝန္တမည်သော စကြာမင်းဖြစ်၏။ စကြာမင်းအဖြစ်ကို စွန့်၍ ထိုမြတ်စွာဘုရားထံ၌ ရဟန်းပြုသဖြင့် ရတနကထေရ်ဟု တွင်၏။ ထိုဘုရားရှင်ထံ၌ ဘုရားဆုကို ပန်၏။ ထိုအခါမှစ၍ အတိုင်းမသိသော ပါရမီဆောက်ဦးတို့ကို ဖြည့်ကျင့်ခဲ့၏။ ထိုထိုကမ္ဘာတို့၌ ပွင့်တော်မူသော တဏှင်္ကရာ-စသော နှစ်ကျိပ်ခုနစ်ဆူကုန်သောဘုရားရှင်တို့ထံ၌ ဗျာဒိတ်ခံခဲ့၍ ယခုအခါ အဇိတသတ်မင်းကိုစွဲ၍ ငါ၏ သာသနာ၌ ရဟန်းပြုပြီးလျှင် သီလ၊ သမာဓိ၊ ပညာအကျင့်ကိုဖြည့်စေလျက် ပါရမီအပေါင်းကို ဆည်းပူး၍ နေ၏။ ဤသို့သောအကြား၌ မထီမဲ့မြင် မပြုကြနှင့်”ဟု မိန့်တော်မူ၏။

ထိုအခါ အဇိတထေရ်သည် မိမိရသောသင်္ကန်းကို ဂန္ဓကုဋီအတွင်းရှိ မြတ်စွာဘုရား၏ ညောင်စောင်း၌ ဗိတာန်ကျက်၏။ မြတ်စွာဘုရားလျောင်းတော်မူသည်ရှိသော် မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထိုသင်္ကန်းရောင်ဖြင့် အတိုင်းမသိ တင့်တယ်တော်မူ၏။ အဇိတထေရ်လည်း ထိုအခြင်းအရာကိုမြင်လျှင် “ငါဘုရားဖြစ်သောအခါ ရတနာခုနစ်ပါးဖြင့်ပြီးသော ရွှေပန်းဆိုင်းဆွဲသော တဆယ့်နှစ်ယူဇနာရှိသော ဆန်းကြယ်သော ပတ္တမြားဗိတာန် ဖြစ်ပါစေသော၀်”ဟု ပတ္ထနာ၍ မြတ်စွာဘုရားကို ရှိခိုးလျက်နေ၏။

မြတ်စွာဘုရားသည် ပြုံးတော်မူ၏။ အာနန္ဒာက ပြုံးတော်မူခြင်း၏ အကြောင်းကို လျှောက်ထားရာ မြတ်စွာဘုရားက “ယခုအခါမဟုတ်သေး၊ ဆွမ်းကိစ္စပြီးမှ လျှောက်လော့”ဟု မိန့်တော်မူ၏။ ဆွမ်းကိစ္စပြီးလတ်သော် အာနန္ဒာလျှောက်၏၊ မြတ်စွာဘုရားက-

“အို အာနန္ဒ၊ ဤအဇိတရဟန်းသည် ဤကမ္ဘာ၌သာလျှင် မေတ္တေယျမည်သော ဘုရားဖြစ်လတ္တံ့”ဟု မိန့်တော်မူ၏။ [ အနာဂတဝင် အဋ္ဌကထာ၊ ပေမူ၊ ရား-လ]

မေတ္တေယျဘုရားအလောင်း ဗျာဒိတ်ခံသည့်အကြောင်းကို တရုတ်ဘုရားဖူးခရီးသည် ယွင်ကျန် ( Hiuen Tsiang )၏ မှတ်တမ်း၌ အောက်ပါအတိုင်း တွေ့ရပါသည်။

"မိဂဒါဝုန်တော၌ ရှေးဘုရားသုံးဆူတို့၏ အထိမ်းအမှတ်စေတီဘေး၌ မေတ္တေယျဘုရားအလောင်း ဗျာဒိတ်ခံသည့်အထိမ်းအမှတ်စေတီရှိ၏။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ စံနေတော်မူစဉ် ရဟန်းတို့ကို မိန့်တော်မူ၏။

"ရဟန်းတို့ နောင်အခါ၌ ဤဇမ္ဗူဒိပါသည် ငြိမ်းချမ်းသာယာလတ္တံ့၊ လူတို့သက်တမ်း အနှစ်ရှစ်သောင်း ရှိလတ္တံ့၊ မေတ္တေယျမည်သော ပုဏ္ဏားတစ်ဦးဖြစ်လတ္တံ့၊ ထိုပုဏ္ဏား၏ကိုယ်သည် ရွှေစင်ကဲ့သို့ ထွန်းလင်းတောက်ပလတ္တံ့၊ ထိုပုဏ္ဏားသည် တောထွက်ပြီးနောက် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ သတ္တဝါခပ်သိမ်းတို့ အကျိုးငှာ သုံးပါးသောတရားကို ဟောကြားလတ္တံ့၊ ငါထားတော်မူခဲ့သော တရားတော်နှင့်အညီ ကုသိုလ်ကောင်းမှု ပြုသူတို့သည် ကယ်တင်ခြင်း ခံရလတ္တံ့။ တပည့်သာဝကအဖြစ် ဝန်ခံပြီးသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သီလရှိသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ရှိခိုးခြင်း၏ တည်ရာဖြစ်သော ရတနာသုံးပါး၌ မတုန်မလှုပ်သက်ဝင်ယုံကြည်သူ လူခပ်သိမ်းသည် ဒေသနာတော်အစွမ်းဖြင့် ဗောဓိဉာဏ်တည်းဟူသော အကျိုးဖလကိုလည်းကောင်း၊ နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိချမ်းသာကိုလည်းကောင်း ရကုန်လတ္တံ့၊ ငါထားတော်မူခဲ့သော တရားတော်၏ ဩဇာကို ခံယူကုန်သော သူတို့၏ ကျွတ်တမ်းဝင်ခြင်း အကျိုးငှာ သုံးပါးသောတရားကို ဟောကြားတော်မူစဉ် အခြားသူတို့လည်း တမလွန်ဘဝ၌ ဤနည်းဖြင့်ပင် ကျွတ်တမ်းဝင်ကြကုန်လတ္တံ့"။

မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရသော မေတ္တေယျဘုရားအလောင်းသည် နေရာမှ ထ၍ "အို မြတ်စွာဘုရား တပည့်တော်သည် မေတ္တေယျမည်သော ဘုရားစင်စစ် ဧကန်ဖြစ်ပါလတ္တံ့လော" ဟု မြတ်စွာဘုရားကို လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏။

“မှန်၏၊ သင်သည် ဤအကျိုးတရားကို မုချခံစားရလတ္တံ့။ ငါဟောကြားတော်မူခဲ့သည့်အတိုင်း သင်၏ တရားတော်၏ အာနိသင် ဖြစ်ထွန်းလတ္တံ့.”။

ဤသို့ ဗျာဒိတ်ခံခဲ့သော မေတ္တေယျဘုရားအလောင်းသည် အာနာဂတဝင် အဋ္ဌကထာအရ အဇာတသတ်မင်း၏သား အဇိတထေရ်ဟု ဆိုသော်လည်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအရပ်ရပ်၌ ဤ-အကြောင်းကို မတွေ့ရပေ။ အနာဂတဝင် အဋ္ဌကထာသည်သာလျှင် တစ်ခုတည်းသော အထောက်အထား ဖြစ်ပါသည်။ ထို့ကြောင့် ဟသ္သာတမြစ်ကွေ့ ဆရာတော်က အောက်ပါအတိုင်း မှတ်ချက်ချတော်မူခဲ့ပါသည်။

“မိထွေးတော် မဟာပဇာပတိ မိဖုရား သက်န်းလှူစဉ် အခါက အလှူခံသော အဇိတရဟန်း အသက်နှစ်ဆယ်ရှိခဲ့ပါသော် ဘိုးတော်ဖြစ်သော ဗိမ္ဗိသာရမင်းသည် အသက်သုံးဆယ့်ငါးနှစ်မျှ မရှိသေး၍ နို့စို့နို့ညှာအရွယ်မျှရှိသော အဇာတသတ်မင်းက အသက်-နှစ်ဆယ်ရှိ၍ အဇိတရဟန်းကို ရနိုင်ရန်အကြောင်းမမြင်၊ ထိုအဇာတ-သတ်မင်းကို ရာဟုလာအောက် အသက်ငယ်၏ဟု ကုသဇာတ်နှင့် ဟပ်၍ မှတ်အပ်၏။ အဇိတထေရ်သည် အဇာတသတ်မင်း၏သားတော် ဟုတ်ပုံမရ၊ အခြားသူ၏ သားသာလျှင် ဖြစ်တန်ရာ၏။ ဉာဏ်မပိုင်သော အချက်ဖြစ်ပါသည်။ ဤအချက်ကို ယထာဘူတကျအောင် ပညာရှိတို့ ကြံတော်မူကြပါကုန်”။ [ မြစ်ကွေ့ဆရာတော် မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၊ တတိယတွဲ၊ ၆၁-၃]

သို့သော် သဒ္ဓမ္မပုဏ္ဍရီကကျမ်း၌မူ မေတ္တေယျဘုရား-အလောင်းကိုခေါ်သော အာလုပ်ပုဒ်အဖြစ် အဇိတဟူသောအမည်ကို ငါးနေရာမျှ တွေ့ရပါသည်။ တဖန် အာရှတိုက်အလယ်ပိုင်း၌ တိုခရိ-ယန်ဘာသာ၊ ဝူဂူရိယန်ဘာသာတို့ဖြင့် ရေးသားထားသော မဲတြေယ-သမိတိကျမ်းစာ အပိုင်းအစများ၌လည်း မေတ္တေယျဘုရားအလောင်းကို ရည်ညွှန်းသော အဇိတအမည်ကို တွေ့ရပါသည်။

အနာဂတဝင်ပါဠိတော်ကလည်း မေတ္တေယျဘုရား၏ လူ-အမည်ကို အဇိတဟု ဆိုပါသည်။ ဤအမည်သည် ဗျာဒိတ်ခံစဉ်က အမည်နှင့် ထပ်တူထပ်မျှ ဖြစ်ပါသည်။ ထို့ကြောင့် အဇိတသည် ဘုရားရှင်လက်ထက်တော်က မုချရှိခဲ့တန်ရာ၏။ တရုတ်ဘုရားဖူး မှတ်-တမ်းကလည်း ဗျာဒိတ်ခံကြောင်း ဖော်ပြထားရကား ယင်းအဆိုကို ထောက်ခံသကဲ့သို့ ရှိပါသည်။

မည်သို့ဆိုစေ မေတ္တေယျဘုရားအလောင်းသည် ယခုအခါ တုသိတာနတ်ပြည်၌ စံနေတော်မူသည်။ ဤကမ္ဘာ၌ပင် ပွင့်တော်မူမည်ဟု အဆိုညီကြပါသည်။ ထို့ကြောင့် မေတ္တေယျဘုရားရှင်လက်ထက်၌ ကျွတ်တမ်းဝင်ရပါစေကြောင်း ဆုတောင်းကြခြင်းဖြစ်သည်။

"တုသိတာနှိုက်၊ ပါရမီရင့်ညောင်း၊ မိတည်းလောင်းလည်း၊ ဘုန်းပေါင်းတက်တိုး၊ ရန်မျိုးနွမ်းလျော်၊ သက်တော်ရှည်စေ၊ အောင်မြေပလ္လင်၊ ကံ့ကော်ပင်မှာ၊ ငါးအင်ဧ ယျ၊ ပိုင်သ-သောခါ၊ ကရုဏာပြန့်ပွား၊ ကျွန်ုပ်အားကို၊ ရွှေသားကွန့်ကွန့်၊ လက်ရုံးဆန့်၍၊ နိဗ္ဗာန်ဥကင်၊ နန်းပလ္လင်သို့၊ ထင်စေသတည်း"။
(နာရဒပျို့၊ ၁၆၆။)

ကျော်လှိုင်
(ရန်ကုန်တက္ကသိုလ်)

[ ဤဆောင်းပါး၌ ပါသော တရုတ်ဘုရားဖူးခရီးသည် ယွင်ကျန်၏ မှတ်တမ်းကို မြန်မာပြန်ရာ၌ အကူအညီပေးသော ပါဠိပါမောက္ခ ဆရာဦးတင်လွင်အား ကျေးဇူးတင်ပါသည်။ စာရေးသူ]

# မေတ္တေယျဘုရား
# ဖူးရအောင်

ထေရဝါဒနိုင်ငံများ၌ မဟာယာနဗုဒ္ဓဘာသာဝင်တို့ကဲ့သို့ ဘုရားအလောင်းကို ကိုးကွယ်မှုမျိုး မရှိပေ။ သို့သော် ဘုရားအလောင်းတော်တို့၏ ပါရမီကို ကြည်ညိုသောအားဖြင့် ဘုရားအလောင်းတော်တို့ ဘုရားဖြစ်သောအခါ ဖူးရ၍ ကျွတ်တမ်းဝင်လိုကြသည်။ ထို့ကြောင့် ဖူးရအောင် ဆုတောင်းကြသည်။

ရှေးခေတ် ကျမ်းပြုအကျော် သီဟိုဠ်ဆရာတော်တို့သည် မေတ္တေယျဘုရားရှင်လက်ထက်၌ ကျွတ်တမ်းဝင်လိုကြကြောင်း ကျမ်းနိဂုံးဆုတောင်းအရ သိရပါသည်။ ဝိနယသင်္ဂဟကျမ်းပြု သာရိပုတ္တထေရ်သည်–

> "ဤကျမ်းကိုကို ပြုရသော ကောင်းမှုကြောင့် ဒုတိယဘဝ၌ တာဝတိံသာနတ်ပြည်မှာ ဖြစ်ရ၍၊ မေတ္တေယျဘုရားရှင်လက်ထက်တော်၌ ရဟန္တာအဖြစ်ကို ရ၍ သာသနာကို တင့်တယ်စေရပါလို၏"

ဟု ဆုတောင်းထားပါသည်။ (ဝိနယသင်္ဂဟ၊ ဌ၊ ၄၆၈။)

မေတ္တေယျဘုရားရှင်ကို ဖူးချင်လှ၍ တရားရနိုင်ပါလျက် ဝိပဿနာကို အားမထုတ်ပဲနေမိသော မထေရ်မြတ်ကြီးတစ်ပါးအကြောင်းကို ဝိသုဒ္ဓိမဂ်(ပ၊ ၄၅)၌ တွေ့ရပါသည်။

ဝါခြောက်ဆယ်ကျော်ပြီဖြစ်သော မဟာသံဃရက္ခိတမထေရ် ပျံလွန်ခါနီးသောအခါ လောကုတ္တရာတရား ရ,မရကို သံဃာထုက မေးရာ မရသေးကြောင်း မထေရ်ကြီးက ဖြေ၏။ ထိုအခါ ရဟန်းငယ်တစ်ပါးက "တစ်ဆယ့်နှစ်ယူဇနာ ပတ်ဝန်းကျင်မှ စုရုံးလာသော လူအပေါင်းတို့ နှလုံးမသာ ဖြစ်ပါလိမ့်မည်"ဟု လျှောက်၏။ "မေတ္တေယျဘုရားရှင်ကို ဖူးချင်၍ ဝိပဿနာတရားကို အားမထုတ်ပဲ နေခဲ့၏။ ငါ့ကို ထူ၍ ခွင့်ပြုဦးလော့"ဟု ဆိုသော် ရဟန်းငယ်သည် မထေရ်ကြီးကို ထူပေးပြီး အပြင်ထွက်၏။ ထိုသို့ ထွက်သည်နှင့်တပြိုင်နက် မထေရ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

ဤသာဓကကိုကြည့်လျှင် ရင့်ပြီးသော၊ ပါရမီရှိကုန်သော၊ လက်၌ရောက်ပြီးသော၊ မဂ်ဖိုလ်ရှိကုန်သော ပုဂ္ဂိုလ်ကြီးတို့ပင် မေတ္တေယျဘုရားရှင်ကို ဖူးချင်သည့်ဆန္ဒ အားကြီးလှကြောင်း ထင်ရှားပါသည်။ စင်စစ်အားဖြင့်လည်း ဘုရားပွင့်ရာအခါနှင့် ကြုံကြိုက်ရမှုသည် အလွန်တရာ ရခဲလှစွာသော အတိဒုလ္လဘတရားစစ်စစ် ဖြစ်၏။ ထို့ကြောင့်လည်း သူတော်ကောင်းတို့သည် ဘုရားဖြစ်ရာအခါနှင့် ကြုံကြိုက်ရ၍ ဘုရားရှင်ကို ဖူးမြင်ပြီးလျှင် ကျွတ်တမ်းဝင်ရပါစေကြောင်း ဆုတောင်းကြခြင်း ဖြစ်သည်။

မြန်မာ့ထုံးတမ်းစဉ်လာတွင်လည်း မေတ္တေယျဘုရားကို ဖူးမြင်ခွင့်ရရန် အားသန်ကြကြောင်း အုတ်ခွက်၊ ကျောက်စာ၊ ကဗျာလင်္ကာ အထောက်အထားများအရ သိရပါသည်။

အနော်ရထာမင်းကြီးသည် ကိုယ်တော်တိုင် ဘုရားရှင်၏ ပုံတော် အုတ်ခွက် သွန်းလုပ်ပူဇော်ရာ၌ မေတ္တေယျဘုရား ပွင့်တော်မူသောအခါ နိဗ္ဗာန်ချမ်းသာကို ရပါစေကြောင်း ဆုတောင်းထားပါသည်။ တောင်ဂူနီဘုရား ကျောက်စာ၊ သိယ်သူရ် ကျောက်စာ၊ သင်ကြီးညောင်အုပ် ကျောက်စာများအရ "မေတ္တေယျဘုရားရှင် လက်ထက်တော်၌ ရဟန္တာအဖြစ်ကို ရရန်" ဆုတောင်းထားကြောင်း သိရပါသည်။

အင်းဝခေတ်၊ တောင်ငူခေတ်၌ ထင်ရှားသော စာဆိုတို့၏ ကဗျာလင်္ကာတို့၌ မေတ္တေယျဘုရားရှင်ထံမှောက်ဝယ် မောင်မယ်စုံ ကျွတ်တမ်းဝင်ပါရစေကြောင်း ဖွဲ့ဆိုထားသည်များ လွန်စွာများပြားလှပါသည်။

မြန်မာပြည်သား ကျမ်းပြုအကျော်အမော်တို့သည်လည်း သီဟိုဠ်ဆရာတော်များနည်းတူ မေတ္တေယျဘုရားသခင်ကို ဖူးမြင်ခွင့်ရအောင် ဆုတောင်းကြပါသည်။ ပင်းယခေတ်က ဆူးထွင်းပစ်ဆရာတော်ဟူ၍လည်းကောင်း၊ ပုဂံဆရာတော်ဟူ၍လည်းကောင်း ထင်ရှားသော အရှင်နာဂိတသည် မိမိပြုသော သဒ္ဒသဒ္ဒတ္ထဇာလိနီအမည်ရှိ သဒ္ဒငယ်ကျမ်း နိဂုံး၌ အရိမေတ္တေယျ ဘုရားသခင်ကို ဖူးမြင်ရစေကြောင်း ဆုတောင်းထားပါသည်။ နေရင်းဆရာတော် ရှင်အရိယာလင်္ကာရသည်-

လည်း မိမိပြုသောကျမ်းများ၏ နိဂုံး၌ "ဤကောင်းမှုကြောင့် ဤဘဝမှ စုတေသော် ဒုတိယဘဝ၌ ဟိမဝန္တာတော၊ ဂန္ဓမာဒနတောင်၊ မဥ္ဇူသက ပန်းပင်၏အနီးမှာ ဘုမ္မစိုးနတ်ဖြစ်၍ မေတ္တေယျဘုရား ပွင့်တော်မူသော အခါကျမှ လူ့အဖြစ်ကို ရပြီးလျှင် မေတ္တေယျထံပါး၌ မဟာသာဝကကြီး ဖြစ်ရပါလိုကြောင်း" ဆုတောင်းထားပါသည်။

မေတ္တေယျဘုရားရှင်ကို ဖူးချင်သူတို့သည် မည်သို့သော နည်းဖြင့် မေတ္တေယျဘုရားရှင်ကို ဖူးမြင်ခွင့်ရနိုင်ပါသနည်း။ မေတ္တေယျ ဘုရား ဖူးရအောင် ကျင့်စဉ်ကို **အနာဂတဝင်ပါဠိတော်**၌ အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

> မေတ္တေယျဘုရားရှင်ကို ဖူးမြင်ရခြင်းငှာ သင်တို့သည် ထက်သန်သောစိတ် ရှိကြကုန်သည်ဖြစ်၍၊
> ဤသာသနာတော်၌ ကောင်းစွာအားထုတ်ခြင်းကို မြဲမြံစွာ ပြုကြကုန်လော့။
> မမေ့မလျော့ နေလေ့ရှိကုန်သော၊ ရှေးကောင်းမှုရှိကုန်သော ရဟန်းယောကျာ်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ တို့သည်လည်းကောင်း၊
> နတ်နှင့်တကွသော လူတို့သည်လည်းကောင်း၊ ထိုမေတ္တေယျ ပွင့်တော်မူသောအခါ အလွန်ကြီးစွာသော၊ ကောင်းမြတ်သော အစည်းအဝေးဟုဆိုအပ်သော ဘုရားပူဇော်ပွဲ ကြီးကို မြင်ကြရကုန်လတ့်။ ။
>
> (ဂါထာ၊ ၁၃၇၊ ၁၃၈၊ ၁၃၉။)

**အနာဂတဝင် အဋ္ဌကထာ**ကလည်း မေတ္တေယျဘုရားရှင်ကို ဖူးမြင်ခွင့်ရမည့်ပုဂ္ဂိုလ်၊ ဖူးရအောင် ကျင့်စဉ်အဖြစ် ပြုကျင့်ရမည့်ကုသိုလ် ကောင်းမှုတို့ကို အောက်ပါအတိုင်း ခွဲခြားဖော်ပြထားပါသည်။

သံဃာသင်းခွဲခြင်းစသော အနန္တရိယကံကို ကျူးလွန်သဖြင့် အဝီစိ၌ဖြစ်ရသော ဒေဝဒတ်၊ နိယတမိစ္ဆာဒိဋ္ဌိရှိသူ၊ အရိယူပဝါဒကံထိုက် သူ၊ ရပ်ပြစ်ရှစ်ပါး၌ဖြစ်သူ၊ နိဂဏ္ဌာဂိုဏ်းဝင်၊ သံဃာအတွက်ထားသော ဝတ်ကို စားသုံးသူ၊ ဤပုဂ္ဂိုလ်တို့မှကြွင်းသော သတ္တဝါဟူသမျှ ဖူးခွင့် ရနိုင်၏။

အလှူပေးသူ၊ သီလဆောက်တည်သူ၊ ဥပုသ်စောင့်သူ၊ ဗြဟ္မစရိယကို ကျင့်သူ၊ စေတီတည်သူ၊ ဗောဓိပင်စိုက်သူ၊ အာရုမ်ဆောက်သူ၊ ဥယျာဉ်တည်သူ၊ တံတားခင်းသူ၊ တံမြက်လှည်းသူ၊ ဇရပ်ဆောက်သူ၊ ရေတွင်းတူးသူ၊ သာသနာကို ချီးမြှောက်သူ၊ ဓမ္မကထိကတို့အတွက် တရားမဏ္ဍပ်၊ တရားပလ္လင် စီရင်၍ ယပ်လေခပ်ခြင်း၊ အဝတ်သက်နှုန်း၊ ပန်း၊ နံ့သာ၊ အခိုးအထုံ-စသည်ဖြင့် ပူဇော်၍ ရိုသေစွာ တရားနာသူ၊ သံဃာအား အာမိသဝတ္ထုဖြင့် ပူဇော်သူ၊ မိဘကို လုပ်ကျွေးသူ၊ ကြီးသူကို ရိုသေသူ၊ စာရေးတံဆွမ်း၊ လခွဲဆွမ်း၊ ဥပုသ်ဆွမ်းလှူသူ၊ ပုညကိရိယဝတ္ထုဆယ်ပါးကို ဖြည့်ကျင့်၍ ဘုရားရှင်ကို ဖူးမြင်ရအောင် ဆုတောင်းပြီးလျှင် အယုတ်သဖြင့် ပန်းတစ်ဆုပ်၊ ဆီမီးတစ်တိုင်၊ ဆွမ်းတစ်လုပ်လှူသူ၊ သူတစ်ပါးတို့၏ကုသိုလ်ကို ဝမ်းမြောက်သူတို့ ဖူးမြင်ရလတ္တံ၊ ထိုသူတို့သည် ဘုရားရှင်၏ တရာဒေသနာတော်ကို နာရ၍ အရိယာဘုံသို့ ရောက်ကုန်လတ္တံ၊ အရိယာမဖြစ်သူတို့ကား နတ်ပြည်၌ ဖြစ်ကုန်လတ္တံ။ ။

မေတ္တေယျဘုရားရှင်ကို ဖူးမြင်ရအောင် ကျင့်စဉ်တစ်မျိုးကိုလည်း **ရှင်မာလဲဝတ္ထု** (ပေမူ)တွင် တွေ့ရပါသေးသည်။ ထိုဝတ္ထုတွင် လာသည့်အတိုင်း အများအကျိုးငှာ တင်ပြလိုက်ပါသည်။

ရှင်မာလဲမထေရ်သည် သီဟိုဠ်ကျွန်း ကမ္ဗောဇနရွာကို အမှီပြု၍ ရောဟဇနပုဒ်၌ နေတော်မူ၏။ တနေ့သောအခါ ဆွမ်းခံကြွတော်မူရာ ဆင်းရဲသားတစ်ဦး ကပ်လှူသော ကြာရှစ်ပွင့်ကို ရတော်မူ၏။ ထိုကြာရှစ်ပွင့်ကို စူဠာမဏိစေတီတော်ကို ပူဇော်ရန် တာဝတိံသာသို့ ကြွတော်မူ၏။ စူဠာမဏိစေတီတော်ကို ဖူးမြင်ပြီး သိကြားမင်းနှင့် စကားဆိုနေစဉ် အရိမေတ္တေယျ ဘုရားအလောင်းနတ်သား ဘုရားဖူးလာသည်နှင့် ကြုံတော်မူ၏။ ထိုနတ်သားနှင့် ပဋိသန္ထာရစကား ဆိုတော်မူ၏။ ဘုရားအလောင်းနတ်သားက-

"ဇမ္ဗူဒီပါကျွန်းသူတို့သည်ကား ကုသိုလ်ကောင်းမှု ပြုသောသူတို့သည် အဘယ်သို့သောဆုကို တောင်းကြကုန်သနည်း"ဟု မေးလျှောက်၏။ ရှင်မာလဲမထေရ်က-

"အလောင်းမင်း၊ ဇမ္ဗူဒီပါ ကျွန်းသူတို့သည်ကား အနည်းငယ်သော ကုသိုလ်ကောင်းမှုကို ပြုရသော်လည်းကောင်း၊ သူတစ်ပါးတို့ကို တိုက်တွန်း၍ ပြုစေသော်လည်းကောင်း၊ သူတထူး ပြုသည်ကို သာဓုခေါ်ရသော်လည်းကောင်း၊ ဤသို့သော ကုသိုလ်ကောင်းမှုစသည်တို့၏ အကျိုးအားဖြင့်လည်းကောင်း၊ အရိမေတ္တေယျ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသောအခါ မချွတ်မလွဲ လက်ဦးစွာ ဖူးမြင်ရစေသော၊ အကျွတ်တရားကို ရစေသော၊ အရိမေတ္တေယျ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မမူမီအကြား သံသရာ၌ ကျင်လည်နေသမျှလည်း စိတ်နှင့်ကိုယ်ကို အစိုးရ၍ အပါယ်လေးပါး ငရဲမလားစေသော-ဟူ၍ ဤသို့ ဇမ္ဗူဒီပါ ကျွန်းသူတို့သည် ဆုတောင်းကြကုန်သတည်း"ဟု မိန့်တော်မူလေ၏။

"အရှင်ဘုရား၊ ခပ်သိမ်းသော ဇမ္ဗူဒီပါကျွန်းသူကျွန်းသားတို့သည် အကျွန်ုပ် ဘုရားဖြစ်သောအခါ ဖူးတွေ့မြင်ချင်ကြသည်ဖြစ်ကုန်အံ့၊ အကျွတ်တရားတို့ကို ရလိုကြကုန်အံ့၊ ထိုသို့ အကျွတ်တရားကို ရလိုသောသူ၊ ဖူးတွေ့မြင်ချင်သောသူတို့သည် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော–

မဟာဝေဿန္တရာဇာတ်တော်ကို

- ♠ ဆီမီးတစ်ထောင်၊
- ♠ ကြာနီ၊ ကြာဖြူ၊ ကြာပဒုမ္မာ၊ ကြာတံဆိပ်၊ ကြာညို တို့ဖြင့် တစ်ထောင်၊
- ♠ ခတောက်ပန်းတစ်ထောင်၊
- ♠ ကေရာဇ်ပန်းတစ်ထောင်၊
- ♠ တန်ခွန်တစ်ထောင်၊
- ♠ ဆွမ်းအုပ်တစ်ထောင်-

ဤခြောက်ပါးတို့ကို တစ်ထောင်စီဖြင့် ပူဇော်၍ နေ့ချင်းကုန်အောင် နာကုန်ရာ၏။ ဤသို့ တစ်ထောင်စီဖြင့် ပူဇော်၍ ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော မဟာဝေဿန္တရာဇာတ်တော်ကို နေ့ချင်းကုန်အောင် နာရသောသူတို့သည်ကား ကျွန်ုပ်ဘုရားမဖြစ်မီ

အကြား သံသရာ၌ ကျင်လည်လေသမျှလည်း စိတ်နှင့်ကိုယ်ကို အစိုး-ရ၍ လူကောင်း၊ နတ်ကောင်းတို့၏ စည်းစိမ်ကို ခံရလေအံ့သတည်း။ ကျွန်ုပ် ဘုရားဖြစ်သောအခါလည်း မျက်မှောက်ကက်ာလျှင် ဖူးတွေ့မြင်ရအံ့၊ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်ကို မချွတ်မလွဲ ရလေကုန်အံ့သတည်း"ဟူ၍ ရှင်မာလဲမထေရ်အား အရိမေတ္တေယျ မြတ်စွာ-ဘုရားအလောင်းတော်က လျှောက်တော်မူ၏။

ရှင်မာလဲမထေရ်လည်း ဇမ္ဗူဒီပါသို့ ပြန်ရောက်သော် အရိ-မေတ္တေယျ ဘုရားအလောင်းတော်နတ်သား လျှောက်ထားသောအတိုင်း ဒါယကာတို့အား ဩဝါဒပေးတော်မူ၏။ ဇမ္ဗူဒီပါ ကျွန်းသားတို့လည်း ဘုရားအလောင်းနတ်သား၏ အလိုကျ ကုသိုလ်ကောင်းမှုပြုခြင်း၊ မဟာ-ဝေဿန္တရာဇာတ်ကို နေ့ချင်းကုန်အောင် နာခြင်း၊ ဆုတောင်းခြင်းကို ပြုကြကုန်၏။ သေလွန်သော် နတ်စည်းစိမ်ကို ခံကြရကုန်၏။

မေတ္တေယျဘုရားရှင်ကို ဖူးမြင်ခွင့်ရအောင် မည်သို့ကျင့်ရမည်ကို အနာဂတဝင်အဋ္ဌကထာပေမူ၊ ရှင်မာလဲပေမူတို့၌ လာသောအတိုင်း သူတော်ကောင်းတို့ အကျိုးငှာ တင်ပြ၍ပြီးပါပြီ။

ရှင်မဟာသီလဝံသ စီရင်တော်မူသော **ပါရမီတော်ခန်းပျို့**၊ နိဂုံး ပိုဒ်ရေ ၆-၌လာသော ဆုတောင်းစကားဖြင့် နိဂုံးချုပ်လိုက်ပါသည်။

စာစောင်နိဒါန်း၊ ဤမော်ကွန်းကို
ကျင့်ခန်းကုံလုံ၊ နှစ်များပုံဟု
အယုံအကြည်၊ ပညာသည်တို့
အရှည်သိမ်းဆည်း၊ ဆောင်စောင့်စည်းလျက်
မိတည်းဖူးစေ ကုန်သတည်း။ ။

ကျော်လှိုင်
(ရန်ကုန်တက္ကသိုလ်)

# အရိမေတ္တေယျဗုဒ္ဓဝင်

# आर्यमैत्रेय-व्याकरणम्

## အရိမေတ္တေယျ-ဗျာကရဏံ

# နိဒါန်း

အရိမေတ္တေယျဗျာကရဏသည် ပေမူနှစ်ဆူရှိသည်။ တစ်ဆူသည် ကာလကတ္တားအာရှဆိုင်ရာအဖွဲ့ အမှတ်-၄၈၀၆-ဖြစ်သော HP. ရှတ်ဒတရီ-(H.P. Shastri) စုဆောင်းသောပေမူဖြစ်၍ ကျန်တစ်ဆူမှာ ဂိလ်ဂစ်ဒေသ(Gilgit)မှ တွေ့ရသော ပေမူဖြစ်သည်။ ၎င်းဆိုးသည်မှာ နှစ်မူလုံး အစဂါထာ ၂၄-ပုဒ် ပျောက်နေပါသည်။ အေရှတစ်အဖွဲ့ပိုင် ပေမူကို ဗင်္ဂလားပြည်၊ ပါလဘုရင် ဂေါပါလဒေဝခေတ်၊ ခရစ်နှစ်-၉၄၀-အတွင်း ရေးကူးပါသည်။ လိုနေသော ၂၄-ဂါထာကို တိဗက်ဘာသာပြန်မှ သက္ကတဘာသာပြန်ထားခြင်း ဖြစ်ပါသည်။

အရိမေတ္တေယျဗျာကရဏကို အနုဋ္ဌုဘဆန်းဖြင့် ဖွဲ့ထားပါသည်။ ဘာသာစကားမှာ ဗုဒ္ဓဘာသာသက္ကတ ဖြစ်ပါသည်။ ဂါထာဖွဲ့ရာတွင် သက္ကတဂါထာထုံးစံနောက်သို့ မလိုက်ပါ၊ ဂါထာပေါင်း တစ်ရာ့ရှစ်ဂါထာ ပါဝင်ပါသည်။ ထို့ကြောင့် သတကကျမ်းစာအမျိုးအစားဖြစ်သည်။ စာဟန်မှာ ရိုးစင်းပါသည်။

မေတ္တေယျဗုဒ္ဓဝင်သည် ပါဠိမှာရော ဗုဒ္ဓသက္ကတကျမ်းစာ၌ပါ ရှိနေပါသည်။ အိန္ဒိယပြင်ပ တိုင်းပြည်များကပင်လျှင် မေတ္တေယျဗုဒ္ဓဝင်ကို စိတ်ဝင်စားကြသည်။ ဤကမ္ဘာ၌ မေတ္တေယျဘုရား ပွင့်တော်မူလိမ့်မည်ဟု ယုံကြည်ကြသည်။ တရုတ်၊ တိဗက်နှင့် အာရှအလယ်ပိုင်းရှိ အခြားဘာသာစကားနှင့်ပါ မေတ္တေယျဗုဒ္ဓဝင်သည် ဂါထာနှင့်တစ်မျိုး၊ စကားပြေနှင့်တစ်ဖုံ ရှိနေပါသည်။ ဓမ္မရက္ခ (ခရစ်-၂၆၅-၃၁၆)သည် တရုတ်ဘာသာပြန်ဆိုခဲ့ပါသည်။ ကုမာရဇီဝနှင့် ယိကျင်တို့လည်း တစ်ဖန်ထပ်၍ ပြန်ဆိုခဲ့ပါသည်။ ဇိနမိတြလည်း တိဗက်ဘာသာ ပြန်ဆိုခဲ့ပါသည်။

မေတ္တေယျသမိတိ-အမည်ဖြင့် ပေစာအပိုင်းအစများကို တိုခရိယန်၊ ဝိဂူရိယန်ဘာသာစကားဖြင့် အာရှတိုက်အလယ်ပိုင်းမှ တွေ့ရသေးသည်။ ပေစာများအရ ထိုကျမ်းကို ဝေဘာသိကဂိုဏ်းသား အာစရိယ အရိယစန္ဒြ-ရေးသားကြောင်း သိရသည်။ မေတ္တေယျသမိတိ-နာဋကဟူ၍လည်း ပြဇာတ်ဟန်ဖြင့် ရှိသေးသည်။ ဘာသာရေးပွဲလမ်းများ၌ ကပြဟန်ရှိသည်။

မေတ္တေယျဟူသည် ဂေါတမကဲ့သို့ အနွယ် (သို့မဟုတ်) မိသားစုအမည် ဖြစ်ဟန်ရှိသည်။ မေတ္တေယျဟူသည် နောင်ပွင့်မည့် ဘုရားဘွဲ့တော် ဖြစ်သည်။ မေတ္တာရှင်ဗုဒ္ဓ ဖြစ်သည်။ အချို့ကျမ်းများ အဆိုအရ မေတ္တေယျ၏ လူအမည်သည် အဇိတဖြစ်သည်။ ဂေါတမ ဗုဒ္ဓ၏ လူအမည် သိဒ္ဓတ္ထကဲ့သို့တည်း။

------x------

# မေတ္တာသုတ္တ ဗျာကရဏံ

## နမော အရိမေတ္တေယျာယ။

------------

၁။ သာရိပုတ္တော မဟာပညော၊ ဓမ္မသေနာပတိဝိဘူ။
လောကာန-မနုကမ္ပာယ၊ သတ္ထာရံ ပရိပုစ္ဆသိ။

တရားစစ်သူကြီးအဖြစ် ထင်ရှားသော
ပညာကြီးသော ရှင်သာရိပုတ္တရာသည်
လူတို့ကို သနားတော်မူသဖြင့်
မြတ်စွာဘုရားကို မေးလျှောက်ပြီ။

၂။ သုတ္တန္တရေ ပုရက္ခာတံ၊ ယံ လောကနာယကဿ စ။
ဗုဒ္ဓဿာ-နာဂတဿ ဟိ၊ မေတ္တေယျ နာမ သာသနံ။

၃။ ဗျာချာဟိ တံ ဗလံ စာပိ၊ ကတ္တိ သဗ္ဗတ္ထ ဝဏ္ဏနံ။ (ဝဏ္ဏနံ)
သောတု-မိစ္ဆာမ ဧဝ စ၊ နာယကဿ နရုတ္တမ။

သုတ္တန်၏အခြားမဲ့၌ နှောင်ပွင့်တော်မူလတံ့သော
ဘုရား ရှင်၏သာသနာကို ဟောကြားတော်မူအပ်ပါ၏။
မေတ္တေယျ၏ သာသနာကို
ဟောကြားတော်မူပါလော့၊ မေတ္တေယျ၏
အားတော် တန်ခိုးတော် တိုးတက်မှုကို
နာယူလိုပါ၏ မြတ်စွာဘုရား။

၄။ တံ သုတွာ ဘဂဝါ အာဟ၊ သုဏာ နရဝရဿ တွံ။
တဿ မေတ္တေယျဗုဒ္ဓဿ၊ ဝိဘာဝံ ဗျာကတံ မယာ။

ထိုစကားကို ကြားတော်မူလျှင် ဘုရားသခင်မိန့်၏။
လူတို့ထက်မြတ်သော ထိုမေတ္တေယျဘုရားရှင်၏
ကြီးကျယ်မြင့်မြတ်မှုကို
ငါဟောတော်မူသည်ကို သင် နာလော့။

၅။ သုဿန္တိ စ တဒါ-ဏ္ဏဝါ၊ သမန္တာ ဗဟုယောဇနာ။
ပင္ဒိပဇ္ဇာ ဘဝိဿန္တိ၊ မဂ္ဂါ စ စက္ကဝတ္တိနော။

ထက်ဝန်းကျင် ယူဇနာများစွာရှိသော
သမုဒ္ဒရာတို့ ထိုအခါ ခန်းခြောက်ကုန်လတ့်။
စကြာမင်း၏ ကျင့်စဉ်နှင့်
သွားရာလမ်းတို့ ဖြစ်ကုန်လတ့်။

၆။ ဇမ္ဗုဒီပံ သမန္တတော၊ အာယတနံ တဒါ ဟိ စ။
အာဝါသံ သဗ္ဗဘူတာနံ၊ ဒသသဟဿ ယောဇနံ။

ထိုအခါ ဇမ္ဗုဒီပါသည် ထက်ဝန်းကျင်မှ
လူခပ်သိမ်းတို့ နေရာအဖြစ်
ယူဇနာတစ်သောင်း ကျယ်လတ့်။

၇။ နရာ တံဒေသိကာ စ ဟိ၊ ဘဝိဿန္တိ သုဘက်ရာ။
အဟိံသကာ စ နိဒ္ဒဏ္ဍာ၊ သုသမိဒ္ဓါ စ သုဘဂါ။

ထိုဇမ္ဗုဒီပါ၌ နေသူတို့သည်
မြင့်မြတ်ကုန်လတ့်၊
မညှဉ်းဆဲကုန်လတ့်၊ ဒဏ်မထားကုန်လတ့်၊
ကြီးပွားကုန်လတ့်၊ ဘုန်းရှိကုန်လတ့်။

၈။ နိက္ကဏ္ဍကော စ ဘူတလံ၊ သမတလံ ဟိ သာမလံ။
ဥန္နမာ-ဝနမဿိတံ၊ မုဒုတူလ ပိစောပမံ။

ကုန်းမြေသည် ဆူးငြောင့် ကင်းလတ့်၊
မြေအပြင် ညီလတ့်၊ ညိုရောင် ရှိလတ့်၊
မြင့်တုံ နိမ့်တုံ ရှိလတ့်၊
နူးညံ့သော လဲဝါဂွမ်းပမာ ရှိလတ့်။

၉။ ဂန္ဓသာလိ ဇနိဿတေ၊ ကသိမတေ စ မဝုရံ။
နာနာဝဏ္ဏာ-ဘိလက်တာ၊ ဘဝိဿန္တိ စေလဒုမာ။

နံ့သာ, သလေးဆန် ဖြစ်ပေါ်လတ့်၊
ချိုမြိန်သောဆန် ပေါက်လတ့်၊ ရောင်စုံ အဆင်တန်ဆာရှိသော
ပဒေသာပင်တို့ ဖြစ်ကုန်လတ့်။

၁၀။ ဒုမာ စ ကောသဝိတ္ထတာ၊ ပတ္တပုပ္ဖဖလာနတာ။
သဟဿာ-သီတိမတ္တော စ၊ အာယု တဒါ ဘဝိဿတိ။

ပဒေသာပင်တို့သည် တစ်ကောသမျှ အပြန့်ကျယ်လတ့်၊
အရွက်အပွင့်အသီးတို့ဖြင့် ညွတ်လတ့်၊
ရှစ်သောင်းမျှသော
အသက်တမ်း ထိုအခါ ဖြစ်လတ့်။

၁၁။ ဝဏ္ဏဝန္တော ဘဝိဿန္တိ၊ ဗလဝန္တော မဟာကာယာ။
သတ္တာ ဒက္ခာ စ နိစ္စေသာ၊ နိဒ္ဒေါသာ ဒီဃဇီဝိနော။

လူတို့ အဆင်းလှကုန်လတ့်၊
ခွန်အား ကြီးလတ့်၊ ခန္ဓာကိုယ် ကြီးမားလတ့်၊
ပညာရှိကုန်လတ့်၊ ရမ္မက်ကင်းကုန်လတ့်၊
အမျက်ကင်းကုန်လတ့်၊ အသက်ရှည်ကုန်လတ့်။

၁၂။ ရောဂတ္တယံ ဘဝိဿန္တိ၊ ကာမောဂ္ဂရာ-ဂ္ဂိမာန္ဒျ။
ပဉ္စသတတမေ ဝဿေ၊ ပရိနီတာ စ ဒါရိကာ။

ဆာလောင်ခြင်း၊ အိုခြင်း၊ သေးခြင်းတည်းဟူသော
ရောဂါသုံးမျိုး ဖြစ်လတ့်။
အသက်ငါးရာသို့ ရောက်သော်
မိန်းမပျိုတို့ အိမ်ရာဆောင်နှင်းကုန်လတ့်။

၁၃။ တဒါ ကေတုမတီ နာမ၊ ပုရီ တဿ ဘဝိဿတိ။
သတ္တာနဉ္စ နိဝါသနံ၊ ပါဏိနံ ဟိတကာရိနံ။

အကျိုးစီးပွားကို လုပ်ဆောင်တတ်သော
သတ္တဝါတို့၏ နေရာသည်
ထိုအချိန်၌ ကေတုမတီအမည်ရှိသော
ပြည်တော် ဖြစ်လတ့်။

၁၄။ ဒီဃာ ဒွါဒသယောဇနေ၊ သတ္တ ဝိတ္ထာရတော ဟျေသော။
နဂရံ ပုညဝါ စ တံ၊ ဝိသုဒ္ဓဉ္စ မနောရမံ။

ဤပြည်တော်သည် အလျား ဆယ့်နှစ်ယူဇနာ၊
အနံ ခုနစ်ယူဇနာ ရှိလတ့်၊
ထိုမြို့သည် ဘုန်းကံနှင့် ပြည့်စုံလတ့်၊
စင်ကြယ်လတ့်၊ မွေ့လျော်ဖွယ်ရှိလတ့်။

၁၅။ သတ္တရတနမယာ ပံသု-ပါကာရာ ကောသဝိတ္ထတာ။
နာနာရတနဝိဘူသိတ-ဂေါပုရ-တောရဏာနျပိ။

ရတနာခုနစ်ပါးဖြင့်ပြီးသော
မြေတံတိုင်းတို့သည် တစ်ကောသရှိလတ့်၊
အထူးထူးသော ရတနာတို့ဖြင့် စီခြယ်အပ်သော
မြို့တံခါး တုရိုဏ်တိုင်တို့လည်း ရှိကုန်လတ့်။

၁၆။ ဣဋ္ဌကေ(ဟိ) နိမ္မိတာ စ တေ၊ ရတနမယေ(ဟိ) ဘဝိဿန္တိ။
ပဒုမုပ္ပလသမ္ဆန္နာ၊ ပရိက္ခာ ဟံသသောဘိတာ။

ထိုတံခါး တုရိုဏ်တိုင်တို့ကို အုတ်ဖြင့် တည်ဆောက်ကုန်လတ့်၊
ရတနာတို့ဖြင့် ပြီးကုန်လတ့်၊
ကျုံးတို့သည် ပဒုမာကြာ ကြာပြာတို့ ဖုံးလွှမ်းကုန်လတ့်၊
ဟင်္သာတို့ဖြင့် တင့်တယ်လတ့်။

၁၇။ မာလေဟိ ပရိဝေဋ္ဌိတံ၊ သတ္တတာလေ(ဟိ) သမန္တတော။
စတုရတ္နမယာ တာလာ၊ ကိင်္ကိနိဇာလသောဘိတာ။

ပန်းတို့ဖြင့် ဝန်းရံကုန်လတ့်၊
ထက်ဝန်းကျင်မှ ထန်းပင်စဉ် ခုနစ်ထပ်ရံလတ့်၊
ထန်းပင်တို့သည် ရတနာလေးပါးဖြင့် ပြီးလတ့်၊
ရွှေခြူကွန်ယက်တို့ဖြင့် တင့်တယ်လတ့်။

၁၈။ တတ္ထာလေဘျော နိလဇ္ဇာတော၊ သဒ္ဒေါ စေဝ မနောရမော။
သုမဓုရော ယထာ တူရိယံ၊ တံ စ ပဉ္စင်္ဂသံယုတံ။

ထိုထန်းပင်တို့၏ လေကြောင့်ဖြစ်ပေါ်လာသော
အသံသည်ကား မွေ့လျော်ဖွယ်ရှိလတ့်၊
ထိုအသံသည် တူရိယာငါးပါး နှင့် ယှဉ်ဘိသကဲ့သို့
အလွန်တရာ ချိုသာလတ့်။

၁၉။ နဂရေ-သ္မိံ နရာ စ ယေ၊ ဝိဿာမသုခကာမိနော။
ပဟဋ္ဌာဘိရမိဿန္တေ၊ တာလသဒ္ဒေ(ဟိ) စ တေ တဒါ။

ထိုမြို့၌နေသူ အကြင်လူတို့သည်
ချမ်းသာသုခကို လိုလားကြကုန်လတ့်၊
ထိုအခါ ထိုလူတို့သည် ထန်းပင်စဉ် အသံတို့ကြောင့်
ရွှင်လန်းသဖြင့် အလွန်ဝမ်းမြောက်ကုန်လတ့်။

၂၀။ နဂရမပိ တက္ကတာ-မုပ္ပလကုမုဒါကိဏ္ဏံ။
တင္ဂါဂေါပဝနုယျာနံ၊ ဧြယမေတံ ဘဝိဿတိ။

ထိုမြို့သည် ကြာပြာ ကြာကုမုဒ်တို့ဖြင့် ပြွမ်းသော
တစ်ဘက်ဆည်ကန် တောအုပ် ဥယျာဉ်
သုံးမျိုး ရှိလတ့်။

၂၁။ သင်္ခေါ နာမ နရိပေါ တတြ၊ မဟာတေဇာ ဘဝိဿတိ။
စတုဒ္ဒိပါဓိပေဿရော၊ စက္ကဝတ္တီ မဟာဗလော။

ထိုကေတုမတီပြည်၌ သင်္ခမည်သောမင်းသည်
အလွန် ဘုန်းတန်ခိုးကြီးလတ့်၊
လေးကျွန်းလုံးကို အစိုးရလတ့်၊
အလွန်အင်အားကြီးသော စကြာဝတေးမင်း ဖြစ်လတ့်။

၂၂။ သတ္တရတနသမန္နိတော၊ စတုရင်္ဂဗလာဓိပေါ။
သဟဿံ ဟိ ဇနိဿန္တော၊
ပုတ္တာ တဒါ-ဿ ဘူပတေ။ (ဘူပတိနော။)

ရတနာခုနစ်ပါးဖြင့် တန်ဆာဆင်လတ့်၊
စစ်အင်္ဂါလေးပါးတို့၏ အရှင်ဖြစ်လတ့်၊
ထိုအရှင်မင်းမြတ်အား သားတို့သည်
တစ်ထောင်တိုင် မွေးဖွားလတ့်။

၂၃။ ပထဝိံ သာဂရန္တာ စ၊ သ ပရိပါလယိဿတိ။
ယထာဓမ္မ-မဒဏ္ဍေန၊ နရာဓိပေါ ဟိ တံ ယထာ။

ထိုသင်္ခမင်းသည် သမုဒ္ဒရာအဆုံးရှိသော
မြေအပြင်ကို အစိုးရလတ့်၊
တရားနှင့်လျော်စွာ ဒဏ်မထားပဲ
အလိုလိုအုပ်ချုပ်သော မင်းဖြစ်လတ့်။

၂၄။ စတုမ္မဟာနိမိ တဒါ၊ သခီ ဒွါဿ စ ဘူပတေ။
ရတ္တာနံ့ သတကောဋိနံ၊ ရညော တဒါ ဟိ လောကျတေ။

ထိုမင်းအား သခ်မည်သော ရွှေအိုးကြီးလေးလုံးရှိလတ့်၊
ကုဋေတစ်ရာသော ရတနာတို့၏မင်းဟု ထိုအခါ ထင်ရှားလတ့်။

၂၅။ ပိင်္ဂလော စ ကလိင်္ဂေသု၊ မိထိလာယံ စ ပဏ္ဍုကော။
ဧလပတ္တော စ ဂန္ဓာရေ၊ သင်္ခေါ ဗာရာဏသီပုရေ။

ပိင်္ဂလရွှေအိုးသည် ကလိင်္ဂတိုင်း၌ရှင်း၊
ပဏ္ဍုကရွှေအိုးသည် မိထိလာပြည်၌ရှင်း၊
ဧလပတ္တရွှေအိုးသည် ဂန္ဓာရတိုင်း၌ရှင်း၊
သခ်ရွှေအိုးသည် ဗာရာဏသီပြည်၌ရှင်း။

၂၆။ စတုဗ္ဘိရေဘိ နိမိဘိ၊ သ ရာဇာ သုသမန္တိတော။
ဘဝိဿတိ မဟာဝီရော၊ သတပုညဗလောဒိတော။

ရွှေအိုးကြီး လေးလုံးတို့နှင့်
ထိုမင်းသည် ပြည့်စုံလတ့်၊ အလွန်တရာ ရဲရင့်သူဖြစ်လတ့်၊
ဘုန်းကံ ခွန်အားနှင့် တက်ကြွသူ ဖြစ်လတ့်။

၂၇။ ဗြာဟ္မဏော တဿ ရညော စ၊ သုဗြဟ္မဏော ပုရောဟိတော။
ဗဟုဿုတော စတုဗ္ဗေဒေါ၊ တသောဘပဏ္ဍာယော ဘဝိဿတိ။

ထိုမင်း၏ပုရောဟိတ်ကား
သုဗြဟ္မဏပုဏ္ဏားတည်း၊
အကြားအမြင် များလတ့်၊ ဝေဒလေးကျမ်း တတ်လတ့်၊
ထိုမင်း၏ မင်းဆရာ ဖြစ်လတ့်။

၂၈။ အဗ္ဘာယကော မန္တဓရော၊ သတိမာ ဝေဒပါရဂူ။
ကေဋုဘေ သနိဃဏ္ဍု စ၊ ပဒဗျာကရဏေ တထာ။

ဝေဒကိုရွတ်သူ၊ မန္တာန်ဆောင်သူ၊
သတိရှိသူ၊ ဝေဒလေးကျမ်း ကမ်းတစ်ဖက်ရောက်သူ၊
ကေဋ္ဌုဘကျမ်း၊ နိဃဏ္ဍုကျမ်း၊
ပဒကျမ်း၊ သဒ္ဒါကျမ်းတို့၌ တစ်ဖက်ကမ်းခတ်သူ ဖြစ်လတ့်။

၂၉။ တဒါ ဗြဟ္မဝတီ နာမ၊ တဿ ဘရိယာ ဘဝိဿတိ။
ဒဿနီယာ ပါသာဒိကာ၊ အဘိရူပါ ယသဿိနီ။

ထိုအခါ ဗြဟ္မဝတီသည်
ပုရောဟိတ်၏ဇနီး ဖြစ်လတ့်၊
ရှုချင်စဖွယ် တင့်တယ်သည်၊
အလွန်ချောသည် ကျော်စောသည် ဖြစ်လတ့်။

၃၀။ တုသိတေဟိ စဝိတွာ တု၊ မေတ္တေယျော ဟျဂ္ဂပုဂ္ဂလော။
တဿာ ကုစ္ဆိယံ သ နိယတံ၊ ပဋိသန္ဓိံ ဂဟိဿတိ။

တုသိတာနတ်ပြည်မှ စုတေ၍
ပုဂ္ဂိုလ်မြတ် မေတ္တေယျသည်
ထိုဗြဟ္မဝတီ၏ဝမ်း၌ ဓမ္မတာအတိုင်း
ပဋိသန္ဓေနေလတ့်။

၃၁။ ဒသမာသံ စ နိခိလံ၊ ဓာရယိတွာ မဟာဇုတိံ။
သုပုပ္ဖိတေ ရသ္မိန္နုယျာနေ၊ မေတ္တေယျဇနနီ တတော။

မြတ်သောအရောင်အလင်းရှိသော မေတ္တေယျကို
ဆယ်လတိုင် ကိုယ်ဝန်ဆောင်ပြီးနောက်
ကောင်းစွာပွင့်သော ဥယျာဉ်၌
မေတ္တေယျမယ်တော်သည်-

၃၂။ န နိသိန္နာ နိပန္နာ ဝါ၊ ဌိတာ သာ ဓမ္မစာရိနီ။
ဒုမဿ သာခါ-မာလမ္ဗ၊ မေတ္တေယျံ ဇနယိဿတိ။

ထိုင်လျက်လည်းမဟုတ်၊ အိပ်လျက်လည်းမဟုတ်ပဲ
ရပ်လျက်သာလျှင် ဓမ္မစာရီဖြစ်သော ထိုဗြဟ္မဝတီသည်
သစ်ပင်၏အကိုင်းကို ကိုင်လျက်
မေတ္တေယျကို ဖွားမြင်လတ့်။

[၃၂။ နိက္ခမိဿတိ ပဿေန၊ ဒက္ခိဏေန နရုတ္တမော။
အဗ္ဘကူဋာ ယထာ သူရိယော၊ နိဂ္ဂတော စ ပဘာဗျတော။

ယောကျ်ားမြတ်သည် လက်ယာနံပါးမှ ထွက်လတ့်၊
နေမင်းသည် တိမ်တိုက်မှ ထွက်သကဲ့သို့တည်း။]

၃၃။ အလိတ္တော ဂဗ္ဘပင်္ကေန၊ ကုသေသယမိဝမ္ဗုနာ။
တေဓာတုကမိဒံ သဗ္ဗံ၊ ပဘာယ ပူရယိဿတိ။

ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့
ကိုယ်ဝန်အညစ်အကြေးဖြင့် မလိမ်းကျံချေ၊
ဤသုံးလောကလုံးကို
အလင်းရောင်ဖြင့် ပြည့်စေလတ့်။

၃၄။ ပီတော-ထ တံ သဟာဿက္ခော၊ ဒေဝရာဇာ သစီပတိ။
ဇာယမာနံ ဂဟီတာ သ၊ မေတ္တေယျံ ဒ္ဓိပဒုတ္တမံ။

ထိုအခါ မျက်စိအမြင် တစ်ထောင်ဆောင်သော
သူဇာသခင် သိကြားနတ်မင်းသည်
ဝမ်းမြောက်သည်ဖြစ်၍ မွေးဖွားလျှင်မွေးဖွားချင်း
လူတို့ထက်မြတ်သော မေတ္တေယျဘုရားအလောင်းကို ခံယူ-
လတ့်။

၃၅။ ပဒါနိ ဇာတမတ္တော စ၊ သတ္တာသော ပက္ကမိဿတိ။
ပဒေ ပဒေ နိမာနင္ခ၊ ပဒ္မံ ပဒ္မံ ဘဝိဿတိ။

ဖွားလျှင်ဖွားချင်း ထိုမေတ္တေယျသည်
ခုနစ်ဖဝါး လှမ်းလတ့်၊
ခြေတော် ချတိုင်းချတိုင်း
ကြာပွင့်ခံသည် ဖြစ်လတ့်။

၃၆။ ဒိသော စတသော စုဒ္ဒိက္ခ၊ ဝါစံ ပဗျာဟရိဿတိ။
"ဣယံ မေ ပစ္ဆိမာ ဇာတိ၊ နတ္ထိ ဘူယော ပုနဗ္ဘဝေါ။
န ပုနရာဂမိဿာမိ၊ နိဗ္ဗိဿာမိ နိရာသဝေါ။"

အရပ်လေးမျက်နှာကို ကြည့်တော်မူ၍
(ဤစကားကို) မြွက်ဆိုတော်မူလတ့်၊
"ဤကား ငါ့အဖို့ နောက်ဆုံးဘဝတည်း။
နောက်ထပ် ဘဝမရှိတော့ပြီ၊
နောက်တစ်ဖန် ငါပြန်မလာပြီ၊
အာသဝေါကင်းသည်ဖြစ်၍ ငြိမ်းအေးလတ့်။"

၃၇။ "သံသာရဏ္ဏဝမုဂ္ဂါနံ၊ သတ္တာနံ ဒုက္ခဘာဂိနံ။
တဏှာ ဗန္ဓနဗဒ္ဓါနံ၊ ကရိဿာမိ ဝိမောစနံ။"

"သံသရာပင်လယ်၌ နစ်မြုပ်နေကြကုန်သော
ဒုက္ခ၏ အဖို့အစုဖြစ်ကုန်သော
တဏှာအနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံနေရကုန်သော သတ္တဝါ-
တို့အား
လွတ်မြောက်ခြင်းကို ငါပြုအံ့။"

၃၈။ သေတံ စ-ဿ သုရာ ဆတ္တံ၊ ဓာရယိဿန္တိ မုဒ္ဓနိ။
သီတုဏှဝါရိဓာရာဘျ၊ နာဂိန္ဒာ နှာပယိဿန္တိ။

နတ်တို့သည် ထိုမေတ္တေယျအပေါ်၌
ထီးဖြူ ဆောင်းကြကုန်လတ့်။
နဂါးမင်းနှစ်ပါးသည်
ရေပူ ရေအေးဖြင့် ချိုးပေးကုန်လတ့်။

၃၉။ ပဋိဂ္ဂယှ စ တံ မာတာ၊ ဒုတ္တိသဝရလက္ခဏံ။
သိရိယာ ဇလန္တံ မေတ္တေယျံ၊ မာတု သမုပနေဿတိ။

သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်၏ လက္ခဏာနှင့် ပြည့်စုံ-
သော
အသရေဖြင့် ထွန်းလင်းတောက်ပသော ထိုမေတ္တေယျကို
နို့ထိန်းက ချီပြီးလျှင်
မယ်တော်အား ပေးပေလတ့်။

၄၀။ မနောရမံ စ သိဝိကံ၊ နာနာရတနဝိဘူသိတံ။
အာရူဠှံ ပုတ္တသဟိတံ၊ ဝဟိဿန္တိ စ ဒေဝတာ။

သားတော်နှင့်တကွ တက်စီးအပ်သော
ရတနာမျိုးစုံဖြင့် တန်ဆာဆင်အပ်သော
မွေ့လျော်ဖွယ်ကောင်းသော ထမ်းစင်ကို
နတ်ဒေဝတာတို့ ထမ်းဆောင်ကုန်လတ့်။

၄၁။ တတော တူယိသဟဿေသု၊ ဝဇ္ဇမာနေသု တံပုရံ။
ပဝိဋ္ဌမတ္တေ မေတ္တေယျေ၊ ပုပ္ဖဝဿံ ပတိဿတိ။

ထို့နောက် တူရိယာမျိုးထောင်ချီ
တီးမှုတ်လျက် ထို့မြို့တော်သို့
မေတ္တေယျဘုရားအလောင်း ဝင်သည်ရှိသော်
ပန်းမိုး ရွာလတ့်။

၄၂။ ဒိဗ္ဗေဝံ ပုတ္တံ သုဗြဟ္မာ၊ ဒွတ္တိံသဝရလက္ခဏံ။
ပစ္စဝေက္ခာယ မန္တေသု၊ တဒါ ပီတော ဘဝိဿတိ။

သုဗြဟ္မာပုရောဟိတ်သည် သုံးဆယ့်နှစ်ပါးသော
ယောကျ်ားမြတ်လက္ခဏာနှင့်ပြည့်စုံသော သားတော်ကို မြင်လျှင်
မြင်ခြင်း
မန္တန်တို့ကိုဆင်ခြင်၍
နှစ်သက်ဝမ်းမြောက်လတ့်။

၄၃။ ဂတိဒွယံ ကုမာရဿ၊ ယထာ မန္တေသု ဒိဿတေ။
နရာဓိပေါ စက္ကဝတ္တိ၊ ဗုဒ္ဓေါ ဝါ ဒွိပဒုတ္တမော။

စကြဝတေးမင်းသော်ငှင်း
လူတို့ထက်မြတ်သော ဘုရားသော်ငှင်း၊
ဖြစ်မည်ဟု အလောင်းတော်မင်းသား၏
ဂတိနှစ်ပါး မန္တန်တို့၌ ထင်လတ့်။

၄၄။ သ စ ယောဗ္ဗနသမ္ပတ္တော၊ မေတ္တေယျော ပုရိသုတ္တမော။
စိန္တယိဿတိ ဓမ္မတ္တာ၊ ဒုက္ခိတာ ခလ္ပိယံ ပဇာ။

ယောကျ်ားမြတ် ထိုမေတ္တေယျ အရွယ်ရောက်သောအခါ
ဒုက္ခရောက်နေသော ဤသတ္တဝါတို့ကို
ဓမ္မတာအားဖြင့် ကြံစည်လတ့်။ (သတိမူလတ့်။)

၄၅။ ဗြဟ္မဿရော မဟာဃောသော၊ ဟေမဝဏ္ဏော မဟာဇုတိ။
ဝိသာလဝက္ခော ပီနံသော၊ ပဒ္မပတ္တနိဘေက္ခဏော။

ဗြဟ္မာမင်းအသံ ကြီးကျယ်သောအသံ ရှိလတ့်၊
ရွှေအဆင်း ရှိလတ့်၊ အလွန်တရာ ထွန်းလင်းလတ့်၊
ကြီးမားသော ရင်အုပ်ရှိလတ့်၊ အင်္ဂါကြီးငယ် ပြည့်ဖြိုးလတ့်၊
ပဒုမ္မာကြာရွက်နှင့်တူသော မျက်လုံးတော် ရှိလတ့်။

၄၆။ ဟတ္ထော ပညာယ ဒုဿာယ၊ တဿ ကာယော ဘဝိဿတိ။
ဝိတ္ထတော စ တတုဒ္ဓေန၊ သုဘဝဏ္ဏသမုဿယော။

အရပ်တော် အတောင်ငါးဆယ်၊
ရင်အကျယ် နှစ်ဆယ့်ငါးတောင် ရှိလတ့်၊
တင့်တယ်သော ကိုယ်အဆင်း ရှိလတ့်။

၄၇။ အသီတိဘိ စတုဗ္ဘိ စ၊ သဟဿေ(ဟိ) သံပုရက္ခတော။
မာနုဝါနံ သ မေတ္တေယျော၊ မန္တေ အဇ္ဈာပယိဿတိ။

အခြံအရံရှစ်သောင်းလေးထောင် ရှိလတ့်၊
လုလင်တို့အား ထိုမေတ္တေယျ မန္တန် သင်ပေးလတ့်။

၄၈။ အထ သံခေါ နရပတိ၊ ယူပ-မုဿာပယိဿတိ။
တိယဋ္ဌ သောဠသဗျာမံ၊ ဥဒ္ဓံ ဗျာမသဟဿကံ။

ထိုနောက် သခ်မင်းသည်
အမြင့် အလံတစ်ထောင်၊
ဖီလာ ဆယ့်ခြောက်လံရှိသော
ယဇ်တိုင် ထူလတ့်။

၄၉။ သ တံ ယူပံ နရပတိ၊ နာနာရတနဝိဘူသိတံ။
ပဒဿတိ ဒ္ဝိဇာတီနံ၊ ယညံ ကတွာ ပုရောသရံ။

ထိုမင်းသည် ရတနာအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်သော
ထိုယဇ်တိုင်ကို ရွေ့သွားယဇ်ပူဇော်ပြီးနောက်
ပုဏ္ဏားနှစ်ယောက်တို့အား အပ်နှင်းလေ၏။

၅၀။ တဋ္ဌ ရတနမယံ ယူပံ၊ ဒတ္တမတ္တံ မနောရမံ။
ဗြာဟ္မဏာနံ သဟဿာနိ၊ ဝိကိရိဿန္တိ တခ်ဏေ။

နှစ်လိုဖွယ်ကောင်းသော ရတနာတို့ဖြင့်ပြီးသော
ထိုယဇ်တိုင်ကို ပုဏ္ဏားတို့အား ပေးလျှင်ပေးခြင်း
ခဏချင်း အစိပ်တစ်ထောင် ကွဲလတ့်။

၅၁။ ယူပသ္မ တသ္မ မေတ္တေယျော၊ ဒိသွာ စေတံ အနိစ္စတံ။
ကိဏ္ဍံ ဝိစိန္တ သံသာရံ၊ ပဗ္ဗဇ္ဇံ ရောစယိဿတိ။

ထိုယဇ်တိုင်၏ အနိစ္စသဘောကို
မေတ္တေယျမြင်လေလျှင် အလုံးစုံသော သံသရာကို ဆင်ခြင်၍
ရဟန်းအဖြစ် နှစ်လိုလတ့်။

၅၂။ "ယတောဟံ ပဗ္ဗဇိတွေဟ၊ ဖုသေယျ-မတံ ပဒံ။
ဝိဟောစယေယျံ ဇနတံ၊ ဗျာဓိမစ္စု ဇရာ ဘယာ။"

"ယခုပင် ငါရဟန်းပြု၍ ဤဘဝ၌ပင်
သေခြင်းကင်းရာ နိဗ္ဗာန်ကို ငါထိတွေ့အံ့၊
လူအပေါင်းတို့ကို အို နာ သေဘေးမှ လွတ်စေအံ့။"

၅၃။ အသီတိဘိ သဟဿေဟိ သ၊ စတုဗ္ဘိ စ ပုရက္ခတော။
နိက္ခမိဿတိ မေတ္တေယျော၊ ပဗ္ဗဇ္ဇ-မဂ္ဂပုဂ္ဂလော။

ပရိသတ်ရှစ်သောင်းလေးထောင် ခြံရံလျက်
ထိုယောက်ျားမြတ် မေတ္တေယျ တောထွက်လတ့်။

၅၄။ နာဂရုက္ခော တဒါ တဿ၊ ဗောဓိရုက္ခော ဘဝိဿတိ။
ပညာသယောဇနုဗ္ဗေဓော၊ သာခါ ဥဒ္ဓံ သမုဿိတာ။

ထိုအခါ ကံကော်ပင်သည် ထိုမေတ္တေယျ၏
ဗောဓိပင် ဖြစ်လတ့်၊
အကိုင်းအခက်တို့ ယူဇနာငါးဆယ် မြင့်လတ့်။

၅၅။ နိသဇ္ဇ တဿ ဟေဋ္ဌာ စ၊ မေတ္တေယျော ပုရိသုတ္တမော။
အနုတ္တရံ သိဝံ ဗောဓိံ၊ သမာဝစ္ဆတိ နာယကော။

လောကရှေ့ဆောင်ဖြစ်သော လူတို့ထက်မြတ်သော မေတ္တေ-
ယျသည်
ထိုကံ့ကော်ပင်အောက်၌ ထိုင်လျက်သာလျှင်
လွန်မြတ်သော အေးငြိမ်းသော ဗောဓိဉာဏ်ကို ရလတ့်။

၅၆။ ယဿာမေဝ စ ရတျာ သ၊ ပဗ္ဗဇ္ဇံ နိက္ခမိဿတိ။
တဿံ ဧဝ စ ရတျာ ဟိ၊ ပရံ ဗောဓိ-မဝစ္ဆတိ။

တောထွက်ရဟန်းပြုသည့် ညဥ့်မှာပင်လျှင်
ဘုရားအဖြစ်သို့ ရောက်လတ့်။

၅၇။ အဋ္ဌင်္ဂုပေတယာ ဝါစာ၊ တတော သ ပုရိသုတ္တမော။
ဒေသယိဿတိ သဒ္ဓမ္မံ၊ သဗ္ဗဒုက္ခာပဟံ သိဝံ။

ထိုမေတ္တေယျဘုရားရှင်သည်
အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော်ဖြင့်
ဒုက္ခခပ်သိမ်းကို ပယ်တတ်သော
သူတော်ကောင်းတရားကို ဟောတော်မူလတ့်။

၅၈။ ပသန္နံ ဇနတံ ဒိသွာ၊ သစ္စာနိ ကထယိဿတိ။
ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ သမတိက္ကမံ။

ကြည်ညိုသောလူအပေါင်းကို မြင်တော်မူ၍
ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊
ဒုက္ခမှလွတ်ကြောင်း နိရောဓနှင့် မဂ္ဂသစ္စာတည်းဟူသော
သစ္စာလေးပါးကို ဟောကြားတော်မူလတ့်။

၅၉။ အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ခေမံ နိဗ္ဗာနဂါမိနံ။
တံ စာပိ ဓမ္မံ သံသုစ္စ၊ ပဋိပဇ္ဇန္တိ သာသနေ။

ဘေးကင်းရာမှန် မြတ်နိဗ္ဗာန်သို့သွားရာ
မဂ္ဂင်ရှစ်ပါး မြတ်တရားကို ကြားနာရသဖြင့်
သာသနာတော်၌ ထိုတရားအတိုင်း ကျင့်ကုန်လတ့်။

၆၀။ ဉယျာနေ ပုပ္ဖသဥ္ဆန္နေ၊ သန္ထိပါတော ဘဝိဿတိ။
ပုဏ္ဏာံဝ ယောဇနသတံ၊ ပရိသာ တဿ ဘဝိဿတိ။

ပန်းတို့ဖြင့် ဖုံးလွှမ်းသောဥယျာဉ်၌
သန္နိပါတ အစည်းအဝေးကြီး ဖြစ်လတ့်၊
ယူဇနာတစ်ရာရှိသော ပရိသတ် ဖြစ်လတ့်။

၆၁။ သုတွာ နရပတိ ရာဇာ၊ သင်္ခေါ နာမ မဟာယသော။
ဒတွာ ဒါန-မသင်္ချေယျံ၊ ပဗ္ဗဇ္ဇံ နိက္ခမိဿတိ။

အလွန်ကျော်စောသော သင်္ခမင်းသည်
တရားနာရလေလျှင် အသင်္ချေကို ပေးလှူ၍
တောထွက် ရဟန်းပြုလတ့်။

၆၂။ အသီတိဘိ စတုဗ္ဘိ စ၊ သဟဿေ(ဟိ) ပရိဝါရိတော။
နရာဓိပေါ ဝိနိက္ခမ္မ၊ ပဗ္ဗဇ္ဇံ ဉပယဿတိ။

ပရိသတ်ရှစ်သောင်းလေးထောင် ခြံရံလျက်
သင်္ခမင်း တောထွက်၍ ရဟန်းပြုလတ့်။

၆၃။ အနေနေဝ ပမာဏေန၊ မာဏဝါနံ ပုရက္ခတော။
မေတ္တေယျဿ ပိတာ တတြ၊ ပဗ္ဗဇ္ဇံ နိက္ခမိဿတိ။

ထိုပမာဏဖြင့် လုလင်အပေါင်း၏ ရှေ့သွားဖြစ်သော
မေတ္တေယျ၏ ဖခင်သည်လည်း
တောထွက် ရဟန်းပြုလတ့်။

၆၄။ တတော ဂဟပတိ တတြ၊ သုမနော နာမ ဝိဿုတော။
ပဗ္ဗဇိဿတိ သုဒ္ဓတ္တာ၊ မေတ္တေယျဿာ-နုသာသနေ။

ထိုနောက် ထိုကေတုမတီ နေပြည်တော်၌
ထင်ရှားသော သုမနမည်သော သူကြွယ်သည်
စင်ကြယ်သော စိတ်ရှိသည်ဖြစ်၍
မေတ္တေယျ၏ သာသနာ၌ ရဟန်းပြုလတ့်။

၆၅။ ထိရတ္နမထ သခ်ဿ၊ ဝိသာခါ နာမ ဝိဿုတာ။
အသီတိပာဏ စတုတ္ထိ စ၊ သဟဿေ(ဟိ) တံ ပုရက္ခတာ။
နာရီနံ အဘိနိက္ခမ္မ၊ ပဗ္ဗဇ္ဇံ ရောစယိဿတိ။

ထို့နောက် သခ်မင်း၏မိဖုရားရတနာ ဝိသာခါသည်
မောင်းမပေါင်း ရှစ်သောင်းလေးထောင် ခြံရံလျက်
တောထွက် ရဟန်းပြုခြင်းကို နှစ်သက်လတ့်။

၆၆။ ပါဏ္ဍိနော တတ္ထ သမယေ၊ သဟဿာနိ သတာနိ စ။
ပဗ္ဗဇ္ဇံ ဥပယဿန္တိ၊ မေတ္တေယျဿာ-နုသာသနေ။

ထိုခါသမယ၌ သတ္တဝါပေါင်း တစ်သိန်းရှိလတ့်၊
မေတ္တေယျ ဘုရားရှင်သာသနာတော်၌
ရဟန်းအဖြစ် ကပ်ရောက်ကြကုန်လတ့်။

၆၇။ သုပုပ္ဖိတေ-သ္မိံ ဥယျာနေ၊ သန္နိပါတော ဘဝိဿတိ။
သမန္တတော ယောဇနသတံ၊ ပရိသာ တဿ ဘဝိဿတိ။

ကောင်းစွာပွင့်သော ထိုဥယျာဉ်၌
သန္နိပါတအစည်းအဝေး ဖြစ်လတ့်၊
ထက်ဝန်းကျင် ယူဇနာတစ်ရာရှိသော
ပရိသတ် ဖြစ်လတ့်။

၆၈။ တတော ကာရုဏိကော သတ္ထာ၊ မေတ္တေယျော ပုရိသုတ္တမော။
သမိတိ အဝလောကျာယ၊ ဣမ-မတ္ထံ ပဝေက္ခတိ။

ထိုနောက် ကရုဏာရှင် ဆရာဖြစ်တော်မူသော
ယောကျ်ားမြတ် မေတ္တေယျဘုရားရှင်သည်
အစည်းအဝေးကို ကြည့်တော်မူပြီးနောက်
ဤစကားကို မိန့်တော်မူလတ့်။

၆၉။ သဗ္ဗေတေ သကျသီဟေန၊ ဂုဏိသေဋ္ဌေန တာယိနာ။
အတ္ထတော လောကနာထေန၊ ဒိသွာ သဒ္ဓမ္မ ဓာတုနာ။
ရောပိတာ မောက္ခမဂ္ဂေန၊ ဝိက္ခိတ္တာ မမ သာသနေ။

"ဂုဏ်ကြီးရှင်တို့ထက်မြတ်သော ကယ်တင်ရှင်ဖြစ်တော်မူသော
လောက၏ ကိုးကွယ်ရာဖြစ်တော်မူသော သကျမုနိသည်
သဒ္ဓမ္မဓာတ်ဖြင့် ဤလူအပေါင်းကို မြင်တော်မူ၍
နိဗ္ဗာန်လမ်းထက်သို့ တက်စေတော်မူကာ
ငါ၏သာသနာတော်ထက် တင်တော်မူအပ်ပြီ။"

၇၀။ ဆတ္တဓဇပတာကာဘိ၊ ဂန္ဓမာလျဝိလေပနေ(ဟိ)။
ကတွာ သကျမုနိနော ပူဇာ၊ အာဂတာ ဟိ မမန္တိကံ။

"ထီး တံခွန် ကုက္ကား
နံ့သာ ပန်းမာလ် လိမ်းကျံစရာတို့ဖြင့်
သကျမုနိဘုရားရှင်ကို ပူဇော်ကြကာ
ငါဘုရားထံမှောက်သို့ လာရောက်ကြကုန်လတ့်။"

၇၁။ သံဃေ ဒတွာ စ ဒါနာနိ၊ စီဝရံ ပါနဘောဇနံ။
ဝိဝိဓံ ဂ္လါနဘေသဇ္ဇံ၊ အာဂတာ ဟိ မမန္တိကံ။

"သက်န်း အဖျော် ဘောဇဉ်
သူနာအတွက်ဆေး အထူးထူးတည်းဟူသော
အလှူတို့ကို သံဃာအား ပေးလှူပြီးလျှင်
ငါဘုရား ထံမှောက်သို့ လာရောက်ကုန်လတ့်။"

၇၂။ ကုက်ုမောဒကသေက် စ၊ စန္ဒနေနာ-နုလေပနံ။
ဒတွာ သကျမုနေ ထူပေ၊ သွာဂတာ ဟိ မမန္တိကံ။

"ကုက်ုမံ ရေစင် စန္ဒကူးလိမ်းစရာကို
သကျမုနိ၏ ထူပါတို့၌ ပေးလှူ၍
ငါဘုရား ထံမှောက်သို့ လာရောက်ကုန်လတ့်။"

၇၃။ သိက္ခာပဒါနိ စာ-ဓာယ၊ သကျသီဟဿ သာသနေ။
ပရိပါလျ ယထာဘူတံ၊ အာဂတာ ဟိ မမန္တိကံ။

သကျမုနိ၏ သာသနာတော်၌
သိက္ခာပုဒ်တို့ကို ဆောင်ယူ၍
ဟုတ်မှန်သောအတိုင်း စောင့်ထိန်းပြီးလျှင်
ငါ၏ထံမှောက်သို့ လာရောက်ကုန်လတ့်။

၇၄။ စတုဒ္ဒသိံ ပဥ္စဒသိံ၊ ပက္ခဿယဟ-ဋ္ဌမိ တထာ။
ပါဋိဟာရိကပက္ခဥ္စ၊ အဋ္ဌင်္ဂ သုသမာဟိတံ။
ဥပဝါသံ ဥပေါသိတွာ၊ ဟျာဂတာ မမ သာသနေ။

"ဆယ့်လေးရက်၊ ဆယ့်ငါးရက်၊ လဆန်းလဆုတ်ပက္ခ၏ ရှစ်ရက်၊
ပက္ခ၏အကြို, အပို့နေ့၌
အင်္ဂါရှစ်ပါးရှိသော ကောင်းမြတ်သော
ဥပုသ်သီလကို စောင့်ထိန်း၍
ငါဘုရား ထံမှောက်သို့ လာရောက်ကုန်လတ့်။"

**မှတ်ချက်။** ။တိဗက် ဘာသာပြန်နှင့်လည်း ကိုက်ညီသဖြင့်
အခြားမူမှ ယူပါသည်။

၇၅။ သီလာနိ စ သမာဒါယ၊ သံပတ္တာနိ စ သာသနံ။
ဗုဒ္ဓံ ဓမ္မံ စ သံဃံ စ၊ သတ္တာ တေ သာသနံ ဂတာ။
ကတွာ စ ကုသလံ ကမ္မံ၊ ဂစ္ဆာသန-မုပါဂတာ။

သာသနာတွင်းသို့ ကောင်းစွာရောက်လာကြလျက်
သီလတို့ကို ကောင်းစွာစောင့်ထိန်း၍
ဘုရား တရား သံဃာကို
ထိုသတ္တဝါတို့ ကိုးကွယ်ကြကုန်လတ့်၊
ကုသိုလ်ကောင်းမှုကို ပြု၍
ငါ့ထံတော်သို့ လာရောက်ကုန်လတ့်။

၇၆။ တေနေတေ ပေသိတာ သတ္တာ၊ ပတိဋ္ဌာ စ မယာပျမီ။
ဂဏိသေဋ္ဌေန မုနိနာ၊ ပရိတာ ဘူရိမေဓသာ။

"ဤသတ္တဝါတို့ကို ဂုဏ်ကြီးရှင်တို့ထက်မြတ်သော
ကြီးမြတ်သော ပညာရှိသော ငါဘုရား စေလွှတ်အပ်၏။
သက်ဝင်စေအပ်၏၊ နှစ်သက်စေအပ်၏။"

၇၇။ ပသန္နံ ဇနတံ ဒိသွာ၊ သစ္စာနိ ကထယိဿတိ။
သုတွာ စ တေ တတော ဓမ္မံ၊ ပါပုဏိဿန္တိ ပဒမုတ္တမံ။

ကြည်ညိုသော လူအပေါင်းကို မြင်တော်မူ၍
သစ္စာလေးပါးတို့ကို ဟောကြားတော်မူလတ့်၊
ထိုသူတို့သည် တရားတော်ကို နာရ၍
မြတ်သောနိဗ္ဗာန်သို့ ရောက်ကုန်လတ့်။

၇၈။ ပါဠိဟာရိယတ္တယေနာ သော၊ သာဝကေ ဝိနယိဿတိ။
သဗ္ဗေ-တေ အာသဝါ တတ္ထ၊ ခိပယိဿန္တိ သုရတာ။

တန်ခိုးပြာဋိဟာ သုံးပါးဖြင့်
သာဝကတို့ကို ဆုံးမတော်မူလတ့်၊
ထိုသာဝကအားလုံး နှစ်လိုဝမ်းမြောက်ကုန်သည်ဖြစ်၍
အာသဝေါတရားကို ပစ်ချကုန်လတ့်။

၇၉။ ပဌမော သန္နိပါတော-ဿ၊ သာဝကာနံ ဘဝိဿတိ။
ပုဏ္ဏာ ဆန္နဝုတိကောဋိ၊ သာဝကာနံ ဘဝစ္ဆိဒံ။

ထိုမေတ္တေယျ ဘုရားရှင်၏ ပဌမသန္နိပါတသည်
ဘဝဇာတ်သိမ်းပြီးသော သာဝက
ကုဋေကိုးဆယ် ပြည့်သည် ဖြစ်လတ့်။

၈၀။ ဒုတိယော သန္နိပါတော-ဿ၊ သာဝကာနံ ဘဝိဿတိ။
ပုဏ္ဏာ စတုန္နဝုတိကောဋိ၊ သန္တာနံ ဘူရိမေဓသံ။

ထိုမေတ္တေယျဘုရားရှင်၏ ဒုတိယသန္နိပါတသည်
သူတော်ကောင်းပညာရှိ သာဝက
ကိုးဆယ့်လေးကုဋေ ပြည့်သည် ဖြစ်လတ့်။

၈၁။ တတိယော သန္နိပါတော-ဿ၊ သာဝကာနံ ဘဝိဿတိ။
ပုဏ္ဏာ ဒွေနဝုတိကောဋိ၊ သန္တာနံ သန္တစေတသံ။

ထိုမေတ္တေယျဘုရားရှင်၏ တတိယသန္နိပါတသည်
သူတော်ကောင်းလည်းဖြစ် ငြိမ်သက်သောစိတ်လည်းရှိကုန်သော
သာဝက ကိုးဆယ့်နှစ်ကုဋေ ပြည့်သည် ဖြစ်လတ့်။

၈၂။ ဓမ္မစက္ကံ ပဝတ္တေတွာ၊ ဝိနီယ သုရမာနုသံ။
သဒ္ဓိံ သာဝကသံဃေန၊ ပုရေ ပိဏ္ဍာယ စရိဿတိ။

ဓမ္မစကြာတရား ဟောကြားတော်မူပြီးနောက်
နတ်လူတို့ကို ဆုံးမတော်မူပြီးလျှင်
သာဝကအပေါင်းနှင့်တကွ
မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလတံ့။

၈၃။ တတော ပဝိသတော တဿ၊ ရမ္မံ ကေတုမတိံ ပုရိံ။
မန္ဒာရဝါနိ ပုပ္ဖာနိ၊ ပတိဿန္တိ ပုရုတ္တမေ။
ဒေဝတာ ပကိရိဿန္တိ၊ တသ္မိံ ပုရဂတေ မုနေ။

ထိုနောက် နှစ်လိုဖွယ်ရှိသော ထိုကေတုမတီပြည်တော်သို့
မြတ်စွာဘုရား ဝင်တော်မူသည်ရှိသော်
မန္ဒာရဝနတ်ပန်းတို့ ထိုမြို့တော်၌ ကျလတံ့၊
မြတ်စွာဘုရား ဝင်တော်မူသည်ရှိသော်
နတ်တို့သည် ကြဲချကုန်လတံ့။

၈၄။ စတ္တာရော စ မဟာရာဇာ၊ သက္ကော စ တိဒသာဓိပေါ။
ဗြဟ္မာ ဒေဝဂဏော(ဟိ) သဒ္ဓိံ၊ ပူဇံ တဿ ကရိဿတိ။

စတုမဟာရာဇ် နတ်မင်းကြီးလေးပါး
တာဝတိံသာကို အစိုးရသော သိကြားမင်း
ဗြဟ္မာတို့သည် နတ်တို့နှင့်တကွ
ထိုမြတ်စွာဘုရားအား ပူဇော်မှုကို ပြုကုန်လတံ့။

၈၅။ ဥပ္ပလံ ကုမုဒံ ပဒ္မံ၊ ပုဏ္ဍရိကံ သုဂန္ဓိကံ။
အဂုရုံ စန္ဒနံ စာပိ၊ ဒိဗ္ဗံ မာလျံ ပတိဿတိ။

ကြာညို ကုမုဒြာကြာ ကြာပဒုံမာ
ကြာပုဏ္ဍရိက် စန္ဒကူးတည်းဟူသော
အနံ့ကောင်းရှိသော နတ်ပန်းကုံး ကျလတံ့။

၈၆။ စေလက္ခေပ ကရိဿန္တိ၊ ဒေဝပုတ္တာ မဟိဒ္ဓိကာ။
တံ လောကနာထံ ဥဒိက္ခ၊ ပဝိသန္တံ ပုရုတ္တမံ။

တန်ခိုးကြီးမားသော နတ်တို့သည်
မြို့တော်သို့ ဝင်တော်မူသော
ထိုမြတ်စွာဘုရားကို ဖူးမြင်ပြီးလျှင်-

၈၇။ ဒိဗ္ဗေ ခ တူယိနိဃ္ဃောသော၊ ဒိဗ္ဗံ မာလျံ ပတိဿတိ။
ဒေဝတာ ပကိရိဿန္တိ၊ တသ္မိံ ပုရာဂတေ မုနေ။

ထိုမြတ်စွာဘုရား မြို့တော်သို့ဝင်တော်မူသောအခါ
နတ်၌ဖြစ်သော တူရိယာသံ နတ်ပန်းကုံးကျလတ့်၊
နတ်တို့ ကြဲချကုန်လတ့်။

၈၈။ ယေ တု ကေတုမတိံ ကေစိ၊ ဝါသယဿန္တိ မာနုသာ။
တေပိ တံ ပူဇယိဿန္တိ၊ ပဝိသန္တံ ပုရုတ္တမံ။

ကေတုမတီပြည်၌နေသူ အချို့သည်
မြို့တော်မြတ်သို့ ဝင်တော်မူသော
ထိုမြတ်စွာဘုရားကို ပူဇော်ကြကုန်လတ့်။

၈၉။ ပထိ ဘုမ္မတ္ထရံ တတ္ထ၊ မုဒုတူလပိစောပမံ။
ဝိစိတ္တဉ္စ သုဘံ ဗာလျံ၊ ဝိကိရိဿန္တိ တေ တဒါ။

ထိုအခါ ထိုလူတို့သည် ထိုလမ်းပေါ်၌
နူးညံ့သော လဲဝါဂွမ်းနှင့်တူသော မြေအခင်းတို့ကိုရင်း၊
ဆန်းကြယ်တင့်တယ်သော ပန်းကုံးတို့ကိုရင်း၊
မြေပြင်ပေါ်သို့ ကြဲချကုန်လတ့်။

၉၀။ ဆတ္တဓဇပတာကာဘိ၊ အစ္စယိဿန္တိ မာနုသာ။
သုဘေ(ဟိ) ခ တူယိနိဃ္ဃောသေ(ဟိ)၊ ပသန္နမာနသာ နရာ။

ကြည်ညိုသောစိတ်ရှိသော လူတို့သည်
ထီး တံခွန် ကုက္ကား
သာယာသော တူရိယာသံတို့ဖြင့်
ပူဇော်ကြကုန်လတ့်။

၉၁။ တဉ္စ သက္ကော သဟာသက္ကော၊ ဒေဝရာဇာ သစီပတိ။
ပဟဋ္ဌော ပဉ္စလိ ဟုတွာ၊ မေတ္တေယျံ ထုဿတေ ဇိနံ။

နတ်တို့အရှင် သူဇာသခင်
မျက်စိအမြင် တစ်ထောင်ဆောင်သော သိကြားမင်းသည်
ဝမ်းမြောက်သည်ဖြစ်၍ ထိုမေတ္တေယျ
ဘုရားရှင်ကို ချီးမွမ်းလတ့်။

၉၂။ နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
အနုကမ္ပဿု ဇနတံ၊ ဘဂဝါ အဂ္ဂပုဂ္ဂလ။

"ယောက်ျားမြတ်အာဇာနည် ဘုန်းသမ္ဘာရှင်ဘုရား
အရှင့်အား ရှိခိုးပါ၏၊
လူအပေါင်းကို သနားတော်မူပါဘုရား။"

၉၃။ မဟိဒ္ဓိကော ဒေဝပုတ္တော၊ တဿ မာရော ဘဝိဿတိ။
သ စာပိ ပဉ္စလီ ဟုတွာ၊ ထုဿတေ လောကနာယကံ။

တန်ခိုးကြီးသော နတ်သားသည် မာရ်နတ်ဖြစ်လတ့်၊
သူလည်း လူသုံးပါးတို့၏ရှေ့သွား
မြတ်စွာဘုရားကို ရှိခိုး၍ ချီးမွမ်းလတ့်။

၉၄။ သုဒ္ဓါဝါသ သဟာသေ(ဟိ) စ၊ ဗဟုဘိ ပရိဝါရိတော။
ပဝေက္ခတေ စ မေတ္တေယျော၊ လောကနာထော ဝိနာယကော။

သုဒ္ဓါဝါသဗြဟ္မာ့အပေါင်း ထောင်သောင်းခြံရံအပ်သော
လူသုံးပါးတို့၏ ကိုးကွယ်ရာ လူတို့၏ရှေ့သွား
မေတ္တေယျဘုရားသည် ရှုကြည့်တော်မူလတ့်။

၄၅။ ဗြာဟ္မဏာ ပရိဝါရေနေ၊ ဗြဟ္မာ စာပိ ဂိရာဖုဋ္ဌံ။
ကထယိဿတိ သဒ္ဓမ္မံ၊ ဗြာဟ္မံ ဃောသမုဒီရယံ။

ဗြဟ္မာအခြံအရံနှင့် ဗြဟ္မာသည်
'တရားဟောတော်မူ လတ့်'ဟု
မြတ်သောအသံဖြင့် ကြွေးကြော်လတ့်။

၄၆။ အာကိဏ္ဏာ ပထဝီသဗ္ဗာ၊ အရဟန္တိ စ ဘဝိဿတိ။
ခိဏာသဝေ(ဟိ) ဝန္တဒေါသေ(ဟိ)၊ ပဟီနဘဝဗန္ဓနေ(ဟိ)။

ဘဝအနှောင်အဖွဲ့ ကင်းပြီးသော အာသဝေါကင်းသော
ဒေါသကို ပျို့အန်ပြီးသော ရဟန္တာတို့နှင့်
မြေအပြင်အလုံး နှံ့လတ့်။

၄၇။ ဟဋ္ဌာ ဒေဝမနုဿာ စ၊ ဂန္ဓဗ္ဗာ ယက္ခရက္ခသာ။
သတ္တာ ပူဇံ ကရိဿန္တိ၊ နာဂါ စာပိ မဟိဒ္ဓိကာ။

နတ် လူ ဂန္ဓဗ္ဗ ဘီလူး ရက္ခိုသ်
တန်ခိုးကြီးသော နဂါးတို့သည် ဝမ်းမြောက်ကုန်သည်ဖြစ်၍
မြတ်စွာဘုရားအား ပူဇော်ခြင်းကို ပြုကုန်လတ့်။

၄၈။ တေ ဝေ နူနံ ဘဝိဿန္တိ၊ စာနယာ ဆိန္နသံသယာ။
ဥက္ကိတ္တပရိခါ မိရာ၊ အနာဒါနာ နိရူဿကာ။
ဗြဟ္မစရိယံ စရိဿန္တိ၊ မေတ္တေယျဿာ-နုသာသနေ။

ထိုသတ္တဝါတို့သည် သံသယကို ဖြတ်ကုန်လတ့်၊
ကျူးကို တူးဖြိုပြီး ဖြစ်လတ့်၊ ပညာရှိလတ့်၊
တဏှာကို ပယ်ကုန်လတ့်၊ မာနကင်းကုန်လတ့်၊
မေတ္တေယျဘုရားရှင် သာသနာ၌
ဗြဟ္မစရိယကို ကျင့်ကုန်လတ့်။

၉၉။ တေ ပိ နူန ဘဝိဿန္တိ၊ အမမာ အပရိဂ္ဂဟာ။
အဇာတရူပရဇတာ၊ အနိကေတာ အသန္ထဝါ။
ဗြဟ္မစရိယံ စရိဿန္တိ၊ ယေ မေတ္တေယျာ-နုသာသနေ။

ထိုလူတို့သည် ကိုယ်ပိုင်ပစ္စည်း မရှိကုန်လတ့်၊
မသိမ်းဆည်းကုန်လတ့်၊ ရွှေ ငွေ မရှိကုန်လတ့်၊
အိမ် မရှိကုန်လတ့်၊ ဆွေမျိုး မရှိကုန်လတ့်၊
မေတ္တေယျဘုရားရှင်သာသနာ၌
ဗြဟ္မစရိယကို ကျင့်ကုန်လတ့်။

၁၀၀။ တေ ဝေ ပါရံ ဂမိဿန္တိ၊ ဆေတွာ ဇာလမေဝ ဘုဇာ။
ဈာနာနိ စူပသမ္ပန္နာ၊ ပီတိသောချသမန္နိတာ။
ဗြဟ္မစရိယံ စရိဿန္တိ၊ မေတ္တေယျဿာ-နုသာသနေ။

လူတို့သည် ကွန်ယက်ကိုဖြတ်၍
ကမ်းတစ်ဖက်သို့ သွားကုန်လတ့်၊
ပီတိ သုခနှင့် ပြည့်စုံစေ၍
ဈာန်တရားတို့ကို ပြည့်စုံစေ၍
မေတ္တေယျဘုရားရှင်၏ သာသနာတော်၌
ဗြဟ္မစရိယကို ကျင့်ကုန်လတ့်။

၁၀၁။ သဋ္ဌိ ဝဿသဟဿာနိ၊ မေတ္တေယျော ဒွိပဒုတ္တမော။
ဒေသယိဿတိ သဒ္ဓမ္မံ၊ သတ္ထာ လောကာ-နုကမ္ပယာ။

လူတို့ထက်မြတ်သော မေတ္တေယျဘုရားရှင်သည်
လောကကို သနားသဖြင့်
အနှစ်ခြောက်သောင်း တရားဟောတော်မူလတ့်။

၁၀၂။ သတာနိ စ သဟဿာနိ၊ ပါဏီနံ သ ဝိနာယကော။
ဝိနီယ ဓမ္မကာယေန၊ တတော နိဗ္ဗာန-မေဿတိ။

ထိုရှေ့ဆောင်ဘုရား မေတ္တေယျသည်
သတ္တဝါအသိန်းကို
တရားခန္ဓာ (ဓမ္မကာယ)ဖြင့် ဆုံးမတော်မူပြီးနောက်
နိဗ္ဗာန်သို့ ကြွတော်မူလတ့်။

၁၀၃။ တသ္မိံ စ နိဗ္ဗုတေ မိရေ၊ မေတ္တေယျေ ဒွိပဒုတ္တမေ။
ဒသဝဿသဟဿာနိ၊ သဒ္ဓမ္မံ ဌဿတိ ခိတေ။

လူတို့ထက်မြတ်သော ထိုမေတ္တေယျဘုရားသခင်
ပရိနိဗ္ဗာန် စံဝင်တော်မူသည်ရှိသော်
သာသနာတော်သည် အနှစ်တစ်သောင်း တည်လတ့်။

၁၀၄။ ပသာဒယတိ စိတ္တာနိ၊ တသ္မာ သကျမုနေ ဇိနေ။
တတုဒ္ဒိက္ခထ မေတ္တေယျံ၊ သံဗုဒ္ဓံ ဒွိပဒုတ္တမံ။

ထို့ကြောင့် သကျမုနိသခင်ဘုရား၌
စိတ်ကို ကြည်လင်စေလော့၊
ထိုနောက် မေတ္တေယျမြတ်စွာဘုရားကို ဖူးမြင်ရလတ့်။

၁၀၅။ တသ္မာ ဓမ္မေ စ ဗုဒ္ဓေ စ၊ သံဃေ စာပိ ဂဏုတ္တမေ။
ပသာဒယတိ စိတ္တာနိ၊ ဘဝိဿတိ မဟိဒ္ဓိကံ။

ထို့ကြောင့် ဘုရား တရား သံဃာ၌
စိတ်ကို ကြည်စေလော့၊
တန်ခိုးကြီးလတ့်။

၁၀၆။ တံ တာဒိသံ ကာရုဏိကံ၊ မေတ္တေယျံ ဒွိပဒုတ္တမံ။
အာရာဓယိတွာ ကာလေန၊ တတော နိဗ္ဗာန-မေဿထ။

ထိုသို့သဘောရှိသော ကရုဏာရှင်
မေတ္တေယျ ဘုရားသခင်ကို
အခါအားလျော်စွာ ဖူးမြင်ရသဖြင့်
နိဗ္ဗာန်သို့ ရောက်ကုန်လတ့်။

၁၀၇။ ဣဒ-မစ္ဆရိယကံ သုတွာ၊ ဒိသွာ စ ဝိဘဝေ အပ္ပိကံ။
ကော ဝိဒူ န ပသီဒေထ၊ အပိ ကဏှာသု ဇာတိသု။

ဤအံ့ဖွယ်သရဲကို ကြားနာရ၍လည်းကောင်း
စည်းစိမ်၌ အနည်းငယ်သောအပြစ်ကိုလည်းကောင်း မြင်သဖြင့်
အဘယ်ပညာရှိသည် မဲညစ်သောဘဝတို့၌ ကြည်ပါလတ့်နည်း။

၁၀၈။ တသ္မာ တိဟတ္တကာမေန၊ မဟတ္တမဘိကင်္ခတာ။
သဒ္ဓမ္မော ဂရုကာတဗ္ဗော၊ သရတာ ဗုဒ္ဓသာသနံ။

ထို့ကြောင့် ဤဘဝ၌ ဤကိုယ်၏အဖြစ်ဖြင့်
စိတ်ထားကြီးမြတ်မှုကို အလိုရှိကြလော့၊
တရားတော်ကို အလေးဂရုပြုကြလော့၊
ဘုရားရှင်သာသနာကို အောက်မေ့ကြလော့။

မေတ္တေယျဗျာကရဏံ သမတ္တံ။
မေတ္တေယျဗုဒ္ဓဝင်
ပြီးပြည့်စုံပြီ။

## နိဂုံးအမှာ

ဤမေတ္တေယျဗုဒ္ဓဝင်ကို မူရင်းသက္ကတဘာသာမှ ပါဠိဆန်အောင် လှယ်ထားပါသည်။ အချို့ဂါထာများ၌ ဝိဘတ်အသုံးကွာသဖြင့် အကွာရာပိုနေတတ်ပါသည်။ အထူးသဖြင့် ပုလ္လိင် တတိယာဗဟုဝုစ် ဝိဘတ်အရာဖြစ်ပါသည်။ ကျန်ဌာနများ၌ ဆန်းကိုက်အောင် အားထုတ်ထားပါသည်။

ဤမေတ္တေယျဗုဒ္ဓဝင်ကို မြန်မာပြန်ရာတွင် သဒ္ဒတ္ထ (=သဒ္ဒါနက်)ကို ဂရုမထားပဲ အဓိပ္ပါယတ္ထ (= အဓိပ္ပါယ်)ကိုသာ ဦးစားပေး၍ ပြန်ပါသည်။ မြန်မာစာဖတ်ပရိသတ် သိလွယ်သောနည်းကိုသုံး၍ မြန်မာပြန်ထားခြင်း ဖြစ်ပါသည်။

အနာဂတဝင်ပါဠိနှင့် နှိုင်းယှဉ်၍ ထပ်တူထပ်မျှ သဒ္ဒါတရားပွားနိုင်ကြပါစေသတည်း။

ကျော်လှိုင်
ဝိဇ္ဇာဂုဏ်ထူး (ပါဠိ)၊ မဟာဝိဇ္ဇာ (သက္ကတ)
ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန
တွဲဖက်ဌာနမှူး(ပါမောက္ခ)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ရန်ကုန်မြို့။

အနာဂတကာလေ၊
နောင်လာလတံ့သောကာလ၌၊ ဖြာနံ့တေဇော်၊ တုမဲ့ကျော်သား၊
သုံးဘော်လူ့ထိပ်၊ ငါးမာရ်နှိပ်သည့်၊ ဂုဏ်ဟိတ်တွန်းတင်၊
မေတ္တေရှင်နှင့်၊ များဖြင်ပရိသတ်၊ နွယ်တော်မြတ်တို့၊
ပြည့်လတ်ပါရမီ၊ ညီညာသဖြင့်၊
ဘိသေတင့်၍၊ ဘွင့်မဂ်ဥကင်၊
အောင်ပွဲဝင်မည့်၊ ပလ္လင်သီရိ၊ ဗောဓိတဖြာ၊
အခါကာလ၊ ဒေသသက်တန်း၊ ခန်းခန်းဥဿုံ၊ အလုံးစုံကို၊
သုံးဘုံထွဋ်ချာ၊ မြတ်ဘဂဝါက၊ လက်ျာတော်ရုံ၊
ထေရ်အလျှံကို၊ ဗျာသံထုတ်တင်၊
ရှေ့ခွန်းဆင်တော်မူသော

# အနာဂတဝင်ကျမ်း

ကလပ်
အမှတ်တံဆိပ်

ဝံသာနုဦးပျို့င် - သွီး မညွှန့်
စာအုပ်နှင့် သင်္ကန်းပရိက္ခရာဆိုင်
အမှတ် ၃၇-၃၈၊ ရွှေတိဂုံဘုရားကြီးဈေးတော်ရုံ၊ ရန်ကုန်မြို့။
၁၃၁၈-ခုနှစ်။

# အနာဂတဝင်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူခဏ်း

ဥတ္တမော မေတ္တေယျော ရာမော၊
ပသေနဒိ ကောသလော စ။
အဘိဘူ ဒီဃသောဏိ စ၊
စင်္ကီ စ သုဘော တောဒေယျာဗြာဟ္မဏော။
နာဠာဂိရိ ပလလေယျော၊
ဗောဓိသတ္တာ အနုက္ကမေန၊
သမ္ဗောဓိ လဘန္တိ အနာဂတေ။

ဥတ္တမော၊ မြတ်စွာထသော။ မေတ္တေယျော စ၊ အရိမေတ္တေယျအမည်တော်ရှိသော ဘုရားရှင်၎င်း။ ရာမော စ၊ ရာမမင်း၎င်း။ ပသေနဒိ ကောသလော စ၊ ပသေနဒိကောသလမင်း၎င်း။ အဘိဘူ စ၊ အဘိဘူနတ်မင်း၎င်း။ ဒီဃသောဏိ စ၊ ဒီဃသောဏိအမည်ရှိသော အသူရိန်နတ်မင်း၎င်း။ စင်္ကီ စ၊ စင်္ကီပုဏ္ဏား၎င်း။ သုဘော စ၊ သုဘလုလင်၎င်း။ တောဒေယျာဗြာဟ္မဏော စ၊ တောဒေယျပုဏ္ဏား၎င်း။ နာဠာဂိရိ စ၊ နာဠာဂိရိဆင်၎င်း။ ပလလေယျော စ၊ ပလလေယျဆင်၎င်း။ ဣမေ ဒသ၊ ဤတစ်ကျိပ်ကုန်သော။ ဗောဓိသတ္တာ၊ ဘုရားလောင်းတို့သည်။ အနုက္ကမေန၊ အစဉ်သဖြင့်။ အနာဂတေ၊ နောင်လာလတ္တံ့သောအခါ၌။ သမ္ဗောဓိ၊ သစ္စာလေးပါးတရားကို။ လဘန္တိ၊ ရကြကုန်၏။ ဣတိ၊ ဤသို့။ ဗျာကာသိ၊ ဗျာဒိတ်ထားတော်မူ၏။

---

♠ မေတ္တေယျော ဥတ္တမော ရာမော၊ ပသေနဒိ ကောသလော ဘိဘူ။
ဒီဃသောဏိ စ သံကစ္စော၊ သုဘော တောဒေယျဗြာဟ္မဏော။
♠ နာဠာဂိရိ ပလလေယျော၊ ဗောဓိသတ္တော ဣမေ ဒသ။
အနုက္ကမေန သမ္ဗောဓိ၊ ပါပုဏိဿန္တိ နာဂတေ။ ။

## အဇိတမင်းသား ရဟန်းပြုခဏ်း

လူနတ်ထွတ်ထင်၊ အရှင်မြတ်လှ၊ ဂေါတမဘုရားဖြစ်တော်မူ၍။ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ အဇာတသတ်မင်းအားစွဲ၍ ထိုမင်း၏မိဖုရား ကဥ္စနဒေဝီ၏ဝမ်း၌ ပဋိသန္ဓေနေ၍ ဆယ်လစေ့လျှင် ဖွား၏။ ထိုသတို့သားအား အဇိတ-ဟူသောအမည်ကို မှည့်ကုန်၏။ ထိုအဇိတမင်းသားကား အခြံအရံမင်းသားငါးရာနှင့် ပြည့်စုံ၏။ တစ်ဆယ့်ခြောက်နှစ်မြောက်လတ်သော် ခမည်းတော် အဇာတသတ်မင်းကြီးသည် မြတ်စွာဘုရားအမွေတော်ကို ခံပါဆို၍ မင်းသားငါးရာရံလျက် အထူးထူးသောဆွမ်းစသော အဖျော်ယမကာတို့ဖြင့်၎င်း၊ ပုဆိုးစသော လျှာဘွယ်ဝတ္ထုတို့ကို များစွာဆောင်စေခဲ့၍ ဝေဠုဝန်ကျောင်းတော်သို့ သွားသောခရီးကို တန်းဆာဆင်စေပြီးမှ ရထား, မြင်း, ဆင်, ခြေသည်, အမတ်, သူဌေး, ပုဏ္ဏားခြံရံလျက် အဇိတမင်းသားကိုခေါ်၍ ဝေဠုဝန်ကျောင်းတော်သို့ သွားလေ၏။ ဘုရားရှင်ထံတော်၌ ရဟန်းပြု၍ အဇိတမင်းသားကား တည်ကြည်ခြင်း၊ ပညာအစရှိသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ အဇိတမထေရ်ဟု ထင်ရှားစွာဖြစ်၏။ မြတ်စွာဘုရားကား အဇိတမထေရ်ကို ခေါ်တော်မူလေ၍ ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွတော်မူလေ၍ နိဂြောဓာရုံကျောင်း၌ နေတော်မူ၏။

## ပဇာပတိဂေါတမီ ရွှေသင်္ကန်းယက်ခဏ်း

ထိုသို့ နေတော်မူသောအခါ ပဇာပတိဂေါတမီသည် ဘုရားသခင်အား ရွှေသင်္ကန်းကပ်လှူချင်သော နှလုံးသဒ္ဓါ ကြည်ညိုစွာရှိ၏။ နီလှစွာသောရွှေတို့ဖြင့် ရွှေဖျဉ်းတို့ကို လုပ်စေ၍ ရွှေမှုန်ဖြင့် မြေကိုရော၍ ရွှေဖျဉ်းတို့၌ ပြုစေပြီးမှ ပဇာပတိဂေါတမီကား ဝါစေ့ကို လက်နှင့်ကိုင်၍ ရွှေဝါပင်ပေါက်ပါစေသားဟု အဓိဋ္ဌာန်သစ္စာပြုသဖြင့် ရွှေဖျဉ်းတို့၌စိုက်၍ ရွှေဝါပင်ပေါက်လေ၏။ အပွင့်ကား မဟာလှေကားပွင့်နှင့်တူ၏။ အသီးကား မြအဆင်းနှင့်တူ၏။ ပဇာပတိဂေါတမီကား ဝါပင်ပေါက်လေသော် မိမိလက်ဖြင့်ကောက်၍ ရွှေလင်ပန်း၌ထည့်လျက်

မိမိလက်ဖြင့်ပင် ဘန်၍ ကြိတ်၏။ ဂွမ်းဖြစ်စေ၍ လိပ်၏။ သိမ်မွေ့လှစွာသော ချည်ကိုဝင့်၍ သိမ်မွေ့လှစွာသော ယက်ကန်းသည်ကိုခေါ်၍ ထမင်းအဖျော်စသော ပျား, တင်လဲ, ထောပတ်တို့ကို စားစေ၍ အဝတ်တန်းဆာဆင်ပြင်၍ ယက်ကန်းဇရပ်ကို နံ့သာမျိုးကြဲ၍ လူအကြပ်ကို မြဲစွာထား၍ ယက်စေသော် ပုဆိုးတစ်ထည်ပြီး၏။ အလျားကား တစ်ဆယ့်လေးတောင်၊ အနံကား ခုနစ်တောင် ရွှေကိုခပ်သကဲ့သို့ရှိ၏။ တစ်ထည်သည်လည်း ၎င်းနည်း။ ထိုပုဆိုးတစ်စုံကို ပတ္တမြားကြုတ်တွင်ထည့်၍ ပန်းနံ့သာအထုံအခိုးအမွှေးများစွာ လက်စွဲလျက် ရွှေသင်္ကန်းထည့်သော ပတ္တမြားကြုတ်ကို မိမိခေါင်းထက်ရွက်၍ ဆွမ်းစသောများစွာသောလှူဘွယ်ဝတ္ထုကို ဆောင်၍ တံခွန်ပန်းနံ့သာလက်စွဲလျက် သာကီဝင်မင်းသား, မင်းသမီးငါးရာခြံရံလျက် နိဂြောဓာရုံကျောင်းတော်သို့ သွားလေသော် ဘုရားရှင်လည်း ကြယ်များအပေါင်းခြံရံလျက်ထွက်သော လပြည့်ဝန်းကဲ့သို့ သင်္ဃာတော်အပေါင်းခြံရံလျက် ရောင်ခြည်တော်ခြောက်ပါးကိုလွှတ်၍ ရွှေသလွန်ထက် နေတော်မူ၏။

## ရွှေသင်္ကန်းကပ်လှူခြင်း

မိထွေးတော်ဂေါတမီကား ဘုရားရှင်အထံတော် မနီးမဝေးသော အရပ်၌ ငါးပါးသောရှိခိုးခြင်းဖြင့် ရှိခိုး၍နေ၏။ ကိုယ်တော်၏ တင့်တယ်ခြင်းကိုမြင်၍ ပတ္တမြားကြုတ်ကိုဘွင့်လျက် တစ်စုံသော ရွှေသင်္ကန်းကိုကိုင်လျက် နားတော်လျှောက်၏။"ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောမြတ်စွာဘုရား အကျွန်ုပ်သည် ဘုရားရှင်ကိုရည်၍ အကျွန်ုပ်လက်ဖြင့် စင်ကြယ်စွာယက်လုပ်ရသော ဤသင်္ကန်းကို အကျွန်ုပ်အား သနားသဖြင့် ခံယူတော်မူပါ"ဟု တောင်းပန်၏။ တစ်ထည်ကို မြတ်စွာဘုရား ခံယူတော်မူ၏။ တစ်ထည်ကို သံဃာအားလှူဟု မိန့်တော်မူ၏။ မိထွေးတော်လည်း မြတ်စွာဘုရားစကားတော်ကို ဝန်ခံ၍ ရွှေသင်္ကန်းတစ်ထည်ကို သံဃာအား ကပ်လေသော် ရှစ်ကျိပ်သော မဟာထေရ်တို့သည်၎င်း၊ တစ်ပါးသောရဟန်းတို့သည်၎င်း မခံဝံ့ကုန်။

ထိုရောအခါ မေတ္တေယျဘုရားအလောင်းဖြစ်သော အဇိတမထေရ်ကား ရဟန်းများအလယ်၌နေလျက် ကြံ၏။ ဘုရားမြတ်စွာကား မိထွေးတော်၏အကျိုးကို များစွာလိုသည်ဖြစ်၍ မိန့်တော်မူသည်ဟုနှလုံးသွင်း၍ ဘုရားအလောင်းတော်ဖြစ်သော ယောကျ်ားမြတ်ကား မကြောက်မရွံ့ ခြင်္သေ့မင်းကဲ့သို့ ရွှေအဆင်းနှင့်တူသောပုဆိုးကို ခံလေ၏။ ထိုရောအခါ ရဟန်းပရိသတ်တို့သည် အုတ်အုတ်ကျက်ကျက်သော အသံသည်ဖြစ်လတ်၍ ရှစ်ကျိပ်သောမဟာထေရ်တို့သည်၎င်း၊ တစ်ပါးသောရဟန်းတို့သည်၎င်း မခံဝံ့သောရွှေသင်္ကန်းကို တစ်ယောက်သောအညတြရဟန်းခံလေ၏ဟု ကဲ့ရဲ့သောစကားကို သောသောသည် ဆိုကြကုန်၏။ ထိုစကားကို ဘုရားရှင် ကြားတော်မူ၍ ပရိသတ်အပေါင်းကို ကြည့်တော်မူမြဲကြည့်၏။ ခပ်သိမ်းသောသူတို့၏ ယုံမှားခြင်းကို ဖျောက်ပေအံ့ဟု "ချစ်သားရဟန်းတို့ ဤရဟန်းကို အညတြစကားဖြင့် မဆိုကြလင့်၊ ဤရဟန်းသည် သာမညမဟုတ်ပေ။ ဘုရားအလောင်းပေတည်း။ တိမ်ဖုံးသောနေကဲ့သို့ ပြာလွှမ်းသောမီးကဲ့သို့ မနုဿလိင်္ဂနှင့် ပြည့်စုံသည်ဖြစ်၍ နောင်သောအခါ မေတ္တေယျဘုရားဖြစ်လတ္တံ့ဟု မိန့်တော်မူပေ၏။

## အဇိတမထေရ်သပိတ်ယူခဲ့ပြီး ဆုတောင်းခန်း

ထိုရောအခါ ဘုရားရှင်ကား အာနန္ဒာကို ခေါ်တော်မူ၍ ကျောက်သပိတ်ကိုယူခဲ့ဟု မိန့်တော်မူ၏။ ညီတော်အာနန္ဒာလည်း နတ်သားလေးယောက်လှူသော အနားလေးရစ်ရှိသော မြကျောက်သပိတ်ကိုယူခဲ့၍ မြသပိတ်ကို ကပ်လေ၏။ ဘုရားရှင်လည်း လက်ဝါး-ပေါ်တွင်တင်၍ ကောင်းကင်သို့ လွှတ်တော်မူလိုက်၏။ အတိုင်းမသိသော စကြာဝဠာတိုက်ကို လွှမ်း၍သွားလေသော် ရှစ်ကျိပ်သောမထေရ်တို့သည်၎င်း၊ ထိုမှတစ်ပါးသော ရဟန်းသည်၎င်း၊ လွှတ်လိုက်သောသပိတ်ကို ယူချေဟု စေတော်မူ၏။ တစ်ယောက်သောသူမျှ ယူဆောင်အံ့သောငှာ မတတ်နိုင်သော် အဇိတမထေရ်ကို ခေါ်တော်မူ၍ ငါလွှတ်လိုက်သော သပိတ်ကို ယူချေလော့ဟု စေတော်မူ၏။ အဇိတမထေရ်လည်း ဝန်ခံ၍ သွားလေသော် တခဏခြင်းပင် သပိတ်တော်ကို

ဆောင်ခဲ့၍ ရောက်လေ၏။ ထိုရောအခါ အဇိတမထေရ်ကား မိမိရသော ရွှေဖျဥ်းကို ဘုရားရှင်နေတော်မူသော ညောင်စောင်းထက်၌ ဗိတာန် ကြက်၍ လှူ၏။ လှူပြီးသောကာလ ဆုတောင်း၏။

အကျွန်ုပ်ကား မြတ်စွာဘုရားကို ဗိတာန်ကြက်၍လှူသော အကျိုးအားဖြင့် အကျွန်ုပ်ဘုရားဖြစ်သောအခါ၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ရွှေပန်းဆိုင်း, ငွေပန်းဆိုင်း, သန္တာပန်းဆိုင်း, ပုလဲပန်းဆိုင်း တို့ဖြင့် ပြီးသည်၊ ၎င်းတန်းဆာဆင်လျက် တစ်ဆယ့်နှစ်ယူဇနာရှိသော ဆန်းကြယ်တင့်တယ်စွာသော ဗိတာန်သည် ဖြစ်စေသတည်းဟု ဆု- တောင်းပြီးသော် တင့်အပ်သောအရပ်၌ ဘုရားရှင်ကို ငါးပါးသောရှိခိုး ခြင်းဖြင့် ရှိခိုး၍ နေ၏။ ဘုရားရှင်လည်း ပြုံးတော်မူ၏။ ထိုရောအခါ တရားဘဏ္ဍာစိုးဖြစ်သော အာနန္ဒာမထေရ်သည် နေရာမှထ၍ ရှိခိုးလျက် ပြုံးတော်မူသောအကြောင်းကို အကျွန်ုပ်အား ဟောတော်မူပါလောဟု တောင်းပန်လေ၏။ မြတ်စွာဘုရားကား နံ့သာမှုန့်ထည့်သော ရွှေကြုတ် ကို ဖွင့်ဘိသကဲ့သို့ ပရိသတ်အဆုံးတိုင်အောင် ကြားစေလျက် အာနန္ဒာ အဇိတမည်သော ရဟန်းသည် ဤဘဒ္ဒကမ္ဘာ၌ပင် အရိမေတ္တေယျဘုရား ဖြစ်လတ္တံ့သတည်းဟု ဗျာဒိတ်ထားတော်မူ၍ အရဟတ္တဖိုလ်သို့ ဝင်စား တော်မူလေ၏။ အရဟတ္တဖိုလ်မှ ထတော်မူလတ်သော် ထိုရောအခါ တရားစစ်သူကြီးဖြစ်သော သာရိပုတ္တရာမထေရ်သည် ရဟန်းတို့အလိုကို သိ၍ လက်အုပ်ချီကာ ရှိခိုးလျက် နားတော်လျှောက်၏။ အဇိတရဟန်း ကား အဘယ်နံရောအခါ၌ အဘယ်သို့သော အခြင်းအရာအားဖြင့် မေတ္တေယျဖြစ်လတ္တံ့နည်း။ အကျွန်ုပ်အား သနားခြင်းကိုစွဲ၍ ဟောတော် မူပါဟု တောင်းပန်လျှောက်ထား၏။

## မြတ်စွာဘုရားသည် ရှင်သာရိပုတ္တာအား
## အနာဂတဝင်ကျမ်းကို ဟောတော်မူခဏ်း

မြတ်စွာဘုရားသည် သာရိပုတ္တရာအား ဤအနာဂတဝင် ကျမ်းကို ဟောတော်မူ၏။ မေတ္တေယျဘုရားသည် အဘယ်သို့သော အခါ၌ ဖြစ်လတ္တံ့နည်းဟူမူကား ချစ်သား သာရိပုတ္တရာ၊ ငါဘုရား

ပရိနိဗ္ဗာန်လွန်၍ ကာလကြာသော် ငါးပါးသောကွယ်လွန်ခြင်းဖြင့် ကွယ်လတ္တံ့၊ ငါးပါးသောကွယ်ခြင်းဟူသည်ကား (၁) ပဋိသမ္ဘိဒါခေတ်ကွယ်ခြင်း၊ (၂) မဂ်, ဖိုလ်ကွယ်ခြင်း၊ (၃) အကျင့်ကွယ်ခြင်း၊ (၄) ပရိယတ္တိ-ပိဋကတ်သုံးပုံကွယ်ခြင်း၊ (၅) သံဃာကွယ်ခြင်း၊ ဤငါးပါးတည်း။

## ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသော ရဟန္တာခေတ်ကွယ်ခြင်း

ချစ်သား သာရိပုတ္တရာ ငါဘုရားလွန်၍ အနှစ်တစ်ထောင်ရှိလေသော် ပဋိသမ္ဘိဒါလေးပါးနှင့်ပြည့်စုံသော ရဟန္တာအဖြစ်ကို မရလတ္တံ့သတည်း။

## မဂ်ဖိုလ်ကွယ်ခြင်း

ထိုနောက်သောအခါ၌ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်ကိုသာ ရနိုင်လတ္တံ့သတည်း။

## အကျင့်ကွယ်ခြင်း

ထို့နောင် အဆုံးစွန်သော ပါရာဇိကကိုသာ စောင့်လတ္တံ့၊ ပါရာဇိကစောင့်သော ရဟန်းတို့ကာလ၌လည်း အနှစ်တစ်ထောင်တည်လေ၏။ ထိုရောအခါ အဆုံးစွန်သော ရဟန်းတစ်ယောက်သည် သီတင်းပျက်ခြင်း၊ အသက်ကုန်ခြင်းသို့ ရောက်လေသော် ဤကားအကျင့်ကွယ်သည်မည်၏။

## ပရိယတ္တိကွယ်ခြင်း

ပရိယတ္တိကွယ်ခြင်းဟူသော်ကား တစ်ရွေ့ရွေ့ကြာလေသော် အမျိုးယုတ်သော မင်းတို့သည် တရားမစောင့်လတ္တံ့၊ မင်းမစောင့်လတ်သော် အမတ်စစ်သူကြီး မစောင့်လတ္တံ့၊ အမတ်စစ်သူကြီး မစောင့်လတ်သော် ပြည်သူ, နိဂုံးသူတို့ မစောင့်လတ္တံ့၊ ထိုအခါတွင် မိုးကောင်းစွာ မရွာ၊ မရွာလတ်သော် ကောက်ပဲမကောင်းလတ္တံ့၊ ကောက်ပဲမကောင်းလတ်သော် ဒါယကာတို့သည် ပစ္စည်းလှူအံ့သောငှာ မတတ်နိုင်၊

မတတ်နိုင်သော် ရဟန်းတို့သည် ပစ္စည်းမရ၊ မရလတ်သော် တပည့်သားတို့အား သင်္ဂြိုဟ်ချီးမြှောက်ခြင်းကို မပြုရလတ္တံ့၊ နောက်ကျလတ်သော် ပရိယတ္တိယုတ်လေ၍ ရှေးဦးစွာ ပဋ္ဌာန်းကျမ်းကြီးကွယ်လတ္တံ့၊ ထိုနောက် ယမိုက်ကွယ်လတ္တံ့၊ ထိုနောက် ပိဋကတ်သုံးပုံ ကွယ်လတ္တံ့၊ ထိုနောက် အင်္ဂုတ္တရနိကာယ်၊ ထို့နောက် ကထာဝတ္ထု၊ ထို့နောက်ပုဂ္ဂလပညတ်၊ ထို့နောက် ဝိဘင်းကျမ်း၊ ထို့နောက် မဇ္ဈိမနိကာယ်၊ ခုဒ္ဒကနိကာယ်၊ ဒီဃနိကာယ် ကွယ်လတ္တံ့၊ ထို့နောက် ဝေဿန္တရာ ကွယ်လတ္တံ့၊ အပဏ္ဏကဇာတ်တို့သည် ကွယ်လတံ့၊ ဂါထာလေးပုဒ်ရှိသေး၏။ နောင်ကာလသော် သဒ္ဓါကြည်ညိုသော မင်းတစ်ယောက်သည် အသပြာထောင်ထုပ်ကို ဆင်ဦးခေါင်းထက်တင်၍ ဘုရားမြတ်စွာ ဟောတော်မူသော တရားလေးပုဒ်, လေးဂါထာကို ဟောပြောနိုင်သောသူတို့ကို တွေ့လျှင် ဤအသပြာထောင်ထုပ်ကို ယူစေဟူ၍ ပြည်လေးမျက်နှာကို လှည့်စေ၏။ ထိုသို့ လှည့်လည်စေသော်လည်း တရားဟောသောသူကို မရနိုင်။ ထိုဥစ္စာကို သွင်းပြန်ရလတ္တံ့သတည်း။ ထိုအခါ ပရိယတ္တိကွယ်သည်မည်၏။

## သံဃာကွယ်ခြင်း

နောက်ကာလသော် ဖန်ရည်စွန်းသောသင်္ကန်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု တစ်ထွာ, တစ်မိုက်ဆုတ်၍ ဆံပင်၌ရှင်း၊ လည်၌ရှင်း၊ လက်၌ရှင်း ကပ်စေ၍ မယား, သားမွေးကုန်အံ့သတည်း။ နောင်ကာလသော် ထိုမယား, သားမွေးခြင်း၊ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းကို ပြုလုပ်၍ လက်၌နား၌ကပ်သော သင်္ကန်းရှိသောသူကို ဘုရားမြတ်စွာ၏ သင်္ကန်းတော်အမှတ်ဖြင့် ရည်၍လှူ၏။ လှူရသောအကျိုးကို မရေမတွက်နိုင်ဟူ၍ ချစ်သား သာရိပုတ္တရာ ငါဘုရားဟောတော်မူ၏။ နောင်ကာလသော် သင်္ကန်းဖြင့် အဘယ်ပြုအံ့နည်းဟု တောချုံပေါ်စွန့်လေအံ့၊ ချစ်သား သာရိပုတ္တရာ ဤသည်သာလျှင် ရဟန်းသဏ္ဍာန်ကွယ်လေသည်မည်၏။

## ရောင်တော်ပြန်ဘုရား တရားဟောခန်း

ထိုသို့ အနှစ်ငါးထောင်စေ့လေသော် ငါဘုရား၏ သာသနာတော်သည် ပူဇော်သက္ကာရကို မရသည်ဖြစ်၍ ပူဇော်သက္ကာရ-ရရာသို့ သွားလတ္တံ့။ ငါဘုရား၏ ဓာတ်တော်, မွေတော်တို့သည် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်, နဂါးပြည်၌ရှိ၏။ ထိုရှိသောဓာတ်တော်တို့သည် ပြောင်းကြွ၍ မဟာဗောဓိမဏ္ဍိုင်၌သာ စည်းဝေးစုပုံ၍ ငါဘုရား၏နိမ္မိတ သဏ္ဍာန်တော်ကို ဖန်ဆင်း၍ ယမိုက်ပြာဋိဟာကို ပြလတ္တံ့သတည်း။ ထိုရောအခါ ထိုအရပ်သို့ လူများမရောက်နိုင်၊ စကြဝဠာတစ်သောင်း၌ နေသော နတ်ဗြဟ္မာတို့ရောက်၍ ယနေ့ကား အားဆယ်ပါးနှင့်ပြည့်စုံ တော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံအံ့သတည်း။ ယနေ့မှစ၍ အမိုက်အတိသာဖြစ်လတ္တံ့သည်ဟူ၍ ငိုကြွေးကြကုန်အံ့၊ ထိုရော အခါ ရောင်တော်ပြလတ်၍ ဂန္ဓမာဒနတောင်မှ တရားဟောလတ္တံ့၊ နတ်, ဗြဟ္မာအပေါင်းတို့ကား ကုဋေတစ်သိန်းမျှ ကျွတ်လတ္တံ့၊ ထို့နောင်မှ တေဇောဓာတ်လောင်၍ အကြွင်းမရှိ အနုပါဒိသေသနိဗ္ဗာန်သို့ ဝင်စံတော်မူအံ့။

## ဆုတ်ကပ်အပိုင်းအခြား

ချစ်သားသာရိပုတ္တရာ ထိုရောအခါ အမိုက်အတိသာဖြစ်၍ မကောင်းမှုကို ပြုကြကုန်၏။ လူတို့အသက်သည် ယုတ်လတ္တံ့၊ တစ်ရာကသည် ကိုးဆယ်၊ ရှစ်ဆယ်၊ ခုနစ်ဆယ်၊ ခြောက်ဆယ်၊ အစဉ်အတိုင်း ယုတ်၍ ငါးနှစ်ရှိသော ယောက်ျားမိန်းမတို့သည် အိမ်ထောင်ကြ၍ တစ်ဖန် ခြောက်နှစ်၊ ခုနစ်နှစ်ရှိလျှင် မြေး, မြစ်ဖြစ်လတ္တံ့၊ ထိုရောအခါ ကပ်သုံးပါးဖြစ်လတ္တံ့၊ မွတ်သိပ်ခြင်းအန္တရာယ်၊ အနာအန္တရာယ်၊ လက်နက်အန္တရာယ်ဟူ၍ အန္တရာယ်သုံးပါး ဖြစ်လတ္တံ့၊ ထိုရောအခါ အနာအန္တရာယ်ဖြစ်၍ သေသောသူတို့သည် နတ်ရွာ၌ဖြစ်လတ္တံ့၊ မွတ်သိပ်ခြင်းအန္တရာယ်နှင့် သေသောသူတို့သည် ပြိတ္တာဖြစ်လတံ့၊ လက်နက်ဖြင့် သေသောသူတို့သည် ငရဲ၌ဖြစ်လတ္တံ့။

ချစ်သား သာရိပုတ္တရာ လူတို့မေ့လျော့၍ ဝိသုကြုံနုတ်သား ဆုံးမလတ္တံ့။

အိုလူများတို့ ယနေ့မှစ၍ ခုနစ်ရက်တိုင်လတ်သော် လူတို့သည် အချင်းချင်း သမင်သား၊ ငါးအမှတ်ဖြင့် ထိုးခုတ်သတ်ဖြတ်ကြလတ္တံ့၊ ပုဆိုးစွတ်၍ မျက်ရည်ယိုလျက် ဆုံးမလတ္တံ့၊ ထိုဘေးမှ လွတ်လိုသော သူတို့သည် ခုနစ်ရက်စာယူ၍ တစ်ယောက်ချင်းသာ တောင်မြောက် ချောက်ကြား၌ လူချင်းမတွေ့လေအောင် ပုန်းလေကုန်၊ ခုနစ်ရက်လည်မှ လာလှည့်ကုန်ဟု ဝိသုကြုံနုတ်သား ဆုံးမလတ္တံ့။

အချို့သောသူတို့သည်လည်း လုလင်ဆိုသောစကားသည် ဟုတ်ပေလတ္တံ့ဟု ပညာရှိသောသူတို့သည် ခုနစ်ရက်စာယူ၍ ပုန်းကုန်လတ္တံ့၊ ထိုရောအခါ အချင်းချင်းသတ်၍ အရိုးအသားတို့ပြည့်လတ္တံ့၊ ထို့နောက်မှ မိုးကြီးစွာရွာလတ်၍ အရိုးအသားတို့သည် မျောလတ္တံ့၊ ထို့နောင် ပုဆိုးမိုးရွာလတ္တံ့၊ ထိုပုန်းသောသူတို့သည် ပုန်းရာမှလာလေသော် လူများမမြင်၍ ငိုကြွေးလတ်ကုန်အံ့၊ ပုန်း၍နေသောသူတို့သည် ကောင်းမွန်စွာ သီလသီတင်းသုံးခြင်းကို ပြုကုန်အံ့။

## တက်ကပ်အပိုင်းအခြား

ချစ်သား သာရိပုတ္တရာ ထိုရောအခါ အနှစ်တစ်ဆယ်နေရသောသူတို့၏သားသည် အနှစ်နှစ်ဆယ်နေရလတ္တံ့၊ အနှစ်နှစ်ဆယ်နေရသောသူတို့၏သားသည် အနှစ်လေးဆယ်နေရ၏။ လေးဆယ်နေရသောသူတို့၏သားသည် ရှစ်ဆယ်နေရ၏။ ထိုသူတို့၏အသက်လည်း အစဉ်အတိုင်း တက်လေ၍ အသက်အသင်္ချေ မရေမတွက်နိုင်အောင် တက်လေ၍ ကောင်းမှုကိုသာပြုကုန်၏။ ထိုရောအခါ လူတို့သည် ဆင်းရဲခြင်းဟူသည် အသို့နည်းဟူ၍ မသိလတ္တံ့၊ လူတို့၏အသက်သည် ကြာတင်၍ ရှည်လျားလတ်သော် အိုခြင်း၊ နာခြင်း၊ သေခြင်းစသော လက္ခဏာတို့သည် မထင်မမြင်လတ္တံ့၊ ထိုသို့ မထင်သည်ဖြစ်၍ တရားပျက်ပြီးလျှင် အသင်္ချေယျတန်းမှ တဖြည်းဖြည်းဆုတ်ယုတ်၍ တစ်သိန်းတိုင်အောင် ရေတွက်နိုင်လတ္တံ့၊ ထိုရောအခါ လူတို့သည် မိန်းမလျှင်

လည်း နတ်သမီးနှင့်တူ၏။ ယောကျ်ားလျှင်လည်း နတ်သားနှင့်တူ၏။ ထိုယောကျ်ား မိန်းမတို့သည် ထိမ်းမြားမင်္ဂလာပြုလတ္တံ့သတည်း။ သဘင်ခံလျက် စမွာယ်၍ နတ်ပြည်ကဲ့သို့ရှိလတ္တံ့၊ မိုးကား ဆယ်ရက်တစ်ခါ, လခွဲတစ်ခါ, ညဥ့်သန်းခေါင်ကိုသာ မြေသြဇာတက်စေ၍ ရွာရ၏။ ထိုရောအခါ သုံးပါးသောအန္တရာယ်ရှိ၏။ ထိုသုံးပါးဟူသည်ကား ထမင်းအဆီရစ်သောအနာ, ထမင်းမစားချင်သောအနာ, အိပ်ချင်သောအနာ, ထိုမှတစ်ပါးသော အနာမျိုးတို့သည် မရှိကုန်လတံ့။

## ကေတုမတီပြည်ကြီး၏အကြောင်း

ချစ်သား သာရိပုတ္တရာ ထိုရောအခါ အလျားတစ်ဆယ့်နှစ်ယူဇနာ, အနံ ခုနစ်ယူဇနာရှိသော ကေတုမတီပြည်ကြီး၌ အတိုင်းမသိသော ဆင်, မြင်း, ရထား, ဗိုလ်ပါခုနစ်ပါးနှင့်ပြည့်စုံသော သင်္ခစကြာဝတေးမင်းသည် ရန်သူတို့ကို ဆုံးမလျက် မင်းပြု၍နေလတ္တံ့၊ ပြည်အလယ်၌ ရတနာ ၇-ပါးအတိပြီးသော တံတိုင်းရံလျက် မျက်စိဖြင့်စိန်းစိန်းကြည့်သော် မတတ်နိုင်ကောင်းသော အရောင်အဝါဖြင့် အစောက်ကား ၂၅-ယူဇနာ, အချင်းကား ၁-ယူဇနာခွဲရှိသော ရတနာ ၇-ပါးအတိပြီးသော ပြာသာဒ်ယာဥ်ပေါက်လတံ့။ မဟာပနာဒမင်းလည်း ရှေးနေလေဘူးသည်ဟု ကျမ်းဆို၏။ ထိုပြာသာဒ်၌ သင်္ခစကြဝတေးမင်းသည် ချမ်းသာခံ၍နေလတံ့။ ထိုကေတုမတီပြည်၏ ထက်ဝန်းကျင်၌ အထူးထူးသော ရေကန်တို့သည် ကြာမျိုးငါးပါးဖြင့် ဖုံးလွှမ်းလျက် အနံ့တို့သည် တကြိုင်ကြိုင်လှိုင်ကုန်၏။ ထိုပြည်ထက်ဝန်းကျင်၌ မင်းဥယျာဥ်တို့သည် ပန်မျိုးစေ့စုံလျက် မြရည်သွန်းသကဲ့သို့ ပွင့်ကုန်၏။ ပန်းမျိုးတို့၏အနံ့တို့သည် တကြိုင်ကြိုင်လှိုင်ကုန်၏။ ကေတုမတီ၏အလယ်၌ရင်း၊ မြို့တံခါးလေးမျက်နှာ၌ရင်း ပြာသာဒ်အရံတိုင်အရံတိုင်း၌ ပဒေသာပင်တို့သည် ကောင်းစွာပေါက်လတံ့။ ထိုပဒေသာပင်တို့၌ အဖြူ, အနီ, အဝါ, အရွှေ, အစိမ်း, အမဲ, အကြောင်အကြား, ပြိုးပြိုးပြက်ရှိသော နတ်ပုဆိုးတန်ဆာတို့သည်ရင်း၊ ကာသိကရာဇ်တိုင်း၊ ခေါမတိုင်း၊ ကောဇျမ္ဗရာဇ်တိုင်းတို့၌ဖြစ်သော ပုဆိုးတို့သည်ရင်း လူ့ပြည်၌ထမင်းဘောဇဥ်အဖျော်

စသော လူတို့၌သုံးဆောင်စားသောက်ကောင်းသော အမြိန်အရသာဟူ သမျှလည်း ပဒေသာပင်၌သာလျှင် တွဲရရွဲရှိလတ့်။ တံခါးလေးမျက်နှာ၌ ဂှင်း၊ သာယာစွာသော ရွှေဇရပ်တို့သည် ပေါက်ကုန်လတ့်။

ချစ်သား သာရိပုတ္တရာ ထိုအခါ၌ ဥတုသုံးပါးသည် မပူ, မချမ်း ပြကတေ့သာဖြစ်လတ့်။ မြစ်တို့သည် အကြေအညာမစီးဘဲ နေ လတ့်။ ကြည်လင်သန့်ရှင်း၏။ ညွန်ကင်း၏။ ပုလဲကျဘိသကဲ့သို့ ရှိ၏။

ချစ်သား သာရိပုတ္တရာ ထိုရောအခါ ဆန်တစ်ပင်သီးသော အသီးကား လှည်းခုနစ်ထောင်နှစ်ရာခုနစ်ဆယ့်နှစ်စီးနှစ်ဆယ့်ခြောက်တင်း နှင့် (လှည်း-၇၂၇၂-စီး ၂၆-တင်း ၂-တုံ) နှစ်တုံရှိ၏။ အလုံးကား လုံးပတ် သုံးထွာရှိ၏။ ချစ်သား သာရိပုတ္တရာ ထိုရောအခါ လူတို့သည် ပဒေ- သာပင်၌ဖြစ်သော အမြိန်အရသာနတ်သြဇာကဲ့သို့သော အစားတို့ကို စားကုန်လျက် ပတ္တမြား, နားဋောင်းကိုသာ ဝတ်ကုန်လျက် စန္ဒကူး သရက္ခန် နံ့သာကိုသာ လိမ်းကုန်လျက် လက်စွပ်, ပုတီး, ခြေကျဉ်း စသော လူတို့ ဆင်ယင်အပ်သော တန်ဆာတို့ကိုသာ ဆင်ယင်လျက် ကာသိကရာဇ်တိုင်း၌ဖြစ်သော ပုဆိုးကိုသာ ဝတ်ကုန်လျက် နတ်စည် စောင်းညှင်းတို့ကိုသာ တီးမှုတ်လျက် ချမ်းသာခံ၍နေလတ့်။ ချစ်သား သာရိပုတ္တရာ တစ်သောင်းယူဇနာရှိသော ဇမ္ဗူဒီပါကျွန်းကား တာဝ- တိံသာနတ်ပြည်ကဲ့သို့ ဖြစ်လတ့်၊ ထိုရောအခါ လူတို့သည် နက္ခတ် ကစားလတ့်၊ နတ်တို့သည် သဘင်ကဲ့သို့ ပျော်ပါးလတ္တံ့။

## အရိမေတ္တေယျဘုရားအလောင်း ပဋိသန္ဓေယူခဏ်း

ချစ်သား သာရိပုတ္တရာ ထိုရောအခါ မေတ္တေယျဘုရား အလောင်းကား တစ်ဆယ့်ခြောက်သချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့် စေ၍ စွန့်ခြင်းကြီးငါးပါးကိုစွန့်၍ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်ပြီးလျှင် တုသိတာနတ်ပြည်၌ဖြစ်လတ့်၊ ထိုတုသိတာနတ်ပြည်၌ မေတ္တေယျဘုရားလောင်း တန်ခိုးသတင်းကျော်စောလတ်၍ စကြာဝဠာ တစ်သောင်း၌နေကုန်သော နတ်တို့သည် ဘုရားဖြစ်စိမ့်သောငှာ တောင်း ပန်လာ၍ ငါးပါးသောကြည့်ခြင်းဖြင့်ကြည့်၍ တစ်ဆယ့်ရှစ်ကုဋေသော

အရှုံနှင့်တကွ တုသိတာနတ်ပြည်မှစုတေခဲ့၍ ကေတုမတီမင်းနေပြည်၌ သင်္ခစကြာဝတေးမင်းနှင့် တိုင်ပင်ကြံစည်ဘက် ကိုးကွယ်ရာဖြစ်သော အတိတ်, အနာဂတ်ကို သိမြင်နိုင်၍ ပစ္စုပ္ပန်သံသရာ အစီးအပွားကို ဆုံးမတတ်သော သုဗြဟ္မအမည်ရှိသော ပုဏ္ဏားကြီး၏ခင်ပွန်းမ-ဖြစ်သော ဗြဟ္မဝတီအမည်ရှိသော ပုဏ္ဏေမဝမ်း၌ ပဋိသန္ဓေနေလတ္တံ့၊ ထိုရောအခါ တစ်သောင်းသော လောကဓာတ်လှုပ်လတ္တံ့၊ ဆယ်လလွန်လျှင် ဣသိ-ပတန သမင်တောမှာ ဘွားလတံ့၊ အဇိတဟူသော အမည်ကိုမှည့်လတ္တံ့၊ ဘွားဘက်ကား တစ်ဆယ့်ရှစ်ကုဋေတည်း။ အမတ်ကြီးချည်းဖြစ်လတ္တံ့။

## အလောင်းတော်သည် လောကစည်းစိမ်းကို စံတော်မူခဏ်း

အဇိတမင်းသားအား လောကစည်းစိမ်ကိုခံစားစိမ့်သော ငှာ ရတနာခုနစ်ပါး အတိပြီးသော အရောင်အဝါ ထွန်းတောက်လျက် နေမင်း၏ရောင်ခြည်ကဲ့သို့ မျက်စိစိန်းစိန်းမကြည့်ဝံ့သော အရောင်တို့ ဖြင့် တင့်တယ်သော ပြာသာဒ်လေးဆောင်တို့သည် ပေါ်လတ္တံ့။ တစ်ဆောင်တစ်ဆောင်သော ပြာသာဒ်၌ ခန်းတိုက်ခုနစ်ထောင်စီ၊ တစ်ဘက်တစ်ဘက်၌ ပတ္တမြားကျောက်ရွဲစီသော ကိုးပါးသောနဝရတ်ဖြင့် ပြီးသော ပလ္လင်ခုနစ်ထောင်စီ၊ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ထီးဖြူ ခုနစ်ထောင်စီ၊ အထူးထူးသော သားမွေးတို့ဖြင့်ပြီးသော ညောင်စောင်း ခုနစ်ထောင်စီ၊ တစ်ဆောင်တစ်ဆောင်သော ပြာသာဒ်၌ ရတနာခုနစ်ပါး တို့ဖြင့်ပြီးသော ရွှေအိုးကြီးလေးလုံးစီ ပေါ်လတ္တံ့၊ တစ်လုံးတစ်လုံးသော ရွှေအိုး၏အဝကား တစ်ယူဇနာတည်း။ ရွှေအိုး၏အစောက်ကား မြေကြီး အမျှတည်း။ ထိုရွှေအိုးတစ်လုံးတစ်လုံး၌ ပဒေသာပင်ခြောက်ပင်, ခြောက် ပင်ပေါ်လတ္တံ့။ တစ်ဆောင်တစ်ဆောင်သောပြာသာဒ်၌ ရတနာခုနစ် ပါးတို့ဖြင့် တန်းဆာဆင်လျက် ရွှေတန်းခွန်ဆောက်သော ခုနစ်ထောင် သော ဆဒ္ဒန်ဆင်မင်းတို့သည် ရှိလတ္တံ့၊ တစ်ကိုယ်လုံးကို တန်းဆာဆင် သော ဝလာဟကသိန္ဓောမြင်း တစ်ထောင်ကသော ခုနစ်ရာသော ရထား တို့သည်လည်း ဖြစ်လတ္တံ့၊ တစ်ဘုံတစ်ဘုံ၌ အမျိုးအနွယ်အားဖြင့်

မြတ်သော အဆင်းငါးပါးနှင့်ပြည့်စုံသော နတ်သမီးနှင့်တူသော ရတနာ အတိ တန်းဆာဆင်လျက် မောင်းမတစ်သောင်းခြောက်ထောင်စီ ရံလတ္တံ့၊ တစ်ဘုံတစ်ဘုံ၌ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း၌ တတ်သိလိမ်မာသော ရှုချင်ဘွယ် တင့်တယ်ခြင်း, စမွယ်ခြင်းနှင့်ယှဉ်သော စင်ကြယ်သောအမျိုး၌ ဖြစ်သော ခုနစ်ထောင်သော ကခြေသည်တို့ဖြစ်လတ္တံ့။

ချစ်သား သာရိပုတ္တရာ အဇိတမင်းသား၏ မိဖုရားမြတ်ကား စန္ဒမုက္ခီအမည်ရှိ၏။ စန္ဒမုခီမိဖုရားကား မောင်းမအပေါင်းခြံရံလျက် အကျင့်သီလသတင်းနှင့် ပြည့်စုံ၏။ အပြစ်ခြောက်ပါးကင်း၏။ ကြန်အင် ငါးပါးနှင့်ညီ၏။ အလွန်အဆင်းလှ၏။ လူမတူ နတ်မမျှ အလွန်လှပသဖြင့် ရှု၍မငြီးသည်ဖြစ်လတ္တံ့။ စန္ဒမုခီမိဖုရားကိုယ်မှာ စန္ဒကူးသရက္ခန်အနံ့ ကြိုင်၏။ ကိုယ်ရောင်ဖြင့် တစ်ဆယ့်နှစ်တောင်သောအရပ်သို့ ထွန်းနိုင် ၏။ ကိုယ်အသားကား ဝါဂွမ်းကဲ့သို့ နူးညံ့၏။ ပြုခဲ့ဘူးသော ကုသိုလ် ကောင်းမှုတို့သည် အဆုံးစွန်သောဘဝ၌ တည်ကြည်၏။ စန္ဒမုခီမိဖုရား သားကား ဗြဟ္မဝံသမည်၏။ ရာဟုလာကဲ့သို့ အဆုံးစွန်သောဘဝ၌ ယှဉ်၏။

ချစ်သား သာရိပုတ္တရာ ထိုအဇိတအမည်ရှိသော ဘုရား လောင်းသည်ကား ထိုပြာသာဒ်၌ နတ်မင်းကြီးကဲ့သို့ ရတနာခုနစ်ပါး တို့ဖြင့် တန်းဆာဆင်၍ စန္ဒမုခီမိဖုရားအမှူးရှိသော မောင်းမအပေါင်း ခြံရံလျက် နတ်မင်းစည်းစိမ်ကဲ့သို့ စံစား၍နေလတ္တံ့။ ချစ်သား သာရိ-ပုတ္တရာ ထိုရောအခါ အဇိတဘုရားလောင်းကား တစ်ဆယ့်ခြောက်-သချေ်နှင့် ကမ္ဘာတစ်သိန်း ဖြည့်ဘူးသောပါရမီကောင်းမှု နှိုးဆော်လေရ ကား ဇမ္ဗူဒိပါကျွန်း၌ မြေပြင်ရှိသမျှသည် ခပင်းများစွာတို့ ကြွေးကျော် လျက် တာဝတိံသာနတ်ပြည်ကဲ့သို့ သောသောညံညံရှိလတ္တံ့။ သုဓမ္မာ နတ်သဘင်ကဲ့သို့ဖြစ်လတ္တံ့။ ခပ်သိမ်းသောလောကဓာတ်၌ရှိသော အသ-ရေဟူသမျှတို့ကို စုပုံ၍ထားဘိသကဲ့သို့ ဖြစ်လတံ့။

ချစ်သား သာရိပုတ္တရာ ရှစ်သောင်းလေးထောင်သော မင်း တို့သည်၎င်း၊ ခပ်သိမ်းသောနတ်တို့သည်၎င်း သခ်စကြဝတေးမင်းနှင့်တကွ မေတ္တေယျဘုရားအလောင်းထံသို့ သွားကုန်၍ အရှင်အမှုကြီးငယ်ကို

ကျွန်ုပ်တို့ ထမ်းလိုပါ၏ဟု မျက်နှာတော်ကိုကြည့်၍ နေလတ့်။ ဘုရားအလောင်းတော်လည်း မင်းများတို့ အမှုထမ်းသူကား တစ်ဆယ့်ရှစ်ကုဋေသော အမတ်ကြီးကစ၍ များစွာသော ဆင်, မြင်း, ရဲမက်ဗိုလ်ပါ ရှိ၏။ ငါအလိုမရှိ သွားတော်မူလေဟု ဆိုလတ့်။

## ဘုရားအလောင်း တောထွက်တော်မူခဏ်း

ထိုသို့ အလွန်တရာပြည့်စုံစွာသော ဖြည့်ပြီးသောပါရမီတော်၏ အာနုဘောအားဖြင့် အဇိတမင်းသားကား လေးဆောင်သောပြာသာဒ်၌ လောကီစည်းစိမ်ကိုသာခံစား၍ အနှစ်တစ်သောင်းနေမှ စန္ဒမုခီမိဖုရားသည် ပြဟ္မဝံသသားကို ဘွားလတ်သောအခါ ဘုရားတို့၏ ဓမ္မတာအလျောက် ဥယျာဉ်ကစားသွားလတ်သော် သူအို, သူနာ, သူသေ, ရဟန်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ စည်းစိမ်ချမ်းသာတို့နှင့်ပြည့်စုံသော ပြာသာဒ်တို့ဖြင့် မမွေ့လျော်သည်ဖြစ်၍ မြတ်သော တောထွက်ခြင်းဖြင့် တောထွက်အံ့ဟုကြံ၏။ ထိုအကြံကိုသိ၍ သခ်စကြဝတေမင်းသည် ပျော်ပါးစိမ့်သောငှာ ရှစ်သောင်းလေးထောင်သော ကချေသည်တို့ဖြင့် ဘုရားလောင်းနေသော ပြာသာဒ်၌ သဘင်ကြီးစွာခံ၍ နေလတ္တံ့။

ထိုသို့ အဇိတမင်းသား တောထွက်မည်ဟူသောအသံကျော်စောလတ်၍ ပြည်ကြီးသူ, နိဂုံးဇနပုဒ်သူ, မင်းသား, မင်းမြေး, သူဌေး, သူကြွယ်စသော လူအပေါင်းတို့သည် ပန်းနံ့သာစွဲလျက်ခြံရံ၍ နေလတ္တံ့။ ယနေ့ အဇိတမင်းသားသည် တောထွက်လတ္တံ့ဟု အုတ်အုတ်ကျက်ကျက်သော အသံဖြစ်လတ္တံ့။ ကောင်းကင်၌နေသောနတ်တို့သည်ငင်း၊ သဘင်နှင့်တကွ ပန်းနံ့သာလက်စွဲလျက် ပူဇော်ကြလတ္တံ့။ စကြာဝဠာတစ်သောင်း၌နေသော နတ်ပြဟ္မာတို့သည်လည်း နတ်တို့၏ ထီး, တံခွန်, ပန်းနံ့သာ, ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်စသည်တို့ဖြင့် ဘုရားလောင်းနေသောပြာသာဒ်၌ မိုးကြီးရွာသကဲ့သို့ အပြည့်အထပ်ရှိလတ္တံ့။

ချစ်သား သာရိပုတ္တရာ ထိုအခါ၌ တောင်ကမ်းချောက် မရှိ။ မြေအပြင်သည် ညီညွတ်စွာဖြစ်လတ္တံ့။ အရိမေတ္တေယျဘုရား သက်တော်ကား တစ်သိန်းတန်းဖြစ်၍ အနှစ်ရှစ်သောင်း နေလတ္တံ့။ မေတ္တေယျအရပ်တော်ကား အတောင်ရှစ်ဆယ်ရှိ၏။ မျက်ကွင်းတော်ကား ငါးတောင်ရှိ၏။ ခံတွင်းတော်လည်း ငါးတောင်ရှိ၏။ နားရွက်တော်လည်း အစောက် ငါးတောင်ရှိ၏။ လက်ချောင်းအကြား တစ်ထွာရှိ၏။ ဘဝါး-တော်အလျား ဆယ်တောင်ရှိ၏။ ခြေမျက်စိကကို ပဆစ်ဒူးတိုင်အောင် အတောင်နှစ်ဆယ်ရှိ၏။ ထိုကာလ၌ လူတို့ကား အရပ် အတောင် လေးဆယ်ရှိ၏။ ခံတွင်းဝ နှစ်တောင့်ထွာ ရှိ၏။ ထိုကာလ၌ ယနေ့ ဘွားသော သားကား အရပ်ငါးတောင်ရှိ၏။ လူတို့၏ အလုံးအရပ် အင်္ဂါကြီး ငယ်သည် ဘုရား တစ်ဝက်စီချည်းတည်း။ အင်္ဂါကြီးငယ်နှင့်ပြည့်စုံ လျက် လှသောမျက်နှာသာ ရှိ၏။ အကုန်း, အကွ, အကန်း, အနူ, အဝဲ မရှိကုန်။

ချစ်သား သာရိပုတ္တရာ ထိုရောအခါ မေတ္တေယျဘုရား လောင်းအား မိဖုရား သားတော်အပေါင်းခြံရံလျက် ကချေသည်ခုနစ်-ထောင် အလုပ်အကျွေးနှင့်တကွ ဘုရားနေသောပြာသာဒ်သည် ကောင်း ကင်သို့ပျံတက်၍ ဟင်္သာမင်းပျံသကဲ့သို့ ပျံလတ္တံ့။ ထိုရောအခါ ဘုရား လောင်းတောထွက်ရာသို့ လိုက်ပါလိုသော သူတို့သည် ဘုရားလောင်း တန်ခိုးကြောင့်ရင်း၊ သခ်ၤစကြဝတေးမင်း အာဏာကြောင့်ရင်း၊ နတ်တို့၏ အာဏာဖြင့်ရင်း ကောင်းကင်ခရီးဖြင့်သာ လိုက်လတ္တံ့သတည်း။

ချစ်သား သာရိပုတ္တရာ ထိုရောအခါ ဗြဟ္မာမင်းကား သုံးယူဇနာရှိသော ထီးဖြူကိုကာ၍လိုက်၏။ သိကြားမင်းကား အတောင် ခြောက်ဆယ်ရှိသော လက်ျာရစ်ခရုသင်းကိုကိုင်လျက် သာခုခေါ်၍လိုက် ၏။ သုတဝံနတ်သားကား သားမြီးယပ်ကိုကိုင်၍ လိုက်၏။ တုသိတာ နတ်သားကား ပတ္တမြားယပ်ကိုကိုင်၍ လိုက်၏။ ပဥ္စသိခနတ်သားကား စောင်းကိုကိုင်၍ လိုက်၏။ လောကပါလနတ်သား လေးယောက်တို့ကား သန်လျက်ကိုကိုင်၍ လိုက်ကုန်၏။ နှစ်သိန်းရှစ်သောင်းသော ဘီလူးစစ် သည်တို့ကား လက်နက်ကိုယ်စီကိုင်၍ လိုက်ကုန်၏။ ဘုမ္မာသဓာတ် အာကာသဓာတ်၌နေသော နတ်သမီးများလည်း ရတနာပန်းတောင်း တို့ကိုကိုင်လျက် လိုက်ကုန်၏။

အသုရာနတ်တို့ကား သီချင်းသီလျက် နတ်တို့၏တံခွန်ကို ကိုင်လျက် လိုက်ကုန်၏၊ **နတ်မင်းတို့ကား** ပတ္တမြားရှိသော ဆီမီးတိုင် ကိုကိုင်လျက် လိုက်ကုန်၏၊ **ဂဠုန်တို့ကား** စောင်းတီးလျက်လိုက်ကုန်၏။ ကိန္နရာတို့ကား သီချင်းသီလျက် လိုက်ကုန်၏။ ဂန္ဓဗ္ဗနတ်အပေါင်းတို့ ကား စောင်းတီးလျက် နတ်၏ကခြင်းသီခြင်းတို့ဖြင့် က, သီလျက်လိုက် ကုန်၏။ ဤသို့ နတ်ပရိသတ်, လူပရိသတ်ခြံရံလျက် နတ်သဘင်နှင့် တကွ နတ်တို့၏ကောင်းချီးသံဖြင့်ရင်း၊ လူပရိသတ်တို့၏ချီးမွမ်းသံဖြင့်ရင်း၊ ဗြဟ္မာတို့၏ လက်ပန်းပေါက်သံဖြင့်ရင်း၊ တကွနက်သောကောင်းကင်ကို ပွဲတင်ထပ်စေလျက် တင့်တယ်စွာ စမ္ပာယ်ခြင်းဖြင့် ပြာသာဒ်ပျံနှင့် တော ထွက်လေ၍ ကုံကော်ဗောဓိမဏ္ဍိုင်အဆင်းနှင့်တူသော တလင်းပြင်၌ ကောင်းကင်မှသက်လေ၍ မိမိထိုင်စဉ်၌ပင် ခြောက်ရက်ဒုက္ကရစရိယာကျင့် ၏။ အသရေရှိသောတိုက်တွင်းမှ နေ့ရက်စေ၍ထွက်လတ်သော် ဗြဟ္မာ မင်းသည် အလောင်းတော်မင်းသားအား ရဟန်းပြုအံ့သောငှာ ကြာ- သင်္ကန်းကိုကပ်သဖြင့် ရဟန်းပြုလတ္တံ့၊ ဘုရားလောင်းနောက်သို့ လိုက် သောပရိသတ်သည် ရဟန်းဖြစ်၍ မဂ်, ဖိုလ်ရကြလေအံ့သတည်း။

## စန္ဒမုခီမိဖုရားသည် နွားနို့ဆွမ်းလှူခြင်း

ချစ်သား သာရိပုတ္တရာ စန္ဒမုခီမည်သော မိဖုရားသည် ထိုအရပ်၌ပင်လျှင် နတ်ဩဇာထည့်သော နွားနို့ဆွမ်းကို လှူလတ္တံ့။ ဘုဉ်းပေး၍ ညချမ်းအခါ၌ တောင်မျက်နှာက ကုံကော်ပင်မဏ္ဍိုင်သို့ ကပ်လေ၍ မဟာမဏ္ဍိုင်ကုံကော်ပင်၏ မနီးမဝေး၌ ရတနာခုနစ်ပါးတို့ဖြင့် တန်းဆာဆင်အပ်သော ခြောက်ဆယ့်လေးတောင် အစောက်ရှိသော ရွှေပလ္လင်ပေါက်၍ ထိုရွှေပလ္လင်ထက်၌ ထက်ဝယ်ဘွဲ့တော်မူ၍ အရှေ့ လောကဓာတ်သို့ကြည့်ပြီးလျှင် နတ်ပရိသတ်, လူပရိသတ်ခြံရံလျက် မာရ်နတ်သားကိုအောင်ပြီးသော် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကိုရ၏။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကိုရ၏။ မိုးသောက်ယံ၌ အာသဝက္ခယ ဉာဏ်ကိုရ၏။ နေဝန်းပေါ်လတ်သော် သစ္စာလေးပါးတရားကိုသိ၍ သဗ္ဗ- ညုတဉာဏ်ကို ရလတ္တံ့တည်း။

## သဗ္ဗညုတဉာဏ်ကိုရ၍ ကွာသ်ပတနဥယျာဉ်သို့ ကြွတော်မူခဏ်း

မာရ်ငါးပါးကိုအောင်မြင်ပြီးသော် "အနေကဇာတိသံသာရံ" စသော ဥဒါန်းကို ကျူးလတ့်။ ဗောဓိကဲ့ကော်ပင်၏အနီး၌ လေးဆယ့်ကိုးရက်လွန်စေပြီးမှ ပြဟ္မာမင်းတောင်းပန်ခြင်းကိုစွဲ၍ ကွာသိပတနဥယျာဉ်တော်သို့ ဓမ္မစကြာတရားဟောအံ့ဟု သွားသောအခါ ဟင်းသပဒါးနှင့်တူသော ခြေတော်အစုံကို ခံအံ့သောငှာ မြေကြီးကိုခွဲ၍ ကြာပဒုမာတို့သည် ပေါက်လတ္တံ့။ ထိုကြာပွင့်ချပ်ကြီးသည်ကား အတောင်သုံးဆယ်ရှိ၏။ ကြာပွင့်ချပ်ငယ်သည် နှစ်ဆယ်ငါးတောင်ရှိ၏။ ကြာပွင့်, ကြာဝတ်ဆံမှုန့် ဆယ်တင်းရှိ၏။ ထိုကြာသည် အရိမေတ္တေယျဘုရားကိုယ်မှ ထွက်သော တခဲနက်သော ရောင်ခြည်တော်ခြောက်သွယ်တို့သည် ထန်းလုံးလောက်အသွယ်သွယ် ထွက်လတ်၍ မေတ္တေယျဘုရားသခင်ကြောင့် စကြာဝဠာတစ်သောင်း၌ နေ့မှန်းညမှန်းမသိ ထွန်းလတ္တံ့။ ထိုရောအခါ အထက်ကိုဘဝဂ်တိုင်အောင် အောက်ကိုအဝီစိငရဲတိုင်အောင် ဘ်လာထုတ်ချင်း မကြွင်းမရှိ အနန္တစကြာဝဠာထိအောင် နံ့လေ၏။ ဓမ္မ-စကြာ တရားဟောအံ့ဟု ရွှေကြာပွင့်ကိုနင်းမိ၍ မိဂဒါဝုန်တောသို့ သွားလတ္တံ့။ လူတို့သည် နေ့မှန်းညမှန်းမသိ ကြက်တက်, ကြက်ဆင်းသည်ကိုရင်း၊ နံနက်ပန်း, ညပန်းတို့ကိုချင့်တွက်၍ ညဉ့်-နေ့အမှတ်ပြု၏။ ထိုသို့ ဓမ္မစကြာတရားဟောသောအခါ လူပရိသတ်အပေါင်းတို့သည် တစ်ဆယ့်ခြောက်ယူဇနာ၊ နတ်ပရိသတ်ကား စကြာဝဠာတိုက်လုံးအပြည့် အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် စည်းဝေးကြလတ္တံ့။ ထိုသို့ စည်းဝေးစဉ်ပင်လျှင် ပရိသတ်တို့၏အလယ်၌ လူလည်းမကိုင်, နတ်လည်းမကိုင်, မီးလည်းမလောင်, မိုးလည်းမစွတ်, မြူလည်းမတင်သော ဗိတာန်သည် နိဗ္ဗာန်ဝင်သည်တိုင်အောင် မေတ္တေယျဘုရားရှင်ဦးခေါင်းတော်ထက် နေ့-ညဉ့်အမြဲပင်ကာ၍ ရှိလတ္တံ့။ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ရွှေခြူညောင်ရွက် သန္တာဆိုင်းတို့ဖြင့်တည်လျက် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗိတာန်သည် တရားဦးဟောသောနေ့မှစ၍ မေတ္တေ-ယျဘုရားရှင် ဦးခေါင်းတော်ထက်၌ နေ့-ညဉ့်အမြဲပင်ကာ၍ ရှိလတံ့။

လူလည်းမကိုင်, နတ်လည်းမကိုင်, မီးလည်းမလောင်, မိုးလည်းမစွတ်, မြူလည်းမတင်သော ဗိတာန်သည် နိဗ္ဗာန်ဝင်အောင်ပင်ကာ၍ ရှိလတ့်။

## သစ္စာလေးပါးတရားကို ဟောတော်မူခြင်း

မေတ္တေယျဘုရားရှင်သည် သစ္စာလေးပါးတရားကို ဟောသောအခါ လူကားအကုဋေတစ်သိန်းကျွတ်လတ့်၊ နတ်လည်း အကုဋေတစ်သိန်းကျွတ်လတ့်။

ချစ်သား သာရိပုတ္တရာ အဘိညာဉ်ငါးပါးနှင့်ပြည့်စုံသော အကုဋေတစ်သိန်းသော ရဟန္တာတို့သည် မေတ္တေယျဘုရားကို ရံလတ့်။ ထိုရောအခါ သခ်စကြဝတေးမင်းသည် ရတနာခုနစ်ပါးဖြင့်ပြီးသော ပြာသာဒ်ကျောင်းကို ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆောင်နှင်း၍ ပစ္စည်းလေးပါးဖြင့်လှူပြီးမှ ဘုရားသို့ချဉ်းကပ်၍ နောက်ပါအခြွေအရံ ကုဋေတစ်သိန်းနှင့်တကွ မင်းမိဖုရားတို့သည် ဧဟိဘိက္ခုချည်း ဖြစ်လတ့်။ မေတ္တေယျဘုရားသည် ကျွတ်ထိုက်သောသတ္တဝါ နတ်လူများတို့အား ချွတ်အံ့ငှာ သွားလတ္တံ့။

## အနွယ်တော်အဆက်ကိုပြခြင်း

မေတ္တေယျဘုရားသခင်၏ အမိကား ဗြဟ္မဝတီပုဏ္ဏေးမတည်း။ အဘကား သုဗြဟ္မာအမည်ရှိသော ပုရောဟိတ်ပုဏ္ဏားတည်း။ မေတ္တေယျဘုရားလောင်း၏ မိဖုရားကား စန္ဒမုခီတည်း။ သာကား ဗြဟ္မဝံသတည်း။ လက်ျာရံကား အသောက၊ လက်ဝဲရံကား ဗြဟ္မဒေဝ၊ အလုပ်အကျွေးကား သီဟတည်း။ လက်ဝဲရံ၏အမိကား ပဒုမ၊ လက်ျာရံ၏အမိကား သုမနတည်း။

## ကံ့ကော်ဗောဓိပင်၏ အတိုင်းအထွာပမာဏကိုပြခြင်း

ဗောဓိကံ့ကော်ပင်၏လုံးပတ်ကား အတောင်ခုနစ်ဆယ်ရှိ၏။ ခက်မကိုးဖြာကား အတောင်တစ်ရာ့နှစ်ဆယ်ရှိ၏။ စန္ဒကူးသရက္ခန်အနံ့ကဲ့သို့ လေအောက် လေညာ ဆယ်ယူဇနာ မွှေး၏။ အငုံကား တစ်ဆယ့်

နှစ်ကွမ်းစား၊ အငုံရိုးကား ဝင်ရိုးခန့်ရှိ၏။ အပွင့်ကား လှည်းဘီးလောက် ရှိ၏။ ထိုကံ့ကော်ပင်၌ ဘုရားဖြစ်သောနေ့မှစ၍ ပွင့်သောပန်းပွင့်သည် မညှိုးမနွမ်းဘဲ အနှစ်ရှစ်သောင်းစေ့၍ နိဗ္ဗာန်ဝင်မှ ကြွေလတ္တံ့။ စန္ဒကူး ထင်းပုံထက်စု၍ ထားဘိသကဲ့သို့ ကြွေလတံ့။ ကံ့ကော်ပင်၏ဝန်းကျင် တစ်ယူဇနာလောက်သောအရပ်၌ အထူးထူးသောပန်းတို့သည်၎င်း၊ အထူးထူးသောသစ်သီးတို့သည်၎င်း၊ အသီးအပွင့်တို့ဖြင့် ဖုံးလွှမ်းလျက် လက်ျာရစ်လည်၍တည်ကုန်လျက် ဗောဓိပင်၏ဝန်းကျင် တစ်ယူဇနာခွဲရှိသော အရပ်၌ ရတနာသလဲဖုံးလွှမ်းလျက် ရတနာသလဲ၌ အထူးထူးသော အဆင်းလှသော အနံ့မွှေးသော ကြည်းပန်း, ရေပန်းတို့သည်၎င်း၊ စကား, စမ္ပာယ်, ချယား, မြတ်လေး, သရဖီတို့သည်၎င်း၊ ပန်းကုံးသကဲ့သို့ ဗောဓိကံ့ကော်ပင်သို့ညွတ်၍ ပွင့်လတ္တံ့၊ ကံ့ကော်ပင်၏ခက်မအကြား၌ ပဒုမာကြာပွင့်တို့သည် ကြာမျိုးငါးပါးဖုံးလွှမ်းလျက် ဖြစ်လတ္တံ့၊ ဗောဓိပင် ၏ လေးမျက်နှာ၌ ရတနာမဏ္ဍပ်ရွှေဇရပ်တို့သည် ပေါက်လတ္တံ့။ ကံ့ကော်ပင်၏ ခက်မအကြားတို့၌ ပဒုမာကြာပွင့်တို့သည်လည်း ကြာဗိတာန်မိုးသကဲ့သို့ ရှိလတ္တံ့။ ကောင်းကင်ဖြင့် သွားသောငှက်တို့သည် လက်ျာရစ်လှည့်၍ ပျံကုန်၏။ ဗောဓိပင်ကို နားဝံ့သောငှက် မရှိကုန်။ လေလာသော်လည်း အရွက်ကိုမျှ မလှုပ်နိုင်။ လူ, နတ်, ဗြဟ္မာတို့သည် ဗောဓိကံ့ကော်ပင်ကို ကြည့်၍မငြီးသည် ဖြစ်လတ္တံ့။

## ရွှေမဏ္ဍပ်ရွှေခေါင်းလောင်းကြီးများ
## ပေါ်ပေါက်ရပုံ

ချစ်သား သာရိပုတ္တရာ ဤသို့ တင့်တယ်ခြင်း, တင့်တယ်သောကံ့ကော်ပင်သည် ဖြစ်လတံ့။ မေတ္တေယျဘုရားလောင်း၏ လက္ခဏာကြီး, ငယ်တို့သည် စီစဉ်၍ထားဘိသကဲ့သို့ ရှိလတံ့။ ဗြဟ္မာမင်း၏ အသရေကို နှိပ်စက်သကဲ့သို့ ရှိလတံ့။ ချစ်သား သာရိပုတ္တရာ မေတ္တေယျဘုရား နေ့သန့်အံ့သောငှာ မြေကြီးကိုခွဲ၍ တစ်ဆယ့်နှစ်ယူဇနာရှိသော ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ရွှေမဏ္ဍပ်သည် ပေါက်လတံ့။ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော ပတ္တမြားပလ္လင်သည် မဏ္ဍပ်အလယ်၌

ပေါက်လတ့်။ ရတနာဖြင့်ပြီးသော ပုလဲဆိုင်, ရွှေခြူ, ညောင်ရွက်တို့ဖြင့် တင့်တယ်သော နတ်၏ထီးဖြူလည်း ဖြစ်လတ့်။ ချစ်သား သာရိပုတ္တရာ နတ်တို့သည် အထူးထူးသော နတ်ဖြင့်သီကုံးသော ဖန်ဆင်းအပ်သော ပန်းဆိုင်းတိုင်တို့သည်ကား ရွှေပန်းဆိုင်းတိုင်, ငွေပန်းဆိုင်းတိုင်, ပတ္တမြား ပန်းဆိုင်းတိုင် ဖြစ်လတ့်။ ရတနာတို့ဖြင့်ပြီးသော တံခွန်တို့သည် တလျှပ်-လျှပ်သာ ရှိလတ့်။ ရတနာဆီမီးတိုင်, ဆီမီးခွက်တို့သည် လူလည်းမထွန်း, နတ်လည်းမထွန်းဘဲ တပြောင်ပြောင်တောက်လျက်သာ ရှိလတ့်။ ပန်းမျိုးတို့သည်လည်း အနံ့တကြိုင်ကြိုင်လှိုင်လျက်သာ မွှေးလတ့်။ မဏ္ဍပ် ဝန်းကျင်၌ ရွှေအိုး, ငွေအိုး, ပတ္တမြားအိုးတို့သည် ဖြစ်လတ့်။

မဏ္ဍပ်ဝန်းကျင်၌ အဆင်းငါးပါးရှိသော နတ်ပုဆိုးတို့သည် ဖြစ်လတ့်။ ပန်းမိုး, နံ့သာမိုးတို့သည် တစ်ရံမပြတ်ပင် ရွာလတ့်။ မဏ္ဍပ် လေးထောင့်၌ အတောင်သုံးဆယ်ရှိသော ခေါင်းလောင်းကြီးသည် တွဲရ-ရွဲဆွဲလတ့်။ လေခပ်လတ်သော် ခေါင်းလောင်းသံသည် စကြာဝဠာတိုက် အလုံး ကြားလတ့်။ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော တန်ဆာဆင်သော ပတ္တမြားပလ္လင်ထက်နေ၍ လူနတ်တို့အား တရားဟော၍ ရဟန်းအဖြစ် ကို ပေးလတ့်။

## မေတ္တေယျဘုရားလောင်းသည် ရှေးလွန်လေပြီးသော ဘုရားရှင်တို့အား လှူဒါန်းခဲ့သော ကောင်းမှု၏အကျိုးကိုပြခြင်း ။

မေတ္တေယျဘုရားရှင်၏ ပါရမီဆုတောင်း အာနုဘော်ကြောင့် နေတော်မူသောမဏ္ဍပ်, ဗိတာန်, ပန်းဆိုင်းတိုင်, တုရင်တိုင်, ထီး, တံခွန်, ဆီမီးတန်ဆောင်တို့သည် မေတ္တေယျဘုရား သွားလျှင်သွားခြင်း၊ နေလျှင်နေခြင်း နေလတ့်။ ချစ်သား သာရိပုတ္တရာ မေတ္တေယျဘုရားကား ပတ္တမြားပလ္လင်ထက်နေ၍ စကြဝဠာတစ်သောင်းလုံးကို တရားဟော သဖြင့် ကြားစေလတ္တံ့။ မေတ္တေယျဘုရားလောင်းကား လွန်လေပြီးသော ဘုရားတို့ကို ကျောင်းဇရပ်၊ ပလ္လင်၊ ဆွမ်း၊ သင်္ကန်း၊ ဆေး၊ နံ့သာ၊ ထီး၊ တံခွန်၊ ဆီမီး၊ ညောင်ရေ၊ ကြာဗိတာန်၊ ပန်းဆိုင်းတိုင်အစရှိသော

အထူးထူးသော အလှူကောင်းမှု၌ ပြုစုနိုးဆော်လေရကား လောကဓာတ်တို့၌ရှိသော အသရေဟူသမျှကို မဏ္ဍပ်၌စုပုံ၍ ထားဘိသကဲ့သို့ ရှိပေလတ္တံ့။ ရတနာမဏ္ဍပ်၏ အတွင်း၌ကား စမွာယ်၊ စကား၊ ချယား၊ မြတ်လေးပန်းစသော ပန်းနံ့သာမျိုးတို့သည် အနံ့တကြိုင်ကြိုင် လှိုင်လတ္တံ့။ မေတ္တေယျဘုရားကို ဒါယကာတို့သည် ဆွမ်းဘိတ်၍သွားအံ့သောအခါ ရတနာမဏ္ဍပ်သည် စိတ်ရှိရာအရပ်သို့ ကောင်းကင်ဖြင့်သွားလတ္တံ့။ လှူအံ့သောဒါယကာတို့ အိမ်တံခါး၌ တည်လတ္တံ့။

ထိုမဏ္ဍပ်ခေါင်းလောင်းတို့၏ အသံဖြင့်နှိုး၍ ဘုရားကြွလာတော်မူပြီဟု လူ, နတ်, နဂါးတို့သည် ဆွမ်းလုပ်ကျွေးလတ္တံ့။ ဆွမ်းအကျိုးကို အနုမောဒနာတရားဟောသော အသံကား စကြဝဠာတစ်တိုက်လုံး ကြားလတ္တံ့။ လူတို့သည်လည်း မိမိအိမ်၌နေ၍ ဟောသကဲ့သို့ ကြား၍၎င်း၊ ဘုရား၏တင့်တယ်ခြင်းကို မြင်၍၎င်း ဘုရားကိုသာ ကိုးကွယ်ရာဖြစ်သော ပဉ္စသီလစသော သီတင်းသီလကမ္မဋ္ဌာန်းကို ဆောက်တည်၍ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့။

ချစ်သား သာရိပုတ္တရာ ထိုရောအခါ ဒိဋ္ဌိတက္ကတွန်းရဟန်းတို့သည်လည်း မရှိလတ္တံ့။ လူတို့သည် ဆယ်ပါးသောပုညကြိယာဝတ္ထုတို့ဖြင့်၎င်း၊ ဝိပဿနာသို့ရောက်၍၎င်း၊ သာသနာတော်ကို သုတ်သင်ပြုစု၍၎င်း နတ်ပြည်ဗြဟ္မာပြည်သို့ချည်း ရောက်လတ္တံ့။ ထိုရောအခါဖြစ်သော လူတို့သည် စည်းစိမ်ချမ်းသာအခြံအရံနှင့် ပြည့်စုံကုန်၏။ ကြောင့်ကြစိုးရိမ်ခြင်းမရှိ ချမ်းသာစွာ အသက်မွေး၍ နေကုန်၏။ နတ်ပြည်ကဲ့သို့ ရှိလတံ့။

## နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်ခဏ်း

အရိမေတ္တေယျဘုရားကား သက်တော်ရှစ်သောင်းစေ့လေသော် တရားဟူသော ဆီမီးကိုထွန်းခဲ့၍ တရားဟူသော မဂ္ဂင်လှေကို လူ, ရဟန်းတို့အား ကူးစိမ့်သောငှာ ထားခဲ့၍ သာသနာတော်ကား အနှစ်သုံးသိန်းရှစ်သောင်း(အနှစ်-၃,၈၀,၀၀၀) ထားလတံ့။ ချစ်သား သာရိပုတ္တရာ မေတ္တေယျဘုရားကား တပည့်အပေါင်းနှင့် ကျွတ်ထိုက်

သော လူနတ်တို့၌ ကိလေသာဟူသော မှောင်ကိုဖျောက်၍ သဗ္ဗညုတဉာဏ်ဟူသော အလင်းကို ထွန်းခဲ့၍ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိ၊ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်လေအံ့သတည်း။ အရိမေတ္တေယျဟူသော ဝေါဟာရကိုသာ လူတို့ဆိုလတ့်။ ဘုရားဖြစ်လေပြီးသော အခါ၌ ဗုဒ္ဓရာဇာဟု နာမံတော်ခေါ်လတ္တံ့။

## အရိမေတ္တေယျဘုရားကို ဖူးတွေ့လိုသောသူတို့ လိုက်နာကျင့်သုံးရန်ပြခြင်း

အရိမေတ္တေယျဘုရားကို ဖူးမြင်လိုသောသူတို့သည် သာသနာတော်၌ ကောင်းစွာရဟန်းပြု၍ ငါ၏ အဆုံးအမတော်ကို ခံပေသောသူ၊ သားကို ကောင်းစွာရဟန်းပြုပေးသောသူ၊ သား, မြေး, မြစ်တို့ကိုရင်း၊ သူတစ်ပါးတို့ကိုရင်း ရဟန်းပြုသောသူ၊ မိခင်ဘခင်တို့ကို ရိုသေစွာ လုပ်ကျွေးသောသူ၊ ပဥ္စသီလဆောက်တည်သောသူ၊ သရဏဂုံ မပြတ်ဆောက်တည်သောသူ၊ ကမ္မဋ္ဌာန်းဘာဝနာကို မပြတ်ဆောက်တည်သောသူ၊ ငါ၏ သာသနာတော်တည်စိမ့်သောငှာ စည်းခုံ၊ ပုထိုး၊ စေတီ၊ ဥမင်၊ လိုဏ်ခေါင်း၊ ဇရပ်ပြုပြင်သောသူ၊ ဗောဓိညောင်ပင်တော်ကို စိုက်ပျိုးသောသူ၊ စတုဒိသာကျောင်းဇရပ် ဆောက်သောသူ၊ ရေတွင်း, ရေကန်, ရေအိမ်, တံတားပြုသောသူ၊ ပိဋကပါတ်ဆွမ်းလောင်းသောသူ, ထီး, တံခွန်, ဆီမီး, ကြာပန်းလှူသောသူ၊ ရဟန်းတို့အား ပစ္စည်းလေးပါးလှူသောသူ၊ ညောင်ရေသွန်းလောင်းသောသူ၊ ထိုသို့ ပူဇော်လှူဒါန်းသောသူတို့သည် အရိမေတ္တေယျဘုရားကို ဖူးရကုန်လတ္တံ့။

## အရိမေတ္တေယျဘုရား သာသနာကုန်၍ သုညကမ္ဘာကိုပြခြင်း

အရိမေတ္တေယျ မြတ်စွာဘုရား၏ သာသနာတော်သုံးသိန်းခြောက်သောင်းကုန်လေ၍ ဤဘဒ္ဒကမ္ဘာသည် အချိန်တန်လျှင် ပျက်လတ္တံ့။ ထို့နောင် ဘုရားမပွင့်၊ ကမ္ဘာတစ်သိန်းပတ်လုံး သုညကပ်သုဉ်းလတ္တံ့။

## မဏ္ဍကကမ္ဘာ၌ ဗျာဒိတ်ကြားခဏ်း

ချစ်သား သာရိပုတ္တရာ ထို့နောင် မဏ္ဍကကမ္ဘာဖြစ်လတ္တံ့။ ထိုမဏ္ဍကကမ္ဘာ၌ ဥတ္တရရာမမင်းသည် ရာမသမ္ဗုဒ္ဓဘုရား ဖြစ်လတ့်။ ပသေနဒီကောသလမင်းသည် ဓမ္မရာဇာဘုရား ဖြစ်လတ့်။ ထိုမဏ္ဍကကမ္ဘာ၌ ဘုရားနှစ်ဆူ ပွင့်လတ့်။ ပဒေသာပင်လည်း များစွာပေါက်လတ့်။

## သာရမဏ္ဍကကမ္ဘာ၌ ဗျာဒိတ်ကြားခဏ်း

ချစ်သား သာရိပုတ္တရာ ထို့နောင် သာရမဏ္ဍကကမ္ဘာဖြစ်ပေါ်လာ၍ ထိုကမ္ဘာတွင် အဘိဘူဘုရားတစ်ဆူသာ ပွင့်လတ္တံ့။ ထို့နောင် ကမ္ဘာတစ်သိန်း သုဉ်းလတ္တံ့။ ထို့နောင်မှ ကြွင်းသောကမ္ဘာများ၌ ဒီဃသောဏီ, အသုရိန်နတ်သား, စင်္ကီပုဏ္ဏား, သုဘလုလင်, တောဒေယျပုဏ္ဏား, နာဠာဂိရိဆင်မင်း, ပလလေယဆင်မင်းတို့ အစဉ်အတိုင်းဘုရားဖြစ်လတ္တံ့။

## ရှင်သာရိပုတ္တရာလျှောက်ထားခဏ်း [၁]

ထိုရောအခါ သဗ္ဗညုမြတ်စွာဘုရားကို ရှင်သာရိပုတ္တရာသည် ဤသို့ နားတော်လျှောက်ပြန်၏။ အရှင်ဘုရား အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်၌ နေ့စဉ်မပြတ် အရောင်အဝါသည် အဘယ်ကောင်းမှုကို ပြုခဲ့ဘူးသောကြောင့် ထွန်းသည်ဟူ၍ အကျွန်ုပ်တို့အား သနားခြင်းကိုစွဲ၍ ဟောတော်မူပါဟု တောင်းပန်ပြန်သော် သဗ္ဗညုမြတ်စွာဘုရားလည်း ဤသို့ မိန့်တော်မူပြန်၏။

ချစ်သား သာရိပုတ္တရာ ရှေးလွန်လေပြီးသော အတိတ်ကာလ ကက္ကုသန္ဓပဋ္ဌနဂိုရ်ပြည်၌ အရိမေတ္တေယျ မြတ်စွာဘုရားလက်ထက် ထိုသူသည် သင်္ခစကြာဝတေးမင်းဖြစ်သောအခါ မြို့အလျားကား သုံးဆယ့်ခြောက်ယူဇနာ၊ တံခါးလေးတံခါးတွင် ပဒေသာပင်လေးပင်ပေါက်လတ်၍ ဘုံခုနစ်ဆင့်ရှိသော အစောက်နှစ်ဆယ့်ငါးယူဇနာရှိသော နတ်ဘုံ၌ခံစား၍ နေ၏။ မြတ်စွာဘုရားဖြစ်၍ နေ၏။ မြတ်စွာဘုရားဖြစ်သော အဖြစ်ကို သိလို၍ စကြဝတေးမင်းကြီးသည် ဤသို့ ဆုတောင်း၏။

ငါ့ကို ဘုရား, တရား, သံဃာသည် မည်သည့်အရပ်မှာရှိ၏ဟု ကြားလျှောက်ပေမူကား ထိုသူကို စကြဝတေးအရာပေးမည် ဤသို့ဆုတောင်း၏၊ ပတ္တနာပြု၍ ရတနာပန်းတောင်းနှင့် အမိဋ္ဌာန်၏၊

## သန်စကြဝတေးမင်းနှင့် သာမဏေတွေ့ခန်း

ထိုကာလတွင် မြတ်စွာဘုရားတပည့်တော်ဖြစ်သော သာမဏေတစ်ပါးသည် မြို့သို့ရောက်လာ၏။ ထိုအခါ သန်စကြဝတေးမင်းသည် ခြသေ့ခံသော လေသာပြူတင်းပေါက်မှ သာမဏေကိုမြင်၍ မေးလေ၏။

အို-လုလင်မင်းသား သင်ကား ဘီလူးလော၊ နတ်လော၊ သင်ကား အသူနည်း-ဟု မေး၏။

မင်းကြီး ငါ့ကို သာမဏေ-ဟူ၍ တွင်သတည်း။

လုလင် အဘယ့်ကြောင့် သင်သည် သာမဏေတွင်သနည်းဟု မေးပြန်၏၊

မင်းကြီး ငါသည် သရဏဂုံသုံးပါးနှင့်တကွ ဒသသီဆယ်ပါးကို စောင့်သောကြောင့် မကောင်းမှုမှ ကင်းသည်ဖြစ်၍ သာမဏေဟူ၍ ခေါ်သတည်းဟု ဆိုသော်။

သာမဏေစကားကိုကြားလျှင် မင်းကြီးလည်း ငါသာမဏေ၏ခြေကို ဦးတိုက်မည်ဟူ၍ နန်းတံခါးကိုကျော်လေသော် ပီတိ, သောမနဿဖြစ်သောကြောင့် အောက်သို့ရောက်မှန်းမသိ ရောက်လေ၍ ထိုအခါ လှည်းဘီးရှိမျှလောက်သော ကြာပဒုမာနှစ်ပွင့်သည် မင်းကြီးခြေတော်ကို ခံလေ၏။ ထိုကြာပွင့်ကိုနင်း၍ သာမဏေ၏ခြေကို ဦး-တင်လျက်၊

သာမဏေသာ မြတ်သလော၊ သာမဏေထက် မြတ်သောသူ ရှိသေးသလောဟု မင်းကြီးမေးပြန်၏။

မင်းကြီး ငါ့ထက်ငါ့ဆရာ မြတ်စွာဘုရားရှိသေး၏-ဟု ဆို၏၊ အဘယ်အရပ်မှာ မြတ်စွာဘုရားရှိသနည်းဟု မေးပြန်၏။

မင်းကြီး၏ပြည်နှင့် တစ်ဆယ့်ခြောက်ယူဇနာရှိသော ပုပ္ဖါရုံကျောင်းတော်၌ နေတော်မူ၏။

"အို သာမဏေ မြတ်စွာဘုရားရှိရာ အရပ်သို့ ငါသွားတော့မည်"ဟူ၍ ဆို၏။

ယင်းသို့တပြီးကား သာမဏေအား လက်ကိုကိုင်၍ စကြဝတေးမင်းစည်းစိမ်ကို စံတော်မူဟု ရေစက်ချ၍ သာမဏေအား နန်းအရာကို အပ်နှင်းခဲ့၍ စကြဝတေးမင်းလည်း တစ်ကိုယ်တော်ချင်း မြတ်စွာဘုရားရှိရာ အရပ်သို့ သွားလေ၏။

တစ်နေ့သွားလျှင် ခြေဘဝါးပေါက်၏။ နှစ်ရက်သွားလျှင် ခြေဘဝါး၌ သွေးထွက်၏။ ခြေဘဝါးဖြင့် သွားခြင်းငှာ မတတ်နိုင်။ ဘဝါးဖြင့် သွားခြင်းငှာ မတတ်နိုင်လျှင် ပုဆစ်ဒူးနှစ်ဘက်, လက်နှစ်ဘက် ထောက်၍ သွားလေ၏။ လေးရက်မြောက်သွားလေသော် အဘယ်သို့ မြတ်စွာဘုရားထံသို့ ရောက်နိုင်ပါမည်နည်းဟူ၍ ကြောင့်ကြစိုးရိမ်၏။ ငါးရက်နှင့် သွားတော့မည်ကြံပြန်၏။

ထိုအခိုက်တွင် ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် စကြဝဠာ တစ်သောင်းလုံးကို မြတ်စွာဘုရား ကြည့်တော်မူလတ်သော် သင်္ခစကြဝတေးမင်းအကြောင်းကို မြင်လေ၏။ စကြဝတေးမင်းသည် ငါ့ကို ဖူးမြင်လာသည်မှာ ပင်ပန်းဆင်းရဲလေစွတကား။ ငါမသွားသော် ငါ့ထံသို့ မရောက်မီ သေတော့မည်ဟူ၍ မြတ်စွာဘုရားသည် သက်အိုကြီးယောင်ဆောင်တော်မူ၍ လှည်းစီးလျက် ထိုမင်းအထံသို့ သွားလေ၏။

ထိုမင်းကြီးလည်း "အို လှည်းသခင်အသက်ကြီး လမ်းလွှဲတော်မူပါလေ"ဟု ဆို၏။

"အသင် ငါမလွှဲ"ဟု ဆိုသတည်း။ "မင်းကြီး အဘယ်သို့ သွားမည်နည်း"ဟု မေး၏။

"ငါမူကား မြတ်စွာဘုရားအထံသို့ သွားမည်"ဟု ဆိုပေ၏။

"အိုမင်းကြီး မြတ်စွာဘုရားသည် ငါ့ဆရာပင်၊ ငါပို့တော့မည် လှည်းပေါ်သို့တက်လော"ဟူ၍ ဆို၏။

မင်းကြီးလည်း "ကောင်းပြီ"ဟု လှည်းပေါ်တက်၍ လိုက်လေ၏။

ထိုအခါ သုဇာတာနတ်သမီးသည် စကြဝတေးမင်း ပင်ပန်းသည်ကိုမြင်၍ ထမင်းထုပ်ကိုယူ၍ လူမိန်းမအယောင်ဆောင်လျက် မြတ်စွာဘုရားအထံတော်သို့ ရောက်လေ၏၊

"အို. . . လှည်းရှင်သက်ကြီး ထမင်းထုပ်ကို ယူပါလေ"ဟု ဆို၏၊

"အိုရှင်မ ငါကား အလိုမရှိ၊ လှည်းတွင် မကျန်းမမာသူကို ပေးပါလော"ဟု ဆို၏၊

ထိုခဏ၌ သိကြားမင်းလည်း ရေဗူးနှင့်လာပြန်၏၊ "အို-လှည်းရှင်အသက်ကြီး ဤရေဗူးကိုလိုလျှင် ယူလော့"ဟု ဆို၏၊

"အို လုလင် ငါကား အလိုမရှိ၊ လှည်းတွင်မကျန်းမမာအား ပေးပါလော"ဟု ဆို၍ ပေးခဲ့ပြန်၏၊

စကြဝတေးမင်းလည်း နတ်သမီး, သိကြားမင်းပေးသော နတ်ထမင်း, နတ်ရေစင်ကို စားသောက်ရလျှင် ထိုအနာမှလွတ်မြောက်၍ ချမ်းသာပေ၏၊ မြတ်စွာဘုရားလည်း ကျောင်းတော်နှင့် မနီးမဝေးသို့ ရောက်လျှင် "သင်မူကား နေရစ်တော့၊ ငါမူကား အရပ်တစ်ပါးသို့ သွားတော့မည်"ဟုဆိုလျက် သွားလေ၏၊ ကျောင်းတော်တွင် ဘုရား အဖြစ်ဖြင့် နေတော်မူလင့်၏၊

မင်းကြီးလည်း ကျောင်းတော်သို့ ဝင်လေသော် ထိုခဏ၌ မြတ်စွာဘုရားကို မြင်လေလျှင် သေငယ်သေလေ၍ သိကြားမင်းပေးသောရေကို သောက်သောကြောင့် ရှင်ပြန်လေ၏၊ မြတ်စွာဘုရား တရားဟောသော်လည်း. . .

"အရှင်ဘုရား ဤမျှ မဟောပါနှင့်၊ တစ်ခွန်းတည်းသာ ဟောပါ"ဟူ၍ တောင်းပန်လေ၏၊

မြတ်စွာဘုရားလည်း ကုသိုလ်ပါရမီကို ဟောတော်မူ၏၊

စကြဝတေးမင်းလည်း "အရှင်ဘုရား ဤမျှသာ ဟောတော်မူပါ"ဟု လျှောက်၏၊ အဘယ့်ကြောင့် တားသနည်းဟူမူကား ဟော-တော်မူသော တရားတော်သည် မြတ်လည်းမြတ်လှသည်၊ ငါ၏ ဦးခေါင်းတော်သာ မြတ်သည်ဟူ၍ ကြံ၏၊

ချစ်သား သာရိပုတ္တရာ ထိုရောအခါ စကြဝတေးမင်းသည် လက်သည်းနှင့် လည်ကိုလိုးဖြတ်၍ ရတနာပန်းတောင်းနှင့်တကွ ဦးခေါင်းကို လက်ဝါးတွင်တင်၍ လှူပြီးလျှင် ဤကဲ့သို့ ဆုတောင်း၏။

ဘုန်းတော်ကြီးလှသော အရှင်ဘုရား နောင်သောအခါ မြတ်စွာဘုရားကဲ့သို့ အကျွန်ုပ်သည် ဓမ္မစကြာတရားကို ဟောရလို၏။ အကျွန်ုပ်ကိုယ်ရောင်သည်လည်း နေ့ညဉ့်မပြတ် ထွန်းစေသတည်း-ဟု ဆုတောင်းလျက် မြတ်စွာဘုရားကို ပူဇော်လေ၏။ ပူဇော်ပြီးမှ စုတေလေ၏။ ချစ်သား သာရိပုတ္တရာ ဤသို့ ဆုတောင်း၍ လှူဘူးသောကြောင့် မေတ္တေယျမြတ်စွာဘုရားသည် နေ့ညဉ့်မသိ အရောင်အဝါထွန်းအံ့သည် ဟူ၍ ငါတို့မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား ဟောတော်မူ၏။

ချစ်သား သာရိပုတ္တရာ နောင်တော်ရာမမင်းကား ရာမ-သမ္ဗုဒ္ဓဘုရား ဖြစ်လတ္တံ့။ ပသေနဒီကောသလမင်းကား ဓမ္မရာဇာဘုရား ဖြစ်လတ္တံ့။ မာန်နတ်သားကား ဓမ္မသာမိဘုရားဖြစ်လတ္တံ့။ အဘိန္နရာမမင်းကား နာဒရဘုရားဖြစ်လတ္တံ့။ ထိုနောင်မှကြွင်းသော ကမ္ဘာများ၌လည်း ဒေါနပုဏ္ဏားအစရှိသောသူတို့သည် ဖြစ်လတ္တံ့။ ငါတို့မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာအား ဟောတော်မူပေ၏။ မဟာဝင်ကျမ်း အဋ္ဌကထာ၌လာ၏။

ကဿပဟု၊ ဗုဒ္ဓမြတ်စွာ၊ သုံးရွာသခင်၊ မြတ်ချစ်
ရှင်၏၊ ဗုဒ္ဓဝင်မွေခံ၊ နာမံမည်မှတ်၊ သိဒ္ဓတ်မင်းသား၊
မြောက်သား ငါးယောက်၊ ကြီးမြောက်ယသော်၊ ထိုရော်
သုမိတ္တာ၊ ကဍ္ဍနနှင့်၊ မင်္ဂလဟူ၊ ဘွဲ့မူသာယာ၊ မလ္လိကာမိဖုရား၊
စဉ်လိုက်ထားမှ၊ သားကားငါးယောက်၊ ကြီးမြောက် နန်း-
လျာ၊ ရာဟုလာဟု၊ ရေမှတ်ပြုမှ၊ ထိုမှတစ်ဖန်၊ သုမိတ္တံ
လျှင်၊ မွေးမြင်သည့်သား၊ အများခေါ်ကြ၊ သားပုတ္တလျှင်၊
အမည်တွင်မှ၊ ကဍ္ဍန မိဖုရား၊ ဖွားသည့်သားကား၊ အများ
တွင်ခေါ်၊ သားတော်ဥပယောဂ၊ တွင်ပေစွဟု၊ မင်္ဂလဟူ၊
သားတော်မူလည်း၊ ထိုတူမည်ရ၊ သယံဝရ၊ ထိုမှတစ်ပါး၊

## အနာဂတဝင်ကျမ်း

မိဖုရားမလ္လိကာ၊ 'သားတော်မှာလည်း၊ မည်သာတွင်ဘိ၊ ဇာတိ ဝရ၊ ပေါင်းစုံကလည်း၊ ပဥ္စပုတ္တ၊ ဘွဲ့တော်ရ၏။ အရိယာငါး၊ ဖြစ်ကြောင်းများကို၊ နောက်သားသိမြင်၊ ဗုဒ္ဓဝင်မှ၊ အကျဉ်းပြ၏။ ထိုမှတစ်ဖန်၊' အမှန်သိရ၊ ဒီဃ-နိကာယ်၊ အကျယ်ကျမ်းပြ၊ သိရပါ၏။ လောကသခင်၊ လူတွင်လူမြတ်၊ သိဒ္ဓတ်မင်းသား၊ ဘုရားအနွယ်၊ ကျဉ်းကျယ်ထုတ်ပြ၊ လေးဝသောသူ၊ လေးမျိုးလူတို့၊ သိယူသောအား၊ မှတ်သားစိမ့်ငှာ၊ ပို့ကဗျာနှင့်၊ သိသာစိမ့်ကြောင်း၊ ဉာဏ်ဖြင့်လောင်း၍၊ ထုံးဟောင်းသက်သေ၊ ကျမ်းကိုဘွေမှ၊ တွေ့ပါ-ကလည်း၊ ခဏာမကြာ၊ ကဗျာစီကုံး၊ အကျဉ်းရုံး၍၊ နောင်ထုံးစဥ်လာ၊ မျိုးလေးဖြာတို့၊ သိသာခြားနား၊ မှတ်သားစရာ၊ ကျမ်းလာအလို၊ လင်္ကာဆိုသည်။ ။မှတ်လိုသူတို့သိကြောင်းတည်း။

အနာဂတဝင်ကျမ်းပြီး၏။

ဤအနာဂတဝင်ကျမ်းလာ

# ရှင့်မာတစ်ကျိပ် ဘုရားလောင်းတို့ကို

(စုပေါင်း၍ မှတ်သားစရာ)

**ကဗျာလင်္ကာ အကျဉ်းချုပ်**

--------------

**ဘုရားဆုပန်၊ ရှင့်မာသန်၊ ကေန်မှတ်ကွဲ၊ တစ်ကျိပ်တဲ့။**

(၁) ရှေးဦးအစ၊ မေတ္တေယျ၊ မှတ်ကြလေကွဲ၊ အလောင်းတဲ့။

(၂) ရာမမင်းကောင်း၊ ဆုပန်တောင်း၊ တကြောင်းမှတ်ကွဲ၊ အလောင်းတဲ့။

(၃) ကောသလမင်း၊ ကျော်ရှိန်ပြင်း၊ မရွှင်းဘူးကွဲ၊ အလောင်းတဲ့။

(၄) အဘိဘူနတ်၊ ခေါ်တွင်မှတ်၊ သိတတ်စေကွဲ၊ အလောင်းတဲ့။

(၅) ဒီဃသောဏိ၊ မည်ရှိကျော်ရှိန်၊ တန်ခိုးထိန်၊ သုရိန်နတ်ကွဲ၊ အလောင်းတဲ့။

(၆) စဏ္ဍာနီခေါ်၊ ပုဏ္ဏားကျော်၊ သိမြော်မှတ်ကွဲ၊ အလောင်းတဲ့။

(၇) သုဘမည်တွင်၊ မောင်လုလင်၊ ရှုမြင်မှတ်ကွဲ၊ အလောင်းတဲ့။

(၈) တောဒေယျမည်၊ ပုဏ္ဏားသည်၊ တည်ကြည်မှတ်ကွဲ၊ အလောင်းတဲ့။

(၉) နာဠာဂိရိ၊ ဆင်ဟတ္ထိ၊ သိတတ်စေကွဲ၊ အလောင်းတဲ့။

(၁၀) ပလလဲဆင်၊ အမည်တွင်၊ ထင်မြင်မှတ်ကွဲ၊ အလောင်းတဲ့။

* ထိုတစ်ကျိပ်တွင်၊ မေတ္တေရှင်၊ ကြာခင်ဘူးကွဲ၊ ပွင့်မည်တဲ့။

* အနှစ်ရှစ်သောင်း၊ တွက်သက်ပေါင်း၊ ကောင်းကောင်းမှတ်ကွဲ၊ သက်တော်တဲ့။

* အနာဂတဝင်၊ ဤကျမ်းတွင်၊ ဆင်ခြင်ရှုကွဲ၊ တွေ့မည်တဲ့။

# ဒီပဲယင်းဆရာတော်ဘုရား၏
# ဩဝါဒ

-----------

မသိလျှင်မေး၊ သံသယကို စင်အောင်ဆေး၍၊ သီလကို အလေးပြု၊

သုတကျမ်းဂန်၊ အသိဉာဏ်၊ ဘယ်လိုပင်သန်သန်၊ ဘယ်လို ပင်တုပ်တုပ်၊ ဘယ်လိုပင်နုပ်နုပ်၊ လိုရင်းအချုပ်မှာ၊ အယုတ်ဆုံးအား၊ သီလဖြူစင်၊ စိတ်ကောင်းဝင်၍၊ မဂ်မျိုးသို့သွင်း။

အသေရှင်း အပါယ် လည်းကင်းကြမှ၊ ယခုခေတ်မှာ အကောင်းဆိုရမည်။

၁။ ဟိုတစ်နေ့တွင် သေ၍၊ လူ့ပြည်သို့ ခေတ္တရောက်၊ စိတ်-နေ မမောက်စေနှင့်၊ စိတ်နေမောက်၊ အရင်းပျောက် လိမ့်မည်။

၂။ ခေတ္တနားသည့်၊ ဧည့်သည်ခရီးသွား၊ အိမ်သား အထင်မလွဲ စေနှင့်၊ အထင်လွဲ၊ လဲလိမ့်မည်။

၃။ ငါဟူ၍ ငါ့ဟာဟူ၍ အစွဲအလမ်း အတွယ်အခင် အမျှင် မရှုပ်စေနှင့်၊ အမျှင်ရှုပ်၊ မြုပ်လိမ့်မည်။

၄။ အမျှင်အရှုပ်ကို အဖြုတ်။ ရဟန်းတို့ အလုပ်။

၅။ ဖြုတ်ရမည်မှာ၊ ညှိနံ့ပုပ်သည့်၊ နာမ်နှင့်ရုပ်ကို၊ ဟုတ်-တုတ်တုတ် ဟန်တန်တန် အကောင်မထင်၊ လက္ခဏာရေး တင်၍ ဆင်ခြင်။

၆။ မပြုတ်လျှင်အပျိုး၊ နောင်အကျိုး၊ မျိုးရမည်အမှန်။

၇။ ပါရမီပျိုး၊ အပင်ပျိုး၊ ပိုးမထိုးစေနှင့်။

**အဓိပ္ပါယ်အချုပ်ကား**- မသိသောအရာကို မေးမြန်းရမည်။ အကျင့်သီလကို အလေးပြုရမည်။ ကျမ်းဂန်တတ်သည်ဖြစ်စေ, မတတ် သည်ဖြစ်စေ အယုတ်ဆုံးအားဖြင့် သီလကို ဖြူစင်အောင် သုတ်သင်၍

စိတ်ကောင်းနှလုံးကောင်းဝင်ပြီး မဂ်မျိုးစေ့သို့ရောက်အောင် အပါယ်တံခါးပိတ်အောင် ကျင့်ကြံအားထုတ်မှ ယခုဗုဒ္ဓုပ္ပါဒခေတ်အခါကြီးမှာ လူကောင်းရဟန်းကောင်းဆိုရမည်။

၁။ ဟိုဘဝ ဟိုတစ်နေ့က သေ၍ လူ့ပြည်သို့ ခေတ္တရောက်လာတဲ့ဧည့်သည် အာဂန္တုတွေသာ ဖြစ်ကြသည်။ စိတ်နေစိတ်ထား မမောက်ကြွားနှင့် မောက်ကြွားလျှင် ကုသိုလ်အရင်းကလေး ပျောက်သွားလိမ့်မည်။

၂။ သံသရာခရီးသွားရာမှ လူ့ပြည်မှာ ခေတ္တဝင်၍ နားတဲ့ဧည့်သည်များသာ ဖြစ်ကြသည်။ အမြဲနေသည့် အိမ်သယ်တွေ မထင်ကြနှင့်၊ အိမ်သယ်တွေဟု အထင်လွဲနေလျှင် သံသရာဆင်ရဲထဲမှာ မှောက်ရက်လဲကြလိမ့်မည်။

၃။ ငါ့ကို ငါ့ဟာ ငါ့ဥစ္စာ ငါ့မယား ငါ့သား ငါ့သမီး ငါ့ပစ္စည်း ငါ့ရွှေ့ငွေဟူ၍ အစွဲအလမ်း သက္ကာယဒိဋ္ဌိ အမျှင်မရှုပ်စေနှင့်၊ အမျှင်ရှုပ်ပြီး အစွဲအလမ်းအားကြီးလျှင် သံသရာမြစ်ဇလုပ်မှာ မပေါ်ဘဲမြုပ်လိမ့်မည်။

၄။ ထိုသက္ကာယဒိဋ္ဌိ အစွဲအလမ်း အမျှင်ကိုဖြုတ်ရန် အလုပ်သည်သာလျှင် ရဟန်းတို့၏ အလုပ်ဖြစ်သည်။

၅။ ထိုအမျှင်ကို ဘယ်လိုဖြုတ်ရမလဲဆိုလျှင် နာမ်နှင့်ရုပ်ကို ဟုတ်တုတ်တုတ် ဟန်တန်တန်မထင်ဘဲ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု လက္ခဏာရေးသုံးပါးသို့တင်၍ ထင်မြင်အောင် ဆင်ခြင်ပွားများရမည်။

၆။ ထိုသို့ ပွားများလျှင် ယခုဘဝမှာပင် ထိုသက္ကာယဒိဋ္ဌိအမျှင်ဖြုတ်၍ နိဗ္ဗာန်သို့ထုတ်ချောက် မရောက်သေးကာမူ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီမျိုးစေ့ အကျိုးတွေ့မည် အမှန်တည်း။

၇။ ထိုပါရမီမျိုးစေ့ စိုက်ပျိုးရာမှာ ပိုးထိုးကာ ပျက်စီး၍ မကုန်စေနှင့် အောင်အောင်မြင်မြင် သန်သန်မာမာကြီးဖြစ်အောင် စိုက်ပျိုးရမည်ဟု ဆိုလိုပေသတည်း။ ။

၁။ ရှေးကအကြောင်း ကံကောင်းထောက်မ၍ ခုဘဝရရှိသည့် ဥစ္စာတွင် စားသမျှ မစင်၊ ထားသမျှ မသေခင်၊ လှူသမျှ အပင်၊ အခါကောင်းတွင် လူဖြစ်ခိုက် စိုက်လည်းစိုက် ထားလည်းထား စားလည်းစား အရိုးအရင်းကို ဖယ်၍စား၊ ကျောက်ခဲကို မဝါးမိစေနှင့်။

၂။ လှူသမျှ ကိုယ်ပိုင်ကိုယ့်ဟာ၊ ထားသမျှ အများဆိုင် အများဟာ။

၃။ သူ့သူ ငါငါ၊ သတ္တဝါ၊ ခေတ္တနားသည့် ခရီးသွားပမာ။

၄။ ဓမ္မတာတရား အနိစ္စနိုင်ငံသား၊ နားရာမှ ထသွားသော အခါ ကိုယ်ပိုင်ကိုယ့်ဟာ ကိုယ့်ဥစ္စာမှ ကိုယ့်နောက်သို့ ပါသည်။

၅။ သားမယားပါ အများဆိုင်သည့် ကျန်ဥစ္စာမှာ ကိုယ့်နောက်သို့ မပါ၊ အရာရာတွင် အမျှင်ဖြတ် ထွေးမရှုပ်စေနှင့် အမျှင်ရှုပ် မြုတ်တတ်သည်။

၆။ အတွယ်အခင် အမျှင်အရှုပ်ကိုလည်း ဉာဏ်အမြင်သန်မှ ဖြုတ်နိုင်သည်။

၇။ ဉာဏ်မျက်စိမွဲ အမြင်နဲက အထင်လွဲ၍ လဲတတ်သည် သတိထားရမည်။

၈။ မသိလျှင်တွယ်၊ သိလျှင်ပြယ်၊ တွယ်သမျှဘေး၊ ပြယ်မှပင် အေးမည်။

၉။ မသိသမျှ တပတ်ပတ်၊ သိမှပင် အပြီးသတ်မည်။

၁၀။ မသိကျွ-အစ၊ သိက-အဆုံး၊ ကိစ္စတုံးသည်။

၁၁။ ကပ္ပါအစ၊ တေဇောက၊ ဆင်းရဲအစ၊ မသိမောဟက။

၁၂။ အသိဉာဏ်မနဲ ဉာဏ်မျက်စိမမွဲရအောင်၊ ပရမတ္ထစက္ခုကျမ်းကို စွဲမြဲရမည်။

၁၃။ ယင်းပရမတ္ထစက္ခုကျမ်းကို စွဲမြဲက နက်နဲသောသဘာဝကို သိမြင်နိုင်၊ ဘဝါဘဝက မရဘူး၊ ထူးမြတ်လွန်ကဲ အလွန်-ရခဲသော ပရမတ်ဉာဏ်မျက်စိ အလင်းကို လက်ငင်း ရနိုင်သည်။

**အစိပ္ပါယ်အချုပ်ကား–** ရှေးကုသိုလ်ကံ ထောက်မသဖြင့် ရရှိ၍လာသော ယခုဘဝ မနုဥစ္စာကလေးတွင် စားသုံး၍ ပစ်လိုက်သမျှ မစင်ကျင်ကြီးဖြစ်၍ သွားရတော့သည်။ သိမ်းဆည်းစုဆောင်း၍ ထားသမျှဟာ မသေခင် ခေတ္တကလေးသာ အသုံးကျသည်။ လှူဒါန်းသမျှကလေးသည်သာလျှင် အပင်စိုက်၍ထားသလို မပျောက်မပျက် ရှိတော့သည်။ သာသနာတော်နှင့် ကြုံကြိုက်တဲ့ အခါကောင်းကြီးမှာ လူဖြစ်ရတဲ့အခါမှာ ကုသိုလ်အပင်များကို ကြိုးစား၍ စိုက်ပျိုးကြရမည်။ ထားတန်သမျှကိုလည်း ထား၊ စားတန်သမျှကိုလည်း စားရမည်။ မစင်ကြယ်သောပစ္စည်း မပါရအောင် အရိုးအရင်းကိုလည်း ဖယ်၍ စားရမည်၊ စားသောက်ရင်း အကုသိုလ်မဖြစ်ပွားရအောင် ကျောက်ခဲကိုလည်း မဝါးမိအောင် သတိဆောင်ရမည်။

လှူသမျှတန်းသမျှသာလျှင် ကိုယ်ပိုင်ကိုယ့်ဥစ္စာဖြစ်သည်၊ မလှူဒါန်းဘဲ သိမ်းဆည်း၍ ထားသမျှ ဥစ္စာသည် မိမိတစ်ဦးတည်းသာ ဆိုင်သည်မဟုတ်၊ အများဆိုင်သော ဘုံပစ္စည်းဖြစ်သည်။ ထိုက်ရာလူက ယူ၍ ထိုက်ရာမှာ နားလိမ့်မည်။

သူသူငါငါ သတ္တဝါတို့သည် ခေတ္တနားသည့် ခရီးသွား ဧည့်သည်တွေသာ ဖြစ်ကြသဖြင့် ထ၍သွားတဲ့အခါ ကိုယ်ပိုင်ဥစ္စာသာလျှင် ကိုယ့်နောက်သို့ ပါလိမ့်မည်။

သေသွားတဲ့အခါ အလှူသာလျှင် ကိုယ့်နောက်သို့ ပါလိမ့်မည်။ သားသမီး၊ သားမယားနှင့်တကွ အများဆိုင်သော ဘုံပစ္စည်းမှာ ကိုယ့်နောက်သို့ ပါလိမ့်မည်မဟုတ်၊ မလှူဒါန်းဘဲ ကျန်ရစ်တဲ့ပစ္စည်းကို သားသမီးတွေ အမွေခွဲ၍ ယူကြလိမ့်မည်။

အရာရာမှာ တွယ်တာခင်မင်တဲ့ သံယောဇဉ်အမျှင်ကိုလည်း ကြိုးစား၍ ဖြတ်ကြရမည်။

ထိုအမျှင်ကို ဉာဏ်အမြင်သန်မှ ဖြတ်နိုင်မည်။ ဉာဏ်မျက်စိမွဲက အလွဲလွဲအချော်ချော် အထင်မှားကုန်လိမ့်မည်။

မောဟမိပြီး မသိမမြင်လျှင် တွယ်တာခင်မင်၍ နေလိမ့်မည်။ မောဟစင်၍ သိမြင်ခြင်း အလင်းဉာဏ်ကိုရလျှင် ခင်တွယ်ခြင်း

ပျောက်ပြယ်လိမ့်မည်။ မသိမမြင်သမျှ ဉာဏ်အလင်းကို မရသမျှကာလ- ပတ်လုံး တရစ်ပတ်ပတ် သံသရာမပြတ်နိုင်ချေ။ သိမြင်ထင်လင်း၍ ဉာဏ်အလင်းကို ရသောအခါမှ သံသရာနခန်း သတ်လိမ့်မည်။

ကမ္ဘာလောကကြီး၏အစ တေဇောဓာတ်က ဖြစ်သကဲ့သို့ ဆင်းရဲဒုက္ခ၏အစလည်း မောဟတရားဖြစ်သည်။

ထိုမောဟတရားကင်း၍ ပရမတ်ဉာဏ်အလင်းကိုရအောင် ပရမတ္ထသဘောတရားတွေကို ခွဲခြားပြဆို၍ထားသော ပရမတ္ထစက္ခုကျမ်း ကို လက်စွဲပြုရမည်။ ထိုကျမ်းကို လက်စွဲပြုပြီး ကြည့်ရှုလေ့လာပါလျှင် လွန်စွာထူးမြတ်သော ပရမတ်ဉာဏ်အလင်းကို လက်ငင်းရနိုင်သည်ဟု ဆိုလိုပေသတည်း။

ဒီပဲယင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒ
ပြီး၏။

-----

၂၄၁၈၂

## မေတ္တေယျဘုရားရှင်

ရဟန်းတို့ လူတို့ အသက် တစ်သောင်းတမ်း၌ မေတ္တေယျဘုရားသည် လောက၌ ပွင့်တော်မူလတံ့။ ထိုမေတ္တေယျဘုရားသည် ကိုယ်တော်တိုင် ထိုးထွင်း သိမြင်တော်မူသည်ဖြစ်၍ နတ်နှင့်တကွသောလူကို ဆုံးမ ဟောကြားလတံ့။ (အနာဂတဝင်၊ နှာ-၁၀)

## မေတ္တေယျဘုရားရှင်ကို ဖူးမြင်ခွင့်ရသည့် ပုဂ္ဂိုလ်

သံဃာသင်းခွဲခြင်းစသော အနန္တရိယကံကို ကျူးလွန်သဖြင့် အဝီစိ၌ ဖြစ်ရသော ဒေဝဒတ်၊ နိယတမိစ္ဆာဒိဋ္ဌိရှိသူ၊ အရိယူပဝါဒကံထိုက်သူ၊ ရပ်ပြစ်ရှစ်ပါး၌ဖြစ်သူ၊ နိဂဏ္ဌကိုဏ်းဝင်၊ သံဃာအတွက်ထားသော ဝတ်ကို စားသုံးသူ ဤပုဂ္ဂိုလ်တို့မှ ကြွင်းသော သတ္တဝါဟူသမျှ ဖူးခွင့် ရနိုင်၏။

## မေတ္တေယျဘုရားရှင် ဖူးရအောင် ကျင့်စဉ်



အလှူပေးသူ၊ သီလဆောက်တည်သူ၊ ဥပုသ်စောင့်သူ၊ ဗြဟ္မစရိယကျင့်သူ၊ စေတီတည်သူ၊ ဗောဓိပင်စိုက်သူ၊ အာရာမ်ဆောက်သူ၊ ဥယျာဉ်တည်သူ၊ တံတားခင်းသူ၊ တံမျက်လှည်းသူ၊ ဇရပ်ဆောက်သူ၊ ရေတွင်းတူးသူ၊ သာသနာကို ချီးမြှောက်သူ၊ ဓမ္မကထိကတို့အတွက် တရားမဏ္ဍပ်၊ တရားပလ္လင်စီရင်၍ ယပ်လေခပ်ခြင်း၊ အဝတ်သင်္ကန်း၊ ပန်း၊ နံ့သာ၊ အခိုးအထုံစသည်ဖြင့် ပူဇော်၍ ရှိသေစွာ တရားနာသူ၊ သံဃာအား အာမိသဝတ္ထုဖြင့်ပူဇော်သူ၊ မိဘကို လုပ်ကျွေးသူ၊ ကြီးသူကို ရိုသေသူ၊ စာရေးတံဆွမ်း၊ လခွဲဆွမ်း၊ ဥပုသ်ဆွမ်းလှူသူ၊ ပုညကိရိယဝတ္ထုဆယ်ပါးကို ဖြည့်ကျင့်၍ ဘုရားရှင်ကို ဖူးမြင်ရအောင် ဆုတောင်းပြီးလျှင် အယုတ်သဖြင့်ပန်းတစ်ဆုပ်၊ ဆီမီးတစ်တိုင်၊ ဆွမ်းတစ်လုပ်လှူသူ၊ သူတစ်ပါးတို့၏ ကုသိုလ်ကို ဝမ်းမြောက်သူ ဖူးမြင်ရလတံ့။

(မေတ္တေယျဘုရားဖူးရအောင်၊ နှာ ၃-၄)

2004 GRAPHIC DESIGN: MAHAR NAM